www.burmeseclassic.com

# ဂျူး

# ရည်းစားဦးကျိန်စာ




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန် အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
အမျိုးသားပြန်လည်စည်းလုံးညီညွတ်မှုရရှိရေး။
ခိုင်မာသော ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ထွန်းရေး။
ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

# လုံမ

## ရည်းစားဦးကျိန်စာ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ
ဒေါ်မြင့်မြင့်ရီ (မြ-၀၄၅၁၆) (ဖျူးစာပေ)
အမှတ် (၅၁)၊ အခန်း (၃၀၁)၊ ဆရာစံလမ်း ဗဟန်းမြို့နယ်။
အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ဦးကျော်ရင် (မြ-၀၅၅၁၈) (ရွှေပြည်သို့ပုံနှိပ်တိုက်)
အမှတ် (၁၂)၊ သရက်သစ်လမ်း အောင်/ရောင် ရပ်ကွက်
အလုံမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးပန်းချီ
သိန်းအေးကြည်
အတွင်းဖလင်
ကိုပေါက် (Image Art Work)
ပုံနှိပ်ခြင်း
ပထမအကြိမ်
၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ
တန်ဖိုး - ၁၀၀ ကျပ်၊ အုပ်ရေ - ၅၀၀
ဖြန့်ချိရေး
ဖျူးစာပေ
၀၁-၈၅၀၀၆၉၆၊ ၀၉-၅၃၀၈၀၅၄၁၊ ၀၉-၅၀၃၀၀၀၆၊ ၀၉-၅၁၈၅၅၀၆၄

၈၉၅.၈၃
လုံမ
ရည်းစားဦးကျိန်စာ / လုံမ ။ - ရန်ကုန်။
ဖျူးစာပေ ၊ ၂၀၁၃ ။
၂၄၀ - စာ ၊ ၁၂ x ၁၈ စင်တီ၊
(၁) ရည်းစားဦးကျိန်စာ

## အခန်း (၁)

"အင့် အီးဟီးဟီး"

"အမလေး ဘာသံလဲ"

ငှက်ခိုးထိုးသံလို ကြောက်စရာကောင်းပေမယ့် ယောကျ်ားတစ်ယောက် ဝမ်းနည်းပက်လက် အားရပါးရ စိတ်လွတ်ကိုယ်လွတ် ငိုနေသံမှ ဘာများဖြစ်သလဲဆိုပြီး ရင်ထိတ်သွားမိတာပါ။ နားစိုက်ထောင်မိရင်း ငိုငိုသံက ကြားနေရခဲ့။

"ထူးဆန်းလိုက်တာ"

တကာယ်ကို ထူးဆန်းနေတာမို့ ပါးစပ်ကတောင် အသံထွက်သွားသည်။ ထိုငိုသံ ဘယ်ကထွက်လာတာလဲ။ ဘယ်သူက ဘာလုပ်လို့ ငိုတာလဲ။

စိတ်ဝင်စားမှုများဖြင့် ဘောပင်လေးကို စာအုပ်ကြားညှပ်ကာ ခြေဆန့်လက်ဆန့်လုပ်ပြီး ထရပ်ကာ ဟိုမျှော်ဒီမျှော် ချောင်းမြောင်းသည်။

"ဟင်"

www.burmeseclassic.com

www.burmeseclassic.com



သည်းသည်းထန်ထန် ငိုနေသော ဟိုဘက်ကုတင်ပြင်အကွယ်က ထွက်လာတာပါလား။ တခြားသူတွေ ငိုသလိုငိုသံက နားဝေတင်ရုံအပြင် စွဲစွဲနစ်နစ်ရှိလှတာမို့ နွဲ့ယိမ်းခင် မှိန်းစိတ်ဝင်စားနေမိသည်။

ယောက်ျားလေးအစစ်ဆိုလျှင် ဒီလောက်သည်းသည်းထန်ထန် ရင်ပွင့်ထွက်မတတ် ငိုမှာမဟုတ်။ သူမ မြင်ဖူးတွေ့ဖူးသမျှဆိုလျှင် ယောက်ျား လေးတွေက အဖေ အမေသေတာတောင် မျက်ရည်ကျရုံပဲကျတတ်ကြ တာ။

"ဟိတ်"

"ဟင် အမလေး"

အနားရောက်သွားတာ သူမ အသံပြုလိုက်တော့ ကောင်လေး ထိတ်ပျာလန့်ဖျပ်သွားကာ ထခုန်၏၊ ရှက်၍သွားသလို မျက်ရည်တွေကို လည်း ပွတ်သပ်သုတ်သည်။

ဘယ့်နှယ် ယောက်ျားရှာလည်းမဟုတ် မိန်းမရှာလည်းမဟုတ် ယောက်ျားစစ်စစ်ကြီးပါ။ ထရပ်လိုက်သော အရပ်အမောင်းက သူမထက် ခေါင်းနှစ်လုံးစာလောက် မြင့်ပြီး ဘော်ဒီလည်း ခပ်တောင့်တောင့် မျက်နှာ ကလည်း မိတ်ကပ်တွေဘာတွေ ပြင်မထားဘဲ ယောက်ျားပီပီသသပါ။

အနက်ရောင်ဂျင်းဘောင်းဘီအကျပ်နှင့် စပို့ရှပ်မီးခိုးရောင်လေး ဝတ်ထားတာလည်း ဆွဲဆောင်မှုရှိသည်ဟု လက်ခံမိသည်။

"ခင်ဗျား ဘာကြည့်နေတာလဲဗျ"

"ဩော် ဟိုလေ ငိုသံကြားလို့"

"အဲဒါ ခင်ဗျားနဲ့ဘာဆိုင်လဲ"

"ဩော် ဘာများဖြစ်နေသလဲလို့ အကူအညီပေးသင့်ရင်လည်း





ပေးရအောင်ပေါ့၊ ရှင့်မိဘတွေ သေလို့လားဟင်"

"ဘာ"

ဘာမဆိုင်ညာမဆိုင် ပါးစပ်သရမ်းလိုက်သော မိန်းကလေးကို မော်ကွန်းထင် တော်တော်ပေါက်သွား၏၊ အရပ်အမောင်းက မိန်းကလေး ထဲမှာ စံချိန်စံညွှန်းမီသည်ဟု ပြောလို့ရပေမယ့် ကိုယ်နှင့်ဆိုလျှင်တော့ ငုံ့ကြည့်ရသည့် အနေအထားမျိုးပါ။

ဂုတ်အောက်ရောက်နေသည့် ဆံနွယ်ပျော့ပျော့တွေကို ကန်ရေ ပြင်က တသုန်သုန်တိုက်နေသည့် လေနှင့်မလွင့်အောင် ခေါင်းစည်းကြိုး လေးဖြင့် ချည်နှောင်ထားတာမို့ ဝင်းပြည့်ဖောင်းအိနေသော မျက်နှာလေး ကို ပေါ်လွင်စေသည်။

ဝင်စားဝားဘာက ခေတ်မိန်းကလေးဆိုသော်လည်း ပော့ ပော့ရှမ်းရှမ်း အတိုအကျပ်မဟုတ်။ ရှိုးလွန်းတာလည်းမဟုတ်ဘဲ မျက်စိ ထဲ အေးအေးကြည့်ကောင်းသည်ဟု ထင်မိသည်။

"ဘာလဲ စေတနာနဲ့ မေးတာကို လူကို မျက်လုံးပြူးနဲ့ဘာလို့ စိုက်ကြည့်နေတာလဲ"

သူမရဲ့ကလဲ့စားချေ မေးခွန်းကြောင့် မော်ကွန်းထင် အသိပြန် ဝင်ကာ

"ဘာလို့ ငါ့မိဘတွေသေရမှာလဲကွ"

"ဩော် ရှင်ဒီလောက် ယောက်ျားတန်မဲ့ အသည်းအသန်ရှိုက် ကြီးတငင် ငိုနေတာ ရှင့်မိဘ ဒါမှမဟုတ် ဆွေမျိုးသားချင်းညီအစ်၊ မောင်နှမ တစ်ယောက်ယောက်သေလို့မဟုတ်ဘူးလား"

"အဲလိုမျိုး မဟုတ်ခဲ့ရင်တောင် အိမ်မှာပဲဖြစ်ဖြစ် သချိုင်းကုန်



www.burmeseclassic.com

www.burmeseclassic.com



ပဲဖြစ်ဖြစ် ငိုမှာပေါ့"

"ဒါဆို ရည်းစားသေလို့လား"

"ဟာ ခင်ဗျား တော်တော်စပ်စုတာပဲ"

"စပ်စုရကျိုးနပ်အောင် ဖြေကြည့်လေ၊ ဟုတ်မဟုတ်"

"ကျွတ်"

မော်ကွန်းထင် တကယ်ကို ကျွတ်ကျဲသွားသည်။ ဘယ်လိုမိန်းကလေးလဲ။ ဒီလိုနေရာမှာ သူ့ကိုလာပြီး စပ်စုနေတာ ဂျာနယ်လစ် သတင်းထောက်များလားလည်း မသိ။

"ဒီမယ် ခင်ဗျား သတင်းထောက်လား၊ စာမူခရဖို့ ဖွတ်အတင်း အမေးအမြန်းထူပြီး လုပ်စားတော့မလို့မဟုတ်လား"

"ရှင် ဘာတွေလျှောက်ပြောနေတာလဲ"

"မသိဘူးလေ၊ မင်း ဒီလောက်စပ်စုနေတာ"

"ရှင့်ငိုသံကြားလို့ စေတနာနဲ့လာမေးတာပါဆို၊ ယောကျ်ားတစ်ယောက် ဒီလောက်သည်းသည်းထန်ထန်ငိုတာ ဒီတစ်ခါပဲ မြင်ဖူးတယ်"

"ဟုတ်တယ် ငါ့ရည်းစားက ငါ့ကိုပစ်သွားလို့ အသည်းခွဲသွားလို့ ငိုတာ၊ ကဲ သိပြီလား ကျေနပ်ပြီလား"

"ဟင် တ တကယ်လား"

"တကယ်ပေါ့၊ မင်းကို ဘာလိမ်ပြောစရာရှိလဲ၊ ကျွတ် မင်း ရှုပ်တာနဲ့ ဖီးလ်ပျက်လိုက်တာ၊ သွားကွာ မင်း ဒိုးတော့"

ဒိုးတော့ဆိုကာမှ သူ့ရှေ့ကို ခြေစုံရပ်တိုးကာ တအံ့တဩ သူ့မျက်နှာကို သေချာကြည့်နေ၏။

"ဘာလဲဟ"





"အံ့ဩလို့"

"ဘာအံ့ဩတာလဲ မင်းက"

"မိန်းကလေးတစ်ယောက် ပစ်သွားတာများ ရှင် အဲလောက်ထိ ဝမ်းနည်းပက်လက်ငိုတယ်"

"ဘာဖြစ်လဲ အဲဒါ၊ မင်းကြည့်နေမှ ငါ ရှက်တောင်ရှက်လာပြီ"

"ဟုတ်တယ် ရှင်ရှက်သင့်တယ်၊ ယောကျ်ားလေးက အသည်းမာရမှာပေါ့ ဘယ့်နှယ်"

"ဟ မင်းဘယ်လိုမိန်းကလေးလဲ၊ ဘလိုင်းကြီး လာဝေဖန်နေတာ မင်းလွန်နေပြီထင်တယ်"

"ဟင်း ဟင်း ရှင်ရန်တွေ့လည်းကောင်းတယ်၊ ကျွန်မအတွက်တော့ ကုန်ကြမ်းရပြီ"

"ဘာ"

မော်ကွန်းထင် စိတ်တိုဒေါသဖြစ်သွားကာ မထိတရီပြုံးနေသော ထိုမိန်းကလေးကို လက်သီးနှင့်ပင် ပစ်ထိုးလိုက်ချင်၏။ ဒါပေမဲ့ စာရေ ဆရာတွေဆို လေးစားတတ်သည့် စိတ်အရင်းခံကြောင့် လက်သီးဆုပ်ကို ဖြည်းဖြည်းချင်း ဖြေလျှော့လိုက်ရသည်။

"မင်း ငါ့အကြောင်း စာအုပ်ရေးရင် လျော်ကြေးပေး ယ်"

"ဘယ်လောက်လဲ"

"ဘာ"

ခပ်တည်တည်ပြန်မေးတာမို့ ကသိကအောက်ဖြစ်သွား၏။

တော်ကြီးထဲမှာ လူရှုပ်သောနေရာတွေ မသွားဘဲ ဒီလိုလူသူ ကင်းရှင်းသည့်နေရာလေးလာပြီး စိတ်လွတ်ကိုယ်လွတ် ငိုမိခါမှ



www.burmeseclassic.com

www.burmeseclassic.com



အရုက်ကိုယ်ခွဲသည့်ကိန်းပေါက်နေသည်။

ဒါပေမဲ့ သူမနှင့်စကားပြောနေသည့်အချိန်အတွင်းမှာ ယမင်းကိုမေ့ပျောက်သလို ရှိတာမို့ စိတ်ထဲအနည်းငယ်ပေါ့ပါးလာသည်။ စနောက်ချင်သည့် စိတ်ကလေးကလည်းရှိနေကာ

"မင်း စာရေးဘာ တစ်အုပ်ဘယ်လောက်ရလဲ"

"အဲဒါ ရှင်သိစရာမလိုပါဘူး။ အခု ရှင့်အကြောင်းတွေပြောပြရင် ထိုက်သင့်တဲ့အခကြေးငွေ ရှင့်ကိုပေးမယ်"

"အခကြေးငွေသို့ သုံးနှုန်းတာက နည်းနည်းရိုင်းတယ်လို့ မထင်ဘူးလား။ မင်းနဲ့ငါက အလုပ်ရှင်နဲ့အလုပ်သမားမှမဟုတ်တာ၊ ဉာဏ်ပူဇော်ခဆို တော်သေးတယ်"

"ဉာဏ်ပူဇော်ခလို့ပြောရအောင် ရှင်က ပညာရှင်လား"

"ဘာဖြစ်ဖြစ် ကိုယ်ပြောမယ့်အကြောင်းအရာကြောင့် မင်းငွေရမှာပဲလေ၊ ကိုယ့်ကို ခံရထိုက်သင့်တယ်"

"အမလေး မပြောချင်လည်းနေတော့ ကျွန်မတို့စာရေးဆရာတွေအတွက် ဦးနှောက်ထဲမှာ အနုပညာမှော်တွေရှိနေတဲ့အတွက် ဇာတ်လမ်းဆိုတာ မရှားဘူး"

"ကြိုးကျယ်လိုက်တာ၊ မင်းတော်တော် ဘဝင်မြင့်တာပဲ၊ ကဲပါ မင်းဆီကရလာမယ့်ငွေကိုလည်း ကိုယ် မမက်မောပါဘူး။ ဒီကန့်တော်ကြီးထဲကဆိုင်မှာ ကိုယ့်ကို တစ်ပိုင်းကျွေးမယ်ဆိုရင် ကိုယ့်အကြောင်းကို ပြောပြမယ်"

"အစတည်းက အဲလိုညှိညှိနှိုင်းနှိုင်း လုပ်လိုက်ရင်ပြီးရော၊ အခု သွားမှာလား"





"အင်းပေါ့ ကိုယ်လည်း ငိုလိုက်ရလို့ ဗိုက်ဆာနေပြီ"

သူမ မျက်စောင်းလေးထိုးလိုက်ကာ စာရေးသည့်စာအုပ်တွေ ဘောပင်တွေ အိတ်ထဲထည့်ကာ သိမ်းဆည်း၍ ခေါက်စားပွဲလေးကို ထိုင်လေးတွေချိုးခေါက်လိုက်၏။ ကောင်လေးက နောက်ကလိုက်လာကာ

"မင်းကလည်း အောက်လိုက်တာ၊ ကွန်ပျူတာနဲ့စာရိုက်တာ မဟုတ်ဘူးလား။ လက်ပ်တော့ပ်လေးကို သွားလေရာဆွဲသွားရင် ဒီလို စားပွဲတွေ ဘာတွေထောင် မလိုဘူး"

"အဲဒါတော့ မသိဘဲနေပါ့မလား။ ဒါပေမဲ့ ကျွန်မက တစ်မျိုး စာအုပ်နဲ့ရေးချင်တဲ့စိတ်ပေါက်ရင် စာအုပ်နဲ့ရေးတယ်၊ ကွန်ပျူတာရိုက်ချင်စိတ်ပေါက်ရင် ရိုက်လိုက်တယ်၊ အခုနောက်ပိုင်း မျက်စိအားနည်းပေမယ့် မျက်မှန်မတပ်ချင်တာနဲ့ စာအုပ်နဲ့ပဲ ရေးဖြစ်နေတာ၊ ကဲ စားပွဲလေးတော့ ကူသယ်ပါဦး"

"ဗျာ ဒါကို ကျွန်တော်က"

"အင်းလေ ယောကျ်ားလေးတစ်ယောက်ပါပြီး မိန်းကလေးက ဒါကြီးကိုင်သွားနေရမယ်ဆိုရင် သင့်တော်ပါ့မလား"

"ခင်းတော်တော်လည်တာပဲ"

အောင့်သက်သက်နှင့်ပင် သူမစားပွဲကို သယ်လာခဲ့ရသည်။ တော်တော်လေး လမ်းလျှောက်လိုက်မှ စားသောက်ဆိုင်ကို မြင်လိုက်ရပြီး သူ ပျော်ပျော်ရွှင်ရွှင်လေး ဖြစ်သွား၏။ ရင်နဲ့နှစ်ပြီး ငိုလိုက်ရလို့ ဝမ်းက ဟာနေတာ။

ဒီမိန်းကလေးကိုနိုင်စက်ဖို့ စိတ်ကူးရှိနေတာမို့ ဒီဝမ်းပြည့်အောင်တော့ . . .။

◻ ◻ ◻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

အားမနာလျှာမကျိုး သွားဖြဲနှားဖြဲစားနေလိုက်တာ အမြင်ကတ်စရာကောင်းလှသည်။ အသားငါး အဆီအစိမ့်တွေ နင်းကန်စားပြီး သွေးတိုးမှာစိုးလို့ သံပုရာရည်တောင် နှစ်ခွက်မှာထားတာမို့ နွဲ့ယိမ်းခင် သိပ်မသထာချင်တော့။

ကိုယ့်မှာတော့ ပါလာသည့်ပိုက်ဆံနှင့် မသောက်ဝမှာစိုးလို့ ကော်ဖီလေးတစ်ခွက်တောင် မျိုလို့မပြောင်း။

"အေ့"

စားသောက်ပြီး စားပိုးနင့်ကာ လေချဉ်တက်လိုက်တာမို့ ယိမ်းနွဲ့ခင် ရွံရှာစွာ နှာခေါင်းလေးရှုံ့လိုက်မိသည်။

"ကဲ စားသောက်ပြီးလည်း ပြောစရာရှိတာပြောတော့၊ အခုလို အချိန်ပေးလိုက်ရတာ ကျွန်မအတွက် ဘယ်လောက်နစ်နာသွားပြီ ထင်လဲ"



"မသိဘူးလေ မင်းက မင်းအနုပညာကြေး ဘယ်လောက်ရတယ်ဆိုတာ ပြောမှမပြောတာ၊ နာရီအပိုင်းအခြားနဲ့ဆိုရင်"

"အခုလေး တော်ပါ၊ စားလို့ဝပြီမဟုတ်လား၊ ပြော ရှင့်အကြောင်း"

"ဟုတ်ကဲ့"

ဝိုးသဲ့သွားသောအသံနှင့်အတူ မော်ကွန်းထင် မျက်နှာကမှိုင်းညို့ရီဝေကာ ကာရပိတ်ကြီးဘက်ကို ငေးမောသွား၏။

"ကိုယ်နဲ့သူက ဆယ်တန်းနှစ်လောက်မှာဆုံပြီး တက္ကသိုလ်အရောက်မှာ ချစ်သူတွေဖြစ်သွားကြတယ်၊ ချစ်သူသက်တမ်း သုံးနှစ်တာကာလအထိ အဆင်ပြေပြေပဲ တွဲဖြစ်ခဲ့ကြတာ"

"ဩော် မနည်းဘူးပဲ၊ ရှင်တို့ အရမ်းချစ်ကြရဲ့နဲ့ ဘယ်လိုဖြစ်သွားတာလဲ"

"သူ သစ္စာဖောက်နေတယ်ဆိုတာ ကိုယ် ဒီနေ့မှသိလိုက်ရတာ"

"ဟင် ဘယ်လို"

"အွန်လိုင်းကနေ ချစ်သူထားတာ၊ ဘယ်လောက်တောင် ကြာနေပြီလဲ ကိုယ်တကယ်မသိဘူး၊ ဘယ်သိပါ့မလဲ၊ နိုင်ငံခြားမှာအလုပ်သွားလုပ်နေတဲ့ကောင်တဲ့၊ သူငယ်ချင်းတစ်ယောက် မင်္ဂလာဆောင်မှရိုက်ထားတဲ့ဓာတ်ပုံ၊ အဲဒီကောင်ဆီရောက်သွားတာက စတာပဲ၊ ကိုယ့်ကိုတော့ သူအရမ်းပိရိတယ်၊ ကိုယ်နဲ့ကျောင်းမှာ တစ်နေကုန်တွေ့ပြီး ညကျရင်တော့ ဟိုကကောင်နဲ့ အွန်လိုင်းပေါ်မှာ အီစီကလီလုပ်ကြတယ်"

"ကြားစကားတွေများ ဖြစ်နေမလားရှင်၊ ရှင်က သဘောထားသေးပြီး အထင်လွဲတာလည်း ဖြစ်နိုင်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဟိတ် မင်း ကိုယ့်ကိုမစော်ကားနဲ့"

သူ ပိတ်အော်လိုက်တော့ သူမ ဇက်ကလေးပုဝင်သွားကာ

"မအော်ပါနဲ့ အထင်လွဲတာရှိရင် ပြေလည်အောင်လို့ ပြောတာပါ"

"မပြောနဲ့ ပြေလည်စရာအကြောင်းမရှိဘူး။ သူ ဒီနေ့ အဲဒီကောင်နဲ့ အတိအလင်း စေ့စပ်လိုက်ပြီး"

"ဟင်"

"အဲဒါကြောင့် ကိုယ်အသည်းကွဲနေတာပေါ့။ ဒါပေမဲ့ သူ့ကို စွန့်လွှတ်လိုက်ရလို့တော့ မဟုတ်ဘူး။ ကိုယ်နဲ့တစ်ရက်မပျက် အတူရှိနေရင်းက သူ ဒီလိုလုပ်ရက်တာကို ကိုယ်ခံစားရတာ။ မင်း စဉ်းစားကြည့် သူငယ်ချင်းတွေက ကိုယ့်ကိုလှောင်ကြတယ်၊ မင်း ဂျပုန်းကြီးဖြစ်နေလို့ ထားခဲ့တာနေမှာပေါ့တဲ့၊ တော်တန်ရုံဆို သုံးနှစ်လောက်တွဲလာတဲ့ချစ်သူက ထားခဲ့ပါ့မလားတဲ့၊ သူ သစ္စာမဲ့တာကို ကိုယ်ကပဲ ယောက်ျားပါဝါမပြည့်ဝသလို အပြစ်ဖြစ်ရသေးတယ်"

ပါးစပ်လေးကို လက်ဝါးနှင့်အုပ်၍ သူမ ခွီးခနဲရယ်တော့ သူ ဒေါသတိုသွားသည်။ သူမကပါ ကိုယ့်ကိုလှောင်ချင်နေသည့် သဘောလား။

"မင်းက ဘာရယ်တာလဲ"

"မဟုတ်ပါဘူး ရှင်ပေါက်မယ်ဆိုလည်း ပေါက်လောက်တာပဲလို့ တွေးမိလို့ပါ၊ ဘာတဲ့ ဂျပုန်းကြီး"

"ဟိတ် ကိုယ် ဆက်မပြောဘဲ ထားလိုက်မယ်နော်"

"ရှင်ကလည်း စိတ်ကြီးပဲ၊ ကျွန်မ မရယ်တော့ဘူး၊ ဆက်ပြော"

"အေး ပြီးရော ကိုယ် ဝမ်းနည်းပြီး ငိုမိတာကတော့ အရှင်း



ရှက်မိလို့ပဲ၊ ပြီးတော့ ကိုယ်အသည်းနာတယ်"

"ဘာ"

"ကြော် အသည်းနာတယ် ခံစားလွယ်ပါတယ်ဆို၊ ဝမ်းနည်းစရာ ရှိရင် အရမ်းဝမ်းနည်းတယ်၊ ငိုရမယ်ဆိုလည်း သူများထက်ပိုငိုတတ်တယ်၊ စိတ်တိုစရာရှိလည်း သူများထက်ပိုတိုလိုက်တာပဲ၊ သံယောဇဉ်ကြီးရမယ်ဆိုလည်း ပိုကြီးတာပဲ၊ ချစ်မိပြီဆိုရင်လည်း သူများထက် ပိုချစ်တတ်တယ်"

"အင်းအေ့ါလေ အဲလိုချစ်တတ်တဲ့ယောက်ျားကို ထားခဲ့တဲ့ မိန်းကလေးကို အံ့သြမိပါရဲ့၊ အခုခေတ်မှာ ရှင့်လိုချစ်တတ်တဲ့ယောက်ျားက ရှားသွားပြီ၊ ဒါနဲ့ ရှင် သူ့အတွက် ဘယ်အချိန်လောက်ထိ ခံစားမှာလဲဟင်၊ ဒီနေ့မှ သူ သစ္စာဖောက်တာ သိလိုက်ရပြီးစငိုတယ် ထားပါတော့၊ နောက် ဘယ်နှစ်ရက်ထိငိုမှာလဲ၊ ခုနစ်ရက်လား"

"သူကသေသွားလို့ ခုနစ်ရက်တည်းငိုရမှာလား၊ သူနဲ့ကိုယ်က သုံးနှစ်ဘောင်တွဲခဲ့တာဆိုတော့ အမှတ်တရတွေက အများကြီးပဲ၊ အဲဒီ အမှတ်တရတွေကို သတိရနေသရွေ့ ငိုမိမယ်ထင်တယ်၊ စေ့စပ်တယ်ဆိုတာ လက်ထပ်တာမဟုတ်တဲ့အတွက် သူ့အကြောင်း စဉ်းစားပြီး ကိုယ် ငိုနေလည်း ငရဲမကြီးသေးဘူး။ သူ လက်ထပ်မသွားမချင်း ကိုယ် ပွဲပြီးကြေကွဲနေမှာ"

"ကြော်"

တကယ့်ကို လူထူးလူဆန်းပါလား။ ဒီလို လူမျိုး သူမဘဝမှာ တစ်ခါမှမတွေ့ဘူးပေ။

သူ့သူငယ်ချင်းတွေပြောသလို ဂျပုန်းကြီးများ ဖြစ်နေလား။ ယောက်ျားစစ်စစ်သာဆိုလျှင် အဲဒီမိန်းကလေးကို သူ့အပေါ် သစ္စာမဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



မလား၊ လုပ်ရက်ရသလားဆိုပြီး ဝုန်းဒိုင်းကြဲ ပေါက်ကွဲလို့လည်းရသည်။ မခွဲနိုင်လျှင် ခိုးပြေးလို့လည်း ရသည်။

အခုတော့ သတိရတိုင်း ငိုမည်တဲ့။ အခုထိ အငိုမျက်နှာနှင့် မျက်လုံးတွေ နီရဲနေပြီး မျက်လုံးလေးတွေက ဖောင်းအစ်အစ်လေးတွေနှင့် ကြည့်လို့ပဲကောင်းနေသလိုလို။

ဒါကို သူမစိုက်ကြည့်တာကို သိသွားသော ကောင်လေးက မသိချင်ယောင်ဆောင်လိုက်ပြီး

"ကဲ ပြောလို့ပြီးပြီ၊ ကိုယ်ပြန်တော့မယ်"

"ဟင် ရှင့်ဟာက တိုးလို့တန်းလန်းဖြစ်မနေဘူးလား၊ ကျွန်မက ဒါလေးပဲရေးလို့ ဘယ်လိုလုပ် ဇာတ်လမ်းတစ်ပုဒ်ရမှာလဲ"

"အဲဒါတော့ ကိုယ်မသိဘူးလေ၊ ကိုယ် ပြောသင့်သလောက် ပြောပြီးပြီ"

"ရှင် စားပြီးနားမလည်တော့ မလုပ်နဲ့၊ ရှင့်ကောင်မလေး လက်မထပ်မချင်း ရှင် ဘယ်လိုခံစားမယ်၊ ဘယ်လိုတွေ လွမ်းမယ် နာကြည်းမယ်၊ ပြောင်းလဲမယ်ဆိုတာ ပြောပြမှ ကျွန်မ ဇာတ်သိမ်းရေးလို့ ရမှာပေါ့"

"ဟ အဲဒါတော့ ကြိုသိပါ့မလား၊ အရင်က ချစ်သူတွေအဖြစ်နဲ့ အမှတ်တရတွေရှိခဲ့တာ မှန်ပေမယ့် အခုသင်တန်းတက်ရင်း ဆုံတဲ့အခါ ကိုယ့်ကို အကန်တွေနဲ့ ကန်ထုတ်မလား၊ လေပြည်လေးနဲ့ နားလည်ပေးပါလို့ တောင်းပန်မလား၊ ဒါမှမဟုတ် သူ့သတို့သားလောင်း အထင်လွဲမှာစိုးလို့ သင်တန်းမတက်ဘဲ နေတော့မလား၊ ဘာမှန်းမသိတော့ ကိုယ် ဘယ်လိုခံစားရမလဲဆိုတာ ဘယ်သိပါ့မလဲ"





"သူက သူမှားသွားပါပြီဆိုပြီး လာတောင်းပန်ရင် ပြန်တွဲမှာပေါ့"

"မပြောတတ်သေးဘူး၊ မင်း ကိုယ့်ကို အရမ်းမစားနဲ့ကွာ၊ သိချင်ရင် တစ်ပတ်တစ်ခါတော့ ဒီနေရာလေးကို ကိုယ်ပုံမှန်တော့ ရောက်ဖြစ်လိမ့်မယ်၊ သူနဲ့အမြဲတမ်း ဒီနေရာလေးကို လာထိုင်နေကျလေ၊ အမှတ်တရတွေရှိတယ်၊ ဒါနဲ့ မင်းကို ကိုယ့်အကြောင်းသာ ပြောပြနေတာ၊ မင်း ကလောင်နာမည်တောင် မသိရသေးဘူး"

"နွဲ့ယိမ်းခင်"

"ဘာ"

"နွဲ့ယိမ်းခင်ပါဆို၊ ရှင်ကလည်း နားလေးကျနေတာပဲ၊ ဒါနဲ့ ရှင့်နာမည်ကရော"

"မော်ကွန်းထင်"

နာမည်က အမြင့်ကြီးပဲဟု ရွဲ့သလို တီးတိုးပြော၍ ထိုနာမည်ကို မှတ်မှတ်ထင်ထင် ဖြစ်သွား၏၊ မော်ကွန်းထင်က ထရပ်ပြီး

"ကိုယ်သွားတော့မယ်၊ မင်းရော တစ်ယောက်တည်းပြန်မှာလား"

"ဟယ် ဟုတ်ပါရဲ့ ကျွန်မသူငယ်ချင်း ပန်းချီဆရာမတစ်ယောက်နဲ့လာတာ၊ သူ တခြားနေရာ လိုကေးရှင်းသွားကြည့်တုန်း ရှင်နဲ့ ထွက်လာခဲ့တာ ဒုက္ခပါပဲ"

အခုမှ နွဲ့ယိမ်းခင် ပျာယာခတ်သွား၏။

သူချွားအကြောင်း ဒီလောက်စပ်စုချင်တာ ဒီလိုလည်းဖြစ်ပေဦးမှ။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဒီကိစ္စ ငါကျေနပ်တယ်များ ထင်မနေနဲ့၊ ငါ့မှာတော့ ငါ့သူငယ်ချင်းလေး ပြန်ပေးဆွဲခံရသလားလို့ ရဲစခန်းတောင် လူပျောက်တိုင်ရတော့ ..လားလို့၊ ဖုန်းဆက်တော့လည်း မကိုင်ဘူး"

"ဖုန်းက ဘက္ထရီဒေါင်းနေတာ၊ ငါ မသိလိုက်ဘူး။ သူ့ဇာတ်လမ်း..က စိတ်ဝင်စားစရာကောင်းလို့ ငါမေ့သွားတာ"

"သေဦးမယ် ငါတကယ်စိတ်ဆိုးတယ်နော်၊ ငါ ပန်းချီရေးတယ်ဆို.. ပရော်ဖက်ရှင်နယ်မဟုတ်ဘူး၊ ဝါသနာပါရုံလောက်နဲ့ နင့်ကိုစိတ်..ချလို့ နင့်နောက်ကိုလိုက်နေတာ၊ နင်ကတော့ ငါ့ကိုတစ်ယောက်တည်း..စ်ထားပြီး မေ့နေတယ်ဆိုတော့ မလွန်လွန်းဘူးလား"

ပြုံးပြုံးမွန် နှုတ်ခမ်းထော်ကာ တကယ်စိတ်ဆိုးနေတာ ဖြစ်..ည်။ မော်ကွန်းထင်နှင့်လမ်းခွဲပြီး အိမ်ရောက်မှကို ပြုံးပြုံးမွန်ကို ဖုန်း..ဆက်ဖြစ်တာပါ။



အခုတော့ စိတ်ဆိုးမာန်ဆိုးဖြင့် အိမ်ကိုရောက်လာပြီး ရန်တွေ့နေသည်။ အိမ်မှာက လူပိုများများစားစားမရှိ။

မမက အိမ်ထောင်ကျကာ အစိုးရဝန်ထမ်းမို့ တာဝန်ကျရာမြို့နယ်မှာပဲ အနေများသည်။ မေမေကတော့ ကျောင်းဆရာမတာဝန်က အနားယူပြီး ရိပ်သာဝင်ကာ တရားစခန်းဝင်တာတို့နှင့် အိမ်အတွက်တောင် သိပ်အချိန်မပေးနိုင်။

မေမေမရှိတဲ့နေ့ဆို ကိုယ့်ဘာသာ ချက်စားချင်ချက်စား၊ မစားချင်ဝယ်စားပြီး ပြုံးပြုံးမွန်ကို အဖော်လုပ်ပြီးနေရတာ။ အခု ပြုံးပြုံးမွန်ရောက်လာတော့ အံကိုက်ဖြစ်သွားသည်။

"ကဲပါ သူငယ်ချင်းရယ် စိတ်မဆိုးပါနဲ့၊ နင် ဒီနေ့ဘာစားမှာလဲ ကြိုက်တာဝယ်ကျွေးမယ်နော်"

"အပိုတွေပြောမနေနဲ့၊ ဒီအိမ်ရောက်ကတည်းက ငါ စားချင်..တာ စားရမယ်ဆိုတာ သိပြီးသား၊ ဒေါ်လေးရှိရင် ငါ မငတ်ဘူး၊ နင်ကျွေး..မှစားရမယ့်လူမှတ်နေလား"

"အေး ဟုန်ကန်တယ်ပေါ့၊ မေမေက ဥပုသ်နေ့မို့ မယ်သီလရှင်..ကျောင်းမှာပဲ အိပ်မှာ၊ အိမ်တောင်ပြန်မလာဘူး၊ ငါ့ကိုစိန်ခေါ်ရင် ငတ်..သွားမယ်"

"ဟယ် ဟုတ်လား ဥပုသ်နေ့မှန်းမသိလို့ပါဟယ်၊ ဘွာတေးနော်..ငါ စိတ်မဆိုးတော့ဘူး၊ နင့်ကို ပုန်လည်းမကာန်တော့ဘူး။ ဘယ်သူနဲ့တွေ့..ပြီး ဘယ်လိုဖြစ်ခဲ့တယ်ဆိုတာပြောပြ၊ နင့်မှာရည်းစားမရှိတော့ ငါ မသိ..ကောင် ဟိုတယ်မှာ သွားမအိပ်ဘူးဆိုတာ ငါသိပါတယ်"

"ပြောတော့မယ် ပါးစပ်သရမ်းချက်က အဲဒါကြောင့် အရပ်က

www.burmeseclassic.com

www.burmeseclassic.com



ပုသထက်ပုနေတာ"

"သူက ဘယ်လောက်ရှည်တာကျနေတာပဲ၊ ကဲပါ ဘယ်သူသူ့နာမည်"

"မော်ကွန်းထင် တဲ့၊ နာမည်ကလန်းတယ်၊ လူကလည်း စမတ်ကျတယ်ဟ၊ ယောကျ်ားပီသတဲ့ရုပ်နဲ့၊ ငိုတာက စိတ်ဝင်စားစရာကောင်းတာ၊ မျက်နှာကနီရဲပြီး မျက်လုံးလေးတွေက ဖူးအစ်နေတာပဲ"

"အညွှန်းကောင်းပေမယ့် ဝယ်စားလို့ရတဲ့ဟာ မဟုတ်ဘဲနဲ့ နင်မို့တဖွဲ့တနွဲ့"

"ဟဲ့ ငါ့အတွက် ကုန်ကြမ်းကောင်းတစ်ခုဟဲ့၊ စာရေးဆရာတစ်ယောက်အတွက် ဇာတ်ဖရိန်တစ်ခုရတာ နည်းတဲ့ကံကောင်းခြင်းလား။ ဦးနှောက်သိပ်စားစရာမလိုဘဲ အသာလေးကောက်စားရုံပဲ"

"အေး အစားမတော်မှ လည်နင်နေဦးမယ်၊ ဟိုကတွယ်မိတွယ်ရာ တွယ်လို့ ခွာမရဖြစ်ရင် ဒုက္ခရောက်မှာ၊ နင် တွေးမပူဘူးလား"

"အတွယ်ခံရတော့လည်း အဖတ်တင်တာပေါ့ဟယ်"

"မိန်းမ အကြောပြောင်နေသေးတယ်၊ နေပါဦး နင်က အဲဒီကျောင်းနဲ့တစ်ပတ်တစ်ခါ သွားတွေ့မလို့လား"

"အရင်ကလည်း ငါ အာရုံကျတဲ့နေရာဆို နေ့တိုင်းသွားချင်ရင်သွားနေတာပဲ"

"ဒါဆို အဲဒီ မော်ကွန်းထင်နဲ့တွေ့မယ့်နေရာကို နင် အာရုံကျနေတယ်ဆိုပါတော့"

ပြုံးပြုံးမွန် မျက်စောင်းဝင့်အမေးမှာ နွဲ့ယိမ်းခင် စပ်ဖြဲဖြဲ ခေါင်းညိတ်ပြလိုက်သည်။ ပြုံးပြုံးမွန်က ရေခဲသေတ္တာထဲက ရေတစ်ဘူးယူကာ



ဖန်ခွက်ထဲအပြည့်ထည့် မော့သောက်ပြီး မှန်စားပွဲပေါ် ခွပ်ခနဲမြည်အောင် ဆောင့်ချ၍

"နင့်အစား ငါ ရင်ပူလိုက်တာ ယိမ်း၊ ယောကျ်ားလေးတစ်ယောက်နဲ့ တွေ့ဖန်မြင်ဖန်များ အနေရင်းနှီးသွားရင် ငြိတွယ်သွားတတ်ကြတယ်၊ ကိုယ့်အပေါ် ပတ်သက်မှုရှိလာရင်တောင် ကိုယ်က ရှောင်ရမှာ"

"ငါ့ကို ဘာလို့ သတိပေးနေတာလဲ၊ ငါ အပြစ်ကျူးလွန်ဖို့ကြိုးစားနေတာမဟုတ်ဘူး။ သူက သဘောကောင်းပါတယ်၊ နောက်တစ်ခါဆုံရင် နင်နဲ့မိတ်ဆက်ပေးမယ် သိလား"

"တော်ပါ တခြားမိန်းမကို အသည်းအသန် ချစ်ပြနေတဲ့ယောကျ်ားလေးကို စိတ်မဝင်စားပါဘူး"

"အံ့ပါရဲ့ ဟိုကရော နင့်ကိုစိတ်ဝင်စားမှာမို့လား၊ သူ့ချစ်သူကို ဘယ်လောက်ချစ်တဲ့အကြောင်း သူ့ချစ်သူအတွက် ဘယ်လောက်တောင် ခံစားရတယ်ဆိုတဲ့အကြောင်းတွေကို ပြောပြမှာကို ငါက နားထောင်ပြီး ဝတ္ထုတစ်ပုဒ်ဖြစ်အောင် ငါကရေးမှာ၊ နင့်လို ဒါအကြောင်း စဉ်းစားနေတာမဟုတ်ဘူး"

နှာခေါင်းကို လက်မလေးနှင့်ပွတ်ဆွဲပြတော့ ပြုံးပြုံးမွန် တင်းသွားသည်။ နွဲ့ယိမ်းခင် လက်မောင်းလေးကို နာကျင်အောင် ဆွဲဆိ[illegible]လိုက်ပြီး

"ငါ ဒါသမားဆိုရင် ယောကျ်ားရတာကြာလှပြီ၊ နင် မသိဘူးလား မိန်းမနော်၊ ကျုပ် စိတ်ဆိုးပြီး အိမ်ပြန်လိုက်တော့မှာ"

"ဟင်း ဟင်း စတာပါသူငယ်ချင်းလေးရဲ့၊ လာ တို့ညစာအတွက် ပြင်ဆင်ရအောင်၊ ရေခဲသေတ္တာထဲမှာ အသားငါး အသီးအရွက် အ[illegible]

www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်"

"တော်ပြီ ကန်တော်ကြီးထဲမှာ စော့်ကိုင်တ်ရှာရတာ ပင်ပန်းလို့ ကိုယ့်တာဘာ အပင်ပမ်းခံ လုပ်မစားတော့ဘူး၊ ဟိုတယ်ကမှာကျွေးချင်ကျွေး"

"ကဲပါဟယ် နင်ကြိုက်တဲ့ဆိုင်သာ ဖုန်းဆက်ပြီးမှာလိုက်တော့ ရောက်လာရင် ငါ့ကိုလာခေါ်"

"နင်က ဘာလုပ်မလို့လဲ၊ ဘယ်သွားမလို့လဲ"

"အခန်းထဲသွား စာရေးမလို့၊ ဒီနေ့အာရုံမျှားသွားလို့ သိပ်မရေးရသေးဘူး"

"ကြွကြွ ကျုပ်လည်း ဒီနေ့ လိုကေားရှင်းကြည့်နေရင်း တော်ပျောက်သွားလို့ တစ်ပုံတောင် မဆွဲရသေးဘူး။ ကျုပ်ဂ ကြေးနဲ့လုပ်စားတာမဟုတ်တဲ့ ဝါသနာရှင်အဆင့်ဆိုတော့ ဘိပ်ပြီးအားသွန်ခွန်စိုက် ကြိုးစားစရာမလိုပါဘူး၊ ပွဲတော်အုပ်ကို ရှင်းအခန်းထဲသိရောက်အောင် ပို့ပေးမယ် ဟုတ်ပြီလား"

"ကောင်းလေစွ ငယ်ကျွန်ကြီး"

သူကရွဲ့တော့ ကိုယ်က ပိုငေါ့လိုက်သည်။ အဲဒါမှ ပြုံးပြုံးမွှန်က အတည့်ဖြစ်သွားပြီး မျက်နှာလေး ပြုံးစေ့စေ့ဖြစ်လာတာဖြစ်၏။

ဒါဟာ ဟိုငယ်ငယ်က အကျင့်အတိုင်း . . . ။

◻ ◻ ◻

## အခန်း (၄)

"မင်းအကျင့်က မပျောက်ဘူးကွာ၊ တစ်ယောက်တည်း အော်ကြီးဟာစ်ကျယ် သွားငိုနေရလားဟ၊ မင်း မရှက်ဘူးလား"

"ငါလည်း ငါတို့နှစ်ယောက်ချိန်းတွေ့တုန်းက အဲဒီနေရာကရှုရှုင်းတော့ လူမရှိလောက်ဘူးထင်ပြီး စိတ်လွတ်သွားတာပေါ့၊ သူကလည်း စာရေးဖို့ တိတ်ဆိတ်အေးချမ်းတဲ့နေရာဆိုပြီး ရွေးလိုက်တာထင်တယ် ငါ ရေလည်ကျွတ်သွားတာ"

"တော်သေးတာပေါ့ ရှက်တတ်လို့ ငါက အသည်းကွဲဝေဒနကြောင့် မင်း ရှက်ကြောပါ ပြတ်သွားပြီထင်တာ"

ဘီယာခွက်ကို ကိုင်မြှောက်ရင်းဖြင့် စိုးနောင် ငေါ့၏။ မင်းသူ ဘီယာတစ်ခွက် သူ့ရှေ့တိုးပေးကာ

"အဲဒါ ထားလိုက်၊ တော့်ဝင်သူနဲ့ပတ်သက်တာ လွမ်းရ

www.burmeseclassic.com

www.burmeseclassic.com



ရင် နာစရာနဲ့ဖြေ၊ ဝမ်းကိုးတူးကမ်းပေါ့ကွာ၊ ယောကျ်ားလေးက ထားခံရတာဖြစ်ဖြစ် ကျန်ခဲ့တာဖြစ်ဖြစ် အရှုံးမရှိပါဘူး"

"အေးလေ ငါတို့ယောကျ်ားလေးတွေအတွက် စိတ်ဖြေစရာတွေ အများကြီးပါ၊ အခုလို ဘီယာသောက်မလား၊ သွားမလား ကာရာအိုကေမှာပေါက်မလား၊ နိုက်ကလပ်တက်ပြီး ကြိုက်ရာနဲ့လည်း တွဲလို့ရသေးတယ်"

"မြှောက်ပေးမနေနဲ့၊ ဘီယာသောက်သာရင်တောင် ငါဦးလေးနဲ့ ကွိုင်မှာ"

"မင်းဦးလေးလည်း ခွက်ပုန်းပါပဲ၊ လူရှေ့သူရှေ့တော့ ဘုရားသမား တရားသမားလိုလိုနဲ့"

"လူကြီးတွေမှားတိုင်း လူငယ်တွေလိုက်မှားရဘူးတဲ့ ငါ့ဦးလေးဆုံးမထားတာ၊ အရက်သေစာမသောက်စားရဘူး၊ သူများသားသမီးမစော်ကားရဘူး၊ သူတစ်ပါးကို ပျက်စီးရာပျက်စီးကြောင်း မလုပ်ရဘူး၊ ပြီးတော့"

"တော်ပြီ မင်းဦးလေးတရား မင်းပဲနာ၊ ငါတို့က မင်းဝေဒနာကို သက်သာလိုသက်သာငြား ကုစားပေးဖို့ စေတနာနဲ့ ခေါ်လာတာ"

"ဒါဆို ဒီနေ့သောက်သမျှ မင်းတို့နှစ်ကောင် ရှင်းမှာလား"

"ဟင် အဲဒါတော့"

"သူငယ်ချင်းကလည်း ချစ်သို့စတာကို"

စိုးနောင်နှင့်မင်းသူ မျက်နှာအမူအရာ ချက်ချင်းပြောင်းသွား ကိုယ့်ကိုလှောင်ပြောင်ထားပြီးမှ ဘီယာသောက်ချင်လို့ ဒီဆိုင်ခေါ်လာကြောင်း မသိဘဲနေပါ့မလား။



ဒါပေမဲ့ သူလည်း ဒီကောင်တွေကို တမင်စနေတာပါ။ ဒီလိုနေ့မျိုးမှာ ဘီယာများများသောက်ပြီး မှောက်သွားမှ တော်ဝင်သူနှင့် အမှတ်တရတွေ အနည်းငယ်မေ့ပျောက်နိုင်မှာမဟုတ်လား။

"ဟာ စွတ်မချနဲ့လေ၊ အဲလိုသောက်ရင် မြန်မြန်မူးမှာပေါ့၊ ဖီးလေးနဲ့ တဖြည်းဖြည်း အရှိန်တက်လာတာကို ခံစားစမ်းပါ"

"မြန်မြန်မူးတော့ မြန်မြန်မေ့တာပေါ့ကွာ"

"မင်း တော်ဝင်သူကို ဒီလောက်ချစ်လျက်နဲ့ ဘာလို့ ပိုင်ဆိုင်အောင် မချုပ်တာလဲ"

"ဘာကိုချုပ်ရမှာလဲ ငါက"

"ဟာ မိန်းကလေးတစ်ယောက် ကိုယ့်ဆီက ခွာမသွားအောင် အပိုင်ချုပ်ထားတဲ့နည်းကို ငါကပြောပြရဦးမှာလား၊ မင်းတို့ကန်တော်ကြီးထဲမှာ ချိန်းတွေ့တော့ ဘာတွေလုပ်ကြလဲ"

"ဘာလုပ်ရမလဲ ဆိုင်စကားပြောတာပေါ့၊ မုန့်တွေဝယ်သွားတာကို စားတယ်၊ တစ်ခါတလေ တော်ဝင်သူက အိပ်ချင်တယ်ဆိုပြီး ငါ့ပခုံးလေးပေါ်မှာအိပ်တယ်"

"ဒါပဲလား"

"တစ်ခါတလေတော့ သင်တန်းက နားမလည်တာတွေ ဆွေးနွေးကြတယ်လေ၊ ပျင်းလာပြီဆိုရင်တော့ ရုပ်ရှင်သွားကြည့်မယ်ဆိုပြီး သွားလိုက်ကြတာပဲ"

"ရုပ်ရှင်ရုံထဲရောက်တော့ရော"

"ရုပ်ရှင်ရုံထဲ သွားပါတယ်ဆိုမှ ရုပ်ရှင်ကြည့်တာပေါ့ဟ၊ ဟာသကားဆို တစ်ယောက်နဲ့တစ်ယောက် လက်တို့ပြီး ရယ်ကြတယ်၊ ဒရမ်မှာ

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တော့ စကားတောင် မပြောနိုင်တော့ဘဲ ငိုကြတယ်၊ အပြင်ထွက်လာရင် မျက်ရည်တွေရွှဲလို့"

"အေး ချစ်သူဘဝမှာ လုပ်သင့်တာတွေ မလုပ်လို့ တော်ဝင်သူက လက်ရဲဇက်ရဲ သုတ်သွားတဲ့ကောင်နောက် ပါသွားတာ၊ နည်းတောင်နည်းသေးတယ်၊ လူရိုးကြီးလုပ်နေတော့ ခံလိုက်ပေါ့"

စိုးနောင်နှင့်မင်းသူ ဘာကိုချုပ်စေချင်မှန်း အခုမှ မော်ကွန်းထင် နည်းနည်းသဘောပေါက်သလို ရှိလာသည်။ ဒါပေမဲ့ ဒီလိုမလုပ်လို့ တခြားတစ်ယောက်နောက် ပါသွားတာမျိုးဆိုလျှင်တော့ မော်ကွန်းထင် နောင်တမရပါ။

မိန်းကလေးတစ်ယောက်ဆိုတာ မိန်းမပီပီသသ ရိုးသားနေရမည်။ သစ္စာရှိနေရမည်။ ကိုယ်ကျင့်တရားကောင်းပြီး သိက္ခာရှိနေရမည် မဟုတ်ပါလား။

"မင်း ဘာစဉ်းစားနေတာလဲ၊ နောင်တရနေတာလား"

"မဟုတ်ပါဘူး၊ အဲလိုမချုပ်လို့ ပါသွားတာဆိုရင် ငါ နောင်တမရဘူး၊ အင်တာနက်ခေတ်မှာ အွန်လိုင်းပေါ်ကနေ အီစီကလီလုပ် ရည်းစားတွေဖြစ် ဟိုတယ်မှာချိန်းတွေ့၊ မဖြစ်မနေဖြစ်လာတော့ လက်ထပ်၊ သိပ်မကြာခင်မှာ ဒါကိုပဲ အထင်မြင်သေးစရာတွေဖြစ်လာပြီး စကားများ ပြဿနာဖြစ်၊ ကွာရှင်း အရမ်းကို တဏှာရမ္မက်ကို အခြေခံတဲ့ အိမ်ထောင်ရေး၊ ကြက်သီးထဖို့ကောင်းတယ်"

"ခေတ်နောက်ပြန်ဆွဲပြီး လျှောက်တွေးနေတယ်ကွာ၊ ဘာကို အဲလောက် အလေးအနက် မထားစမ်းပါနဲ့၊ ကိုယ်က ယောကျ်ားလေး၊ နစ်နာစရာ ဘာအကြောင်းမှမရှိဘူး"





"နှမသားချင်း စာနာရမယ်ဆိုတဲ့ အသိတရားက ဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနဲ့ ထိန်းသိမ်းရမယ့် ဆင်ခြင်တုံတရားပဲကွ၊ ငါတော့ အဲလို ဆင်ခြင်ထိန်းသိမ်းလို့ အသည်းကွဲရမယ်ဆိုလည်း ဆယ်ခါပြန်ကွဲ ပစေကွာ၊ မမေ့ဖျောက်နိုင်ရင် အရက်နဲ့စိမ်မယ်၊ လွမ်းနာကျရင် ငိုပစ်မယ်၊ ရင်ထဲမှာ တင်းကျပ်နေရင် တစ်ယောက်ယောက်ကို ရင်ဖွင့်မယ်"

"အေး ကြိုက်သလိုလုပ်"

"ထည့်ကွာ"

ဘီယာတွေ တစ်ခွက်ပြီးတစ်ခွက် ဆင့်သောက်ပစ်လိုက်၏။ အခုချိန်မှာ ဦးလေးကို ခဏမျှမေ့ထားသည်။ တော်ဝင်သူကိုလည်း အနည်းငယ် မေ့သွား၏။

ဒါပေမဲ့ နွဲ့ယိမ်းခင်ဆိုသည့် စာရေးဆရာမရဲ့စပ်စုလွန်းသည့် မျက်နှာလေးကတော့ ဘီယာခွက်ထဲမှာပေါ်လာသည်။

"အဲဒီမိန်းမ တော်တော်စပ်စုတာပဲ"

"ဘယ်သူလဲကွ"

"ကန်တော်ကြီးထဲမှာ ဆုံခဲ့တဲ့ စာရေးဆရာမလေ၊ စာရေးဆရာ ပီပီ သုတ္တိဗဟုသုတ အတွေ့အကြုံဉာဏ်ပညာရဖို့အတွက် တော်တော် စပ်စုတတ်တာပဲလို့ ပြောတာ"

"မင်းကရော အရက်မရှိ ကိုယ့်အကြောင်းပြောရလား"

"သူနဲ့စကားပြောနေတဲ့အချိန်မှာ တော်ဝင်သူနဲ့ပတ်သက်ပြီ ခံစားနေရတာတွေ နည်းနည်းမေ့မေ့ပျောက်ပျောက်ရှိလို့ကွ၊ ငါ ရင်ဖွင့်တ ကို ဒီအတိုင်း ငြိမ်နားထောင်တာ မဟုတ်ဘူး၊ အမေးအမြန်းတွေ တစ်ခါတလေ ငါ့ကိုနှိပ်ကွပ်လိုက်သေးတယ်၊ ပြောရရင် ပျင်းစရာမကော

www.burmeseclassic.com

www.burmeseclassic.com



ဘူးပေါ့''

''အောင်မာ ငါတို့နိုပ်ကွပ်တော့ ရှက်သလေး နာသလေးနဲ့''

''မတူဘူးကွ သူက မင်းတို့လို မကောင်းတာလုပ်ဖို့ တိုက်တွန်းနေတာမဟုတ်ဘူး။ တော်ဝင်သူကို အထင်လွဲနေတာမျိုးလည်း ဖြစ်နိုင်လို့ ပြန်ဆွေးနွေးညှိနှိုင်းကြည့်ပါဦးလားတဲ့''

''ဒါကတော့ မိန်းကလေးဆိုတော့ မိန်းကလေးဘက်က တွေးပြီး နာပေးတာဖြစ်မှာပေါ့၊ သူတို့မိန်းကလေးတွေကမှ ပိုပြီးသစ္စာမဲ့တတ်ကြတာ ပြောပြလိုက်ပါလား''

''အေး ဟုတ်တယ် မိန်းကလေးတွေက အားနွဲ့သူတွေဆိုပြီး အညှာလွယ်တယ်၊ အညှာလွယ်တော့ ပိုပြီးသစ္စာမဲ့တတ်ကြတာပဲ၊ တော်ဝင်သူကို အဲလိုလုပ်ရက်လိမ့်မယ်လို့ ထင်မထားဘူးကွာ၊ ငါ့ကို အချိုသတ်ပြီး ထားခဲ့တာ၊ ငါဆိုတဲ့ကောင်ကရော သူ့ဘက်က တခြားတစ်ယောက်တွေ့ပြီး သစ္စာမဲ့တာကို ဘာလို့ သတိမထားမိရတာလဲ''

ဘီယာခွက်ကို ကိုင်မြှောက်သောက်ရင်းပြောတော့ မင်းသူ နှုတ်ခမ်းမဲ့သွားသည်။

''တော်ဝင်သူ ဖုံးဖုံးဖိဖိနဲ့ အရမ်းပိရိလို့ မင်းမသိလိုက်တာ။ မင်းအမှားမဟုတ်ပါဘူး၊ ဒါနဲ့ မနက်ဖြန် သင်တန်းတက်လို့ သူနဲ့ဆုံရင် မင်းဘယ်လိုမျက်နှာချင်းဆိုင်မှာလဲ''

မော်ကွန်းထင် သက်ပြင်းချကာ ခေါင်းတစ်ချက် ယမ်းလိုက်ပြီး

''မသိဘူးကွာ သူငယ်ချင်းလို ဆက်ခင်ခွင့်ပေးပါလို့ တောင်းဆိုကြည့်ရမလား''

''အာ မင်းမှားတာမဟုတ်ဘူး၊ သူက သစ္စာမဲ့တာ၊ ဘာမှ



တောင်းဆိုစရာ တောင်းပန်စရာမလိုဘူး၊ သူကြင်မှ ကိုယ်ကြင်ပေါ့ကွ''

''ငါတို့အနေနဲ့စိမ်းသွားရင် တခြားသင်တန်းသားတွေ ဘယ်လိုဝေဖန်ကြမယ်ဲ ရှက်စရာကြီးကွာ''

''အပြစ်ရှိတဲ့သူက ရှက်ရမှာ၊ မင်းက ဘာလို့ရှက်ရမှာလဲ၊ ဒီမှာအမော်ကွန်းထင် မင်း ယောကျ်ားမဟုတ်ဘူးလား''

မော်ကွန်းထင် ခေါင်းယမ်းမိမလိုဖြစ်ပြီးမှ ကပျာကယာ ခေါင်းညိတ်ပြပြီး

''ငါ ယောကျ်ားပါ၊ ဒါပေမဲ့ ရှက်တာကတော့ ရှက်တာပဲ၊ မိန်းကလေးတစ်ယောက်က စွန့်ပစ်တာခံရတယ်ဆိုတာ ရှက်ဖို့ကောင်းတာပေါ့ကွ''

''အဲဒါဆို မင်းက ဘာလုပ်ချင်လို့လဲ၊ တခြားသူနဲ့ စေ့စပ်ပြီးတာတောင် မင်းက တွယ်ကပ်နေချင်သေးလို့လား''

မော်ကွန်းထင် ဘာမှမပြောဘဲ ဘီယာခွက်ကို ကောက်မော့လိုက်၏။ ပါးစပ်ထဲမှာ ခါးသက်သက်ဆိုပေမယ့် လည်ချောင်းထဲကနေ ရင်ထဲစီးဆင်းသွားသည့်အခါမှာတော့ ပူရှိန်းရှိန်းဖြင့် ဝေဒနာတို့ သက်သာသွားသည်ထင်ရ၏။

အမြဲတမ်း သက်သာချင်လည်း ဒီလိုအမြဲတမ်း သောက်နေရတော့မည်လား။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"သောက်လာတယ်၊ မင်းအရက်သောက်လာတယ် ဟုတ်လား ကျော်ကွန်း။ ဘယ်လိုဖြစ်လို့လဲ၊ ဘာဖြစ်လို့ အရက်သောက်တာလဲ"

ယိုင်ထိုးစွာ ဝင်လာသော မော်ကွန်းထင်ကို ဦးထင်ကျော် ပန်းကိုင်လှုပ်ကာ ဖွတ်အတင်းမေးသည်။ မော်ကွန်းထင်က ဆိုဖာခုံပေါ် ပုန်း ခနဲပစ်ထိုင်ချပြီး

"အသည်းကွဲလို့ အသည်းကွဲလို့ လေးလေးရေ၊ ကျွန်တော့်ရည်းစားက ကျွန်တော့်ကိုပစ်သွားလို့"

"ဟ မင်းလိုဥစ္စာပေါ့ ရုပ်ချောကောင်ကို ဘာလို့ပစ်သွားတာလဲ"

"သူငယ်ချင်းတွေပြောတာတော့ လက်ရဲ့ဖက်ရဲ့ အပိုင်မချုပ်နိုင်ခဲ့လို့လေ၊ ကျွန်တော့်ဘဝတော့ လေးလေးလို လူပျိုကြီးဖြစ်ရင်တော့ သွားပါပြီ လေးလေးရယ်"





"အေး ဟုတ်တယ် မင်း ငါ့လိုလူပျိုကြီးဖြစ်လို့တော့ မဖြစ်ဘူး၊ ငါက မင်းလိုတူတစ်ယောက်ကျန်သေးလို့ လူဖြစ်သေးတယ်၊ မင်းက မျိုးဆက်မကျန်ရင် ဘာဝတုံးမှာ"

"အခုလည်း တုံးနေပါပြီ လေးလေးရယ်၊ ကျွန်တော်လေ ရည်းစားလေးတစ်ယောက်ထားပြီး သူ့အပေါ်သစ္စာရှိခဲ့ပါတယ်၊ ရိုးသားခဲ့တာ မပြစ်လား လေးလေးရာ"

"အေး မင်းလည်း ငါ့ကံဇာတာမျိုးပါလား၊ ငါ့တူ ငါလည်း ချစ်သူကအပျော်ကြံပြီး ထားခဲ့လို့ အခုလို တစ်ယောက်တည်းဖြစ်နေရတာ၊ ပြီးတော့ မင်းကို တစ်ခုငန့်ခံစရာရှိတယ်"

ဦးလေး ဘာပြောမလဲဟု စိတ်ဝင်စားကာ ခေါင်းကိုမတ်မတ် ထောင်ပြီး နားစိုက်လိုက်၏။ ဆိုဖာခုံကိုမှီချထိုင်နေသော လေးလေးဆီမှ စကားပြင်းချော်တွေ ထိုးထွက်လာကာ

"အဲဒီအချိန်တည်းက လေးလေး အရက်သောက်တတ်ခဲ့တယ်၊ ဒါပေမဲ့ မင်းမိဘတွေ မရှိတော့တဲ့အချိန်မှာ ကုမ္ပဏီလုပ်ငန်းတွေကို စီးပွားလုပ်နေရတဲ့အတွက် ဂုဏ်သိက္ခာတွေကို ထိန်းရင်း ခွက်ပုန်းအရက်သမားဖြစ်နေရတာ"

"ကျွန်တော်လည်း သိတော့သိပေမယ့် ဒါကြောင့်လို့တော့ မထင်ဘူး။ လေးလေးက အသည်းကွဲဝေဒနာကို အရက်နဲ့ကုခဲ့တာပေါ့၊ ကျွန်တော်လည်း အဲလိုပဲလုပ်တော့မယ် လေးလေးရယ်"

"ဟာ ဟိတ်ကောင် မင်း အဲလိုလုပ်လို့မရဘူး၊ မင်းအသက်ငယ်ငယ်လေးပဲရှိသေးတယ်၊ လူဖြစ်ရှုံးမခံနဲ့ နောက်ထပ်ရည်းစားထားမိန်းမတွေယူပစ်လိုက်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"လေးလေး"

"အေး ပြော"

"ကျွန်တော် တစ်သက်မှာတစ်ခါပဲ ချစ်ဖူးတယ်၊ ဒီတစ်ယောက်နဲ့ပဲ အသည်းကွဲရတယ်၊ ကျွန်တော် အချစ်ကိုကြောက်သွားပြီ လေးလေး"

"ကျွတ် မင်း အလိုက်တာကွာ"

လေးလေးက ရေခဲသေတ္တာထဲက အရက်ပုလင်းသေးသေးလေးကိုယူပြီး ဖန်ခွက်ထဲထည့်၍ ရေခဲတုံးလေးတွေပါ ယူထည့်ပြီး တစ်ငုံခန့်မော့သောက်၏။ အရင်ကဆို သူ့ရှေ့မှာ အရှိအသေတန်မှာစိုး၍ ဘယ်တော့မှ သူ သိအောင်မသောက်ပေ။ အခုလည်း သူ့ကိုအဖော်ညှိမှာတော့ မဟုတ်ပါ။

"လေးလေး ကျွန်တော် အရှိန်ကျသွားပြီ၊ ကျွန်တော့်ကို နည်းနည်းတိုက်ပါဦး"

"ဟိတ်ကောင် မော်ကွန်းထင် ငါ့ကိုမင်းမိဘတွေမဟုတ်လို့ လေးစားစရာမလိုဘူးဆိုပြီး အရက်တောင်းသောက်ရဲတာလား၊ ငါ့တူလေး အားမငယ်ရအောင် သူငယ်ချင်းပေါင်း ပေါင်းမိလို့ အရှိသေတန်တာလားကွ"

"လေးလေးကလည်း ဘာတွေအထင်လွဲနေတာလဲ၊ ကျွန်တော်က လေးလေးကို ချစ်ကြောက်ရိုသေလေးစားပြီးသားပါ၊ ဖေဖေနဲ့မေမေ မရှိတော့လို့ လေးလေးကိုပဲ အားကိုးပြီး နေလာခဲ့တာ လေးလေး မသိဘူး

"သိတယ် ဒါပေမဲ့"

"အခုလိုအချိန်မှာ လေးလေး ကျွန်တော့်ကို ဆူရမှာမဟုတ်ဘူး



အားပေးရမှာ၊ ဖြေသိမ့်ရမှာ နှစ်သိမ့်ရမှာ"

"အခု ငါက ဘာလုပ်နေလို့လဲ"

"ဒီအရက်လေးသောက်ပြီး တော်ဝင်သူကိုမေ့နိုင်အောင် ကြိုးစားပြီး အိပ်လိုက်ပါ၊ ငါ့တူရယ်လို့ ပြောရမှာလေ"

"သြော် ဦးလေးက တူကို အရက်တိုက်ရမှာပေါ့၊ ငါပြောဆိုဆုံးမခဲ့တာတွေ အလကားဖြစ်အောင်လုပ်ရမှာလားကွ ပြောစမ်းပါဦး၊ လာ မင်းအိပ်ပျော်အောင် ငါ သီချင်းဆိုသိပ်မယ်၊ ငါ ဒါပဲလုပ်ပေးနိုင်မယ် ဟောကောင်"

"ဦးလေးရာ"

သူ့ကိုဇွတ်တွဲထူ၍ အိပ်ခန်းထဲရောက်အောင်လိုက်ပို့တော့ သူ ဘာမှမတတ်နိုင်ပေ။ ခုတင်ပေါ်ရောက်တော့ သူ့ကိုသေချာစောင်တွေ ဘာတွေခြုံပေးပြီး သီချင်းကိုအစပျိုးကာ စဆို၏။

"မွေးလွန်းသည့်ပန်း . . မနမ်း . . ဝံ့ပြီ၊ လှလွန်းသည့်ပန်း . . မနမ်း . . . ဝံ့ပြီ၊ မာယာပရိယာယ်နှစ်သွယ်ယှက်လို့ ရက်စက်မှုအပေါင်း သရဖူဆောင်းခဲ့ပြီ၊ အသဲလွှာမြေမဟီ၊ ဒေဝီသခင်မတစ်ပါး၊ သင့်အား တုဖက်ပြိုင်၊ ကျွန်တော်မျိုးတော့ဖြင့် မနိုင်ပါပြီ၊ ဆုံးရှုံးခြင်းသာ ရင်မှာ ပိုက်လို့"

"လေးလေး ဟာဗျာ"

ခုတင်ပေါ်က လူးလဲထ၍ မော်ကွန်းထင် အော်ပစ်လိုက်သည်။ လေးလေး ဖီးပျက်ကာ တိုးလိုးတန်းလန်း ဖြစ်သွားလျက်

"ဘာလဲကွ"

"လေးလေးရာ အသည်းကွဲနေတဲ့သူကို ဘာသီချင်းတွေလ

www.burmeseclassic.com

www.burmeseclassic.com



ဆိုပြနေတာလဲ၊ ဒီမှာ ငိုချင်လာပြီ''

"အေး အဲဒါ သီချင်းကိုက ခံစားချက်ပါလို့ပြောကွ၊ မိန်းကလေး တစ်ယောက်အတွက် အသည်းကွဲနေတဲ့အချိန်မှာ ဒီသီချင်းက အလိုက် ဖက်ဆုံးပဲ၊ ဒီသီချင်းက ငါငယ်ငယ် အသည်းကွဲတဲ့အချိန်က စပေါ်တာ၊ ခံစားလို့ကောင်းသလား မမေးနဲ့''

"ကျွန်တော်က အဲဒါကို ခံစားချင်တာ မဟုတ်ဘူး။ မေ့ချင် တာ၊ သတိမရချင်တာ''

"မင်းဒဏ်ရာရသွားပြီဆိုရင် ဘယ်တော့မှ မေ့လို့ရမှာမဟုတ် ဘူး စိတ်သာချ၊ မေ့နိုင်ပြီဆိုရင် မေ့ချင်တယ်လို့တောင် ပြောဖို့ သတိရ မှာမဟုတ်ဘူး၊ အနာဆိုတာ ဖြစ်ဖြစ်ချင်း ချက်ချင်းကျက်ပါ့မလား ငါ့တူ ရယ်၊ အချိန်ဆိုတဲ့ သမားတော်က မင်းကိုကုစားပေးပါလိမ့်မယ်၊ အခု တောင် မင်း ငိုချင်လည်း ငိုချလိုက်၊ လွမ်းချင်ရင်လည်း ဘယ်သူ့ကိုမှ အားမနာဘဲ လွမ်းပါ၊ မင်းက ချစ်ခဲ့မိတာကိုး ငါ့တူရယ်''

လေးလေးနှစ်သိမ့်မှ သူ တအားငိုချင်လာသည်။

နွဲ့ယိမ်းခင်ရေ ငါငိုတော့မယ်။

□ □ □

အခန်း (၆)

ညက သောက်ထားသောအရှိန်၊ ငိုထားသောအရှိန်နှင့် သူ မျက်လုံးတွေ နီရဲမို့အင်နေသည်။ သင်တန်းမတက်တော့ဘူးလို့ နေပေမယ့် ဖိုးနောင်နှင့်မင်းသူ ဖွတ်အတင်းလာခေါ်၍ လိုက်လာခဲ့ရခြင်းပင်။

သူ့ပြိုင်ကားလေး သင်တန်းကျောင်းရှေ့ ရောက်သွားသည်ဆို ရင်ပဲ

"ဟိတ်ကောင် မော်ကွန်းထင်၊ ဟိုမှာတော်ဝင်သူလည်း သင် တန်းတက်တယ်ကွ၊ သူ့သူငယ်ချင်း စိုးစိုးနဲ့ ကင်န်တင်းဘက်သွားနေတာ တွေ့လား။ ငါတို့လည်း ကင်န်တင်းသွားရအောင်''

"အာ မသွားချင်ပါဘူး''

"ဟာ မင်းရင်မဆိုင်ရဲဘူးလား။ မင်းအမှားလုပ်ထားတာ မဟုတ်ဘူး ရင်ဆိုင်ပြီး ပေါက်ကွဲပစ်လိုက်လို့ရတယ်၊ မင်းဘာလုပ်ချင်လဲ''

"ဟုတ်တယ် မင်း စိတ်ကျေနပ်အောင် တစ်ခုခုတော့ လုပ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ ဘာလို့ ဒီလိုသစ္စာမဲ့ရတာလဲဆိုတာလည်းမေး''

"အေး ဟုတ်တယ်၊ အဲဒါတော့ မေးသင့်တယ်''

သူ ကားပေါ်က ခုန်ဆင်းပြီး သူငယ်ချင်းနှင့် ရယ်ကာမောကာ လျှောက်လာနေသော တော်ဝင်သူရှေ့က ပိတ်ရပ်လိုက်သည်။ အခုမှ သူ့ကိုမြင်သွားပုံရသော တော်ဝင်သူမျက်နှာလေးမှာ ချက်ချင်း မျက်နှာ သေလေးဖြင့် ညှိုးကျသွား၏။

"မော်ကွန်း''

"မင်းမှတ်မိသေးသားပဲ သူသူ၊ မင်း ဘာကြောင့် ငါ့ကိုဒီလို လုပ်ရက်တာလဲ၊ ငါ ဘာတွေမှားခဲ့လို့လဲ''

"သူသူ့ကို အထင်မလွှဲပါနဲ့ မော်ကွန်း။ မိဘတွေဆန္ဒကို မလွန်ဆန်နိုင်လို့ပါ''

"မင်းဆင်ခြေက မရိုးလွန်းဘူးလား၊ ချစ်သူကို သစ္စာမဲ့တတ်တဲ့ ယောက်ျားတိုင်း မိန်းမတိုင်းသုံးနေကျ စကားကြီးပဲ၊ မင်းတို့အွန်လိုင်းမှာ တွေ့ပြီး ချစ်ခဲ့ကြတာဆို ပတ်သက်ရင်းနှီးခဲ့ကြတာဆို''

"ကြားစကားတွေကို ယုံပြီး ပြောနေတာဆိုရင်တော့ တို့လည်း မတတ်နိုင်တော့ဘူး မော်ကွန်း၊ တို့လည်း ဒီလောက်ပဲ ရှင်းပြတတ်တယ်''

"အခုမှတော့ ဒီစကားပဲ ပြောတော့မှာပေါ့၊ မင်း အရမ်းကို မာယာများတယ် တော်ဝင်သူ''

"နင်ပြောလို့ပြီလား မော်ကွန်း၊ နင်ပြောသမျှ ခံမယ်လို့ ငါ ဆုံးဖြတ်ပြီးသားပါ၊ ဒီစေ့စပ်ပွဲ ငါ့မျက်ရည်တွေနဲ့ပြီးမြောက်ခဲ့တယ်ဆိုတာ တော့ နင် သိမှာမဟုတ်ဘူး''

"ဘာ''





တော်ဝင်သူ အပြောကြောင့် မော်ကွန်းထင် အကြည့်များ မင်းသူဆီ ရောက်သွားသည်။ အွန်လိုင်းကနေ ငြိခဲ့သည်ဆိုသော သတင်း က မင်းသူသယ်လာတာ။

မင်းသူ တစ်ခုခုပြောဖို့ ပြင်နေဆဲမှာ မော်ကွန်းထင် အကြည့် များ တော်ဝင်သူဆီပြန်ရောက်သွားတော့ မျက်ရည်များပင် ဝဲနေကာ

"နင်နဲ့ငါက သုံးနှစ်လောက်တွဲခဲ့တဲ့ ချစ်သူတွေပါ၊ နင်က ငါ့ ထက်တောင် ပိုပြီး ပြည့်စုံချမ်းသာတဲ့သူပဲ၊ မက်မောမှုနဲ့ကြည့်ဖြစ်ရင် တောင် နင့်မှာဘာချို့တဲ့မှုမှမရှိဘူး၊ ငါက နင့်ကို ဘာလို့အပြစ်ရှာပြီး ထားခဲ့ရမှာလဲ၊ ငါ့မိဘတွေနဲ့ ပတ်သက်တာပါ၊ မိဘချင်းစကားကျွံထား တာတွေရှိလို့ စေ့စပ်လိုက်တာ၊ နင်သိထားဖို့က ငါ နင့်ကို မုန်းလို့မဟုတ် ဘူး''

"တော်ဝင်သူ''

ရင်မှာဟာဘ်ထိကာ ကျွန်ရစ်ခဲ့သည်။ သူမနောက်ကို လိုက်ပြ ဘယ်လိုစကားလုံးတွေနဲ့ ပေါက်ကွဲရမလဲ။

ရင်ထဲမှာပြောစရာစကားလုံးတွေ အပြည့်ဖြစ်နေပြီ။

မင်း နားထောင်မလား နွဲ့ယိမ်းခင်။

□ □ □



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"ဘာ ပထမတစ်ခါတွေ့တုန်းကပြောတော့ အွန်လိုင်းကနေ ချစ်သူတွေဖြစ်ပြီး ရှင့်ကိုသစ္စာမဲ့သွားတာဆို၊ အခုက မိဘတွေဆန္ဒကို ရှင့်ကိုချစ်နေလျက်နဲ့ လက်ခံလိုက်ရတာတဲ့လား"

မော်ကွန်းထင် ခေါင်းညိတ်ပြတော့ နွဲ့ယိမ်းခင် ခေါင်းကိုကုတ်ကာ နှာခေါင်းလေးရှုံ့သွား၏။

"အဲဒါကြောင့် တစ်ဖက်သတ်ကြားစကားနဲ့ အထင်လွဲနေတာဖြစ်နေပါလိမ့်မယ်ဆိုတော့ ရှင်မယုံဘူး၊ မိန်းမတွေနဲ့ ကင်းနိုင်တာလည်း မဟုတ်ဘဲနဲ့၊ အထင်သေးလိုက်တာလွန်ရော"

"ကိုယ့်သူငယ်ချင်း မင်းသူက အတိအကျပြောတော့၊ ကိုယ်လည်း ယုံလိုက်တာပေ့ါ၊ ကိုယ်လည်းထင်တော့ထင်ပါတယ်၊ စော်ဝင်သူက အဲလိုမိန်းကလေး မဖြစ်နိုင်ဘူးလို့"





"အမျိုးမိုးပဲ ကျွန်မဘာယ်လိုရေးရမှာလဲ၊ ဒီမိန်းကလေးကို နာကြည်းပြီး အသည်းကွဲနေတယ်လို့လား၊ ဒါမှမဟုတ် လက်စားချေဖို့ ပေါက်ကွဲဖို့ ရှင့်မှာဆန္ဒရှိနေလား၊ ဇာတ်ဖရိန်ဘယ်လိုပြောင်းရမှာလဲ"

"နေဦး၊ သူပြောသလိုသာ အမှန်ဆိုရင် သူကိုယ့်ကိုချစ်နေတုန်းပဲ"

"ဘာ"

"ကိုယ့်ကိုချစ်နေလျက်နဲ့ မိဘဆန္ဒကို မလွန်ဆန်နိုင်လို့ လက်ခံလိုက်ရတာဆိုတော့ မချစ်မနှစ်သက်တဲ့သူနဲ့ တစ်သက်လုံး အတူနေရတော့မယ့် သူ့ဘဝက ဘယ်လောက်တောင် သနားစရာကောင်းလဲ"

"ကြော် ဖြစ်ရပြန်ပြီ"

"ကိုယ်သူ့ကို အားပေးချင်တယ်"

"အင်း"

အခုကျတော့ တကယ်အားမာန်အပြည့်ဖြင့် ယောကျ်ားတစ်ယောက်နှင့် တူသွားပြန်သည်။ မျက်ဝန်းထဲမှာ မျက်ရည်ရိပ်တွေမရှိ။ မေးရိုးများက တင်းရင်းလှုပ်ရှား ထူးဆန်းနေသော မျက်ခုံးနှစ်ခုစုကျုံ့ထားသည်မှာ ချစ်သူကို အသေအကြေကာကွယ်တော့မည့် ပုံမျိုးပင်။

ချုန်ထားခဲ့ရတာတောင် အနာအကျင်မရှိတော့၊ စိတ်ဝင်စားရကောင်းနေပြန်သည်။ မော်ကွန်းထင်က စိတ်ဂနာမငြိမ်သလို ထရပ်ပြီး သစ်မြစ်ဆုံကြီးမှာ ပြန်ထိုင်ကာ

"သူ့ကိုမချစ်မနှစ်သက်သူ့ လက်ထဲက ကယ်တင်ရာလည်း ရောက်အောင် သူ့ကိုကိုယ်ခိုးပြေးလိုက်ရရင် ကောင်းမလား"

"ကျွန်မကို တိုင်ပင်နေတာလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်းစာရေးလို့ရအောင် အသိပေးကြည့်တာလေ၊ တိုင်ပင်တဲ့သဘောလည်း ပါတာပေါ့ကွာ၊ မင်းပဲဟိုနေ့က သူ့တက်ကာကွယ်နေသေးတာမဟုတ်လား"

"အဖော်လာမညှိပါနဲ့၊ ရှင်မပြတ်သေးနဲ့ မနာကျင်နိုင်ဘူးဆိုရင် ဒီလိုလုပ်ဖို့ သူ့ကိုဆွေးနွေးပေါ့၊ သူ့သာရှင့်ကို တကယ်ချစ်တယ်ဆိုရင် ရှင့်နောက်ကို လိုက်မှာပဲ"

"အင်း မင်းပြောတာဟုတ်တယ်၊ ဟား ဒီနေ့ကိုယ် စိတ်ပျော်သွားပြီ၊ မင်းဘာစားချင်လဲ ကိုယ်ကျွေးမယ်"

"ကျွန်မတစ်ယောက်တည်းတော့ မရဘူး၊ သူငယ်ချင်းကိုပါ ကျွေးရမှာ"

"ဘယ်မှာလဲ မင်းသူငယ်ချင်း"

"ဟိုမှာရေခဲမုန့် သွားဝယ်နေဘာ၊ လာနေပြီ ရှင်နဲ့မိတ်ဆက်ပေးမယ်၊ သူကပန်းချီဝါသနာပါတယ်"

ပြုံးပြုံးမွန်က ရေခဲမုန့်နှစ်ခုကိုင်ကာ အနားရောက်လာရင်း မော်ကွန်းထင်ကို မသက်သာလို ခြေဆုံးခေါင်းဆုံးကြည့်၏။

"မွန်မွန် ဟိုနေ့က ငါပြောတယ်လေ၊ သူက မော်ကွန်းထင်တဲ့၊ မော်ကွန်း သူကကျွန်မသူငယ်ချင်း ပြုံးပြုံးမွန်၊ ကျွန်မလိုပဲ မွန်မွန်လို့ခေါ်ပေါ့"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်၊ ကျွန်တော်မော်ကွန်းထင်ပါ"

မော်ကွန်းထင်ရဲ့ ဖော်ရွေမှုကြောင့် ပြုံးပြုံးမွန် မျက်နှာထင်းမာမှုတို့ လျော့ရဲသွား၏။ ရေခဲမုန့်တစ်ခုကို နှဲ့ယိမ်းခင်လက်ထဲထည့်၍ သူမ



လက်ထဲကဘစ်ခုကို မော်ကွန်းထင်ရှေ့ ထိုးပေးကာ

"စားပါဦးလား"

"တော်ပါပြီဗျာ၊ ကလေးတွေကျနေတာပဲနော် ရေခဲမုန့်ဝယ်စားတယ်"

"ကိုယ်ကြိုက်ရင် လူကြီးအစားအစာ ကလေးအစားအစာရွေးနေလို့ ဖြစ်မလား။ စားချင်တာဆို ဆွဲပစ်လိုက်တာပဲ"

"ဩော် ဩော် ကောင်းပါတယ် ဒါနဲ့နှဲ့ယိမ်းခင်က သူငယ်ချင်းကို ခေါ်ခဲ့မလို့ဆို"

"ဩော် ဟုတ်တယ်၊ ဟဲ့မွန်မွန်၊ သူကငါတို့ကို မုန့်လိုက်ကျွေးမလို့တဲ့ လိုက်မှာလား"

"ဟဲ့ စာလာရေးတာ၊ စာမရေးဘဲ ဘယ်လိုက်သွားမလို့လဲ"

"သူချစ်သူနဲ့ ပတ်သက်တာကို ငါကအကြံပေးလိုက်လို့ ကျေးဇူးဆပ်ပြီးကျွေးမှာ၊ ဟုတ်တယ်နော် မော်ကွန်း"

"အင်း ဟုတ်ပါတယ်"

မော်ကွန်းထင်ကို တပ်ကူခေါ်လိုက်သည့်အခါ မော်ကွန်းထင်ကလည်း အလိုက်အထိုက် ထောက်ခံပေး၏။ ပြုံးပြုံးမွန်က မျက်နှာလေးပွဲသွားပြီး

"ငါကတော့ မလိုက်တော့ဘူး။ ပန်းချီဆွဲဖို့နေခဲ့မယ်၊ စေတနာရှိရင် ပါဆယ်လေးဝယ်လာခဲ့"

"အင်း အဲဒါလည်းဖြစ်တာပဲ၊ ဝယ်ခဲ့ပါမယ်၊ တစ်ယောက်တည်းနေရဲတယ်မဟုတ်လား"

"အဲဒါသွားမပြောနဲ့ မွန်မွန်က သရဲကလွဲရင် ဘာမှမကြောက်

www.burmeseclassic.com

www.burmeseclassic.com



ဘူး''

"ဟုတ်လား ကျွန်တော်လည်း သရဲအရမ်းကြောက်တာ၊ ငယ်ငယ်ကဆို ဖေဖေကပြောတယ်၊ သရဲဆိုတာကြောက်ရင် ပိုခြောက်တယ်၊ အဲဒါ စိတ်ချောက်ချားမှု တစ်မျိုးပဲတဲ့သော်''

"ဟုတ်မယ်၊ မကြောက်ဘူး မကြောက်ဘူးလို့ စိတ်အားတင်းနေရင်းက ဟိုနေရာကရိပ်ခနဲ၊ ဒီနေရာကလွင့်ခနဲ၊ ပြီးရင် ကိုယ့်အနားပဲ ရောက်လာတော့မလိုလိုနဲ့ ဇောချွေးတွေပါ ပြန်လာရော၊ အမေယ်လေး ပြောရင်းနဲ့ မနေရဲတော့ဘူး၊ ငါလည်းလိုက်မယ်၊ ကုက္ကိုပင်ကြီးက အုပ်အုပ်ဆိုင်းဆိုင်းနဲ့ ကြောက်စရာကြီး''

ပြုံးပြုံးမွန် ဖြစ်ပျက်ပုံကြောင့် နှစ်ယောက်သားရယ်လိုက်မိကြသည်။ နွဲ့ယိမ်းခင်နှင့်ဆုံတိုင်း ဒီလိုပေါ့ပေါ့ပါးပါး ဖြစ်သွားရတာပါ။ ဒါ...ဟာ အကြောင်းရေစက်တစ်ခုကြောင့် ...။

▣ ▣ ▣

မျိုးဝေစာပေ

## အခန်း (၈)

"ရှုတ် ရှုတ် တော်ဝင်သူ''

သင်တန်းခန်းမရဲ့ လှေကားထစ်ထောင့်ချိုးလေးကနေ သူ့ခေါ်လိုက်တော့ အသံလာရာ ဟိုရှာဒီရှာဖြင့် သူ့ကိုတော်ဝင်သူ မြင်သွားသည်။ လက်ယပ်ပြီး ထပ်ခေါ်လိုက်တော့ တော်ဝင်သူ သူ့အနားရောက်လာ၏။

"ဘာလဲ မော်ကွန်း''

"ငါနဲ့ခဏလောက် စကားပြောရအောင် တို့ထိုင်နေကျ ကင်န်တင်းကိုသွားမယ်''

"ဘာ ဘာတွေပြောမလို့လဲ''

"ပြောစရာရှိလို့ပါဆိုဟာ ဟိုကျသိမှာပေါ့''

"ဟင့်အင်း ပြောစရာရှိရင် ဒီမှာပဲပြောပါ၊ ငါကစေ့စပ်ပြီးသားမို့တော့ သူများတွေ တစ်မျိုးထင်သွားရင် မကောင်းဘူး''

"ဘာမကောင်းစရာရှိလဲ၊ နင်နဲ့ငါ ချစ်သူတွေဆိုတာ တစ်

မျိုးဝေစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကျောင်းလုံးသိတယ်၊ အခုနင်မချစ်မနှစ်သက်တဲ့ သူနဲ့ မိဘတွေဆန္ဒအရ လက်ထပ်ရမှာကို ငါအဖြစ်မခံနိုင်ဘူး၊ နင့်ကိုငါ ခိုးပြေးမယ်"

"ဘာ"

"တို့နှစ်ယောက်လုံး စိတ်ဆင်းရဲနေရမယ့်အစား ဒီလို ဆုံးဖြတ်လိုက်တာ အကောင်းဆုံးပါပဲ၊ မိဘတွေဆိုတာ လက်ထပ်ပြီးသာနဲ့ ခွဲနေရမှာ၊ သူတို့နဲ့ပေါင်းသင်းရမှာမှ မဟုတ်တာ၊ နင်လည်းငါ့ကို ချစ်နေလျက်နဲ့ တခြားသူကို ယူလိုက်ရလို့ တစ်နေ့မှစိတ်ချမ်းသာရမှာ မဟုတ်ဘူး"

"ဟင့်အင်း အဲလိုလုပ်လို့မရဘူး"

"ဟင် ဘာဖြစ်လို့လဲ"

တော်ဝင်သူ အဖြေရခက်နေဟန်ဖြင့် အကြာကြီး စဉ်းစားနေ၏။ ဘာတွေ စဉ်းစားနေတာလဲဆိုတာတော့ မော်ကွန်းထင် မခန့်မှန်းတတ်ပေ။

"ငါတို့အမျိုးထဲမှာ ခိုးရာလိုက်ပြေးတယ်ဆိုတာ ရာဇဝင်မရှိဘူး၊ မိဘစကားကို လွန်ဆန်တယ်ဆိုတာလည်း တစ်ယောက်မှမရှိဘူး"

"မဟုတ်ဘူးလေဟာ နင်စိတ်ဆင်းရဲနေမှာစိုးလို့၊ ပြီးတော့ ငါလည်း"

"လက်ထပ်ဖို့ရည်ရွယ်ချက်တွေထားပြီး နင်နဲ့ငါ ချစ်ခဲ့ကြတာမို့လား"

"ဘာ ဘာပြောတယ်"

"ဒီအတိုင်း သမီးရည်းစားတွေ ဖြစ်ကြတဲ့သူတိုင်း လက်ထပ်ဖြစ်ကြတာ မဟုတ်ပါဘူး၊ နင် ငါ့ကို နားလည်ပေးပါ"

"နင် အဲလိုပြောမှ ဘယ်လိုနားလည်ပေးရမှန်း မသိတော့ဘူး တော်ဝင်သူ၊ ငါ့ကိုချစ်ခဲ့တာ လက်ထပ်ဖို့ရည်ရွယ်ချက် မရှိဘူးတဲ့သား



ဒါဆို ဘာလို့သုံးနှစ်လောက်တောင် တွဲလာခဲ့သေးလဲ"

"နင်လည်းသဘောမမှဲ့၊ ငါလည်း သဘောမရှဲ့လို့ ဒီလောက်အချိန်တွေ ကြာခဲ့တာပေါ့၊ ဘာလို့ဒါကို အပြစ်တင်နေတာလဲ"

"ပြောမှပြောတတ်ပလေ တော်ဝင်သူရယ်၊ နင်အရမ်း စိတ်ဆင်းရဲပြီး ခံစားနေရမယ်ထင်လို့ ဒီလိုစွန့်စားကြည့်ဖို့ နင့်ကိုတိုင်ပင်တာပါ၊ အခုတော့ နင့်စိတ်က ဘယ်လိုလဲဆိုတာ ငါသိသွားပြီ"

တလိုက်လိုက် ငမ်းနည်းလာကာ ပြောလိုက်တော့၊ တော်ဝင်သူ မျက်နှာရှုံ့တင်းလေး ဖြစ်သွားပြီး

"နင်ဘယ်လိုထင်ထင် ငါမတတ်နိုင်တော့ဘူး မော်ကွန်း၊ ဒီအချိန်မှာ ငါ့အတွက် ငါ့မိဘက အရေးကြီးနေတယ်၊ မတော်တဆ သူတို့သေသွားရင် ငါတစ်သက်လုံး နောင်တရနေရမှာ"

"နင် အဲဒီကောင်အပေါ်မှာ စိတ်မပါရင် အဲလိုဆုံးဖြတ်မှာမဟုတ်ပါဘူး၊ ဟုတ်တယ်မဟုတ်လား"

တော်ဝင်သူမဖြေ၊ ဟိုတက်ဒီဘက် သင်တန်းသူ သင်တန်းသားတွေ ရှုပ်ယှက်ခတ်လာတာကို ကြည့်ပြီး

"ငါသွားတော့မယ် မော်ကွန်း၊ ဆေးစပ်ပြီးသား မိန်းကလေးက ရည်းစားဟောင်းနဲ့ ချိန်းတွေ့နေတာမျိုးဆိုရင် ငါသိက္ခာကျလိမ့်မယ်၊ နင်လည်း နောက်တစ်ယောက်ရှာပြီး စိတ်ချမ်းသာအောင် ပျော်အောင်နေပါ"

"တောက်"

တော်ဝင်သူ အဝေးကိုရောက်သွားမှ တက်ခေါက်ဖို့သတိရ၏။ တျှန်ခဲ့ရတဲ့ ဒီကောင်မှာတော့ သိက္ခာမရှိရတော့ဘူးလား။ အချစ်ကို

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ပျက်ပျက် ခံစားတာထက် ကိုယ့်မာနကို ချိုးတာဟုခံစားရ၏။

ခြေလှမ်းတွေက သူငယ်ချင်းတွေရှိနေမည့် ကင်န်တင်းဆီကို ဒေါကြီးမောကြီး ...။

□ □ □



## အခန်း (၉)

"ဟ ဘာဖြစ်နေတာလဲ"

စားပွဲခုံကို ဒုန်းခနဲ ထိုးချပြီး ဝင်ထိုင်လိုက်၍ မင်းသူတအံ့တသြ ပေး၏။ စိုးနောင်က ရေအေးအေးတစ်ခွက် ဖန်ခွက်ထဲထည့်၍ သူ့ရှေ့တိုး ပေး၏။

"ဘာတွေပေါက်လာပြန်တာလဲ၊ ရေခဲရေနဲ့ အရင်ငြိမ်း ပြီးရင် ပြော"

"တော်ဝင်သူ လုံးဝသောက်ချိုးမပြေဘူး"

"မင်းက ဘာသွားလုပ်လိုက်လို့လဲ"

"သူ မချစ်မနှစ်သက်သူနဲ့ ပေါင်းသင်းရမှာမျိုးဆိုရင် စိတ်ဆင်း ရာစိုးလို့ ခိုးပြေးမယ်လို့ သွားပြောတာ၊ ငါ့ကိုပေါက်လွှတ်လိုက်တယ်၊ လုံး၀ အစာမကြေဘူး"

"နည်းတောင်နည်းသေးတယ်၊ ဟိုနေ့က နင့်ကို မုန်းလို့မဟုတ်



www.burmeseclassic.com

www.burmeseclassic.com



ပါဘူး၊ မိဘတွေဆန္ဒကို နာခံလိုက်ရတာပါဆိုတဲ့ စကားကို သွားကြွေတာ ကိုး"

"ငါပြောပါတယ်၊ သူတို့ချင်းငြိပြီးမှ မိဘတွေချင်း ခင်မင်ရင်းနှီးတာပါသိပြီး ဒီလိုတွေထိ စီစဉ်ဖြစ်တာပါဆိုတာကို၊ ဟိုက အတည်တွေ ကျွေးတာ သွားယုံတယ်၊ မင်းကို နေ့ငအလို့ ကွယ်ရာမှာဟားနေဦးမယ်"

"မိန်းကလေးတစ်ယောက်က အဲလိုပြောင်ပြောင်တင်းတင်း ကြီး၊ သိက္ခာမဲ့ရဲလိမ့်မယ် မထင်လို့ပေါ့ကွာ၊ အခုလည်း ငါ့ကိုးချစ်လို့တော့ မဟုတ်ဘူး၊ သူတို့မျိုးရိုးရာဇဝင်မှာ လင်နောက်လိုက်ပြေးတယ်၊ မိဘ စကား လွန်ဆန်တယ်ဆိုတာ မရှိဘူးတဲ့ သူကစောစပ်ပြီးသားမို့ ရည်းစား ဟောင်းဖြစ်တဲ့ ငါနဲ့စကားပြောတာတောင် ပတ်ဝန်းကျင် အထင်လွဲရင် သူ့သိက္ခာကျမှာ စိုးရိမ်နေသေးဘယ်၊ မင်းတို့တွေကြည့်၊ ငါမပေါက်သ ...ူးလား"

သူ့အပြောကို စိုးနောင်တို့ နှုတ်ခမ်းမဲ့ကြသည်၊ သူခံပြင်းနေတ ကိုပဲ လှောင်ချင်သလိုလို၊

"မင်း သေသင့်တယ် မော်ကွန်း၊ ဒီကိစ္စ ဒီလိုသွားပြောမယ်... တာ ငါတို့ကို မတိုင်ပင်တာ၊ သူငယ်ချင်းတွေကို မင်းမယုံလို့ မဟုတ်လား၊"

"မဟုတ်ပါဘူးကွာ"

"တားမှာစိုးရိမ်တာတော့ မင်းမငြင်းနဲ့ တော်ဝင်သူကို အကော ... သေးလို့ အဆိပ်မရှိဘူး မင်းထင်နေတာလား၊ မင်းပြသနာရှာမှာ စိုး... လည်ကုပ်ကလေးကိုပွတ်ပြီး အချိုးသတ်နေတာကို အဟုတ်မှတ်မနေ..."

"အဲလောက်ကြီး မပြောပါနဲ့ မင်းသူရေ၊ ငါမနာတတ်လို့ မဟု... ပါဘူး၊ သုံးနှစ်လောက်တွဲလာတာကွ၊ နှမသားချင်း ကိုယ်ချင်းစာသ..."



တယ်လို့ဝင်လို့"

"ဟိုက သံယောဇဉ်လက်ကျန်တောင် မရှိလို့ မင်းကိုခွာထုတ်တာ၊ ဘာတွေစာနာနေသေးတာလဲ"

"မသိဘူးကွာ၊ ငါအခု အရက်သောက်ချင်တယ်၊ သူပြော လိုက်တာတွေ မေ့ပစ်ချင်တယ်"

"ဟာ ဒီအထဲမှာ ဘယ်လိုလုပ်အရက်ဆိုင်ရှိမှာလဲ"

"အဲဒါဆို အပြင်သွားမယ်၊ သွားမယ်ကွာထ"

မော်ကွန်းထင်က ခွတ်တချွတ်။ အခုကောင်းလိုက်၊ အခုမ ကောင်းလိုက်ဖြင့် သူ့ကိုကစိတ်မငြိမ်တော့။

ဒီလိုနှင့် သင်တန်းနှင့်ဝေးသော ဘီယာဆိုင်ကို သုံးယောက်သား ရောက်လာခဲ့ကြသည်။ ဘီယာတစ်ချားမှာလိုက်ရင်း မော်ကွန်းထင် မျက်နှာ ကို ကြည့်ရတာ စိတ်မသက်သာ။

မော်ကွန်းထင် ပခုံးကို မင်းသူ ဖက်ခနဲပုတ်လိုက်ပြီး

"မင်း အရမ်းစိတ်ပျော့ပြီး ခံစားလွယ်လွန်းတယ် မော်ကွန်း။ တော်ဝင်သူကို ကိုယ်နဲ့မသက်ဆိုင်တော့တဲ့ သူလို့ သဘောထားလိုက်ရင် မင်းအဲလောက် ခံစားရမှာမဟုတ်ဘူး"

"နာကျင်ရတဲ့ ဒီရင်အတွက် ဘာမှတုံ့ပြန်နေတာနဲ့မှ မတူတာ၊ သူကချော့ရင် ပျော့သွားလိုက်၊ သူက မာရင်ပေါက်ကွဲလိုက်နဲ့ အမျိုးမျိုး ကျိုးရှုန့်ခံစားနေတာ"

"တောက် အဲလိုတွေဖြစ်မှန်းသိရင် ရည်းစားမထားခဲ့ပါဘူး"

"နောင်တရမပြနဲ့ ပင်းကောင်းအောင်နေနိုင်ဖို့ အရေးကြီးတာ"

မော်ကွန်းထင် ဘာမှမပြော၊ စိုးနောင်ထည့်ပေးသော ဘီယာ

www.burmeseclassic.com

www.burmeseclassic.com



ခွက်တစ်ဝက်လောက်ကုန်အောင် မော့သောက်ပြီးမှ

"မိန်းမတွေ မာယာများတယ်ဆိုတာ ကြားဖူးနားဝရှိပေမယ့် လက်တွေ့ကြုံရတော့ ခံရခက်တယ်ကွာ၊ ငါနဲ့ချစ်သူဖြစ်တာ လက်ထပ်ဖို့ ရည်ရွယ်တာမဟုတ်ဘူးတဲ့လေ၊ သမီးရည်းစား ဖြစ်တဲ့သူတိုင်း ချစ်သူဖြစ်တိုင်း လက်ထပ်ဖြစ်ကြတာ မဟုတ်ဘူးတဲ့၊ သူ့ကိုနားလည်ပေးပါတဲ့၊ ဒီအကြောင်းတွေ နွဲ့ယိမ်းခင်ကို သွားပြောရမယ်"

"ဘာ ဘာလို့သွားပြောနေမှာလဲ"

"ငါဟိုနေ့က တော်ဝင်သူကို အားပေးချင်တယ်၊ သနားတယ်၊ နိုးပြေးမယ်လို့ သွားပြောခဲ့တာကွ၊ သူက တော်ဝင်သူကို ငါနိုးပြေးပြီလို့ တောင် ထင်နေမှာ"

"ဟာ မင်းကတော့ကွာ၊ မသေချာသေးတာလည်း သွားပြောနေတော ...ပဲ၊ မင်းရူးနေလား မော်ကွန်း"

"မရူးပါဘူး၊ နွဲ့ယိမ်းခင်တို့နဲ့ အပေါင်းအသင်းဖြစ်ရတာ၊ ရယ်စရာ ပျော်စရာကောင်းတယ်ကွ၊ ပွင့်လင်းတယ် လွတ်လပ်တယ်၊ ငါရင်ဖွင့်ရင် နားထောင်ပေးတယ်"

"နားထောင်ပေးမှာပေါ့၊ ဟိုကစာရေးဆရာမဆိုတော့ ကုန်ကြမ်းရှာနေတာကို"

မင်းသူတို့က တွေ့ဖူးဆုံဖူးခြင်းမရှိ၍ အကောင်းမမြင်သေး။ မော်ကွန်းထင်က ဘီယာတွေတစ်ခွက်ပြီးတစ်ခွက် သောက်ပြီးချိန်မှာ သိုင်နဲ့စွာဖြင့် ထရပ်သည်။

"...ာ်လျှော့မလို့လား"

"နွဲ့ယိမ်းခင်တို့အိမ်သွားမလို့"



"အာ ဒီပုံစံနဲ့ မိန်းကလေးတစ်ယောက်အိမ်သွားလို့ ဖြစ်မလား"

"ဖြစ်တယ် ငါအသည်းကွဲတာကို နားလည်ပေးထားတာပဲ"

"အဲလိုတော့သွား မလုပ်နဲ့ကွာ၊ မင်းမှာသူ့ဖုန်းနံပါတ်ရှိတယ် ...ဟုတ်လား၊ ငါတို့ဖုန်းဆက်ပေးမယ်"

"ဆက် သူမလာရင် ငါလာမယ်လို့ပြောလိုက်၊ ရင်ဖွင့်ပြောပြစရာ ...တွ ရှိတယ်လို့"

အာလေးလျှာလေး ဖြစ်နေသော မော်ကွန်းထင်ကို မင်းသူတို့ ...ထိန်းနိုင်။ မော်ကွန်းထင်ဖုန်းထဲမှ နွဲ့ယိမ်းခင် ဖုန်းနံပါတ်ကိုရှာပြီး ...က်လိုက်ရသည်။

"ဟယ်လို မော်ကွန်းလား"

ဖုန်းနံပါတ်မှတ်ထားဟန်တူသော နွဲ့ယိမ်းခင်က ချက်ခြင်းပင် ...ော်ကွန်းထင်ဖုန်းမှန်းသိ၏။ မင်းသူက မော်ကွန်းထင်ဘက် တစ်ချ... ...ကြည့်ပြီး

"မော်ကွန်းထင် မဟုတ်ပါဘူး၊ ကျွန်တော် သူ့သူငယ်ချင်းပါ၊ ...ဟာ စားသောက်ဆိုင်မှာ၊ မော်ကွန်းပေါက်နေလို့ဗျ၊ အဲဒါ နွဲ့ယိမ်းခင်ဆီ ...ွားပြီး ရင်ဖွင့်စရာတွေရှိတယ် လုပ်နေလို့ ဖုန်းဆက်လိုက်တာပါ"

"ဟယ် သူတော်တော်မူးနေတာလား၊ တော်ဝင်သူကို နိုးပြေး ...၊ အဆင်မပြေတာများ ရှိနေလား"

"အဲဒါသူနဲ့တွေ့ပြီး သူပြောတာ နားထောင်လိုက်ပါ၊ အဲဒီကိုလာ ...် ပတ်ဝန်းကျင်နဲ့ နွဲ့ယိမ်းခင် အနေခက်မှာစိုးလို့ပါ"

"ဟုတ်ကဲ့ ကျွန်မလာခဲ့ပါ့မယ်၊ လိပ်စာပြော"

မင်းသူ လိပ်စာပြောပြီး ဖုန်းပိတ်လိုက်သည်။ မော်ကွန်းထင်

www.burmeseclassic.com

www.burmeseclassic.com



က ရှိဝေသော မျက်ဝန်းများဖြင့် မျက်ခုံးပင့်ပြတော့

"လာလိမ့်မယ်စောင့်နေ၊ နည်းနည်းပါးပါးလည်း ကိုယ့်ကိုယ်ကို ထိန်းဦး။ မိန်းကလေးက စားသောက်ဆိုင်ကို လိုက်လာရမှာ"

"ငါသိပါတယ်"

"အေး မင်းကတော့ ခုတ်ရာတခြား ရှရာတလွဲ ဖြစ်ကုန်တော့မယ်"

"ဖြစ်တော့လည်း ကောင်းတာပေါ့။ စေ့စေ့နာနာသက်သာဖို့အရေးကြီးတယ်"

မင်းသူနှင့်စိုးနောင် ဘယ်လိုအဓိပ္ပါယ်တွေနှင့် ပြောနေမှန်း မော်ကွန်းထင် သိပ်နားမလည်ပေ။

မေးစင်းရှိဝေနေသော မျက်ဝန်းများက နွဲ့ယိမ်းခင်လာရာလမ်းကို မျှော်ငေးကြည့်ရင်း ...။

□ □ □

အခန်း (၁၀)

"ဟိတ်ကောင်တွေ နွဲ့ယိမ်းခင်လာနေပြီ၊ တိတ်တိတ်နေကြ"

နွဲ့ယိမ်းခင် ဆိုင်ထဲဝင်လာတာ မြင်လိုက်သည်နှင့် ခေါင်း... ...ဝတ်ခနဲထောင်သွားခါ။ စိုးနောင်နှင့်မင်းသူက အနားရောက်လာသော ...မိန်းကလေးကိုကြည့်၍ အံ့သြမှင်တက်နေကြသည်။

စာရေးဆရာမဆိုပြီး အသက်ကြီးကြီး ပုံဆိုးပန်းဆိုးလည်း မ...ဟုတ်။ မျက်မှန်နှင့်ထီးတစ်ချောင်း ချိုင်းကြားညှပ်လို့ လမ်းတကာ...လျှောက်နေသော စာရေးဆရာတွေကိုသာ မြင်ဖူးတာမို့ ငယ်ငယ်ချော...ချော နွဲ့ယိမ်းခင်ကို မြင်လိုက်ရတော့ မအံ့သြဘဲမနေနိုင်။

"နွဲ့ယိမ်းခင် ထိုင်လေ"

"မော်ကွန်းထင် ရှင်ဘယ်လိုဖြစ်နေတာလဲ"

"ပြီးရင်ပြောမှာပေါ့၊ သူငယ်ချင်းတွေနဲ့ အရင်မိတ်ဆက်ပေး...ယ်၊ စိုးနောင်နဲ့မင်းသူတဲ့ ဟိတ်ကောင်တွေ စာရေးဆရာမကြီး နွဲ့ယိမ်း...

www.burmeseclassic.com

www.burmeseclassic.com



ခင်တဲ့ မင်းတို့မှတ်ထားကြ''

''ဟုတ်ကဲ့ အားနာလိုက်တာဗျာ၊ ကျွန်တော်တို့က စာရေးဆရာဆိုတော့ ရုပ်ဆိုးဆိုးမဟုတ်တောင် အသက်တော့ နည်းနည်းကြီးမယ်ထင်ပြီး ဒီကိုခေါ်လိုက်တာပါ''

''ရပါတယ်၊ သူ့အိမ်လိုက်လာရင် ဒီပုံစံနဲ့ဆို ရှင်းရခက်နေဦးမှာ၊ ရှင်တို့ကို မင်္ဂလာပွဲအကြို ညှိခံနေတာတော့ မဖြစ်နိုင်ဘူးထင်တယ်''

''သေချာတာပေါ့၊ သိပ်ကိုသေချာတယ်၊ ဘာလို့လဲဆိုတော့ ကျွန်တော်နဲ့တော်ဝင်သူ ဘယ်တော့မှ လက်ထပ်ဖြစ်တော့မှာ မဟုတ်လို့ဘဲ''

ကျယ်ကျယ်လောင်လောင် ပြောလိုက်သော မော်ကွန်းထင်စကားကြောင့် နွဲ့ယိမ်းခင် ရှက်ရွံ့သွားကာ၊ ဟိုဒီငေ့ဝဲကြည့်ပြီး

''တိုးတိုးပြောပါ၊ ဘာလို့ဒီလောက်အော်ရတာလဲ''

''မင်းကိုရင်ဖွင့်ပြနေတာလေ၊ မင်းစာရေးမယ်ဆို''

''ဘာဖြစ်ဖြစ်လေ မော်ကွန်းထင်၊ တကယ်ဆို ဒီနေရာကို ကျွန်မကိုမခေါ်သင့်ဘူး၊ ပြောစရာရှိလည်း နောက်နေ့မှကန်တော်ကြီးမှာ ချိန်းပေါ့၊ အခုတော့ အိမ်ကိုလာမှာစိုးလို့ ကျွန်မလိုက်လာရတာယ်''

''အခုငါ့ဆီကိုလာရတာ မင်းသိက္ခာကျတယ်လို့ ထင်နေတာလား၊ ဒါဆိုပြန်တော့ မင်းပြန်တော့''

''စိတ်ညစ်လိုက်တာ၊ ဘယ်သူက သိက္ခာကျမှာကို စိုးရိမ်နေရလို့လဲ၊ မိန်းကလေးတစ်ယောက်က ရှင့်လိုမူးရူးနေတဲ့လူကို လာတွေ့ရတာ မသင့်တော်ဘူးလို့ပြောတာ၊ နည်းနည်းပါးပါး ထိန်းဦးမှပေါ့''

''မမူးပါဘူး၊ ကိုယ်မမူးပါဘူး၊ ကိုယ်အလတ်ကြီးရှိသေးတယ်



မရှဲသေးဘူး''

နွဲ့ယိမ်းခင် တော်တော်လေး စိတ်ညစ်သွားသည်။ မမူးဘူးဆိုသည့်လူက မျက်ဝန်းတွေက ရီဝေမှေးစင်းနေပြီး စကားတစ်လုံးနှင့်တစ်လုံးပြောတိုင်း လက်လေးလုံးလောက်ခြား၏။

သူမအတွက် အရက်သောက်ထားသောသူနှင့် စကားပြောဖူးတာ ဒါပထမဆုံးအကြိမ်။

ကြားဖူးနားဝအနေနှင့် ဆိုလျှင်တော့ အရက်မူးသမားတွေက အရစ်ရှည်တတ်လွန်းလို့ အတိုက်အခံ အပြိုင်အဆိုင်မပြောတာ အကောင်းဆုံးတဲ့။

ဒါဆို မော်ကွန်းထင်အလိုကျ သူပြောတာတွေ အလိုက်သင့်နားထောင်ပေးတာ အဆင်ပြေလိမ့်မည်ထင်သည်။

''ဟုတ်ပါပြီ ရှင်မမူးသေးပါဘူး၊ အခုဘာဖြစ်လို့ အရက်သောက်လောက်အောင် စိတ်ညစ်စရာတွေ ရှိနေလို့လဲ၊ တော်ဝင်သူက ငိုးရာမလိုက်လို့လား''

''ခိုးရာမလိုက်လို့ မပိုင်ဆိုင်ရတာ ကိစ္စမရှိပါဘူး၊ ဒါပေမဲ့ သူပြောတာကို မခံစားနိုင်ဘူး''

''ဘာတွေပြောလိုက်လို့လဲ''

''သုံးနှစ်လောက် တွဲလာတာတောင် ကျွန်တော့်ကိုလက်ထပ်ဖို့ ရည်ရွယ်ပြီး ချစ်ခဲ့တာမဟုတ်ဘူးတဲ့လေ၊ ချစ်သူတိုင်း ညားကြလို့လားလို့လည်း အမေးခံရသေးတယ်၊ ပြီးတော့ သူတို့မျိုးရိုးရာဇဝင်မှာ မိဘစကားကို လွန်ဆန်ပြီး ခိုးရာလိုက်ပြေးတယ်ဆိုတာ မရှိဘူးတဲ့''

''အင်း အဲလောက်ထိပြောတာတော့ တော်ဝင်သူ လွန်တယ်

www.burmeseclassic.com



တကယ်လို့ နိုးရာမလိုက်ချင်တောင်၊ မိဘတွေကို မသေခင် စိတ်ချမ်းသာသွားစေချင်လို့ပါ။ ဒီလိုလုပ်လိုက်ရင် နှစ်ဖက်မိဘအရှက်ရ သိက္ခာကျစရာတွေ ဖြစ်မှာစိုးလို့ပါဘာညာနဲ့ ဖြေသိမ့်စကားလေး ပြောရမှာပေါ့''

''ကျွန်တော်လည်း အဲဒါပြောစေချင်တာ၊ ပထမတစ်ခါ နင့်ကို မုန်းလို့မဟုတ်ပါဘူး၊ ဒီလိုဒီအကြောင်းကြောင့်ပါလို့ နှစ်သိမ့်ခံရတော့ သူ့ကိုသနားပြီး သူစိတ်မဆင်းရဲရအောင် နိုးပြေးဖို့ ဘာညာသွားဆွေးနွေးခဲ့တာ၊ အဲဒါကျွန်တော်အလွန်လား။ နွဲ့ယိမ်းခင် စဉ်းစားကြည့် ကိုယ်လွန်လား''

ကိုယ်ပြောလိုက် ကျွန်တော်ပြောလိုက်ဖြင့် မော်ကွန်းထင် ဗလုံးဗထွေးဖြစ်နေသည်။ သူမမှာသူ့စိတ်ကြိုက် ခေါင်းယမ်းပြလိုက်ရကာ

''မလွန်ပါဘူး မော်ကွန်း ဘယ်လွန်ပါ့မလဲ၊ ယောကျ်ားတစ် …ာက်ရဲ့ဆုံးဖြတ်ချက်လို့ ကျွန်မယုံကြည်ပါတယ်၊ ဒါပေမဲ့ သူ့ဘက်ကပြတ်သားပြီဆိုရင် ကိုယ့်ဘက်ကလည်း ပြတ်ပြတ်သားသား မေ့ပစ်လိုက်ဖို့ စဉ်းစားရမယ်၊ သူကပျော်ပြီး ကိုယ်ကအလွမ်းသမား၊ အဆွေးသမား အရက်သမားကြီး ဖြစ်သွားတော့ ဘယ်လိုလုပ်မလဲ''

''ဟာ ဟုတ်တယ်၊ ကျွန်တော်တို့လည်း အဲဒါပဲပြောနေတာ မနွဲ့ယိမ်းခင်''

မင်းသူတို့ဝင်ပြောတော့ ရင်းနှီးစွာပင် နွဲ့ယိမ်းခင် ခွင့်ပြုလိုက်၏။ သူမကို ခပ်စိမ်းစိမ်းကြီး မဆက်ဆံစေချင်လို့ပါ။ မင်းသူတို့ကလည်း သူမကို ခင်မင်သွားပုံရပြီး

''ဟုတ်ကဲ့ယိမ်း ကျွန်တော်တို့က ဒီကောင်ကို တော်ဝင်သူ့ ပတ်သက်ပြီး မခံစားစေချင်ဘူး၊ ဟိုကပိုပြီး ဝမ်းသာကော်င်းရုံပဲရှိမယ်



သူငိုနေလည်း ဟိုကသူ့ကိုသနားပြီး ပြောင်းလဲလာမှာမဟုတ်ဘူးလေ''

''အဲလိုပြောရင်း တော်ဝင်သူကို အရမ်းချစ်နေတဲ့သူ့ကို မစာနာရာ ရောက်နေမလားမသိဘူးနော်''

''အလကား ဒီကောင်ချစ်သူဘဝတုန်းက ဒီကောင်အလေးအနက်မရှိလို့၊ မင်းတော်ဝင်သူကို တကယ်ချစ်တာမှ ဟုတ်ရဲ့လားလို့ ကျွန်တော်တို့မေးရသေးတယ်၊ မိန်းကလေးဘက်က ဒီလိုလုပ်သွားတာလည်း အရမ်းလွန်တယ်လို့ ပြောလို့မရဘူး''

မင်းသူတို့ပြောမှ သူမတွေတွေလေး ချင့်ချိန်စဉ်းစားမိ၏။ ကိုယ့်အပေါ် အလေးအနက်မရှိလျှင် မယုံကြည်ရဲသည့် မိန်းကလေးတွေက အပြောင်းအလဲ ဖြစ်သွားနိုင်သည်ပဲ။ ဒါပေမဲ့ အခုလို ခံစားနေရတာကတော့ဖြင့် တော်ဝင်သူကို တကယ်မြတ်မြတ်နိုးနိုး ချစ်နေသည့်ပုံစံပါ။

''သူ့စိတ်ထဲကို ကျွန်မတို့ဝင်ကြည့်မရတာက သူ့အချ… ခန့်မှန်းလို့မရဘူးဖြစ်နေတာ၊ တကယ်တမ်းဆို မိန်းကလေးတစ်ယောက်အတွက် ရှိုက်ကြီးတငင်ခံစားငိုနေတဲ့သူ့ကို ကျွန်မ ပထမဆုံးတွေ့ဖူးတာပဲ''

''ယိမ်းက ဒီကောင်ဒီလိုဖြစ်တာကို သနားနေတာလား။ ဒီကောင်က အငိုသန်လို့ပါ၊ တစ်ခုခုအတွက် ဝမ်းနည်းပြီဆို အဲလိုပဲ ရှိုက်ကြီးတငင်အသံထွက်ငိုတတ်တယ်လေ၊ ဆယ်တန်းမှာ ကျွန်တော်တို့ သူငယ်ချင်းတွေ စာမေးပွဲကျတော့ အဲလိုပဲငိုတယ်၊ လုံးဝချော့လို့မရဘူး''

''ဟုတ်လား၊ အဲဒါကြောင့် အသည်းနုတယ်လို့ပြောတာ ဖြစ်ပယ်''

သူမတို့တွေ ပြောနေတာကို ဘာမှဝင်မပြောဘဲ ဖမော်ကွန်းထင် ပါယာခွက်ကိုလက်လှမ်း၏။ သူမဖန်ခွက်ကို ဆွဲယူလိုက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



"မသောက်နဲ့တော့မော်ကွန်း။ ယိမ်းကိုပြန်လိုက်ပို့ဦးမယ်လေ"

"နေပါစေ ကျွန်မကားပါလာတယ်၊ တိုယ့်တာသာမောင်းပြန်လို့ ဖြစ်တယ်၊ ရှင်တို့သူငယ်ချင်းကိုသာ ရှင်တို့လိုက်ပို့လိုက်"

"ယိမ်းက ပြန်ချင်နေပြီလား၊ ကျွန်တော်ဘာမှ မပြောရသေးဘူး"

"နောက်နေ့မှ ကန်တော်ကြီးကိုလာခဲ့လေ၊ ယိမ်း စောင့်နေမယ် အဲဒီကျမှ မော်ကွန်းပြောချင်တာပြောပေါ့"

"ဟင့်အင်း ကျွန်တော်ရင်ထဲမှာ အရမ်းခံစားနေရတယ်၊ ကျွန်တော်က အသုံးမကျတဲ့ကောင်လားဗျာ၊ မိန်းကလေးတစ်ယောက်က အဲလို ပစ်ပစ်ခါခါ အပြောခံရလောက်တဲ့ အဖြစ်မရှိတဲ့ကောင်လား"

"မော်ကွန်း"

တအိအိ ငိုချလိုက်တာမို့ နွဲ့ယိမ်းခင်ပျာပျာသလဲ ဘာလုပ်ရမှန်း မသိဖြစ်သွားသည်။ ကျောကိုပွတ်သပ်ပြီး နှစ်သိမ့်ရမှာလား၊ မျက်ရည်တွေ သုတ်ပေးရမှာလား။ မင်းသူတို့က အားနာနာစွာနှင့်

"ယိမ်း ဒီကောင်ဘာဖြစ်နေမှန်း မသိဘူး။ အားနာလိုက်တာ ဗျာ"

"ရပါတယ်၊ အဲလိုငိုလိုက်ရင် သူ့ရင်ထဲပေါ့ချင် ပေါ့သွားမှာပေါ့ ငိုပါစေ"

"ယိမ်း"

"ဟင် ဘာလဲ မော်ကွန်း"

"ကျွန်တော့်ကို စိတ်ကုန်သွားပြီလား"

"ဟင် ဘာ ဘာကိုစိတ်ကုန်တယ် ပြောတာလဲ"



"ကျွန်တော့်ကို ဒီလိုရှုံ့နေတာမြင်ပြီး ကျွန်တော်ရင်ဖွင့်တာတွေ နားမထောင်ချင်တော့ဘူးလားလို့ ပြောတာပါ"

"ဪ ကျွန်မအတွက် ကုန်ကြမ်းရပါတယ်၊ စာရေးဆရာဆိုတာ အရက်သမားဇာတ်ကောင်စရိုက်သိအောင် အရက်သမားကိုလည်း ပေါင်းသင်းထားရမယ် မဟုတ်လား"

"ဟာ ကျွန်တော် အရက်ကိုကြိုက်လို့သောက်နေတဲ့ အရက်သမားမဟုတ်ဘူး"

"ဟုတ်ပါပြီ အရက်သမား မဟုတ်ဘူးပဲထားပါ၊ အခုတော့ အရက်သမားပုံ ပေါက်နေတယ်လေ၊ ခေါင်းတောင်မထူနိုင်တော့ဘူး"

"ယိမ်း အဲလိုပြောတော့ ကျွန်တော်ဝမ်းနည်းတယ်ဗျာ"

"ဟယ်တော်"

ကြိတ်ကြိတ်ရှိုက်ပြီး ငိုချသည်မို့ မော်ကွန်းဝင် ခေါင်း...းကို သုမပခုံးပေါ်တင်ကာ ဖွဖွလေးပွတ်သပ်၍ ချော့မြူမိသည်။

"အလကားစကားပါ မော်ကွန်းရယ်၊ မော်ကွန်းက အရက်သမားမဟုတ်ပါဘူး၊ တိတ်နော်မငိုနဲ့ ကလေးလေးကျနေတာပဲ ဖိုးချွဲလေး"

ကလေးတစ်ယောက်လို ချော့နေတာမို့ မင်းသူတို့နှစ်ယောက် ပြုံးစေ့စေ့ဖြစ်နေကြသည်။ ကြောင်ခံတွင်းမျက်နှင့် ဇရက်တောင်ပံကျိုး တွေ့နေသလားဟု ခပ်ရှိုင်းရှိုင်း...တော့ မသာမုတ်ချင်။

နွဲ့ယိမ်းခင်က ... ကယ့်အရိုးခံစိတ်ထား ဖြူစင်သူလေးပါ။ မော်ကွန်းဝင်ပဲ ဒီကောင်....။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

"ဒီကောင် အလိုလိုက်လို့ အမိုက်စော်ကားနေတာလား၊ မော်ကွန်းထင် ဟင်ဟိတ်ကောင်၊ ရည်းစားလင်ယူမှာ မင်းအဲဲလောက်တောင် ခံ...းလို့ မပြီးတော့ဘူးလား မင်းအတွက် မိန်းမတော အဲလောက်တောင် ရှားနေလားကွ"

"လေးလေးမှာရော ဘယ်နှစ်ယောက်တောင် ရှိခဲ့လို့လဲ"

"ဘာကွ"

ဦးထင်ကျော် အသံကျယ်ကျယ်အော်ရင်း ခေါင်းငိုက်စိုက် ဖြစ်နေသော မော်ကွန်းထင်အနား ဖြုန်းခနဲ ဝင်ထိုင်လိုက်၏။ သူငယ်ချင်းတွေ အိမ်အထိ တွဲပို့ရသည့် အခြေအနေမျိုးတောင် ဖြစ်လာပြီမို့ မော်ကွန်းထင်ကို ဒီအတိုင်းလွှတ်ထားလို့ မဖြစ်တော့။

"ဟိတ်ကောင် ငါ့မျက်နှာကိုကြည့်စမ်း၊ မင်းအမေရဲ့ အစ်ကို မင်းရဲ့ဦးလေးဖြစ်တဲ့ငါက၊ ဆုံးမသွန်သင်နေတာကို မင်း မနာခံတော့ဘူးလား ပြောစမ်း"



"ဘယ်သူက မနာခံဘူးပြောလို့လဲ၊ အခုလို လတ်လတ်ဆတ်ဆတ်ကြီး အသည်းကွဲတဲ့အချိန်မှာတော့ နည်းနည်းပါးပါး လေးလေး နားလည်ပေးသင့်တာပေါ့၊ လေးလေးရယ်/အသည်းကွဲဖူးတာပဲ ဥစ္စာ"

"အေး ငါအသည်းကွဲဖူးတယ်၊ အရက်လည်းသောက်ဖူးတယ် ဒါပေမဲ့ မင်းလို ငါမရူးဘူး"

"ကျွန်တော်က ဘယ်မှာရူးလို့လဲ"

"မင်းအရှက်မရှိ ငိုတယ်ဆို၊ ငါက သီချင်းတွေ နားထောင်ပြီး အရက်ကို ဖီးလ်အပြည့်နဲ့ ငြိမ့်ငြိမ့်လေးသောက်တာ၊ မင်းလိုအရှက်မရှိ အော်ငြဲနဲ့မငိုဘူး"

"အဲလိုအငိုကောင်းလို့ နှစ်သိမ့်တတ်တဲ့ ကောင်းမလေးကိုတွေ့ရတာပေါ့ လေးလေးရာ၊ ဘာမှန်းလည်းမသိဘူး"

"ဘာကွ ဘယ်မှာလဲ အဲဒီကောင်မလေး၊ နှစ်သိမ့်တတ်တ...ကို ရင် အဲဒီကောင်မလေးနဲ့ မင်းကိုပေးစားမယ်၊ မင်းကို ဒီအတိုင်းလွှတ်ထားလို့မဖြစ်တော့ဘူး၊ သူ့နာမည် ဘယ်သူလဲ"

လေးလေးရွှတ်ပြောမှ မော်ကွန်းထင် အမူးပြေကာ မျက်လုံးပြူးသွားရသည်။

"လေးလေး အဲဒီကောင်မလေးနဲ့ကျွန်တော်က အဲလို ပတ်သက်ပူချိုမဟုတ်ဘူး၊ ရိုးရိုးသားသား၊ သိကျွမ်းရုံပဲရှိသေးတယ်"

"အခုစားချင်လို့ အခုတကာလေးကြော်၊ အခုခိုထမင်းမရမှန်းတော့ ငါလည်းသိတာပေါ့ကွ၊ မင်းကိုငါ့လို အသည်းကွဲလူပျိုသိုးကြီး မဖြစ်ဖို့အတွက် ဒီကောင်မလေးကို ရင်းနှီးပတ်သက်လာအောင် ကြိုးစားပေးမယ်၊ အဲဒီကောင်မလေး မိဘတွေဆီမှာ ငါကသွားပြီး နားဖောက်မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ လေးလေး ဖွတ်ကြီးနော်၊ အဲလိုလုပ်လို့မဖြစ်ပါဘူးဆို၊ သူက ကျွန်တော့်ချစ်သူနဲ့အဆင်ပြေအောင် ကျွန်တော်အရမ်းမခံစားရအောင် အားပေးနေတာ"

"အေး အဲဒါကြောင့်ကို ငါကတွေ့ချင်တာ၊ မင်းခေါ်လာခဲ့"

တကယ်ကို မော်ကွန်းထင် အမူးပြေသွားသည်။ ရင်တွေလည်း အရက်ဝင်ထားတာထက်ပိုပြီး ပူလောင်နေတာမို့ ရေခဲသေတ္တာထဲက ရေတစ်ဘူးကို တစ်ဝက်လောက်ကုန်အောင် မော့သောက်ပစ်လိုက်သည်။ လေးလေးက ကျန်တစ်ဝက်ကိုဆွဲယူ၍

"ပေး ငါလည်း မင်းကြောင့် ရင်တွေပူလို့ ရေအေးအေးလေး သောက်မှဖြစ်မယ်"

ပြောပြီး ရေတွေကုန်သွားအောင် မော့သောက်ပစ်လိုက်၏။ ရေ ူးခွံကို အခန်းထောင့်က အမှိုက်ပုံးထဲ လှမ်းပစ်ထည့်ပြီး မဝင်ဘဲ ပြန်ကန်ထွက်လာတော့ ဒေါသတကြီး ဘူးခွံကို ခြေထောက်နှင့် ကန်ထုတ်ပစ်လိုက်သည်။

"အပေါက်ထဲဝင်အောင် မထည့်နိုင်လို့ လေးလေးလူပျိုကြီးဖြစ်နေတာ"

"ဟိတ်ကောင် ဘာပြောတယ်"

"သြော် အဲလို လေးလေးစိတ်မရှည် ဒေါသကြီးလွန်းလို့ လူပျိုကြီးဖြစ်နေတာလို့ပြောတာ၊ ချစ်သူဘဝတုန်းက အဲလိုတွေ ဒေါသကြီးလို့ မတော်လိုက်ရတဲ့ ဒေါ်လေးက လေးလေးကိုကြောက်လန့်ပြီး ထားခဲ့တာဖြစ်မယ်"

"အောင်မာ မင်းက ဘာသိလို့ ပြောနေတာလဲ၊ ငါ့မှာချစ်သူရှိ





ဂုန်းက နူးညံ့သိမ်မွေ့လိုက်တာမှမပြောနဲ့၊ ရယ်တာတောင် သွားမပေါ် ဘူး၊ ချစ်သူက တည်တည်ငြိမ်ငြိမ် လူကြီးဆန်တာကို သဘောကျတယ် ိုလို့လေ၊ သူ့သဘောကျ၊ သူ့စိတ်တိုင်းကျပဲ ငါနေခဲ့တာပါ"

"ဒါတောင်မှ ထားခဲ့ရက်တယ်ဆိုတော့ လေးလေးချစ်သူ တော် ကော်ဆိုးတာပဲ၊ ဒါတောင် လေးလေးအခုထိ မမေ့နိုင်သေးဘူးနော်"

"ငါလည်း မင်းလိုပါပဲ၊ မေ့ဖို့ကြိုးစားလေ သတိရလေပါပဲကွာ၊ ဝေဒနာက အရမ်းဆိုးတယ်၊ အဲဒါကြောင့် တူလေးကို ဒီဝေဒနာတွေ ခံစားစေချင်လို့ မိန်းမယူပါလို့ တိုက်တွန်းနေတာပေါ့၊ မဟုတ်ရင် ငါ့လို ရက်ခွက်ပုန်းသောက်ရင်သောက် အဲလိုမှမဟုတ်လည်း မင်းအရက် ပားကြီးဖြစ်တော့မယ်"

စိတ်မကောင်းသလိုပြောတော့ ဝမ်းနည်းလာကာ လေးလေး ကို ဖက်ငိုချလိုက်မိသည်။ တအီးအီးအသံထွက်လာတော့ လေးလေးလည်း တ်မကောင်းဖြစ်နေ၏။

"တို့တူအရီး အချစ်ရေးကံမကောင်းကြဘူး၊ သား ခံစားနေရ တာကို လေးလေးမကြည့်ရက်ပါဘူး သားရယ်၊ သားကို စာရေးဆရာ လေးနဲ့ အဆင်ပြေအောင် လေးလေးကြိုးစားပေးပါ့မယ်"

"လေးလေး"

"နေစမ်းပါ၊ လေးလေးရင်ခွင်ထဲမှာ ငြိမ်ငြိမ်နေစမ်းပါ ငါ့တူရယ်"

ခေါင်းထောင်လို့မရအောင် ဖိထားခံရကာ အသံပါထွက်လို့ ရအောင် ဖြစ်နေသည်။

သူ့မှာတော့ အသက်ရှူမဝအောင် မွန်းကျပ်လို့ . . .။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"နှင် ဒီနေ့မလိုက်ခဲ့တော့"

"ဟဲ့ ဘာဖြစ်လို့လဲ"

"အိမ်မှာ မေမေမရှိလို့ဟ၊ နှင်းအိမ်စောင့်လိုက်ပါ။ ဝရန်ဘာမှ နှင် ပန်းချီထွက်ရေးလိုက်နော်"

"မော်ကွန်းထင်နဲ့ ကန်တော်ကြီးမှာ သွားတွေ့မလို့မဟုတ်လား စာလည်းရေးဖြစ်မှာ မဟုတ်ဘဲနဲ့"

"သူပြောစရာရှိလို့တဲ့ဟာ၊ အဲဒါကြောင့်သွားမှာ"

ပြုံးပြုံးမွှန် မျက်စောင်းထိုးပြီး စားသောက်ပန်းကန်တွေ သိမ်းဆည်းပေး၏။ ဘေစင်မှာ ပန်းကန်တွေဆေးနေရင်းက

"နှင့်ကိုတော့ ငါသိပ်မပြောချင်တော့ဘူးနော်၊ မော်ကွန်းထင် နှင်ဒီလို ခဏခဏတွေ့နေတာ မလွယ်ဘူး"

"ငါတို့ အခုဘာဖြစ်နေလို့လဲ"



"နှင့်ကိုလည်း အချစ်ဖြစ်နေတယ်လို့ မပြောပါဘူး။ ဒီလို တွေ့ဆုံရင်းနှီးမှုကနေ ဟိုလိုဒီလို ပက်သက်မှုတွေရှိသွားကြတာပဲ၊ နှင့်စိတ်ထဲမှာ ရိုးရောရိုးရဲ့လား ယိမ်း"

လက်သုတ်ရင်းနဲ့ သူမအခန်းဝင်ထိုင်ကာ မျက်နှာကိုကြည့်ပြီးမေး၏။ ထိုမေးခွန်းကြောင့် ရင်ထဲလှုပ်ခနဲတော့ ဖြစ်သွားသည်။

"ဟဲ့ မျက်နှာကလည်း ဘာဖြစ်သွားတာလဲ၊ တစ်ခုခုကို နှင်တွေးလိုက်တာ မဟုတ်လား"

"အာ မဟုတ်ပါဘူး။ ဒီလိုပဲ စဉ်းစားဖြစ်လိုက်တာ၊ သူ့ကိုချစ်တတ်တဲ့ ယောက်ျားလို့ပြောရမလား။ အသည်းနုပြီး ပိုတတ်တဲ့ ယောက်ျားပို ထူးဆန်းနေတာလား"

"ရင်ထဲရောက်နေပြီ ဆိုပါတော့"

နွဲ့ယိမ်းခင် ကပျာကယာ ခေါင်းညိတ်မိကာ

"သူငိုလို့ချော့ရတဲ့ ခံစားမှုကတစ်မျိုးဟ"

"တခြားမိန်းကလေး တစ်ယောက်အတွက် ခံစားပြီးငိုတာများတယ်၊ ယိမ်း နှင်ဒီကိစ္စရပ်လိုက်တော့"

"ဖိအားမပေးပါနဲ့ မှန်မှန်ရယ်၊ ခံစားမှုအတိုင်း ငါစီးမျောကြည့်ချင်လို့ပါ၊ ဒီယောက်ျားကို ချစ်လို့ပတ်သက်မိတာ မဟုတ်ဘဲ၊ ထူးဆန်းမှုကို သတိထားမိရင်းက ရင်းနှီးမှုနောက်မှာ ဘာတွေထပ်ဖြစ်လာမလဲ ငါစိတ်ဝင်စားတယ်"

"စာရေးဆရာရဲ့ စပ်စုမှုက ဒီတစ်ခါ နှင်ကိုယ်နှိုက်ကိုယ်ပတ်ပြီး ရောက်တော့မယ်"

"အဲဒီဒုက္ခက ချိုမြိန်နေမယ်ဆိုရင်"

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ဘာမှမပြောတော့ဘူး၊ ကြွမြန်းချင်ရာမြန်းပြီး ပြန်မလာလည်း ဒီအိမ်ကို ငါမောင်ပိုင်စီးထားလိုက်မယ်"

"ဟင်းဟင်း ကြိုက်သလိုသာလုပ်ထားလိုက်၊ မှောက်လိုမှောက် လှန်လိုလှန်၊ မေမေ ဒီပ်သာက ပြန်လာရင်သာ ကြည့်ကောင်းအောင် ဖြေထားလိုက်"

နွံ့ယိမ်းခင် ကားသော့တွဲလေးကို လက်ညှိုးမှာချိတ်ယမ်း၍ ရွှင်မြူးစွာပင် ထွက်လာခဲ့သည်၊ ကားမောင်းပြီး ထွက်လာချိန်မှာ မော်ကွန်းထင်ဆီမှ သူရောက်နေပြီဆိုသည့်အကြောင်း ဖုန်းဆက်လာ၏။ သူ အကြာကြီးစောင့်နေရမှာစိုး၍ စိတ်စောကာ ကားကိုအမြန်မောင်းခဲ့သည်။

ထိုင်နေကျနေရာလေးကို ရောက်သွားချိန်မှာတော့ ထိုင်ခုံတန်းလေးကို နောက်မှီလျက် မှိုင်တွေငေးငိုင်စွာ ထိုင်နေသော မော်ကွန်းထင်ကို [illegible]တွေ့လိုက်ရသည်။

တော်ဝင်သူ အကြောင်းပဲ ဝဉ်းစားနေတာပဲဖြစ်မှာပါ။

"မော်ကွန်း"

"ဩော် ယိမ်း"

ခုံတန်းလေးမှာ ဝင်ထိုင်လိုက်တော့ မော်ကွန်းထင်က တစ်ဖက်ကို နည်းနည်းတိုးရွှေ့ပေး၏။

"ကျွန်တော် ဘာလုပ်ရမလဲ ယိမ်း"

"ဒီမေးခွန်းအတွက် ယိမ်းက ဘာပြောတတ်မှာလဲ၊ မော်ကွန်း လုပ်ချင်တဲ့အရာကိုပဲ ယိမ်းက အားပေးမှာပါ"

"ကျွန်တော်လေ မိန်းကလေးတစ်ယောက်ရဲ့ ဆော်ကား [illegible] တာကို တန့်နဲ့ ဖြစ်နေရတယ်၊ ကျွန်တော်ဘယ်လိုများ မှားယွင်း [illegible]





နေထိုင်လာခဲ့မိသလဲလို့ပေါ့"

"ကိုယ့်ဘက်က မှားတဲ့နှံ့ တစ်ဖက်ကမှားရင်လည်း အပြောင်းအလဲ ဖြစ်တတ်တာပဲလေ၊ အဲဒါကို နာကျင်ပြီး ခံစားနေမယ့်အစား နေပစ်လိုက်ပါလား"

"ယိမ်း"

"ယိမ်းတိုက်တွန်းတာ မော်ကွန်းအတွက်ပါ၊ မော်ကွန်း ဘယ်လောက်ပဲ ခံစားပါစေ၊ ဟိုတစ်ယောက်က သူတာဝန်နဲ့သူ ပျော်နေတယ်ဆိုရင် မော်ကွန်းနှစ်ခါ ထပ်ရှုံးတာပဲလေ မဟုတ်ဘူးလား"

မော်ကွန်းထင် ခဏငြိမ်သွား၏၊ ပြီးမှအသံတွေက တုန်ခတ်လာကာ

"တော်ဝင်သူကို ကျွန်တော်အဲလို မိန်းကလေး ဖြစ်လိမ့်မယ်လို့ ထင်မိဘူး၊ ချစ်သူဘဝမှာ ကျွန်တော်တို့ ရိုးရိုးရှင်းရှင်းပဲ ဖြတ်သ[illegible]ခဲ့ကြတာပါ၊ ကျွန်တော့်အပေါ် သူတကယ်ချစ်ခဲ့ပါတယ်"

"မိန်းကလေးတွေက ဦးစားပေးခံချင်ကြတယ်၊ မော်ကွန်းထက် ဂရုစိုက်လိုက်တဲ့တစ်ယောက်က သူ့အပေါ် ပိုချစ်နိုင်တယ်ထင်လို့ သူ ရွေးချယ်လိုက်တာ ဖြစ်ပါလိမ့်မယ်"

"ကျွန်တော့်ကို ချန်ထားခဲ့လောက်တဲ့အထိတော့ သစ္စာမဲ့သင့်ဘူး၊ ကျွန်တော်လည်း သူနဲ့ပတ်သက်နေခဲ့တဲ့ အတောအတွင်းမှာ တခြားမိန်းကလေးတွေနဲ့ သစ္စာမဲ့ခဲ့တာမှ မဟုတ်တာ၊ တော်ဝင်သူ အရမ်းဂိစက်တယ်ဗျာ"

"မော်ကွန်းရယ်"

မျက်ရည်တွေကျလာပြီ ဖြစ်သော မော်ကွန်းထင်အတွက် သူမ



www.burmeseclassic.com

www.burmeseclassic.com



စိတ်မကောင်းပေ။ ဆံပင်လေးတွေ သပ်တင်၍ မျက်ရည်တွေကို ဖွဖွလေး
ပွတ်သပ်သုတ်ပေးမိသည်။

တကယ်ကို ကလေးတစ်ယောက်လို အပြစ်ကင်းလှသော ...
ကွန်းထင် မျက်နှာလေးကို သူမ တစိမ့်စိမ့်လည်း ငေးကြည့်မိသည်
ထိုအချိန်မှာ ရင်ထဲတလှပ်လှပ်ဖြင့် ကတုန်ကယင်ဖြစ်လာ၏။

ချစ်သူအတွက် မျက်ရည်ကျနေသောက်အောင် ခံစားနေသေ
ဒီယောကျ်ားအပေါ် သူမ ဘာလို့များ ဒီလိုတွေဖြစ်နေရတာပါလဲ။

"ယိမ်း"

"ဟင်"

"တော်ဝင်သူက ယိမ်းလိုကြင်နာတတ်တဲ့ မိန်းကလေးဖြင်း
သိ...ကောင်းမှာပဲနော်"

"သူ့အကြောင်း ခဏလောက်မတွေးဘဲ ပျော်ပျော်နေကြည်
လား မော်ကွန်းရယ်၊ အခုမော်ကွန်း ဘာလုပ်ချင်လဲ၊ ကစားကွင်းသ
မလား"

"ကစားကွင်း ယိမ်းက ဘာကစားတတ်လို့လဲ"

"လုပ်ကြည့်မှာပေါ့ မော်ကွန်းအဖော်ရအောင် ယိမ်းဆော
မယ်လေ၊ မကောင်းဘူးလား၊ စိတ်အပြောင်းအလဲ ဖြစ်သွားတာပေ

"အင်း သွားမယ်"

မော်ကွန်းထင်က ယိမ်း လက်ကို ဖျတ်ခနဲဆွဲကာ ထ...
ဒီရင်ထဲ ဘယ်လိုဖြစ်သွားမည်ဆိုတာ မော်ကွန်း နည်းနည်းလေးမျှ ...
မိပုံမပေါ်။

ဟိုဟာဒီဟာ အမျိုးမျိုးကစားကြတော့လည်း ပခုံးချင်း...



လက်ချင်းတိုက်မြင်း သရဲရထားစီးတော့လည်း အသည်းငယ်စွာ ကြောက်
လန့်ပြီး သူမကို ဖက်ထားသေး၏။

ဒီရင်မခုန် ဘယ်ရင်ခုန်မှာလဲ ...။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

ထိုအကြောင်းကို သူငယ်ချင်းတွေကို ဖွင့်ပြောသည့်အခါမှာ ...ဘဲ့ မင်းသူရော စိုးနောင်ရော အံ့ဩနေကြသည်။

"ဟ မင်းတို့က သမီးရည်းစားတွေလို ကြည်နူးနေခဲ့ကြတာ ပါလား။ နွဲ့ယိမ်းခင်က မင်းအပေါ် အလိုလိုက်တာတော့ လန့်နေတာပဲ၊ မင်းတို့တကယ် ရိုးသားကြပါတယ်နော်"

"ဒီလိုနေရုံနဲ့ မရိုးသားဘူးလို့ စွပ်စွဲလို့ ဖြစ်မလားကွ၊ ယိမ်းဟာ အဖြူထည်လေးပါ၊ တော်ဝင်သူအတွက် ခံစားနေရတဲ့ ငါ့ကို ဝေဒနာတွေ သက်သာဖို့ ပျော်အောင်လုပ်ပေးနေတာ"

"မှန်ပါတယ်၊ သူ့ရဲ့စိတ်ထားလေးက သူ့ရုပ်ရည်လေးနဲ့ လိုက် ဖက်အောင် ပြည့်ဝဖြူစင်တယ်ဆိုတာ ငါတို့ ယုံကြည်သွားပါပြီ၊ တစ်ခ် ဆိုရုံနဲ့ ခင်စရာကောင်းတယ်ဆိုတာလည်း သိတယ်"

"ဟုတ်တယ်၊ တော်ဝင်သူကိုမေ့ပြီး ယိမ်းကိုတွဲလိုက်တာ အ



...ကာင်းဆုံးပဲ မော်ကွန်း၊ ယိမ်းက မင်းနဲ့ အလိုက်ဖက်ဆုံးပဲ"

"မင်းတို့ကလည်း လေးလေးလို့ပြောနေကြပြန်ပြီ၊ အဲလိုလုပ် ...လိုက်ရင် ယိမ်းကိုအားနာစရာ ကောင်းတာပေါ့ကွ၊ ငါကတော်ဝင်သူနဲ့ ...ချစ်သူဖြစ်ပြီးသားကြီး"

"ချစ်သူဖြစ်ရုံ့တာ ဆန်းသလားကွ၊ မယားကြီးရှိလို့ အိမ်ထောင် ...ရေ၊ ဖောက်ပြန်နေတာမှ မဟုတ်တာ၊ ယိမ်းလည်း မင်းကို စိတ်ဝင် ...စားနေပုံပါ"

"မင်းတို့ကလည်း ရွတ်ပြောနေ၊ သူက သူ့ဝတ္တုကို ဘယ်လို ...ဆုံးသတ်ရမလဲ စိတ်ဝင်စားနေတာ၊ အဲဒါကြောင့် ငါရင်ဖွင့်တာတွေ ...နားထောင်ပေးနေတာကွ"

"ဒါဆို မင်းစိတ်ကရော"

"ဘာလဲ ငါ့စိတ်"

နားမလည်သလို ကိုယ့်ရင်ဘတ်ကို လက်ညှိုးဖြင့် ထိုးမေးနေ ...သာ မော်ကွန်းထင်ကို မင်းသူတို့စိတ်မရှည်သလို ဖြစ်သွားကြသည်။ ...နိုးကလေးတစ်ယောက်ရဲ့စိတ်ကို အဲလိုတွေ မခန့်မှန်းတတ်၊ ဦးစား ...ပေး အလေးထားရမှန်းမသိလို့ ကျွန်ရစ်ဖြစ်တာ၊ နည်းတောင်နည်းသေး ...ဒ

"မင်းအဲလို အူကြောင်ကြားလုပ်နေရင် ယိမ်းကလည်း ဇာတ် ...သိမ်းကိုသိတာနဲ့ ထားသွားဦးမှာပဲ မော်ကွန်း"

"မင်းတို့ နှိမ်ိတ်ဖတ်တာကြီးကကွာ ငါကဘာလုပ်နေလို့လဲ"

"မင်းကိုယ်မင်း မသိဘူးဆိုရင်လည်း မသိဘူးလို့ပဲ ထားလိုက် ...ကွာ၊ ယိမ်းဟာ ခင်စရာကောင်းတယ်၊ ဒါပေမဲ့ သူလည်း မိန်းကလေးပဲ၊

www.burmeseclassic.com

www.burmeseclassic.com



ဦးစားပေးခံချင်တယ်၊ ကြင်နာယုယ ဂရုစိုက်တာခံချင်မှာပဲ"

"မသိဘူးကွာ မင်းတို့ပြောတာတွေ နားမလည်ဘူး။ သင်တန်းတက်မှာလား သွားမယ်"

"ငါတို့မတက်ဘူး၊ စိုးနိုင်နဲ့ သွားစရာရှိလို့ မင်းလိုက်မှာလား"

"မလိုက်တော့ဘူး၊ မနေ့ကလည်း သင်တန်းပျက်ထားလို့ သွားလိုက်ဦးမယ်"

ကော်ဖီဆိုင်ကနေ အရင်ဆုံး ထထွက်လာခဲ့သည်၊ သင်တန်းကပြီးခါနီးမှ ပျက်ရက်တွေများပြီး မအောင်လျှင် လေးလေးအဆူခံရဦးမည်မို့ တစ်ယောက်တည်း ထွက်လာခဲ့သည်။

ကားပါကင်ထိုးပြီးမှ သူငယ်ချင်းမပါတော့လည်း သင်တန်းတက်ရမှာ ပျင်းခြောက်ခြောက်ကြီးပင်။

"ရွှတ် ရွှတ် မော်ကွန်း"

"ဟင်"

ကော်ရစ်ဒါ အကွယ်လေးကနေ တော်ဝင်သူ လှမ်းခေါ်သည်မို့ မော်ကွန်းထင် အံ့သြနေသည်။ အရင်နေ့တွေက မျက်နှာချင်းဆိုင်ဆုံလျှင်တောင် ရှောင်ထွက်သွားတတ်သူက ဘာဖြစ်လို့ ခေါ်နေတာလဲ မသိ။

"ဘာလဲ"

"ပြောစရာရှိလို့ပါ၊ မျက်နှာကြီးက ဘာဖြစ်နေတာလဲ"

သူ့လွယ်အိတ်ကြီးစကို ဆုပ်ကိုင်ပြီး မေးနေပုံက ဘာပြဿနာဖြစ်မထားသည့်အတိုင်း။

သူ့မျက်နှာကို စေ့စေ့ကြည့်ပြုံးကြည့်နေတာကလည်း ဟိုအရဲ



ချင်သူ ဘဝကို ပြန်သတိရစေသည်။

"တို့ ဟိုအုတ်ခုံလေး ခဏထိုင်ရအောင်"

ဆွဲခေါ်သွားတော့ တွန့်ဆုတ်တွန့်ဆုတ်ပါသွားရင်း ရည်းစားဟောင်းနှင့် ပြန်ပတ်သက်တာ ပတ်ဝန်းကျင်က အထင်လွဲမှာ မကြောက်ဘူးလားဟု မေးပစ်လိုက်ချင်၏။

"မော်ကွန်း တို့တကယ် စိတ်မကောင်းဘူးသိလား"

"ဘာဖြစ်လို့လဲ"

"သြော် နင် တို့ကြောင့် အရက်တွေသောက်ပြီး အရက်သမားကြီးဖြစ်တော့မယ်ဆိုတဲ့သတင်းကြားတယ်၊ ငိုလည်းငိုတယ်ဆို"

"အာ နင့်ကိုဘယ်သူပြောလဲ"

"ကျောင်းထဲမှာ ဒီလောက်တောင် အုတ်အော်သောင်းနင်း ဖြစ်နေတာပဲဟာ၊ ငါလေ အစက နင့်ကိုအဲလောက်ချစ်လိမ့်မယ်လို့ မောင်မိဘူးသိလား"

"ဟို ငါ ငါက"

မော်ကွန်းထင် ဘာပြောရမှန်းမသိ ဖြစ်နေသည်။ သူ့ပခုံးပေါ်မှီပြီးပြောနေတာမို့ ဟိုလူကြည့် ဒီလူကြည့်နှင့် မျက်နှာပူသလိုကြီးလည်း ဖြစ်နေသည်။

တော်ဝင်သူကတော့ သူမပြောထားတာတွေ မေ့နေဟန်တူ၏။

"မော်ကွန်း နင် ဘာပြောမလို့လဲ ပြောလေ"

"အခုလို့နေတာ ပတ်ဝန်းကျင်က အထင်သေးမှာ မကြောက်ဘူးလား။ နင်က စေ့စပ်ပြီးသားမိန်းကလေးလေ"

"အဲဒါကို ငါပြန်စဉ်းစားရမလိုဖြစ်နေတယ်၊ နင့်အချစ်ကို ငါ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)

"ဘာ တော်ဝင်သူက ရှင့်ကို ပြန်တွယ်ကပ်နေတယ်၊ အဲဒါ ဘယ်လိုဖြစ်တာလဲ"

"ကျွန်တော်လည်း မသိဘူး။ သူ စွဲစွဲထားတာကိုတောင် ဖျက်မလား မသိဘူး၊ အရင်လိုပြန်နေရအောင်တဲ့"

"ရှင့်စိတ်ကရော အဲလို ဖြစ်ချင်နေလား"

မော်ကွန်းထင်ဆီက ငြင်းဆန်သည့်အသံ မကြားရသည့်အတွက် နှလုံးသားထဲမှာ နှမြောတသခြင်းတွေ စီးဝင်လာ၏။ မော်ကွန်းထင်ရဲ့ မပြတ်သားမှုများကြောင့် နောက်ထပ်နာကျင်ရမှာ သူမ စွေးပူနေမိသည်။

ဒါပေမဲ့လည်း မော်ကွန်းထင်ကို စိတ်ချမ်းသာစေချင်၏။

"မိန်းကလေးဘက်က အဲလိုစဉ်းစားတယ်ဆိုတာ ရှင့်ကိုသာ ချစ်လို့လည်း ဖြစ်နိုင်ပါတယ်၊ စွဲစပ်တယ်ဆိုတာ လက်ထပ်သေးတာ မဟုတ်တာ၊ ပတ်ဝန်းကျင် ဝေဖန်ခံရရင်လည်း ခဏပါပဲ"



"ကျွန်တော်ကတော့ သူ ဘာကြောင့် ပြောင်းလဲလာတာလဲ ဆိုတာ နားမလည်နိုင်အောင်ပဲ"

"ဘာဖြစ်ဖြစ် ရှင် ကျေနပ်နေတယ်၊ လက်ခံနိုင်တယ်မဟုတ်လား၊ အဓိကက ရှင့်စိတ်ပဲ"

"ကျွန်တော့်စိတ်"

"ဟုတ်တယ်လေ ရှင် လက်ခံပေးမှ သူ ဆုံးဖြတ်ချက်ချနိုင်မှာ"

"ကျွန်တော် ဘယ်လိုလုပ်ရမလဲ"

"ယိမ်းကို တိုင်ပင်ရမယ့်ကိစ္စမဟုတ်ပါဘူး"

ဘုမအသံတွေ အေးစက် တုန်ယင်ပြီး တိမ်ဝင်သွားသလားဟု ကိုယ့်ကိုယ်ကိုယ် ထိတ်လန့်မိသေး၏။ မော်ကွန်းထင်က သူမ၏ မျက်နှာလေးကို စောင်းငဲ့ကြည့်ကာ

"ယိမ်းက ကျွန်တော့်အကြောင်းကို စိတ်မဝင်စားတော့ဘူးလား"

"ယိမ်း အဲလိုပြောမိလို့လား။ ရှင့်ကိုယ်ရေးကိုယ်တာက ရှင်ကိုယ်တိုင်ဆုံးဖြတ်ရမယ့်ကိစ္စပဲလေ"

"ယိမ်းက အမြဲတမ်း အားပေးနေကျမို့ တိုင်ပင်တာပါ၊ တော်ဝင်သူ ပြောင်းလဲလာတာ ကျွန်တော့်ကိုတကယ်ချစ်လို့မှ ဟုတ်ရဲ့လားလို့"

"ရှင့်အချစ်ကို အလေးအနက် ယုံကြည်လာလို့လည်း ဖြစ်နိုင်ပါတယ်၊ သူ ပြန်ပြီး စိတ်ပြောင်းမသွားအောင်ဘဲ ဆုတောင်းပေါ့"

"အင်း ယိမ်းပြောသလို ဆုတောင်းရတော့မှာပဲ၊ ဒါနဲ့ ယိမ်း ကစားကွင်းတွေဘက်သွားဦးမလား"

www.burmeseclassic.com

www.burmeseclassic.com



"ဟင် မသွားတော့ပါဘူး၊ ဘာဖြစ်လို့လဲ"

"ယိမ်း မျက်နှာမလန်းလို့လေ၊ ကျွန်တော်နိုင်ငံတွေပြီး စိတ်ညစ်နေတဲ့နေ့က ကျွန်တော်ပျော်ရွှင်အောင် ယိမ်း လုပ်ပေးတယ်မဟုတ်လား၊ အခု ယိမ်းက"

"ဒီနေ့ ယိမ်း အိမ်စောစောပြန်ရမယ်၊ မေမေက မော်ဘီမှာ တရားစခန်းဝင်မယ်ပြောလို့ ပြင်ဆင်ပေးရဦးမယ်"

"ယိမ်း ဒီနေ့ ကားပါမလာဘူးမဟုတ်လား၊ ကျွန်တော့်ကားနဲ့ အိမ်ပြန်လိုက်ပို့မယ်လေ"

"နေပါစေ ယိမ်းဘာသာ တက္ကစီငှားပြန်လိုက်မယ်၊ သွားပြီနော်"

ယိမ်း ဖွတ်ထွက်လာခဲ့သည်။ ဒီအတိုင်း တော်ဝင်သူအကြောင်းတွေ ထိုင်ပြောနေဖို့ အင်အားမရှိလို့ပါ။

ဘာကြောင့်ဆိုတာ ကိုယ့်ရင်ထဲမှာပဲ သိမ်းထားရတော့မည်မို့

◻ ◻ ◻





## အခန်း (၁၅)

ဖုံးကွယ်ထားခဲ့သည့်ဆိုသော်လည်း တော်ဝင်သူနှင့် တတွဲတွဲဖြစ်လာခြင်းကို မင်းသူတို့ သတိထားမိသွားကြသည်။

ကင်န်တင်းကနေ လက်ချင်းတွဲချိတ် ထွက်လာပြီး သင်တန်းဆရှေ့အရောက်မှာတော့

"ဟိတ်ကောင် မော်ကွန်း၊ မင်းကိုပြောစရာရှိတယ် လာဦး"

ခပ်လှမ်းလှမ်းကနေ မင်းသူ လှမ်းခေါ်တော့ တော်ဝင်သူကို ကြည့်လိုက်တော့

"မင်းသွားနှင့်လိုက်နော်၊ ကိုယ် ဒီကောင်တွေနဲ့ စကားပြောလိုက်ဦးမယ်"

"အတန်းချိန်နီးနေပြီနော် မြန်မြန်လိုက်လာခဲ့"

"အင်းပါ ခဏလေးပဲ"

တော်ဝင်သူ ထွက်သွားချိန်မှာ မင်းသူတို့အနား လျှောက်လာ



www.burmeseclassic.com

www.burmeseclassic.com



သူတို့မသိအောင်လုပ်လိုက်သလို ဖြစ်သွား၍ စိတ်ဆိုးသွားကြခြင်းလော

သူငယ်ချင်းတွေမို့ နောက်ကျမှ ဖြေရှင်းပြီးသျှင် အဆင်ပြေသွားမှာပါ။

အခုတော့ တော်ဝင်သူစောင့်နေမည့် သင်တန်းခန်းမလေးဆီ . .

■ ■ ■

အခန်း (၁၆)

"အခု နှင့်ခဝီ သူမလာတော့ဘူးပေါ့"

ပြုံးပြုံးမွှန် မေးခွန်းကို နွဲ့ယိမ်းခင် အသာအယာပဲ ခေါင်းညိတ်ပြမိ၏။ တော်ဝင်သူနှင့်အဆင်ပြေနေတာမို့ မနေ့က တစ်နေ့လုံး ကန်တော်ကြီးမှာ စောင့်နေသော်လည်း မော်ကွန်းထင် ခဏလေးတောင် ရောက်မလာပေ။ သူမမှာတော့ စာသည်းရေးလို့မရဘဲ ဖုန်းဆက်ခေါ်ဖို့လည်း မဖြစ်နိုင်ဘဲ ရင်ထဲမှာ လစ်ဟာလိုက်မောလျက် အိမ်ပြန်လာခဲ့ရသည်။

"ဟဲ့ မေးတာတောင် ပါးစပ်က မဖြေနိုင်ဘူး၊ ဘာဖြစ်နေတာလဲ၊ ဟိုက ရည်းစားဟောင်းနဲ့ အဆင်ပြေလို့ နှင့်ဆီမလာတော့တာ အသည်းနာနေတာလား"

"မဟုတ်ပါဘူး သူတို့ချင်း အဆင်ပြေသွားတော့လည်း ငါ့ဇာတ်လမ်းအတွက် ဇာတ်သိမ်းကောင်းသွားတာပေါ့၊ မဟုတ်ရင် ဘယ်လို ဇာတ်သိမ်းရမှန်းမသိ ဖြစ်နေတာ"

www.burmeseclassic.com

www.burmeseclassic.com



"အေး ဇာတ်လမ်းကိစ္စဆိုရင်တော့ ထားပါတော့၊ ဒါနဲ့ နင့် မျက်နှာမကောင်းတာ နင့်အမေ တရားစခန်းဝင်လို့ လွမ်းဖျားလွမ်းနာ ကျနေတဲ့ပုံစံမဟုတ်ဘူးနော်၊ ရည်းစားပူမီ"

"မွန်မွန် နင်ကလေ စကားကြီးများတယ်၊ ငါ ဒီမှာ အခန်းထဲ သွားပြီး စာရေးတော့မလို့"

"ဟဲ့ ထမင်းမစားတော့ဘူးလား၊ မနက်စာ ဘာရိတ်ဖတ်လည်း ဘာမှမစားထားဘူး"

"ငါ ရင်ပြည့်နေလို့ပါဟယ်"

"အစာမကြေရင် ဆေးသောက်လေ၊ အစားမစားဘဲ နေ ရမလား၊ ဆေးခန်းသွားမလား"

ပြုံးပြုံးမွန်က ရွဲ့နေတာလား၊ တကယ်စိုးရိမ်လို့ ပျာယာခတ် တာလား မသိပေ။ သူမက စိတ်မရှည်သလို ထမင်းစားပွဲဝိုင်းက ထ လိုက်ပြီး

"နင် စားသောက်ပြီးရင် ပန်းချီဆွဲရင်ဆွဲနော်၊ ငါ့အခန်းထဲ ဝင်မလာနဲ့၊ ငါ အိပ်ချင်အိပ်မှာဆိုးလို့"

"သြော် အေး နေဦး"

ပြုံးပြုံးမွန်က သူမလက်ကို လှမ်းဆွဲထားကာ

"ငါ စားပြီးရင် ကန်တော်ကြီးကိုသွားမှာ နင်လိုက်မှာလား"

"ငါ ဒီနေ့မလိုက်တော့ဘူး၊ ခေါင်းတွေအုံနေလို့"

"အမလေးဟဲ့ ခဏလေးအတွင်းမှာ ရောဂါက အမျိုးမျိုးပါလာ မကောင်းဆိုးဝါးကပ်နေပြီထင်တယ်၊ ပယောဂဆရာနဲ့ ပြကြည့်မလား ယိမ်း"



"ဘာလို့ ပြရမှာလဲ၊ နင် ငါ့ကိုရွဲ့နေတာ ငါသိတယ်နော် မွန် မွန်"

"အေး အဲလိုရွဲ့မှန်းသိရင်လည်း ကြာခြေလေးဘာလေး ဆောင် ပါလား၊ အခုတော့ ပုံပျက်ပန်းပျက်၊ ကျာခြေမဆည်နိုင်ဖြစ်နေတာ၊ ငါပြော တယ်နော် မော်ကွန်းထင်က စားကောင်းတဲ့အသီးလို့"

"လျှောက်ပြောပြန်ပြီ မွန်မွန်ရယ်၊ ငါက ဘာဖြစ်နေလို့လဲ"

"ဟိုက ရည်းစားနဲ့ပြဿနာဖြစ်နေတဲ့အချိန်တွေက နင် တက် ကြွနေပြီး၊ အခု အဆင်ပြေသွားတော့ လာဒိုင်ပိုင်နေလို့လေ၊ နင်မို့ ကြောင်းမစည်ရာ"

"နင်လေ ငါ့ဆိုရင် ပိုးစိုးပက်စက်ကို ပြောလွန်းတယ်၊ ဟုတ် ကယ်ဟော့ မော်ကွန်းထင် သူ့ရည်းစားနဲ့အဆင်ပြေလို့ ငါ ကြေကွဲနေတာ ပြီလား"

"အေး အဲလိုအမှန်အတိုင်းဝန်ခံလိုက်စမ်းပါ"

ပြုံးပြုံးမွန်က ရွဲ့ပြောမှ ကျေနပ်သွားပုံရပြီး သူမ မျက်နှာလေး ကို သနားကရုဏာသက်စွာကြည့်၍

"ငါ့သူငယ်ချင်းလေး ရည်းစားသူ အနှာကျွဲခတ်သလို ခံစားနေရ ရှာပြီပေါ့၊ ရည်းစားထားပြီး အတွေ့အကြုံမရှာခဲ့တော့ နင်အခု ပိုပြီး ထိနာနေတာ"

"မွန်မွန်"

"မအော်နဲ့ နင့်ကိုငါ စေတနာနဲ့ပြောနေတာ၊ အရင်ကသာ ဒီကို ရည်းစားထားခြစ်ခဲ့ရင် ဒီလိုကိစ္စက ထမင်းစားရသောက် အပြောင် ပျက် ကလေးကစားစရာအဖြစ်လောက်ပဲရှိမှာ၊ အခုတော့ သူများ

www.burmeseclassic.com

www.burmeseclassic.com



ရည်းစားကြီးမှန်းသိလျက်နဲ့ အဲဒီရည်းစားအတွက် ကြေကွဲနာကျင်ခံစားနေတဲ့သူကို နှလုံးသားတွေ အကြင်နာတွေပေးပြီး အဝတည်ကြီး သွားခံစားမိတော့"

မွန်မွန်ပြောမှ ငိုရမလို ရယ်ရမလိုနှင့် အီလည်လည်ကြီးဖြစ်ကာ ခုံမှာပြန်ထိုင်လိုက်မိသည်။ ဟန်ဆောင်ချင်စိတ်တွေလည်း မရှိတော့စွာဖြင့်

"ငါ တကယ်အဲလိုကြီးဖြစ်နေလား မွန်မွန်"

"ကာယကံရှင်ဖြစ်တဲ့နင်က ကိုယ့်ကိုယ်ကိုယ် မသိပေမယ့် နင့်ကိုအရိပ်လိုကြည့်နေတဲ့ငါက နင်ခံစားနေရတာကို သတိထားမိတဲ့နေ့ပဲမလား၊ နင်လေ အရင်ဘဝက မော်ကွန်းထင်ရဲ့ဝဋ်ကြွေးတွေ ပါလာလို့ဖြစ်မယ်"

"ဟင် တကယ်"

"ဟုတ်တယ် အရင်ဘဝက နင် သူ့ကိုဘယ်လိုတွေ နှိပ်စက်ခဲ့မှန်းမှ မသိတာ၊ အဲဒါကြောင့် နင် အခုပြန်ခံစားနေရတာ"

"နေပါဦး အရင်ဘဝက ငါ သူ့ကိုတကယ်လုပ်ခဲ့မိတယ်ပေါ့"

"တို့ဗုဒ္ဓဘာသာမှာ အတုံ့အလှည့်ဆိုတာ ရှိတယ်လေ၊ မကောင်းတာလုပ်ရင် မကောင်းတာခံရမယ်၊ ကောင်းတာလုပ်ရင် ကောင်းတဲ့အကျိုးပြန်ခံစားရမယ်၊ ပေးဆပ်စရာဝဋ်ကြွေးပါလာရင် ကျေအောင်ပြန်ဆပ်ရတာပဲ"

"မော်ကွန်းကို သနားလိုက်တာဟယ်"

"ဘာဖြစ်လို့လဲ"

"အရင်က ငါ သူ့ကိုနှိပ်စက်ခဲ့မိတယ်ဆိုလို့လေ"



"အမလေးဟဲ့ အရင်ဘဝဟောင်းကို သွားသနားနေသေးတယ်၊ ... ခံစားနေရတာက နင်လေ၊ သူ့ကို မေ့ပစ်လိုက်တော့၊ သူ့အကြောင်း ...ဉ်းစားတော့နဲ့"

"နင်ပဲ ဝဋ်ကြွေးရှိရင် အကျေပေးဆပ်ရမယ်ဆို၊ ငါ နောင်ဘဝ ... သယ်မသွားချင်ဘူး၊ ဒီဘဝတင် အကျေဆပ်မှာ၊ ဘယ်လောက်ပဲ ...ရ ခံစားရ အပြတ်အသတ်ကို ခံစားပစ်လိုက်မယ်"

"ဗုဒ္ဓေါ"

ပြုံးပြုံးမွန် ကိုယ့်ရှူးကိုယ်ပတ် ကိုယ့်အတတ်ကိုယ်စူး ဖြစ်သွား...ည်၊ ဖျောင်းဖျလို့မရ ရွဲ့ပြောလည်း နောက်မဆုတ်၊ တည့်တည့်ဝေဖန် ...လည်း ရှက်ရွံ့နိုးမသိတော့တာမို့ နွဲ့ယိမ်းခင်ရေ ရှေ့သာတိုးတော့...။

◻ ◻ ◻

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

"ဟင်"

ကိုယ့်ရှေ့နားလောက်မှာ ထိုးရပ်လာသော ကားပေါ်ကနေ တော်ဝင်သူ ဆင်းလာတာမြင်တော့ အံ့သြဝမ်းသာ ဖြစ်သွားမိ၏။ တော်ဝင်သူ ကိုယ်ပိုင်ကားမစီးနိုင်တာသိထားသော်လည်း ကားနဲ့လာတာ တစ်ယောက်ယောက်လိုက်ပို့လို့ဆိုတာ နားလည်နေသည်။ ဒါပေမဲ့ သင်တန်းအထိ လိုက်ပို့တာ၊ ဘယ်သူလဲဆိုတာ

"သူသူ သင်တန်းပြီးချိန်လောက်ကျရင် ဖုန်းလှမ်းဆက်လိုက်၊ ကိုယ် ဒီနေရာမှာပဲ လာကြိုမယ်၊ မာမီတို့ရောက်နေတာဆိုတော့ သူသူ့ တွေ့ဖို့ ခေါ်သွားမယ်"

"ဟုတ်ကဲ့ ကိုဇော် အဲဒီကျမှ သူသူ လက်ဆောင်ဝင် ဝယ်လိုက်တော့မယ်၊ ဪ အကြာကြီးစောင့်ရအောင် မလုပ်နဲ့နော်၊ ဖုန်းဆက်လိုက်တာနဲ့ တန်းခနဲ လာခဲ့နော်"



"ကောင်းပါပြီဗျာ ရွှေစိတ်တော်ငြိုမခံဘူးဆိုတာ သိတယ် မဟုတ်လား၊ မဖုရားလေး စိတ်တိုင်းကျ ဖြစ်စေရပါမယ် တော့တာ"

ထိုလူရဲ့ကားလေး အဝေးရောက်သွားသည်အထိ တော့တာပြ လို့မဆုံးဖြစ်နေသည့် တော်ဝင်သူက သူ့ကို မမြင်တာတော့ မဖြစ်နိုင်။ ဂရုစိုက်နေတာလည်း မဖြစ်နိုင်ဘဲ သူ့ရင်ကို နာကျင်ခံရခက်စေသည်။

"တော်ဝင်သူ"

"ဪ မော်ကွန်း"

ဒေါသကြောင့် ခပ်ဆတ်ဆတ်ခေါ်ရင်း အနားရောက်လာသော သူ့ကို ဘာမှမဖြစ်သလို ပုံမှန်အတိုင်း မျက်ခုံးလေးပင့်ကာ ထူး၏။

"မင်း ဘာလဲ၊ ဒါဘာလဲ"

"ဘာဖြစ်တာလဲ ဒေါကြီးမောကြီးနဲ့"

"ခုနကောင်က မင်းနဲ့စေ့စပ်ထားတဲ့ကောင် မဟုတ်လား"

"နင် မမြင်ဘူးပဲနဲ့ ခန့်မှန်းတာတော့ တော်သားပဲ၊ သူကလည်း နင့်ကိုတွေ့ဖူးချင်တယ်လို့ ပြောနေတာ"

"ဘာ"

"ငါ့မှာ အရင်က ရည်းစားတစ်ယောက်ရှိတယ်ဆိုတာ သူ့ကို ဝန်ခံထားဖူးတယ်လေ၊ သူများပြောမှ သိရတာထက်စာရင် ငါက အသိပေးထားတော့ ရိုးသားတယ်လို့ ထင်သွားတာပေါ့"

"ဪ နင် အရမ်းတော်နေတယ် ဟုတ်လား တော်ဝင်သူ၊ ဒါဆို အခု ငါ့ကို ပြန်ပြီး ဟိုလိုဒီလိုပြော တွယ်ကပ်နေတာကရော"

"ဘာ ငါက တွယ်ကပ်တယ် ဖြစ်ရပြန်တယ်၊ နင် အရက်တွေသောက် ငိုယိုပြီး ခံစားနေရတယ်ဆိုလို့ အရင်လက်ကျန် သံယောဇဉ်လေး

www.burmeseclassic.com

www.burmeseclassic.com



နဲ့ နှစ်သိမ့်ပေးနေတာ''

"ဒါဆို ဟိုကောင်နဲ့ စေ့စပ်တာကို ဖျက်သိမ်းဖို့ ကြိုးစားမယ် ဆိုတာကရော''

"နင့်ကို ငါ ပြောတယ်လေ၊ နှစ်သိမ့်တာပါလို့ နင် ခဏလောက် စိတ်ဖြေသာရာရတာ နည်းသလား၊ စေတနာကို စေတနာမှန်းမသိဘဲ တွယ်ကပ်တယ်ဆိုတဲ့အထိ စွပ်စွဲတာတော့ နင် အရမ်းလွန်တယ် မော်ကွန်း မိန်းကလေးတစ်ယောက်ကို နင် အဲလောက်ထိ အထင်သေးစရာလား''

ကိုယ့်အပြစ်ဖြစ်အောင် ပြောတတ်လွန်းသော တော်ဝင်သူ စကားကြောင့် မော်ကွန်းထင် မျက်နှာကြီးနီကာ အသားတွေ တဆတ်ဆတ်တုန်ယင်လာသည်။

ကိုယ်က တကယ်ကို နုံအလို့ ခံရတာလား၊ သူမ ဒီလိုမလုပ် ဘူးထင်လို့ ယုံကြည်မိတာလား။

လက်တွေ့မှာတော့ မိန်းကလေးတစ်ယောက်လုည့်ပတ်ကစား တာ ခံရခြင်းက မာနကိုရိုက်ချိုးခံရတာနှင့် တူနေသည်။ ကိုယ့်မှာတော့ သူငယ်ချင်းတွေကိုတောင် ရင်မဆိုင်ရဲဘဲ သူမရဲ့ပြောင်းလဲမှုကြောင့် ပျော်ရွှင်နေခဲ့တာ။

သူ မေ့ထားမိသည့်အထဲမှာ နွဲ့ယိမ်းခင်လည်း ပါဝင်နေခဲ့သည် ဖြစ်ကာ

"နင် အရမ်းကိုရွံစရာကောင်းတယ် တော်ဝင်သူ၊ မိန်းကလေး တစ်ယောက်မှာ အဲလို ကလိမ်ကကျစ် ပရိယာယ်မာယာများပြီး အောက် တန်းကျလိမ့်မယ်လို့ ငါ မထင်မိဘူး။ စိတ်ဓာတ်ရေးရာ နိမ့်ကျတာထက် ကိုယ့်သိက္ခာကိုယ် မထိန်းသိမ်းနိုင်တာ တန်ဖိုးမရှိတဲ့မိန်းမပဲ တော်ဝင်သူ''



"ဘာ နင် ငါ့ကိုအဲလိုပြောဦး''

"ဖြန်း''

ပါးတစ်ဖက်ကို မထင်မှတ်ဘဲ အရိုက်ခံလိုက်ရတာကြောင့် မျက် ...လေး လည့်ထွက်သွားသည်။ ရှက်ရွံ့ထူပူစိတ်နှင့် သူမ ပခုံးလေးကို ...င်ဆောင်ပစ်လိုက်၏။

"နင် မိန်းကလေးဖြစ်နေလို့ဟာ၊ ငါ့ပါးကို ငါ့မိဘတွေတောင် ...ိုက်ဖူးဘူး၊ အေး အမျိုးမျိုးပြောင်းလဲနေတဲ့ နင့်လိုမိန်းကလေးက ...ာဝအတွက် နောက်ဆုံးပါပဲ၊ တန်ဖိုးမရှိတဲ့ မိန်းကလေးနဲ့ပတ်သက်မိ ... ငါ့ကိုယ်ငါ နောင်တရမိပါတယ်၊ နင်တို့အဆင်ပြေပါစေလို့ ငါ ဆု ...ာင်းပါတယ်''

"နင် ဆုမတောင်းလည်း ငါတို့က အဆင်ပြေပြီးသားပါ၊ သံ ...ာဇဉ်လက်ကျန်နဲ့ နင့်ကို နှစ်သိမ့်မိတာကိုက ငါလည်းမှားတာ၊ ခုချိန်က ...ိုး ကိုယ့်လမ်းကိုယ်လျှောက်ကြတာပေါ့''

"စိတ်ချ နင့်လိုမိန်းမကို ငါ ဘယ်တော့မှ သတိပြန်လည်လိမ့် ...်မထင်နဲ့''

ပြောချင်တာတွေပြောပြီး ခြေလှမ်းကျဲဖြင့် လှမ်းထွက်လာခဲ့ ...ည်။ ပတ်ဝန်းကျင်က အကြည့်တွေကို သူ ရင်မဆိုင်ပါ။ ရှက်ရွံ့စိတ် ...ကြောင့် ခြေလှမ်းတွေက မြေကြီးနှင့်လွတ်လျက်။

◻ ◻ ◻

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

"ယိမ်း နွဲ့ယိမ်းခင် ယိမ်းရေ"

အိမ်ရှေ့က အော်သံကြောင့် နွဲ့ယိမ်းခင်နှင့်ပြုံးပြုံးမွန် ထမင်း စားနေရာမှ ခေါင်းထောင်သွားကြသည်။

"ဟဲ့ အိမ်ရှေ့မှာ နင့်နာမည်ကိုခေါ်နေတာ အော်ကြီးဟစ်ကျယ် နဲ့၊ ဘယ်က အမူးသမားတွေလည်းမသိဘူး ထွက်ကြည့်ဦး"

"ဟုတ်ပါရဲ့ ဒီအချိန်ကြီး ဒီလိုအော်စရာလား။ ရပ်ကွက်အုပ်ချုပ် ရေးမှူးနဲ့ သွားတိုင်ရမယ်"

"ရဲနဲ့တစ်ခါတည်း ဖမ်းချုပ်ခိုင်းလိုက်၊ ဘယ့်နှယ် သူများအိမ် ရှေ့မှာ သူများနာမည်ခေါ်ပြီး သောင်းကြမ်းနေရလား"

နှစ်ယောက်သား ပွစိပွစိပြောလျက် အိမ်ရှေ့ထွက်လာခဲ့ကြ သည်။

"ယိမ်းရေ ယိမ်း"



"ဟဲ့ မော်ကွန်းထင် မဟုတ်လား၊ မော်ကွန်းထင်"

"အေးဟဲ့ သူ ဘာလာလုပ်တာပါလိမ့်၊ အရက်တွေမူးနေတာ ထင်တယ်၊ သော့ အိမ်သော့ရော"

"ဟဲ့ တံခါးသွားဖွင့်ပေးမလို့လား၊ မူးကြောင်ရူးကြောင်နဲ့ ရောက် လာတာကို တံခါးမဖွင့်နဲ့"

"ဩော် ဒီလိုဆက်အော်နေရင် ပတ်ဝန်းကျင်က တစ်မျိုးထင် မှာပေါ့၊ ဖယ်စမ်းပါဟယ်"

ပြုံးပြုံးမွန်ကို တွန်းဖယ်ကာ သော့ယူ၍ ခြံရှေ့ထွက်လာခဲ့သည်။ သော့ကို အလျင်အမြန်ဖွင့်၍

"မော်ကွန်း ဘာဖြစ်လာတာလဲ၊ ဘာလို့ အရက်တွေသောက် လာတာလဲ"

"ယိမ်း ယိမ်း"

ယိမ်းကိုမြင်မှ မော်ကွန်းထင် ဝမ်းနည်းပက်လက် ငိုချလိုက်၏။ ယိမ်းမှာ မျက်ကလူးဆန်ပျာဖြင့် မော်ကွန်းထင်ကြောင့် နာကျင်နေရတာ တွေကိုမေ့ကာ

"မော်ကွန်း အိမ်ထဲကိုလာ၊ ခြံရှေ့မှာဆိုတော့ ပတ်ဝန်းကျင်နဲ့ မကောင်းဘူး"

"ကျွန်တော် ဝင်လို့ဖြစ်ပါ့မလား။ ကျွန်တော်တို့တခြားမှာ သွား ကားပြော"

"ကဲ လာပါ အိမ်မှာမွန်မွန်ပဲရှိတယ်၊ မေမေက တရားစခန်း သွားဝင်တယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မော်ကွန်းထင် အိမ်ထဲလိုက်လာသည်။ အရက်နံ့က လှိုင်မွှန်နေ ပေမယ့် လူက ဒီလောက်ကြီး ရုပ်ပျက်ဆင်းပျက် ယိုင်ထိုးနေတာမျိုးတော့ မဟုတ်ပေ။

ပြုံးပြုံးမွှန်က ညှော်ခန်းဆိုဖာခုံမှာ ဝင်ထိုင်လိုက်သော မော်ကွန်း ထင်ကို မျက်စောင်းဝင့်၍

"ရှင့်ရည်းစားနဲ့ပြဿနာဖြစ်လို့ မဟုတ်လား။ ပြေလည်နေရင် တော့ ကျွန်မသူငယ်ချင်းကို မေ့ထားပြီးတော့"

"မွှန်မွှန်ရယ် ဘာတွေလျှောက်ပြောနေမှန်းမသိဘူး၊ ကဲ ပြေ ပါဦး မော်ကွန်း ဘာဖြစ်လာတာလဲ"

"ကျ ကျွန်တော်"

"ဩော် မော်ကွန်းရယ် ငိုပြန်ပြီ၊ မွှန်မွှန် သံပုရာရည်လေ တစ်ခွက်လောက် ဖျော်ပေးပါဟယ်၊ မော်ကွန်း နည်းနည်းအမူးပြေ ဖြစ်မယ်"

"ဟွန်း"

ပြုံးပြုံးမွှန် မျက်စောင်းဝင့်ကာ အခန်းတွင်းဝင်သွားသည် မော်ကွန်းထင်က မျက်ရည်တွေကို ပွတ်သပ်သုတ်၍

"ကျွန်တော်လေ တော်ဝင်သူ ပါးရိုက်တာကို ခံလိုက်ရတယ်"

"ဘာ"

"မိန်းကလေးတစ်ယောက်ရဲ့ ပါးရိုက်ခံရအောင် ကျွန်တော် ဘာတွေများ မှားယွင်းစွာ နေထိုင်ခဲ့လို့လဲ၊ နှမသားချင်း စာနာ အပျော် လည်းမရှာခဲ့ပါဘူး၊ မဲ့တစ်ပေါက်မစွန်းရအောင် ထိန်းသိမ်း အနမ်း တစ်ချက်တောင် မကျူးလွန်ခဲ့ပါဘူးဗျာ"



"မော်ကွန်းရဲ့ ယောက်ျားပီသတဲ့စိတ်ကို ယိမ်း နားလည်ပါတယ်၊ အခုက ဘာအကြောင်းပြချက်နဲ့ရိုက်တာလဲ"

"သူက ဒီနေ့ သင်တန်းကို သူ့ကောင်ကားနဲ့လာတယ်၊ ကျွန် တော်က ဘာသဘောလဲလို့သွားမေးပြီး ကောလိုက်တယ်၊ အဲဒါကို သူက လည်း ပိုးဆိုးပက်စက်ပြောပြီး ကျွန်တော့်ကိုရိုက်တယ်"

ငိုသံပါကြီးနှင့်ပြောနေတာကြောင့် စိတ်မကောင်းဖြစ်မိသလို တော်ဝင်သူကိုလည်း ဒေါသဖြစ်သွားမိသည်။ အမျိုးမျိုး ချိုလိုက်ခါးလိုက် ချဉ်လိုက်ဖြင့် မော်ကွန်းကို ကစားနေရလား။ အသည်းနု စိတ်ပျော့သည့် မော်ကွန်းထင်က တော်ကြာငိုလိုက် တော်ကြာပျော်လိုက်ဖြင့် အရူးတစ် ယောက်လို ဖြစ်နေတာ သနားဖို့တောင် ကောင်းသည်။

"မော်ကွန်း"

"ဗျာ"

"အခုထိ သူ့ကို စိတ်မကုန်သေးဘူးလား"

"စိတ်မကုန်လို့ မဟုတ်ပါဘူး၊ သူ့ကိုနာကြည်းလို့ အပြတ်လည်း ပြောခဲ့ပါပြီ၊ ဒါပေမဲ့ ကျွန်တော် အရမ်းရှက်တယ်၊ သင်တန်းသူ သင်တန်း သားတွေရှေ့မှာဗျာ"

"မော်ကွန်းရယ်"

တွေးကြည့်ပြီး မော်ကွန်းကို စာနာမိကာ နှစ်သိမ့်သလို သူ့ လက်ကိုဆုပ်ကိုင်ထားမိပြီး

"စိတ်မကောင်းမဖြစ်ပါနဲ့တော့၊ ဒီကိစ္စပြီးပြတ်သွားတာ ကိုယ့် အတွက် ကောင်းသွားတာပဲလို့ တွေးလိုက်ပါ"

"မဟုတ်သေးဘူး နောင်အတွက် ကောင်းချင်ကောင်းနိုင်ပေ

www.burmeseclassic.com

www.burmeseclassic.com



မယ့် အခုက ကျွန်တော့်မျက်နှာ ဘယ်လိုထားရမလဲ၊ ကျွန်တော့်သိက္ခာ ကျွန်တော့်မာန''

''မကောင်းတဲ့လူက ကိုယ်မှမဟုတ်တာ၊ ဘာရှက်စရာလိုလဲ သူက အပြစ်ရှိတဲ့သူ၊ ရည်းစားရှိရဲ့နဲ့ နောက်တစ်ယောက်ကို မျက်နှာ ပြောင်ပြောင်တွဲရဲတယ်၊ အဲဒီကြားထဲက ရည်းစားဟောင်းကို အရှက်မဲ့ သိက္ခာမရှိ ပြန်ချည်းကပ်တာလည်း သူပဲ''

''အဲဒီလို မိန်းမကြောင့် သူငယ်ချင်းတွေရဲ့ အငြိုငြင်ခံရတယ် သံယောဇဉ် အဖြတ်ခံရတယ်၊ အခု ကျွန်တော့်သူငယ်ချင်းတွေကိုလည်း ကျွန်တော် ရင်ဖွင့်ချင်တယ်ဗျာ၊ သူငယ်ချင်းတွေနဲ့တွေ့ချင်တယ်၊ သူတို့ စကားမယုံကြည်မိခဲ့တာကိုလည်း တောင်းပန်ချင်တယ်''

''မော်ကွန်းရယ်''

ယောကျ်ားတစ်ယောက်ရဲ့မျက်ရည်ကြောင့် ဒီရင်က ထပ်၍ နာကျင်မိတာ ဘယ်လိုအကြောင်းတရားကြောင့်လဲလို့ တွေးမိပြီး ကိုယ့် ကိုယ်ကိုယ် ထိတ်လန့်မိသွားစေ၏။

နှလုံးသားက ဆာလောင်မှုများဖြင့် ဆတ်ဆတ်ခါနေသည် မျက်နှာချင်းအပ်ကာ နှစ်သိမ့်မှုတွေပေးလိုက်မိလျှင် သူမကို ဘယ်လိုမျ ထင်မြင်သွားလေမလဲ။

''ဟဲ့ သံပုရာရည်ဆို ရော့''

မော်ကွန်းထင်ရဲ့မျက်ရည်တွေကို မင်တက်မိနေဆဲမှာ ပြုံးပြုံး အသံကြောင့် တုန်ခနဲ ဖြစ်သွားရသည်။ ပြုံးပြုံးမွန် လက်ထဲက သံပု ရည်ခွက်ကိုယူကာ မော်ကွန်းထင် လက်ထဲထည့်ပေးလိုက်ပြီး

''မော်ကွန်း ဒါလေးသောက်လိုက်နော်၊ ပူလောင်နေတာ





ငြိမ်းနည်းသက်သာသွားမယ်''

မော်ကွန်းထင်က နာခံစွာ သံပုရာရည်တစ်ခွက်လုံးကို ကုန် အောင်မော့သောက်သည်။ မျက်ရည်မဲ့တွလည်း ခမ်းခြောက်စပြုနေကာ

''ကျေးဇူးတင်ပါတယ် ယိမ်းရယ်၊ ဒီအချိန်မှာ ယိမ်းသာ ဖေးမမှု မရှိရင် ကျွန်တော် သေများသွားမလားမသိဘူး''

''အဲလိုကြီး မပြောပါနဲ့ မော်ကွန်းရယ်၊ တို့ကို မိတ်ဆွေတစ် ယောက်လို သဘောထားတယ်ဆိုရင် မော်ကွန်းရဲ့နာကျင်မှုက ယိမ်းရဲ့ နာကျင်မှုပါပဲ၊ မော်ကွန်း ငိုရင် ယိမ်းလည်းငိုချင်တယ်''

''ယိမ်း''

မော်ကွန်းထင် ရှောင့်တက်မှာစိုး၍ ပြုံးပြုံးမွန်က ခပ်ကြိတ်ကြိတ် ယိတ်ဆွဲ၍ ဟန့်တား၏။ ဒါပေမဲ့ မျက်ဝန်းထဲက မျက်ရည်တွေ လိမ့်ဆင်း ကျလာတော့မလို ဖြစ်နေသော ယိမ်းမျက်ရည်တွေကို မော်ကွန်းထင်က ဖွဖွညင်သာသုတ်ပေး၍

''မငိုပါနဲ့ ယိမ်းရယ်၊ ကျွန်တော့်ကြောင့် ယိမ်း မနာကျင်ပါနဲ့၊ ကျွန်တော်ဆိုတဲ့ကောင်ကလေ ယိမ်းအပေါ်လည်း မကောင်းပါဘူး၊ သူငယ် ချင်းတွေအပေါ်လည်းမကောင်းပါဘူး၊ လူမိုက်ပါဗျာ ဒီလူမိုက်ကို ဒီလိုမျိုး အပြစ်ပေးပါ ယိမ်းရယ်၊ အပြစ်ပေးပါ''

''အို မော်ကွန်း ဟင့်အင်း မော်ကွန်း''

မူးမူးနှင့် ယိမ်းလက်ကိုဆွဲကာ သူ့တစ်ကိုယ်လုံးကို ထုနက် ရိုက်ပုတ်နိုင်းနေတာမို့ မော်ကွန်းထင် လက်ကိုရင်ဘတ်မှာကပ်၍ ချုပ်ကိုင် ထားရသည်။ ထိုသို့လုပ်မိတာကြောင့် ယိမ်းယိုင်သလိုဖြစ်သွားသော မော် ကွန်းထင်က နွဲ့ယိမ်းခင် ရင်ခွင်မှာမှီနွဲ့ချလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြုံးပြုံးမွန်က မျက်စိရှက်ကာ ကြက်သီးမွေးညင်း ထသွားပေမယ့် နွဲ့ယိမ်းခင်က မော်ကွန်းထင် ကျောပြင်လေးကို ပုတ်၍ နှစ်သိမ့်ပေးမပေးနေ၏။

"သူငယ်ချင်းတွေဆီ မော်ကွန်းသွားချင်တယ်မဟုတ်လား။ ယိမ်းလိုက်ပို့မယ်၊ သူတို့ကိုယိမ်းလည်း တောင်းပန်ပေးမယ်"

"ဟဲ့၊ယိမ်း ညခုနစ်နာရီကျော်နေပြီ၊ မူးနေတဲ့သူနဲ့ ယောကျ်ားလေးတွေကို သွားတွေ့မလို့လား၊ ကိုယ့်မိန်းကလေးသိက္ခာလည်း ထည့်တွေးဦး"

"ငါ့ကိုယ်ငါ ယုံကြည်တယ်၊ မော်ကွန်းကိုလည်း ယုံကြည်တယ်"

"ပတ်ဝန်းကျင်ကတော့ ယုံကြည်မှာမဟုတ်ဘူး"

"အဲဒါ သူတို့အလုပ်လေ၊ မကောင်းတာ ကောင်းတာ ပုံကြီးချဲ့ဝေဖန်တာကို ဂရုစိုက်နေရင် ကိုယ့်စိတ်ခံစားမှု၊ ကိုယ့်လွတ်လပ်မှုတွေပါ မြှောင်းထဲလွှင့်ပစ်ရလိမ့်မယ်"

"နင့်အမေက ဘုရားတရားအလုပ် လုပ်နေတာ၊ နင်က အမူးသမားကို အိမ်မှာလက်ခံပြီး အပြင်ကိုလည်း အတူတူထွက်သွားတယ်ဆိုရင် နင့်အမေလည်း ဆိုဆုံးမမရှိဘူးဆိုပြီး အပြစ်တင်ခံရမှာ"

"မေမေက ငါမဟုတ်တာမလုပ်ဘူးဆိုတာ ယုံကြည်လို့ ငါ့ကိုတစ်ယောက်တည်း ထားခဲ့တာ၊ လူဆိုတာ ကိုယ့်ကိုယ်ကျင့်တရားကို ကိုယ်ယုံကြည်နေဖို့ပဲ အရေးကြီးတယ်၊ အခုလို သတိပေးတာ နင့်ကို ကျေးဇူးတင်ပါတယ် မွန်မွန်"

မော်ကွန်းကြောင့် ပတ်ဝန်းကျင်အထင်သေးခံရလည်း ရှိပါစေတော့ဆိုသည့် စကားကိုတော့ ပြုံးပြုံးမွန်ကို မပြောဖြစ်တော့။ ကိုယ့်ကို



ငင်လွန်းလို့ အိမ်ကိုအဖော်ဖြစ်နေပေးရင်း ကူညီစောင့်ရှောက်နေခဲ့သူမဟုတ်ပါလား။

ဒါပေမဲ့ မော်ကွန်းထင်အတွက် နွဲ့ယိမ်းခင် လူမိုက်စာရင်းဝင်သွားပြီဆိုတာတော့ ပြုံးပြုံးမွန် သိနေမှာပါ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၉)

လာနေတာသိနေလျက်နှင့် မင်းသူတို့မျက်နှာလွှဲသွားတော့ မော်ကွန်းထင်ကိုယ်စား နွဲ့ယိမ်းခင် စိတ်မကောင်းဖြစ်သွားရသည်။ ဖုန်းဆက်ပြက်တော့ လက်ဖက်ရည်ဆိုင်မှာ ရှိနေမည်ဆိုပြီး ရောက်လာသည့်အခါမှာ မော်ကွန်းထင်ပါ ပါလာတော့ ထပြန်အိုတောင် စိတ်ကူးရှိနေကြလိမ့်မည်ထင်သည်။

ဒါပေမဲ့ နွဲ့ယိမ်းခင်ကို အားနာစွာထိုင်နေကြတာပဲ ကျေးဇူးတင်ရသေး၏။

"ယိမ်းတို့ ထိုင်မယ်နော် ကိုမင်းသူ"

"သြော် ထိုင်ပါ ယိမ်း၊ ဒီကောင်နဲ့ဘယ်လိုဆုံပြီး"

"သူ အရက်တွေမူးပြီး အိမ်ကိုရောက်လာတာ"

"တော်ဝင်သူကြောင့်ပဲဖြစ်မှာပေါ့၊ ဟိုက တင်းရင် အရက်သောက်မယ်၊ ငိုမယ်၊ ရင်ဖွင့်မယ်၊ ဟိုကကြည်ဖြူလိုက်လျောလိုက်ရင်





ယိမ်းနဲ့ကျွန်တော်တို့ကို အရေးတောင်လုပ်တာ မဟုတ်ဘဲနဲ့၊ ဘာလို့ယိမ်းလက်သင့်ခံနေတာလဲ"

"ယိမ်းတို့ ဥပေက္ခာပြုလိုက်ရင် သူ ပျက်စီးသွားမှာပေါ့ မင်းသူရယ်၊ သူစိတ်နုတာ စိတ်ပျော့တာလည်း သိသားနဲ့"

"အဲဒါက အတိုင်းအတာတစ်ခုအထိပဲ နားလည်ပေးလို့ရမယ် ယိမ်း၊ သူကတောင် ကျွန်တော်တို့ သူငယ်ချင်းတွေစကားကို ယုံကြည်လက်ခံပေးဖို့ စိတ်ကူးမရှိတာ"

"အဲလိုလည်း မဟုတ်ပါဘူး၊ တစ်ဖက်မိန်းကလေးကို သူ နှမချင်းစာနာတာ၊ အားနာတာပါ၊ မိန်းကလေးတစ်ယောက်အနေနဲ့ အဲလိုစိတ်ဓာတ်အောက်တန်းကျမယ်လို့လည်း မထင်ဘူးလေ၊ ဒါကြောင့် ဟိုကအမျိုးမျိုးပြောင်းလဲဆက်ဆံနေတဲ့အပေါ်မှာ သူလည်း ပြောင်းလဲခံစားနေရတာပါ"

နွဲ့ယိမ်းခင်ကို မင်းသူတို့ အံ့သြနေကြရသည်။ မော်ကွန်းထင်က ခေါင်းငိုက်စိုက်နှင့် ဘာမှမပြောပေမယ့် နွဲ့ယိမ်းခင်က မော်ကွန်းထင်ဘက်ကနေ ရှေ့နေလိုက်၍ ရှင်းပြနေသည်။

မော်ကွန်းထင်လုပ်ရပ်တွေကြောင့် သူမလည်း နာကျင်နေသင့်ပါလျက် ငြူစူမှုမရှိ အပြစ်ယူရမှန်းမသိဖြစ်နေတာ မအံ့သြဘဲနေနိုင်ပါ့မလား။

"ယိမ်းက ဒီကောင့်ကို အခုထိ အကောင်းမြင်နေတုန်းလား၊ ဟိုက ပလီပလာ မာယာတွေနဲ့ ဘာညာဖြစ်လာရင် ကျွန်တော်တို့ကို သူ ကန့်ဦးမှာယိမ်း၊ ကျွန်တော်တို့ကတော့ သူငယ်ချင်းအဖြစ်တောင် ပသတ်မှတ်ချင်တော့ဘူး"



www.burmeseclassic.com

www.burmeseclassic.com



"ဟို အဲ အဲလိုမလုပ်ကြပါနဲ့၊ သူ နောင်တရနေပါပြီ၊ မင်းသူတို့ကို တောင်းပန်ချင်တယ်ဆိုလို့ ယိမ်း ခေါ်လာတာပါ။ မော်ကွန်း တောင်းပန်လိုက်လေ၊ တော်ဝင်သူနဲ့ကိစ္စလည်း ပြတ်ပြီလို့ပြောလိုက်"

"ဟုတ်ပါတယ်ကွာ၊ မင်းတို့ကို ငါတောင်းပန်ပါတယ်၊ ငါ့ဘဝမှာ မင်းတို့မရှိလို့ မဖြစ်ပါဘူး"

"တော်ဝင်သူ ကန်ထုတ်လိုက်လို့ မင်း ဒီစကားပြောတာ မဟုတ်လား၊ တစ်ခါလည်းမဟုတ် နှစ်ခါလည်းမဟုတ်နဲ့၊ ငါတို့က မင်းလို စိတ်ပျော့ပြီး ပြောင်းလဲနေတတ်တဲ့ ငပိန်းတွေမဟုတ်ဘူး ငါ့ကောင်"

"မင်းတို့ပြောချင်သလိုပြောပါကွာ၊ အခု ငါကတိပေးနိုင်တာကတော့ တော်ဝင်သူ ဘယ်လိုပဲဖြစ်နေနေ ငါနဲ့မဆိုင်တော့ဘူး၊ မပတ်သက်တော့ဘူးဆိုတာပါပဲ၊ မင်းတို့စကားကလွဲရင် သူ့စကားကို မယုံတော့ဘူး၊ ဒီတစ်ခါ ငါတော်တော်လေးကို နားလည်သွားတာပါ၊ တောင်းပန်ပါတယ်ကွာ"

ဒီလောက်ဆိုမှတော့ မော်ကွန်းထင်ကို သူစိမ်းဆန်ဆန် ဥပေက္ခာမပြုရက်ပေ။ အထက်တန်းကျောင်းသားဘဝထဲက သံယောဇဉ်တွေ ရစ်ပတ်လျက် သူငယ်ချင်းတွေ ဖြစ်ခဲ့ကြတာမဟုတ်ပါလား။ ဒါပေမဲ့ ကိုယ်တွေက ယောကျ်ားလေး သူငယ်ချင်းတွေကိစ္စမရှိသော်လည်း နွဲ့ယိမ်းခင်ကို အားနာသင့်သည်။

"ဟိတ်ကောင် ငါတို့နဲ့အကန့်က ထားပါတော့၊ နွဲ့ယိမ်းခင်အပေါ်တော့ ဒီလိုမလုပ်သင့်ဘူးကွ၊ မူးမူးရူးရူးနဲ့ မိန်းကလေးတစ်ယောက်အိမ် ရောက်သွားတယ်ဆိုတာ မိန်းကလေးတစ်ယောက်အတွက် ဘယ်လောက် သိက္ခာကျတယ်ထင်လဲ"





"ဟုတ်ပါတယ် ငါ အခုမှ တွေးမိတယ်၊ ငါ တော်တော်မကောင်းတာဘဲ၊ ဒါပေမဲ့ ငါ ဒီလိုဖြစ်တဲ့အချိန်မှာ ယိမ်းဆီကိုသွားချင်တယ်၊ ယိမ်းရဲ့နှစ်သိမ့်ချော့မြှူမှုတွေကို ခံချင်တယ်၊ ယိမ်းနဲ့တွေ့မှ ဖိုးရင်ကအေးမြသွားတာ၊ အေးချမ်းမှုကို ခံစားရတာကွ"

"မူးမူးနဲ့အနှိုထုတ်နေတာ တော်ဝင်သူနဲ့ မတွေ့သေးလို့များလား"

စိုးနိုင်က နွဲ့ယိမ်းခင်ဘက်က မခံနိုင်စွာ ခနဲ့တော့ မော်ကွန်းထင် ခေါင်းယမ်းသည်။

"သိခြားစီပါ၊ သင်သပ်စီပါ၊ ငါအခု အမူးပြေနေပါပြီ၊ နောက်တစ်ခါ ယိမ်းရှေ့မှာ အရက်လည်းမသောက်တော့ဘူး ငိုလည်းမငိုတော့ဘူးလို့ ကတိပေးတယ်ကွာ၊ စိတ်ပျော့ပြီး ပါမသွားအောင်လည်း ငါ့ကိုယ်ငါ ထိန်းသိမ်းနိုင်အောင် ကြိုးစားပါ့မယ်" [illegible]ဘာသန့်ယူတယ်"

"မော်ကွန်း၊ တကယ်ပြောတာလား"

"တကယ်ပေါ့ ယိမ်း၊ ကျွန်တော့်နားမှာ ယိမ်း ဒီလိုမျိုးရှိနေပေးမယ်ဆိုရင် ကျွန်တော် စိတ်ခွန်အားတွေ ရှိနေပါပြီ"

"ယိမ်းနဲ့မော်ကွန်းက အပြင်မှာပဲတွေ့လို့ရတာနော်၊ သင်တန်းမှာ တော်ဝင်သူနဲ့တွေ့ပြီး ပြောင်းလဲသွားရင် မော်ကွန်းယောကျ်ားကတိဟာ အလကားဖြစ်သွားမှာ"

"ယိမ်း စိတ်မချရင် သင်တန်းကို လိုက်ခဲ့ပေါ့"

"ဟင် ယိမ်းက မော်ကွန်းသင်တန်းထိ လိုက်စောင့်ရှောက်ပေးရဦးမှာလား၊ ယိမ်းမှာ ကိုယ့်အလုပ်နဲ့ကိုယ် ရှိသေးတယ်၊ အခုဆို မော်ကွန်းကိစ္စတွေနဲ့ တမင်ရေးဖြစ်တာတောင် ကြာပြီ၊ ကျွန်မ ပါပလစ်ရှ



www.burmeseclassic.com

နဲ့ပြဿနာဖြစ်လိမ့်မယ်''

"ကျွန်တော့်ဆီက ကုန်ကြမ်းတွေက ယိမ်းအတွက် အသုံးမတည့်တော့ဘူးထင်တယ်၊ အဲဒါကြောင့် အချိန်မပေးချင်တော့တာလား၊"

"အဲလိုမဟုတ်ပါဘူး၊ မော်ကွန်းနဲ့အပြင်မှာ အမြဲလိုတွေ့နေမှာပဲဥစ္စာ၊ ဒါပေမဲ့ မော်ကွန်းလာစေချင်ရင် တစ်ခါတလေတော့ သင်တန်းကိုလိုက်လာခဲ့ပါမယ်''

နွဲ့ယိမ်းခင်က မော်ကွန်းထင် ငြိုငြင်မှာစိုး၍ ချက်ချင်းပင်လိုက်လျှောပေး၏။ မော်ကွန်းထင်မျက်နှာက ပြုံးသောင်သမ်းသွားကာ

"အစတည်းက အဲလိုပြောတာ မဟုတ်ဘူး ယိမ်းရယ်၊ ကျွန်တော်ကလည်း ယိမ်းကို အမြဲတမ်း လာပါလို့ မပြောပါဘူး၊ လိုအပ်တဲ့အချိန်တိုင်းမှာ ကျွန်တော့်အနားမှာ ရှိစေချင်တာ ကျွန်တော့်ဘဝမှာယိမ်းမရှိလို့ မဖြစ်ဘူးလေ''

"ဟိတ်ကောင် ခုနကတော့ ငါတို့မရှိလို့မဖြစ်ဘူးဆို"

"အေးပါကွာ မင်းတို့ရော ယိမ်းရော မရှိလို့မဖြစ်ပါဘူး၊ မင်းတို့သံယောဇဉ်တွေကြောင့်ပဲ၊ ငါ့ဘဝရှင်သန်ရာရတာပါ''

"အေး တော်ဝင်သူကြောင့်ဆိုရင်တော့ မင်းအသေရင်သော မသေရင်ရှူးမှာပဲ၊ နောက်တစ်ခါဆိုရင် ငါတို့ ကယ်တင်ပေးလိမ့်မယ် မထင်နဲ့''

"စိတ်ချပါ ယိမ်းနဲ့မင်းတို့ ငါနဲ့ပတ်သက်ပြီး စိတ်မဆင်းရဲစေရတော့ပါဘူး၊ ဒါပေမဲ့ အခုတော့ ငါ့ကို အိမ်ပြန်လိုက်ပို့ကြပါ''

"ဘာ"

"လေးလေးဆူမှာစိုးလို့ပါကွာ၊ လေးလေးက ငါ့ကို အရက်သောက်တာ မကြိုက်ဘူး၊ သူ့လိုအချစ်ကြောင့် အသည်းကွဲတဲ့ ခွက်ပုန်းသမား

ဗျူး ၁၁၁၄၄



ဖြစ်မှာကြောက်လို့တဲ့''

"ဟင် မင်းဦးလေးကလည်း အသည်းကွဲ ဒရမ်မာကြီးနဲ့လား''

စိုးနောင် အမေးကိုမော်ကွန်းထင် ခေါင်းညိတ်ပြ၏။ မင်းသူကလည်း အံ့ဩနေကာ

"မင်းဦးလေးနဲ့မင်းက ကံတူအကျိုးပေးပေါ့''

"ဟုတ်တယ် အဲဒါကြောင့် လေးလေးက ငါ့ကိုပိုပြီး ဂရုစိုက်တာ၊ အဲဒါကြောင့် ယိမ်းနဲ့''

သဘောတူနေတာလို့ ပြောမထွက်တဲ့ နွဲ့ယိမ်းခင်ကို အားနာစွာလှည့်ကြည့်မိလိုက်သည်၊ စိတ်နှလုံးသား မြင့်မြတ်ပြီး ရိုးသားဖြူစင်သူလေးကို အရောင်ဆိုးလိုက်မှာ နှမြောနေလို့ပါ။

ဘဝဆိုတာ ရည်ရွယ်သလိုဖြစ်မလာပေမယ့် မျှော်လင့်ချက်ရှိနေတော့လည်း ရင်မှာသိမ့်သိမ့်လှုပ်ခတ် နွေးမြနေစေသည်။ ဆာလောင်မှုဟာ ရမ္မက်ဆန္ဒမပါဘဲ ငွေ့ငွေ့လေးသံစဉ်လှိုင်းတွေဖြတ်ပြေးလျက် . . .။

□ □ □

ဗျူး ၁၁၁၄၄

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

မော်ကွန်းထင်တို့အိမ်ရောက်လာချိန်မှာ ညကိုးနာရီဝန်းကျင်ခန့် ရှိပြီဖြစ်သည်။ ယောကျ်ားလေးသုံးယောက်နှင့်ပါလာသော နွဲ့ယမ်းခင်ကို ဦးထင်ကျော် အကဲခတ်၏။ တော်ဝင်သူဆိုသည့် မိန်းကလေးကို မော်ကွန်းထင် ခိုးလာသည် ထင်လို့ပါ။

ဒါပေမဲ့ ဒီမိန်းကလေးရဲ့မျက်လုံးများက ရိုးသားဖြူစင်မှုများကို တွေ့လိုက်ရချိန်မှာ ရည်းစားရှိလျက်နှင့် နောက်အပျော်ရှာတတ်သူဟု မထင်ရက်အောင် ဖြစ်နေသည်။

"ဟိတ်ကောင်တွေ ဘာထိုင်လုပ်နေဘာလဲ ဒီမိန်းကလေး ဘယ်သူလဲ ငါနဲ့မိတ်ဆက်ပေးလေ၊ မော်ကွန်း မင်းစေ့စပ်ပြီးသား မိန်းကလေးကို ခိုးလာတာလား"

"ဟာ မ မဟုတ်ပါဘူး လေးလေး၊ သူက နွဲ့ယမ်းခင်ပါ"

"ဘာ"



ဦးထင်ကျော် အံ့သြစွာနှင့် နွဲ့ယမ်းခင်ကို နောက်ထပ်ပြန်ကြည့်ပြီး မျက်နှာတစ်ခုလုံး ပြုံးသွားကာ

"နွဲ့ယမ်းခင် မင်းပြောနေတဲ့ စာရေးဆရာမဆိုတာလား"

"ဟုတ် ဟုတ်ကဲ့"

"မင်း ငါ့စကားကို နားထောင်ပြီး တစ်ခါတည်း အပြီးခိုးလာတာလား"

"ဟာ လေးလေး ဘာတွေပြောနေတာလဲ၊ အဲလိုမဟုတ်ဘူး"

"အဲလိုမဟုတ်ရင် ဘယ်လိုလဲ ဒီအချိန်ကြီး အိမ်လိုက်လာတာ ဖြစ်တာ"

"မင်းသူ့ လုပ်ပါဦးကွာ လေးလေးကတော့ စွတ်လွှတ်နေပြီ၊ ဒင်းကို အားနာစရာကောင်းလိုက်တာ"

အခုမှ မော်ကွန်းထင် တကယ်အမူးပြေသွားသည်။ ဒီလိုမှ မဟုတ်ရင် ယမ်းကိုတောင် ခေါ်လာဖြစ်မှာမဟုတ်ပေ။

မင်းသူက လေးလေးကို လက်ကုတ်ကာ တိုးတိုးလေးရှင်းပြနေ၏။ လေးလေးမျက်နှာကြီးက မင်းသူရှင်းပြီးမှ ခက်ထန်မာကျောသွားကာ မော်ကွန်းထင်ကို ဒေါသဖြင့်ကြည့်လိုက်ပြီး

"မင်းက တော်တော်အမှတ်သည်းခြေနည်းတဲ့ကောင်ပဲ၊ ကိုယ်ချစ်သဲယောဇဉ်မရှိလို့ နောက်တစ်ယောက်နဲ့စေ့စပ်လိုက်တဲ့သူအတွက် အရက်သောက်လိုက် ငိုလိုက်၊ ပေါက်ကွဲလိုက်နဲ့ သူငယ်ချင်းတွေကိုတောင် ဒုက္ခပြုထားလိုက်သေးတယ်"

"ဟာ မင်းသူရာ မင်းကို အကူအညီတောင်းခါမှ ဘာတွေ လျှောက်ပြောနေတာလဲကွာ"

www.burmeseclassic.com

www.burmeseclassic.com



“မင်းပဲလုပ်ပါဦးဆိုတော့ လေးလေး နားလည်အောင် အ
အဆုံး ရှင်းပြရတာပေါ့ကွ၊ ဒါမှ မင်း ဘာကြောင့် အရက်သောက်ရတ
ဆိုတာ လေးလေး သဘောပေါက်မှာ”

“ဟိတ်ကောင် သူငယ်ချင်းတွေကို မင်းမရမ်းနဲ့၊ ငါ့လိုမဖြ
အောင်နေပါလို့ မင်းကို ငါအတန်တန်မှာထားတယ်၊ ယိမ်းဆိုတဲ့ မိ
ကလေးကို အစားထိုးပြီးချစ်လိုက်ပါ၊ ငါပြောပေးမယ်လို့ရော မပြေ
ဘူးလား”

“လေးလေး”

နွဲ့ယိမ်းခင်ကို အားနာစွာ မော်ကွန်းထင် ဟန့်တားနေပေမ
ဦးထင်ကျော်က မရပေ။ မော်ကွန်းထင်ကို ဒေါသတွေဖြင့် ပေါက်ကွဲဖို့
ဆန္ဒတွေရှိနေပြီး

“မင်း တော်တော်သောက်ရူက်မရှိတဲ့ကောင်၊ ဟိုက ပလူး
မင်းက မြူးတယ်၊ ဟိုကကန်လိုက်ရင် သူငယ်ချင်းတွေဆီကို အရက်
ပြီး ခေါင်းတိုးငှေ့တယ်၊ မင်း သောက်ရူးပဲ”

“အဲလိုမဟုတ်ပါဘူး လေးလေးရယ်၊ ကျွန်တော်က တော်ဝင်
ကို အဲလိုမိန်းကလေးဖြစ်မယ်မထင်လို့ အားနာလို့ပါ”

“မင်း အားနာရမှာ တော်ဝင်သူမဟုတ်ဘူး၊ နွဲ့ယိမ်းခင်
သူ့ခမြာ ဒီအချိန်ကြီး ဒီအိမ်ကိုရောက်အောင် လိုက်ပို့တယ်ဆိုတာ နု
နည်းနောနော သံယောဇဉ်လား၊ ဟုတ်တယ်မဟုတ်လား ယိမ်း”

“ရှင် ဟုတ် ဟုတ်ကဲ့”

“သံယောဇဉ်မရှိရင် မခင်တွယ်ရင် တခြားမိန်းကလေးအတွ
ခံစားနေတဲ့ကောင်ကို ယိမ်း ဂရုစိုက်ပါ့မလား၊ ကြင်နာပါ့မလား၊ ဒါ





ကောင် မခံစားတတ်ဘူး၊ လွတ်တဲ့ငါးကြီးပြီး အနီးကိုမမြင်ဘဲ အဝေးကို
လှမ်းမျှော်နေတဲ့ကောင်”

ဦးထင်ကျော်က မော်ကွန်းထင်အပြစ်ပြောသလိုလိုဖြင့် အောင်
ယ်ပေးသလို ဖြစ်နေတာကြောင့် နွဲ့ယိမ်းခင် ရှက်စိတ်တွေမွှန်ကာ
ျက်နှာလေး နီမြန်းလာသည်။ မော်ကွန်းထင်လည်း နွဲ့ယိမ်းခင်ကို အား
ပြီး လေးလေး ပါးစပ်ပေါက်ကို ဘယ်လိုပိတ်ရမှန်းမသိဖြစ်နေသည်။
င်းသူတို့က သဘောကျနေကာ မြှောက်ထိုးပင့်ကော်ဖြင့်

“ကျွန်တော်တို့ကလည်း အဲဒါပြောတာပေါ့ လေးလေးရာ၊ သစ္စာ
ရှိတဲ့မိန်းကလေးအတွက် ဘာလို့ ခံစားကြေကွဲနေမှာလဲ မဟုတ်ဘူးလား၊
ကယ်ဆို သူ့အနားမှာ ဖြည့်ဆည်းနားလည်ပေးနေတဲ့ နွဲ့ယိမ်းခင်
စ်ယောက်လုံးရှိတယ်၊ ဒါကို ဒုက္ခတွေမပေးဘဲ အချစ်တွေပေးပြီး ပျော်
င်အောင် စိတ်ချမ်းသာအောင်နေလိုက်ပါလား”

“ဟုတ်တယ် အဲလိုပဲ ဖြစ်သင့်တယ်၊ ရှုးကြောင်ကြောင်အလုပ်
တွေလုပ်မနေဘဲ ကိုယ့်ဘဝအတွက် အဓိပ္ပါယ်ရှိတာကို ဆုံးဖြတ်လိုက်ရရင်
ပြီ၊ လေးလေးလည်း စိတ်မဆင်းရဲရတော့ဘူးပေါ့”

“ငါလည်း အဲဒါပြောတာ”

မင်းသူတို့နှင့် ဦးထင်ကျော် အတိုင်အဖောက်ညီနေကြပေမယ့်
ယိမ်းခင်မျက်နှာ ဘယ်ထားရမှန်းမသိအောင် ပူထူနေသည်၊ လိုက်လာမိ
တာ မှားပြီဟု ထွက်ပြေးချင်လောက်အောင်ကို နောင်တတွေရနေ၏။

ဒါပေမဲ့ သူမခြေလှမ်းပင် မရွေ့မိပါ။

မော်ကွန်းထင်လည်း လုံးဝအမူးတွေပြေကာ သူမကို မဝံ့မရဲ
လေး လှမ်းကြည့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ယိမ်း ဖြစ်ရဲ့လားဟင်၊ လေးလေးက အဲလိုပဲ ဘွင်းဘွင်းကြီး ပြောတတ်လို့ပါ"

"ရ ရပါတယ် မော်ကွန်းကို လိုက်ပို့တာ အထင်လွဲနေတာ ထင်တယ်"

"မဟုတ်ဘူး ကျွန်တော်က နေ့တိုင်း ယိမ်းအကြောင်းပြောဖြစ်လို့ သဘောတူနေတာ"

"သြော်"

နွဲ့ယိမ်းခင် ပိုပြီးအရှက်ပိုရပြန်သည်။ ဒါပေမဲ့ ရင်မှာရှိန်းရှိန်း နွေးနွေးလေး ခံစားရလျက် သိုဝှက်ထားရသော နှလုံးသား အသက်ဝင်လာသည်ဟု ထင်မိသည်။

ထိုနေ့ညရဲ့အိပ်စက်ခြင်းက အိပ်မက်လှလှများဖြင့် စိတ်ကူးယဉ်လို့ကောင်းနေတော့မည်ဆိုတာ . . . ။

■ ■ ■



## အခန်း (၂၁)

မေမေ ပြန်ရောက်နေပြီဆိုတာကြောင့် ရင်မှာလှုပ်ခနဲ ထိ[illegible] [illegible]င့်သွားရသည်။ ဒီနေ့မှ မိမိက မော်ကွန်းထင်ကို အိမ်ပြန်လိုက်ပို့နေ[illegible]တာနှင့် အရမ်းနောက်ကျနေတာ။

မော်ကွန်းထင်တို့သူငယ်ချင်းသုံးယောက် အိမ်အထိပြန်လိုက်ပို့[illegible]ပမယ့် မိုးချုပ်နေလို့ အိမ်ထဲအထိ အဝင်မခိုင်းဘဲ ပြန်လွှတ်လိုက်ပြီး [illegible]မ်ထဲကို ခြေလှမ်းတုန်တုန်ဖြင့် ဝင်လာခဲ့မိခြင်းပင်။

"ထိုင်စမ်းပါဦး သမီး၊ ဘာတွေများ အရေးကြီးလို့ ဒီအချိန်မှ [illegible]ပြန်ရောက်တာလဲ"

ပြုံးပြုံးမွန် လုံးစေ့ပတ်စေ့ ချွန်တွန်းလုပ်ထားလျှင်တော့ မေမေ[illegible]ကြီး အေးဆေးနေမှာတော့ မဟုတ်ပေ။ အသာအယာပင် ခုံမှဝင်ထိုင် [illegible]ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စလေးရှိလို့ သူငယ်ချင်းတစ်ယောက်ဆီ သွားတာပါ မေမေ၊ အရမ်းနောက်ကျလို့ သူတို့လိုက်ပို့ကြပါသေးတယ်၊ မေမေ ရောက်နေမှန်း မသိလို့ အိမ်ထဲခေါ်ပြီး မိတ်ဆက်မပေးတာပါ"

"သူငယ်ချင်းတွေက ယောက်ျားလေးတွေလား မိန်းကလေးတွေ လား"

"ရှင်"

"သမီးကို ယုံကြည်လို့ မေမေ စိတ်ချသက်ချ တရားအလုပ်တွေ သွားလုပ်နေတယ်ဆိုပေမယ့် ဒီလိုမျိုး အိမ်ပြန်နောက်ကျရတဲ့အကြောင်း ရင်းကိုတော့ မေမေ အမှန်အတိုင်း သိသင့်တယ်မဟုတ်လား"

မေမေက စကားပြောလျှင် ထိုလို့လီမွှားပါးနပ်လေသည်၊ စာရေး ဆရာရဲ့အမေမို့ ရှိုင်းရှိုင်းစိုင်းစိုင်း ပြောဆိုတာမျိုးမရှိဘဲ သိမ်မွေ့နူး ညံ့သင်ဆုံးမတတ်သူပါ။

"မေမေ့ကို အမှန်အတိုင်းပဲ အသိပေးမှာပါ၊ မုံးကွယ်ထား လောက်အောင် ယိမ်း အမှားလုပ်ထားတာလည်း မရှိပါဘူး မေမေ ယောက်ျားလေးသူငယ်ချင်းပါ၊ နာမည်က မော်ကွန်းဝင် တဲ့ ဦးလေးတစ် ယောက်နဲ့နေပါတယ်၊ လုပ်ငန်းရှင်အသိုက်အဝန်းမို့ ပြည့်စုံကြပါတယ်"

"ဘယ်လိုပတ်သက်မှုမျိုးလဲ"

"ရင်းနှီးမှုအဆင့်ပဲ ရှိပါသေးတယ်"

"ဒီထက်ပိုပြီး မျှော်လင့်ထားသေးလား သမီး"

"ရှင်"

မေမေ ဒီလောက်ထိ ပွင့်လင်းစွာမေးလိမ့်မည် မထင်ထားကြေ နဲ့ ယိမ်းခင် ချက်ချင်းကြီး ပြန်မဖြေနိုင်အောင် အံ့အားသင့်သွားရသည်





မေမေ့ရဲ့အတိအကျ သိချင်နေသည့် မျက်လုံးအောက်ကလည်း လွတ် မြောက်ဖို့ မလွယ်ကူလှပေ။

ဒါကြောင့်မို့ မျက်လွှာချထားလျက် မေမေ့မျက်နှာကို မဝံ့မရဲ မော့ကြည့်ကာ

"ရှေ့ဆက်တိုးဖို့ အခြေအနေရှိပါတယ် မေမေ၊ ဒါပေမဲ့ မသေ ချာပါဘူး"

"ဘာဖြစ်လို့လဲ ဘာက အဟန့်အတားဖြစ်နေတာလဲ"

"အားလုံးက အဆင်ပြေပြေပါပဲ၊ ယိမ်းက သေချာမှုတစ်ခုကို စောင့်ကြည့်ချင်တာပါ"

မုသားဖြစ်နေမလား မသိပေမယ့် မိန်းမသားတစ်ယောက်ရဲ့ ဂုဏ်သိက္ခာအတွက် ဒီလိုလေးကာကွယ်လိုက်ရတာ စိတ်ထဲ သိမ်ငယ်မှု လေးတော့ ဖြစ်မိတယ်။ မေမေက သူမ မျက်လုံးတွေကို အကဲခတ်ကာ

"နောက်ဆုတ်ပါလို့ မေမေ မပြောဘူးနော်၊ အသက်အရွယ်အရ ရင့်ကျက်နေသလို စာရေးဆရာတစ်ယောက်ရဲ့အသိဉာဏ်က အမှားအယွင်း ဖြစ်ခံမယ်လို့ မေမေ မထင်ပါဘူး"

"ယိမ်း ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းနိုင်ပါတယ် မေမေ"

"ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်လွန်းရင်လည်း ပတ်ဝန်းကျင်ကို မေ့သွားတတ်တယ်၊ ဘာဖြစ်ဖြစ် ခွေးချယ်မှုမမှားဖို့လိုတယ် သမီး၊ လူ့ဘဝ ဆိုတာ သက်တမ်းတိုပေမယ့် အလွယ်တကူ ဖြတ်သန်းလို့ရတာမဟုတ်ဘူး၊ မိသားစုဆိုတဲ့ အသိုက်အဝန်းနဲ့ ရင်ဆိုင်ရှန်းကန်ရဦးမှာ၊ အဲဒီအချိန်မှာ နားလည်မှုမရှိတဲ့သူနဲ့ဆုံခဲ့ရင် အရမ်းပင်ပန်းရလိမ့်မယ်"

"မေမေ့မေတ္တာကို နားလည်ပါတယ်၊ စေတနာနဲ့သတိပေးတဲ့



www.burmeseclassic.com

www.burmeseclassic.com



တယ်ဆိုတာလည်း ယိမ်း သိပါတယ်၊ ဖေဖေ့ကြောင့် ပင်ပန်းခဲ့ရတဲ့မေမေ ကိုယ်တွေ့ဝေဒနာတွေမဟုတ်လား''

မေမေ ခဏမျှငြိမ်သက်သွား၏။ ပြီးမှ စိတ်ရှုပ်ထွေးသော အမူအရာဖြင့် သက်ပြင်းချကာ

''တချို့က ငွေရှိမှ အိမ်ထောင်ရေးသုခ ပြည့်စုံတယ်လို့ ပြော ကြတယ်၊ အချစ်မပါရင် အချစ်ကို အာသာငမ်းငမ်းရှာဖွေရင်းနဲ့ မိသားစု သံယောဇဉ်တွေ ဖြတ်တောက်ဝံ့တဲ့ယောကျ်ားတွေကြောင့် မိန်းမတွေ စိတ် ဒဏ်ရာရတာကို ဘယ်သူမှမသိကြဘူး၊ အိမ်ထောင်ရေးဖောက်ပြန်တယ် ဆိုတာ အချစ်က အဓိကပဲ သမီး''

''ဖေဖေနဲ့မေမေက နှစ်ဦးသဘောတူချစ်လို့ လက်ထပ်ခဲ့ကြတာ မဟုတ်ဘူးလား''

မေမေ့အပြုံးက မဲ့သလိုဖြစ်နေကာ

''မိဘတွေဆန္ဒကို သမီးလိမ္မာလုပ်ပြီး လက်ခံခဲ့တာ၊ ချစ်သူ ဘက်က ကြည့်ရင်တော့ သစ္စာမရှိတဲ့သူတစ်ယောက်ပေါ့၊ ဒါပေမဲ့ မိဘ ဆန္ဒကိုဖြည့်ဆည်းခွင့်ရတဲ့အတွက် မေမေ နောင်တမရခဲ့ဘူး၊ မိဘဆိုတာ အစားထိုးမရတဲ့အရာလေ''

''ဒါဆို မေမေ ဘာလို့မပျော်ရွှင်ခဲ့တာလဲ''

''မိန်းမသားတွေက အဲလို ပေးဆပ်မှုတွေနဲ့ ရောင့်ရဲနိုင်တ ကြပေမယ့် ယောကျ်ားတွေအတွက် အိမ်ထောင်ရေးဖောက်ပြန်ဖို့ အကြော ပြုချက်ရသွားတာနဲ့ အတူတူပဲ သမီး၊ မေမေက သားသမီးတွေမွေး မိသားစုမေတ္တာတွေနဲ့ အိမ်ထောင်ရေးခိုင်မြဲဖို့ ကြိုးစားနေချိန်မှာ သူ တော့ ရည်းစားဟောင်းဆိုတာနဲ့တွေ့ပြီး မိသားစုသံယောဇဉ်တွေကို ဖြ



တောက်ပစ်ဖို့ ကြိုးစားနေတယ်၊ အဲဒီကနေပြဿနာတွေဖြစ်တော့ လွတ် လပ်စွာ ထွက်သွားဖို့ အခွင့်အရေးတွေ ရသွားတာပေါ့''

ဖေမေတို့ အိမ်ထောင်ရေးပြိုကွဲရသည့် အကြောင်းအရင်းကို သိသွားရသည့်အချိန်မှာ မေမေ့ကို ပိုပြီး သနားကရုဏာသက်သွားမိသည်။ သားသမီးတွေအတွက် မေမေ တော်တော်လေး ပင်ပန်းခဲ့ရတာပါ။

ဖေဖေနဲ့ ဒီအတိုင်း အိမ်ထောင်ရေး ပြဿနာတက်လို့ ကွဲခဲ့ ကြတယ်ပဲထင်တာ။ အချစ်ကြောင့်မုန်း အစက မသိခဲ့ပေ။

မေမေက အခုမှ သူမရွေးချယ်မှုနှင့် ပတ်သက်ပြီး တိုက်ဆိုင် လို့ ပြောပြဖြစ်တာဖြစ်မည်။

''ဖေဖေ မဆုံးခင်ကတော့ ဒီမှာလာနေသွားခဲ့တာ မေမေ လက်ခံခဲ့တယ်နော်''

''အသက်ငယ်ငယ်နဲ့ ရောဂါကြီးကြီးရပြီး လောကကြီးကို အရင် ဆုံး စွန့်ခွာရမယ့်သူ့ကို သနားလို့ပါ၊ ပြီးတော့ သူက နောင်တရပြီး သားစုနဲ့အတူနေချင်နေတဲ့အချိန်လေ၊ သူ့ရဲ့အချစ်ဦး အငယ်အနှောင်းက မေမေ့လို စိတ်ရှည်သည်းခံမှုမရှိတော့ မေမေ့ကို တမ်းတတာလည်းပါမှာ ပေါ့''

''ယိမ်းက ငယ်ငယ်လေးရှိသေးတာဆိုတော့ အဲဒီအချိန်ကကိစ္စ တွ သိပ်တော့ မသိပါဘူး၊ မေမ အခုလို တရားဓမ္မနဲ့မွေ့လျော်နေတာ အေးချမ်းမှုရှာနေတာပါလားလို့တော့ တွေးမိတယ်''

''တရားအရိပ်က အေးချမ်းတယ်၊ လောကဓံကို အဆိုးအကောင်း ပိုင်တွေ့ပြီးပြီပဲ သမီးရယ်၊ ဒါပေမဲ့ သမီးလေးအတွက်တော့ မေမေ ပူမိတယ်၊ ဒါက ယုံကြည်မှုနဲ့မဆိုင်ဘူးနော် သမီး၊ ကိုယ်ရွေးချယ်

www.burmeseclassic.com

www.burmeseclassic.com



အကျိုးအပြစ်ကို ကိုယ်ပဲခံရမှာ၊ မမှားရအောင် ဆိုရင်တော့ မေမေက လမ်းပြပေးရုံပါပဲ''

''မိုက်မဲတဲ့သမီး မဖြစ်စေရပါဘူး မေမေ''

ယုံကြည်ပေးပါလို့တော့ ကတိမပေးဖြစ်။ မော်ကွန်းကြောင့် မိုက် ဖြစ်သွားမလားဆိုတာ မသိလို့ပါ။ မေမေနှင့်စကားပြောပြီး အပေါ် ထပ် တက်လာခဲ့တော့ ပြုံးပြုံးမွှန်က မအိပ်သေးဘဲ စောင့်နေ၏။

ခုတင်ပေါ်အတူယှဉ်တွဲလိုက်ပြီး ပြုံးပြုံးမွှန်ပါးကို ရွှတ်ခနဲ နမ်း မွှေးလိုက်ပြီး

''နင် ဘာမှချွန်တွန်းလုပ်မထားလို့ ကျေးဇူးပဲ မွှန်မွှန်''

''ဖယ်ပါ ပွတ်သီးပွတ်သပ် လာမလုပ်နဲ့၊ ငါက ငါမပြောလည်း နင့်အမေ ဆုံးမသွန်သင်တော့မယ်ဆိုတာ သိလို့မပြောတာ၊ ဒီအချိန်မှ ပြန်လာတဲ့သူကို နင့်အမေ မပြောဘဲနေမလား''

''ဘာဖြစ်ဖြစ်ပါ၊ မေမေဆုံးမသွန်သင်မှုတွေက ကလေးတေ အားလုံးကို အုပ်ချုပ်ခဲ့တဲ့ ကျောင်းဆရာမဖြစ်ခဲ့လို့လား မသိဘူး အရမ်း နားထောင်လို့ကောင်းတယ်''

''နာခံချင်တဲ့စိတ်လည်း ရှိမှဖြစ်မှာယိမ်း၊ နင်က မော်ကွန်းတ နဲ့ ပတ်သက်ရင် နားရောမျက်စိရောကန်းနေပြီ''

''အချစ်တွေနဲ့ အမှောင်ဖုံးနေတယ်လို့ နင်မစွပ်စွဲပါနဲ့ဦး မွှန်မွ ငါတို့ ရိုးရိုးသားသား ခင်မင်ရုံပဲ ရှိပါသေးတယ်''

''ဟိုဘက်က မကမ်းလှမ်းသေးလို့ နင်ဇဝေဇဝါ ဖြစ်နေတာ ယိမ်း၊ မဟုတ်ရင် နင်ပြတ်ပြတ်သားသား ဆုံးဖြတ်ချက်ချပြီး နေလော ပါပြီ''



''တစ်ဖက်သတ်အချစ်ဆိုတာ အဲဒါမျိုးလား မွှန်မွှန်''

''ဟဲ့ ငါ့ထက်နင့်လို စာရေးဆရာမက ပိုသိမှာပေါ့၊ ငါ့လာမေး နေရလား''

ပြုံးပြုံးမွှန်ရဲ့ ရန်ထောင်မှုကြောင့် နွဲ့ယိမ်းခင် ပြုံးလိုက်မိသည်။ ပါပေမဲ့ မဲ့ပြုံးလေးဖြစ်နေကာ

''လူတွေက အနီးကပ်ကို မမြင်နိုင်တဲ့ အနီးမှုန်တွေဆိုတာ နင်လည်းသိမှာပါ၊ သူများကိုမြင်ပြီး ကိုယ့်ကိုယ်ကို သတိမထားမိတာတွေ ရှိတယ်၊ ငါလေ အမှန်အတိုင်း ဝန်ခံရရင် သူကိုဘာကြောင့် တွယ်တာမိ သွားတယ်ဆိုတာ မသိဘူး''

''သူများထက် ထူးဆန်းပြီး ငိုတတ်တဲ့ယောကျ်ားကို တွေ့သွား လို့ နင်သတိထားမိသွားတာပါ၊ အဲဒါဟာ အချစ်ဖြစ်နိုင်သလို ရေစက်ဆိုး တစ်ခုလည်း ဖြစ်နိုင်တယ် ယိမ်း''

''ဟင် ဘာကိုရေစက်ဆိုးလဲ''

လှဲနေရာမှ ထထိုင်မိလောက်အောင် ထိတ်လန့်သွားရသည်။ ပြုံးပြုံးမွှန်လည်း ထထိုင်ကာ အင်္ကျီတွေဆွဲဆန့်နေရင်းက

''နင်က သူ့အချစ်ဦး မဟုတ်ဘူး၊ သူ့ရဲ့အချစ်ဦးအတွက် ခံစား နေတဲ့သူကို ဘာကြောင့်ချစ်မိသွားတယ်ဆိုတာ ငါတော့ မတွေးတတ် တောင်ဘဲ၊ ယောကျ်ားတွေက မိန်းမတွေအပေါ် အပြစ်ရှာတတ်တဲ့နေရာ မှာ ပညာမသင်ဘဲ ဘွဲ့တွေရထားတာနော်၊ လုံလောက်တဲ့အကြောင်းပြ ချက်မရှိဘဲ ဖောက်ပြန်ဖို့ ဗီဇပါလာပြီးသား၊ နွားဖားကြီးအထိုးခံတဲ့ ယောကျ်ား ဒီကမ္ဘာမှာရှားသွားပြီ''

''အဲဒီအထဲကမှ ထူးဆန်းတဲ့ ယောကျ်ားကို ငါတွေ့ခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



မွန်မွန်၊ ရည်းစားသစ်ရှာဖောက်တာ သူငိုတယ်၊ ပြေလည်ဖို့တွေ ညှိနှိုင်းတယ်၊ တွန်းထုတ်ခံရတာလည်း စိတ်မပျက်ဘူး၊ စော်ကားမှန်းသိရဲ့နဲ့လည်း စာနာတတ်တယ်၊ လမ်းခွဲတာကို ကြိတ်ရှိက်တဲ့ယောကျ်ား ဘယ်မှာရှိလို့လဲ''

''စိတ်ပျော့ညံ့တဲ့လူလို့ နင်ဘာလို့ အပြစ်မမြင်တာလဲ ယိမ်း၊ လူတစ်ယောက်ကို ချစ်မိသွားရင် အရာအားလုံးက အကောင်းတိုင်းဖြစ်နေတတ်တာကို ငါနားလည်ပါတယ်၊ ဒါပေမဲ့ မော်ကွန်းထင်က နင်နဲ့မတန်ဘူး''

ပြုံးပြုံးမွန်စကားကြောင့် မော်ကွန်းအတွက် ကျဉ်ခနဲ ခံစားလိုက်ရကာ

''မတန်ဘူးဆိုတဲ့စကားက အရမ်းရိုင်းပါတယ်၊ ဘာလို့ အဲလိုပြောတာလဲမွန်မွန်''

''နင်အရမ်းချစ်နေတဲ့ မော်ကွန်းထင်က နင်မဟုတ်တဲ့ တခြားတစ်ယောက်အတွက် နာကျင်နေတဲ့သူနော်၊ ဖြေသိမ့်ပေးရုံနဲ့ နင့်ကိုပြောင်းလဲပြီး ချစ်လာလိမ့်မယ်ထင်နေလား။ အားနာပါးနာနဲ့ အစားထိုးရုံလောက်ပဲဆိုရင်''

''မွန်မွန်''

''မာနကို ထိသွားတယ်ဆိုရင် ဆင်ခြင်ဖို့စဉ်းစားပါ ယိမ်း။ ငါတိုက်တွန်းမှာ မဟုတ်သလို ကန့်ကွက်မှာလည်း မဟုတ်ပါဘူး၊ ဒါပေ့ နင့်ကို ထပ်ရှုံးမှာတော့ စိုးရိမ်တယ်၊ အချစ်တွေလည်းပေးရမယ်၊ တ သက်လုံးလည်း ဒဏ်ရာတွေနဲ့ ပေးဆပ်နေရဦးမယ်ဆိုရင် မတန်ပါဘူး''

စေတနာစကားမှန်း သိပေမယ့် နာခံချင်စိတ်မရှိစွာ နှုတ်ဆိ

[illegible]၁၁၆၈



နေလိုက်မိ၏။

ဝေဒနာဆိုတာကို ကိုယ်တိုင်မွေးမြူမိပြီမို့ . . . ။

BURMESE CLASSIC .com

[illegible]၁၁၆၈

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ခုတစ်ခါ မျက်နှာချင်းဆိုင်ဆုံရခြင်းက အရင်က ရိုးသားသန့်စင်မှုတွေ ပြန်ရှာဖွေလို့မရနိုင်ဘဲ စိတ်ခံစားမှုတို့ လှိုက်ခွေးနေသည်။

လေးလေးရဲ့ တိုက်တွန်းမှုများ၊ သူငယ်ချင်းတွေရဲ့ အားပေးမှုများကြောင့် နွဲ့ယိမ်းခင် မျက်နှာလေးကို ရဲတင်းစွာတောင် မကြည့်ရဲ။ ထိုနေရာမှ ကန်ရေပြင်ဘက်ကို မျက်နှာမူ၍ လေတွေတစ်ဝရှူသွင်းရှိုက်ယူလိုက်၏။ လတ်ဆတ်သော ကန်ရေပြင်က လေနုအေးလေးကို ယိမ်းလည်း လွတ်လပ်ပေါ့ပါးစွာ ခံစားမိပါစေ။

"မော်ကွန်း"

"ဟင်"

ယိမ်းရဲ့ခေါ်သံကြောင့် ထိုင်ခုံတန်းလေးမှာ ပြန်ထိုင်မိရင်း ယိမ်းမျက်နှာလေးကို မဝံ့ရဲစွာ လှည့်မိ၏။ ယိမ်းက မျက်ခုံးလေးပင့်ပြီး

"ဘာကိုလွမ်းနေတာလဲ"





"ဗျာ"

"တော်ဝင်သူကို သတိရနေသလားလို့ပါ"

"ကျွန်တော်အသစ်က ပြန်စကြည့်ဖို့ အားယူနေပါတယ်၊ သူနဲ့ ...တ်သက်မိတာ အတိတ်ဆိုးတစ်ခုလို ချန်ထားခဲ့ဖို့ကြိုးစားရတာ၊ ယိမ်းရှိ ...နလို့ အရမ်းကြီးတော့ မပင်ပန်းပါဘူး"

"ရှင့်အနားမှာ ယိမ်းအမြဲပဲ့ယိမရှိ ရှိနေမိပြီလားမသိဘူး"

"ယိမ်းရယ် ဘယ်လိုပြောလိုက်တာလဲ၊ ယိမ်းရှိနေပေးလို့ ကျွန် ...တ် အသက်ရှူသံတွေမှန်နေတာပါ၊ ဒါဟာ တော်ဝင်သူအတွက် ခံစား ...နရတာ တစ်ခုတည်းကြောင့် မဟုတ်ဘူးနော်၊ ဘာကြောင့်မှန်း မသိဘဲ ...ကျွန်တော့်အတွက် ယိမ်းကို လိုအပ်နေလို့ပါ"

ရင်မှာ သိမ့်ခနဲ လှုပ်ခတ်သွား၏။ ဘာအတွက်လိုအပ်တာလဲ ...မေးဝံ့ဘဲ မျက်နှာလွှဲထားမိသည်။

"ယိမ်း"

"ဟင်"

အင်အားမဲ့နေတာ မဟုတ်ဘဲ တိုးလျစွာ ထူးမိသည်။ ရေမွှေးနံ့ ...ား ကိုယ်သင်းနံ့လားမသိဘဲ နီးကပ်စွာရှူရှိုက်လိုက်ရသည်။

"ကျွန်တော်ပြောမယ့်စကားကို ဘယ်သူတိုက်တွန်းမှုမှ မပါဘဲ ...စားချက်ကြောင့်လို့ ယိမ်း ယုံကြည်ပေးမလား"

"ဘာပြောမယ်မှန်း မသိဘဲနဲ့"

မျက်စောင်းနုနုလေးဖြင့် ကိုယ့်အသံနွဲ့သွားတာကို သူမကိုယ် ...ပ အံ့ဩမိရသေးသည်။ ပွင့်လင်းစွာပဲ နေထိုင်တတ်ခဲ့သူမို့ မော်ကွန်းကို ...စိကလီ ဆွဲဆောင်မိလိုက်သလားလို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မော်ကွန်းထင်ကတော့ သတိထားမိပုံမပေါ်ဘဲ

"ယိမ်းနဲ့ပတ်သက်ပြီး ကျွန်တော့်ရင်ထဲမှာ တစ်ခုခုရှိနေတယ်၊ ရှေ့ဆက်လျှောက်ရမယ့်လမ်းမှာ ယိမ်းမပါရင် ရဲရဲတင်းတင်း လျှောက်ရဲပါတော့မလားလို့ စိုးရိမ်စိတ်တွေလည်း ဝင်မိတယ်"

"အဲဒါ မော်ကွန်းက စိတ်ပျော့တတ်လို့ ဖြစ်ပါလိမ့်မယ်၊ နဂိုကတည်းက မော်ကွန်း ဒီအတိုင်းနေခဲ့တာကြာပြီပဲ"

"နာကျင်ခံစားလွယ်တယ်၊ ဝမ်းနည်းရင် ငိုတတ်တယ်ဆိုတာ ကျွန်တော် ဝန်ခံပါတယ်၊ ဒါပေမဲ့ စိတ်ပျော့လို့ ယိမ်းကို တွယ်ကပ်ချင်တဲ့သဘောမျိုးတော့ မဟုတ်ပါဘူး၊ ယိမ်းလက်ခံမယ်ဆိုရင် ယိမ်းကိုချစ်ခွင့်ရချင်ပါတယ်"

"ဟင်"

BURMESE CLASSIC .com

တောင်းဆိုတာလား အသိပေးတာလား။

ချည်ပြီးတုတ်ပြီး တစ်ခါတည်း အဖြေကောင်းသလို ဖြစ်နေတာမို့ သူမ မူနွဲ့ချိန်တောင်မရပေ။

"ယိမ်း ဘယ်လိုလဲ"

"လက်ခံမယ်ဆိုရင် ဆိုတဲ့စကားက လက်မခံရင် ချစ်ခွင့်မရအောင် မကြိုးစားတော့ဘူးလို့ အဓိပ္ပါယ်သက်ရောက်နေသလိုပဲ၊ ယိမ်းကို အပိုင်တွက်ထားတာလား။ ယိမ်းရဲ့လိုက်လျောမှုတွေက မော်ကွန်းအတွက် လွယ်မယ်လို့ ထင်နေတာလားဟင်"

"ဟာ အဲလိုသဘောမဟုတ်ပါဘူး ယိမ်းရယ်၊ ကျွန်တော့်ဘဝမှာ ယိမ်းမရှိရင် မဖြစ်ဘူးလို့ ယိမ်းကိုတန်ဖိုးထားပြီး ကျွန်တော်ပြောနေတာပါ"



"တော်ဝင်သူကို တကယ်ရော စိတ်ပြတ်လို့လားဟင်"

"ငါးရံ့နှစ်ကောင်ဖမ်းမယ့်၊ လှေနှံနှစ်ဖက်နင်းမယ့်ကောင်လို့ ထင်နေလို့လား ယိမ်း၊ ကျွန်တော် အခုလိုဖွင့်ပြောဖို့ အများကြီး စဉ်းစားခဲ့ပါတယ်၊ လေးလေးနဲ့ မင်းသူတို့တိုက်တွန်း အားပေးတာကိုလည်း ကျွန်တော် ငြင်းခဲ့ပါတယ်၊ ဘာလို့လဲဆိုတော့ ယိမ်းရဲ့လိုက်လျောမှုတွေကို ခွင့်အရေးယူတယ်လို့ ထင်မှာစိုးလို့လေ၊ ကျွန်တော့် ရင်ထဲကလာတဲ့ နှအမှန်ကို ယိမ်းအယူအဆ လွဲသွားမှာစိုးရိမ်တယ်"

"မော်ကွန်း"

"အမှန်တကယ်ဆိုရင် ဟိုတစ်ယောက်ကို မရလို့ ဒီတစ်ယောက်ကိုချစ်လိုက်တာမျိုး ဖြစ်မှာစိုးလို့ပါယိမ်း။ ကျွန်တော် ယိမ်းကိုဘာလို့ ပိုအပ်တာလဲဆိုတာ အထပ်ထပ်အခါခါ စဉ်းစားခဲ့ပါတယ်၊ ယိမ်းရှိမှ ကျွန်တော့်ဘဝ ပြည့်စုံမယ်လို့ အဖြေထွက်တယ်ယိမ်း"

သူမရင်ထဲ သိမ့်သိမ့်လှုပ်ခတ်အောင် ယိမ်းနွဲ့မိန့်မူးသွားလေသည်။ သူမကို မရှိမဖြစ်လိုအပ်နေတယ်ဆိုရင် အချစ်တွေနှင့် မပြည့်စုံတောင် ပေးဆပ်မှုတွေဖြင့် တစ်သက်လုံး အနီးကပ်နေချင်လှပါသည်။

"မော်ကွန်း"

"ဗျာ"

"တော်ဝင်သူကြောင့်ဆိုပြီး ရှင်မငိုရတော့ဘူးနော်"

"အင်း"

"သူ့ကြောင့် နာကျင်ခံစားတာတွေ မဖြစ်ရတော့ဘူး"

"ဟုတ်ကဲ့"

"သူ့ကို သတိရတာတွေ အောက်မေ့တာတွေဖြစ်ရင် ယိမ်းငို

www.burmeseclassic.com

www.burmeseclassic.com



မှာ''

''ယိမ်းရယ်''

ယိမ်းကိုယ်လေးကို ဖွဖွထွေးဖက်ပစ်လိုက်သည်။ ချစ်တယ်ဆိုသော အဖြေထက်ပိုပြီး ထိရောက်နက်နဲလှသည်မဟုတ်လား။

''ယိမ်း''

''ရှင်''

''ကျွန်တော့်ကို ခွဲမသွားပါနဲ့နော်၊ ကျွန်တော် ယိမ်းကိုချစ်တယ် ဒုတိယမြောက် ပြောမိခြင်းဖြစ်မလား မသိပေမယ့် ကျွန်တော် ခုတစ်ကြိမ်ပြောတာ အလေးနက်ဆုံးပါ၊ အမှန်အတိုင်း ဝန်ခံရင် ယိမ်းယုံမလား''

''ဘာကိုလဲ''

''တော်ဝင်သူကို အရွယ်ရောက်လို့ စိတ်ကစားပြီး ရည်းစားထားချင်တဲ့စိတ်တစ်ခုနဲ့ ဖြစ်သွားတာလို့ အောက်မေ့တယ်၊ ဘာလို့လဲဆိုတော့ ချစ်တယ်ဆိုတဲ့စကားကို တစ်ခါလောက်ပဲ ပြောမိလိုက်တယ်လို့ ကိုယ့်ကိုယ်ကိုယ် သတိထားမိလို့ပါ၊ ယိမ်းကိုကျတော့ အဲလိုမဟုတ်ဘူး''

''ဟင်''

''ယိမ်းကို ဖွင့်ပြောသင့် မပြောသင့် အကြိမ်ကြိမ်ရေရွတ်ကြည့်မိရင်း ရင်တွေတအားခုန်တယ်၊ မပြောဘဲနဲ့ ဒီအတိုင်းတွယ်ကပ်နေရမှာလည်း အားနာတယ်၊ ယိမ်းမရှိရင်မဖြစ်ဘူးဆိုတဲ့အသိက အဲဒီလို ဖွင့်ပြောဖြစ်အောင် တိုက်တွန်းလိုက်တယ်လို့ ကျွန်တော်ထင်တယ်၊ ကျွန်တော် ယိမ်းကို ဆုံးရှုံးလိုက်ရမှာ ကြောက်တယ်လေ''

''မော်ကွန်းရယ် ရှင့်စကားတွေက ယိမ်း လှုပ်လို့မရအောင် တုပ်နှောင်နေသလိုပဲ၊ ယိမ်းလည်း ရှင့်အနားက မခွာနိုင်ပါဘူး မော်ကွန်း၊



ယိမ်းတစ်ယောက်တည်း နေရတဲ့အချိန်တွေဆို အားမရှိသလိုပဲ မော်ကွန်းကို တွေ့ရဖို့ လာနေရတဲ့အချိန်တစ်ခုပဲ အသက်ရှူမှန်တယ်''

''တော်ဝင်သူထက် အရင်စောပြီးတွေ့ရရင် ဘယ်လောက်ကောင်းမလဲနော်''

''အခုလည်း နောက်မကျပါဘူး ယိမ်း၊ ကျွန်တော့်ရင်ထဲမှာ ယိမ်းက အရင်ဦးဆုံးပါ၊ သူ သစ္စာမဲ့လို့ ယိမ်းနဲ့တွေ့ရတာ၊ သူ့ကိုတောင် ကျေးဇူးတင်ရမယ်၊ ဟုတ်လားဟင် ယိမ်း''

ယိမ်း ပြုံးပြုံးလေးနှင့် ခေါင်းညိတ်ပြလိုက်ပါ၏။

''သူ သစ္စာကုန်လို့ ဖူးစာဆုံရတာ ယိမ်းတို့အတွက် ကံကောင်းခြင်းတွေ ဖြစ်ချင်ပါတယ်''

''ဖြစ်ရမှာပေါ့ ယိမ်းရယ်၊ ဖြစ်ရမှာပါ၊ ကျွန်တော် ယိမ်းကို ဘယ်တော့မှ စိတ်ဆင်းရဲအောင် မလုပ်ဘူးနော်၊ ကျွန်တော် ငိုကြွေးအောင်လည်း မထားခဲ့ပါနဲ့ ယိမ်း''

''ဟင့်အင်း ရှင့်အနားမှာ ယိမ်းအမြဲနေမှာ''

သစ္စာစကားများဖြင့် နှစ်ယောက်သား တစ်လောကလုံး မေ့လျော့သွားကြသည်။ တစ်ယောက်ရင်ခွင်မှာတစ်ယောက် ခိုနားလို့ ရင်ခုန်သံတွေကိုလည်း နားထောင်ဖြစ်၏။

အချစ်က လရောင်ဖြစ်ခဲ့သော် အနမ်းက ဝတ်ရည်စုတ်သော ပျားပိတုန်းမို့ ငြိတွယ်ခြင်းဆိုတာ သူမနှင့်သူ့ရဲ့ ကမ္ဘာငယ်လေးတစ်ခု . . ။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"စိတ်ကူးယဉ်တယ်ဆိုတာ ခဏလေးနဲ့ ပျက်ပြယ်သွားတတ်တယ် မော်ကွန်း၊ မင်း ယိမ်းကို တကယ်ချစ်တာရော ဟုတ်ရဲ့လား"

"အကန်းရေတွင်းထဲကျသလို ရေငတ်လို့ ရေတွင်းထဲခုန်ဆင်းတာပါလို့ အရှက်ပြေတော့ မပြောနဲ့ကွာ၊ ယိမ်းကို လွယ်လွယ်ရတယ်လို့ မအောက်မေ့စေချင်ဘူး"

စိုးနောင်နှင့်မင်းသူစကားတွေက ယိမ်းကို တန်ဖိုးထားစေချင်လို့ဆိုတာ သူ နားလည်နေသည်။ ယိမ်းဆီက အဖြေရတာ မြန်သားပဲလို့ ခနဲ့မည်ထင်ထားသော်လည်း သူ့ကိုသာ ဝေဖန်နေကြ၏။ ကိုယ့်အတွက်လည်း ယိမ်းက ဘယ်လောက်တန်ဖိုးရှိသည်ဆိုတာ သိစေချင်သည်။

"မင်းတို့ပြောတာတွေ ငါ နားလည်ပါတယ်၊ အချစ်ဆိုတာ တစ်ယောက်က မုန်းလို့ တစ်ယောက်ကိုချစ်သွားရတာမျိုး မဟုတ်ဘူး။ နီးစပ်မှုကြောင့်ဆိုတာထက် ယိမ်းရဲ့ပေးဆပ်မှုတွေက ငါ့နှလုံးသား



ပြောင်းလဲအမြစ်တွယ်ခွင့်ပေးခဲ့တာ၊ ဒါကို လွယ်လွယ်ရတယ်လို့ သဘောထားလိုက်ရင် အချစ်နတ်က ငါ့ကို အပြစ်ဒဏ်ပေးခံရမှာပေါ့ကွာ"

"မင်း နားလည်တယ်ဆို ပြီးတာပါပဲ၊ ယိမ်းက တော်ဝင်သူ မဟုတ်ဘူးနော်၊ မင်းအတွက် အချစ်ဦးမဖြစ်တောင် နှလုံးသားအတွက် ပစ္စာရှိမယ့် အဖြည့်ခံပဲ မော်ကွန်း"

"ငါ ယုံပါတယ်၊ ယိမ်းရဲ့ဖြူစင်ရိုးသားမှုလေးက ငါ့နှလုံးသားကို ဆောင်လှုပ်ကိုင်လိုက်တာပဲ"

"ဟာ ဟိတ်ကောင် တော်ဝင်သူ ဒီဘက်လျှောက်လာနေတယ်၊ ဘာမှေဦးမလို့လဲမသိဘူး၊ ဒီနေ့ သူ့ပါတနာနဲ့ လိုက်မပို့ဘူး ထင်တယ်"

မင်းသူ ပြောနေဆဲမှာ သူတို့အနားကို တော်ဝင်သူ ရောက်လာသည်။ မမြင်ချင်ဟန်ဆောင်၍ ကျော်သွားစဉ်မှာ

"မော်ကွန်း"

ဘာမှမဖြစ်ထားသလို မျက်နှာပြောင်စွာ လက်ကိုလှမ်းဆွဲကာ ပါတော့ တော်ဝင်သူ လက်ကို ဖျတ်ခနဲပုတ်ချမိရင်း

"ငါ နင်နဲ့ပြောစရာရှိလို့ အပြင်သွားရအောင်"

"နင့်မှာဘာပြောစရာရှိနေလဲ မသိပေမယ့် ငါ့မှာတော့ မရှိဘူး။ စာသင်ခန်းသွားတက်မှာမို့ အချိန်လည်းမရှိဘူး"

"အဲလောက် သူစိမ်းမဆန်ပါနဲ့ မော်ကွန်း၊ နင်နဲ့ငါက"

"သုံးနှစ်လောက် တွဲခဲ့တာပါလို့ ပြောဦးမလို့လား၊ ပြီးသွားပြီလေ နင် အရင်ဆုံးလမ်းခွဲခဲ့တာ တော်ဝင်သူ၊ ငါ ဝမ်းနည်းလို့ ကြွေးကျော်နေတာမဟုတ်ဘူး၊ ဘာမှမဆိုင်တော့ဘူးဆိုတာ နင်သိစေချင်တာ"

ပြောရင်းနှင့်ရှောင်ထွက်လိုက်ပြန်တော့ တော်ဝင်သူက ရှေ့ကနေ

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ရပ်လိုက်၏။ ခပ်လှမ်းလှမ်းက ရပ်ကြည့်နေသော မင်းသူတို့က အငြ အနေကို အကဲခတ်နေသည်။

"နင့်ကို ပါးရိုက်မိလို့ ငါ့ကိုစိတ်နာနေတာလား၊ အဲဒီအတွက် နင့်ကိုတောင်းပန်ချင်နေတာပါ"

"အဲဒီအတွက်ဆိုရင်တော့ ထားလိုက်ပါတော့၊ ငါ မေ့ထားလိုက် ပြီ"

"မဟုတ်ပါဘူး ငါမှားတာ ငါလွန်တာ ငါတောင်းပန်ရမှာပေ အဲဒီနေ့က ငါ စိတ်လွတ်သွားလို့ပါ၊ နင် အရမ်းစိတ်နာသွားမှာပဲနော်"

"ကျွတ် ဒီကိစ္စ ငါ မေ့ထားလိုက်ပါပြီဆိုတာ ပြန်အစဖော် တောင်းပန်မနေနဲ့"

"မော်ကွန်း"

"အာ"

ရင်ခွင်ထဲ တိုးဝင်မတတ် နီးကပ်စွာရပ်ပြီး သူ့မျက်နှာကို ဦ ရီနေသော မျက်ဝန်းများဖြင့် ကြည့်နေတာမို့ သူ နောက်ခြေတစ်လှ ဆုတ်လိုက်ရသည်။ တော်ဝင်သူပုံစံက သူ့ကို မရမက ခေါ်ထုတ်သွား ဟန်တူသည်။

ဒီလိုအခုတစ်မျိုး တော်ကြာတစ်မျိုး မျက်နှာပြောင်ပြေ ပြောင်းလဲတတ်သော မိန်းကလေးကို သူ အရမ်းမုန်းသွား၏။

"မော်ကွန်း ဟိတ်ကောင် သွားမယ် လာ"

သူ ဘေးကျပ်နံကျပ်ဖြစ်နေတာကို မင်းသူက စိတ်မရှည် ပခုံးလာဖက်၍ခေါ်၏။ ဒါကို တော်ဝင်သူက မင်းသူကို မျက်စောင်းဝင့်

"ဟဲ့ ဒီမှာ မော်ကွန်းကို ငါ စကားပြောမလို့ ခေါ်နေတာ



မတွေ့ဘူးလား"

"သူ မလိုက်ဘူးလို့ပြောနေတာရော နင် မကြားဘူးလား"

"အဲဒါ နင့်ကိစ္စမဟုတ်ပါဘူး၊ သူနဲ့ငါ ဘာဆိုတာ"

"အေးသိတယ်၊ နင်က မော်ကွန်းထင်ဆိုတဲ့ ချစ်သူရှိလျက်နဲ့ အင်တာနက်ကနေ ဖူးစာရှင်ရှာပြီး စေ့စပ်ပြီး ဒီကောင်ကို ရင်ကွဲနာကျ အောင် လုပ်ထားတာမဟုတ်လား၊ အေး ဒီကောင်လည်း အခုသူ့မှာ ချစ်သူရှိနေပြီ"

"ဘာ"

"မကြားလိုက်ဘူးလား၊ ထပ်ပြောမယ် ဒွဲ့ယိမ်းခင်ဆိုတဲ့ စာရေး ဆရာမနဲ့ သူနဲ့ ချစ်သူတွေဖြစ်နေကြပြီ၊ မကြာခင် လက်ထပ်တော့မှာ၊ နင့်ထက်အရင်တောင် မင်္ဂလာဆောင်ဖြစ်မလားမသိဘူး"

"မင်းသူ"

ပခုံးချင်းတိုက်ကာ ဟန့်တော့ မင်းသူ ဆတ်ခနဲခါ၏။

"ငါပြောတာ မဟုတ်လို့လား၊ မင်းမှာချစ်သူရှိတာ ပွင့်ပွင့်လင်း လင်းပြောလိုက်လေ"

"ဟုတ် ဟုတ်တယ် တော်ဝင်သူ၊ နင်လည်း နင့်လမ်းနင်လျှောက် ဖို့ရွေးချယ်ထားသလို ငါလည်း ငါ့ချစ်သူနဲ့ ငါလျှောက်ဖို့ ရွေးချယ်ထား တယ်၊ တစ်လမ်းစီဖြစ်သွားကြချိန်မှာ စိတ်အနှောင့်အယှက်ဖြစ်အောင် မလုပ်ပါနဲ့"

"နင့်ကိုငါ သနားလိုက်တာ မော်ကွန်းရယ်"

"ဘာ"

စိတ်မကောင်းသလို သူ့မျက်နှာကို ကရုဏာသက်စွာကြည့်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြောတော့ နားမလည်နိုင်အောင်ဖြစ်သွားရပြန်၏။ မင်းသူနှင့်စိုးနေ
လည်း တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ကြောင်တောင်တေ
ဖြစ်သွားကြသည်။

တော်ဝင်သူက သူ့လက်ကလေးကို ညင်သာစွာ ဆုပ်ကိုင်ထ
ပြီး

"ငါ့ကြောင့် နင် အဲလောက်တောင် သွေးရူးသွေးတန်း လျှေ
လုပ်နေပြီနော်၊ ငါ့ကိုအရွဲ့တိုက်တာပဲဖြစ်ဖြစ် ငါ့ကြောင့်ခံစားနာကျင်ေ
တာတွေ သက်သာချင်တဲ့စိတ်ကြောင့်ဖြစ်ဖြစ် နင် အဲလိုတွေ လုပ်နေတာ
ငါ အပြစ်မယူပါဘူး"

"ဟာ အဲဒါကြောင့် မဟုတ်ပါဘူး၊ အဲလိုစိတ်ကြောင့် ငါလုပ်
တာမဟုတ်ဘူး၊ ငါ တကယ်ချစ်တဲ့သူကို ငါတွေ့သွားတာ"

"အေးလေ မာနကိုထိခိုက်ထားတာဆိုတော့ နင် အဲလိုဆုံးဖြ
ချင်လည်း ဆုံးဖြတ်နိုင်တာပဲ၊ ဒါပေမဲ့ နင်လည်း ငါ့လိုပဲ နောင်တ
အဖြစ်မျိုးကြုံရမှာပါ၊ အဲဒါကြောင့် ငါ့လိုအချိန်မီ ပြင်လိုက်ပါမော်ကွ

"ပြင်ရမယ် ငါက ဘာကိုပြင်ရမှာလဲ"

"ငါ ဟိုလူနဲ့ လက်မထပ်တော့ဘူး"

"ဟင်"

"အချစ်နဲ့ရွေးချယ်ခဲ့တာမဟုတ်တဲ့အတွက် ငါ အခုအ
ပင်ပန်းနေတယ်၊ အဲဒီဒဏ်ကို ငါမခံနိုင်တော့ဘူး၊ အဲဒါကြောင့်
နောက်ဆုတ်လိုက်တာ၊ နင်ပြောသလိုပဲ ငါတို့နှစ်ယောက်လုံး စိတ်ဆ
ရမယ့်လမ်းကို ငါ အစတည်းက မရွေးချယ်သင့်ဘူး"

သူ စိတ်ရှုပ်သလို ခေါင်းကိုစုံကုတ်ပစ်လိုက်သည်။ တော်ဝ



က တစ်မျိုးပြီးတစ်မျိုး မရိုးနိုင်အောင်ကို ပရိယာယ်တွေများလွန်း၏။
မင်းသူက သူ့လက်မောင်းကို ဖတ်ခနဲ လက်သီးနှင့်ထိုးကာ

"သူပြောတဲ့စကားတွေ မင်းဆက်နားထောင်နေဦးမှာလား မော်
ကွန်း၊ နားထောင်မယ်ဆို နေခဲ့တော့"

"မ မနေပါဘူး ငါ မင်းတို့နဲ့လိုက်မှာပါ"

"မော်ကွန်း"

ဆွဲခေါ်ခဲ့တာတောင် တော်ဝင်သူ အသံကြားတော့ လှည့်ပြန်
လှည့်ကြည့်နေသေးသည့် မော်ကွန်းထင်ရဲ့မပြတ်သားမှုကို မင်းသူတို့
အားမရချေ။ ဒီမိန်းကလေး ဒီလိုတွေလုပ်နေတာ ဒီတစ်ခါပဲ ရပါ့မလား။

နွဲ့ယိမ်းခင်သိလျှင် စိတ်မကောင်းဖြစ်နေပေဦးမည်။ ဒါပေမဲ့
နွဲ့ယိမ်းခင်ကို အသိမပေးလို့လည်း မဖြစ်ပေ။ ဒီအတိုင်းဆိုလျှင် မော်ကွန်း
ထင်က တော်ဝင်သူကျော့ကွင်းမှာ မိသွားနိုင်သည်မို့ . . .။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

"ကျွန်တော်တို့လည်း မပြောချင်ပေမယ့် ယိမ်း သိသင့်တ ထင်လို့ပါ၊ တော်ဝင်သူက အရမ်းကိုမျက်နှာပြောင်လွန်းတယ်၊ မော်ဂ ရှောင်ရင် ပိုပြီးတွယ်ကပ်မှာ၊ သူ့ကြောင့်သာ မော်ကွန်း ကယောင်ချေ ချား သွေးရူးသွေးတန်း ဖြစ်နေတယ်ထင်နေတာလေ"

"တော်ဝင်သူစိတ်ထဲမှာ မော်ကွန်းကို ကစားစရာအရုပ်တ လို့ ထင်နေတာ၊ သူ ဆော့ချင်တဲ့အချိန်ဆော့မယ်၊ မဆော့ချင်ရင် ထားလိုက်၊ စိတ်ပါလာပြီဆို ပြန်ကောက်ဆော့လိုက်နဲ့ မပြတ်မသား ဝေအားနာတတ်တဲ့ မော်ကွန်းတော့ ရူးမှာပဲ ယိမ်း"

စိုးနောင်နှင့်မင်းသူပြောသော စကားတွေ နားထောင်ပြ ယိမ်းခင် စိတ်တွေ လှုပ်ရှားတုန်ယင်လာသည်။ တော်ဝင်သူက ဖွတ် ကပ်လျှင် မော်ကွန်း ရုန်းထွက်နိုင်မှာမဟုတ်ပေ။

"ဒါဆို ယိမ်း ဘယ်လိုလုပ်ရမလဲဟင် ကိုမင်းသူ"



"အခုဟာက ယိမ်းလုပ်ရမှာမဟုတ်ဘူး၊ မော်ကွန်း ပြတ်သားရ ။ တော်ဝင်သူ ကလိမ်ကကျစ်ပြောတာ တစ်ခါနှစ်ခါခံရတာလည်း ဟုတ်ဘဲနဲ့ တွေဝေသွားတာကို မကြိုက်တာ၊ တကယ်ဆို နင် ဘာ ပြောစိတ်မဝင်စားဘူး၊ ငါ့မှာချစ်သူရှိတယ်ဆိုပြီး ပြတ်ပြတ်သားသား ာလိုက်ရမှာ"

"ဟင် သူအဲလို မပြောဘူးလား"

"သူ တုံ့ဆိုင်းနေလို့ မင်းသူက ဝင်ပြောပေးရတယ်၊ ဒါပေမဲ့ ာ်ဝင်သူ မယုံဘူး၊ သနားလိုက်တာလို့တောင် အလှောင်ခံရတယ်၊ ့ကြောင့်ပဲ မော်ကွန်းက ကယောင်ချောက်ချား ရူးကြောင်ကြောင် ူးရူးသွေးတန်း လျှောက်လုပ်နေတဲ့ပုံစံမျိုး"

"ဒါဆို ယိမ်းက မော်ကွန်းချစ်သူပါလို့ တော်ဝင်သူကို သွား ာရမှာလား"

"မော်ကွန်းကို ဒီအတိုင်း လွှတ်မထားသင့်တာတော့ သေချာ ယ်၊ ဖြစ်နိုင်ရင် သင်တန်းကို လိုက်လာပါလား ယိမ်း"

"ရှင်"

"မဏ္ဍာပ်တိုင်တက်ပြသင့်ရင် တက်ပြရမှာပဲယိမ်း၊ မော်ကွန်း သူဆိုတာ တော်ဝင်သူ သိသွားအောင်လို့ပေါ့"

"အဲလိုလုပ်ရမှာ ရှက်စရာကောင်းမနေဘူးလား ကိုမင်းသူရယ် ်ကွန်းကိုယ်တိုင်က ရည်းစားဦးကိုအားနာနေတယ်ဆိုရင်"

"ယိမ်း မော်ကွန်းကို စွန့်လွှတ်နိုင်သလား"

"ဟင့်အင်း"

ကပျာကသီ ခေါင်းယမ်းမိ၏။ ရှက်ဖို့သတိမရတာက မော်ကွန်း

www.burmeseclassic.com

www.burmeseclassic.com



ကို တော်ဝင်သူ ပိုင်ဆိုင်ခွင့်ရအောင် ကြိုးစားလိုက်မှာစိုးရိမ်လို့ပင်။ မင်းသူ က နားလည်စွာဖြင့်

"ဒါဆိုရင် ယိမ်း သတ္တိရှိသင့်တယ်၊ တော်ဝင်သူနဲ့လည်း မျက်နှာချင်းဆိုင်သင့်တယ်၊ မော်ကွန်းရဲ့အားနည်းချက်က အားနာတတ်တာနဲ့ စိတ်ပျော့တာပဲ၊ ယိမ်းကိုမချစ်လို့မဟုတ်ရင်တောင် တော်ဝင်သူ မျက်ရည်ခံထိုးလာရင် ခံနိုင်ရည်ရှိမှာမဟုတ်ဘူး"

အားလျော့စွာ သက်ပြင်းတွေ တိုးခွေ့ထွက်သွား၏။ တော်ဝင်သူကို သံယောဇဉ်ကင်းစွာ မဖြတ်တောက်နိုင်လျှင် သူမရဲ့လိုက်လျောမှုများက ပေးဆပ်မှုသက်သက်သာ ဖြစ်ပေတော့မည်။ စွန့်လွှတ်ဖို့ကျတော့လည်း ရင်မှာအမြစ်တွယ်ကာ ချည်နှောင်ပြီးပြီမို့ လွှမ်းလောက်လို့လားဟု ဥပေက္ခာပြုဖို့ အင်အားမရှိ။

မင်းသူတို့က လမ်းထိပ်က လက်ဖက်ရည်ဆိုင် လာခဲ့ပါဆိုတော့ ဒီအကြောင်းပြောဖို့လို့ မထင်မိ။

"ကိုမင်းသူ"

"ပြောလေ ယိမ်း ဘာမေးချင်လို့လဲ"

"သူ အခုဘယ်မှာလဲ"

"သင်တန်းတက်ဖို့တော့ အတူတူထွက်လာကြတာ၊ ယိမ်းကို ဒီအကြောင်းတွေပြောချင်တာနဲ့ ငါတို့ဝင်စရာရှိလို့ဆိုပြီး ချန်နေခဲ့လိုက်တာလေ"

"ဒါဆို သူသင်တန်းမှာပေါ့"

"အင်း ရောက်နေပြီပေါ့"

ဘာလို့ စိတ်ချလက်ချ တစ်ယောက်တည်းလွှတ်လိုက်တာလဲလို့



...သူတို့ကို အပြစ်တင်မနေချင်တော့။ စားပွဲဝိုင်းကနေ ထလိုက်ပြီး

"ကိုမင်းသူတို့ ယိမ်းကားနဲ့ လိုက်ကြမလား"

"ဘယ်ကိုလဲ သင်တန်းကိုလား"

"မော်ကွန်းကို တွေ့ချင်ရင် ဖုန်းဆက်ခေါ်လိုက်လေ"

"သူ့အခြေအနေကို သိချင်တာ၊ သူနဲ့ချိန်းမထားဘဲ သွားလိုက် ...ဘာတွေဖြစ်လာမလဲလို့"

"အဲဒါဆို ယိမ်း သွားလိုက်ပါ၊ ဒီကသွားမှာနဲ့ဆိုရင် သင်တန်း ...းချိန်လောက်တောင် ရောက်နေပြီဆိုတော့ ပြန်လိုက်တော့မယ်၊ ကျွန် ...်တို့က မော်ကွန်းကားကို ယူလာတာ"

"ဒါဆို သူ့ကိုကြိုရင်းနဲ့ ယိမ်း သွားလိုက်တော့မယ်နော်"

မင်းသူတို့ကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ မော်ကွန်းကို ...ွ့ရဖို့ သူမစိတ်တွေ လှုပ်ရှားနေ၏။

ရှင့်ကို ဘယ်လိုမှ မစွန့်လွှတ်နိုင်လို့ပါ မော်ကွန်းရယ်။

■ ■ ■

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"ဟင်"

သင်တန်းခန်းမတွေက အဆင်းလှေကားထစ်အဆုံးမှာ ကြို စောင့်နေသော တော်ဝင်သူက သူ့ရှေ့ကနေ ပိတ်ရပ်ထားတာမို့ ရှောင်ဖယ်သွားဖို့ အခက်တွေ့နေသည်။

"မော်ကွန်း"

"ဘာလဲ ဘာပြောဦးမလို့လဲ တော်ဝင်သူ၊ နင်နဲ့ငါ့ကြားမှာ ဘာအကြောင်းမှမရှိတော့ဘူးနော်"

"နင် စိတ်ဆိုးနေတာ ငါသိပါတယ်၊ အဲဒီကိစ္စ နင်နဲ့အေးအေးဆေးဆေး စကားပြောချင်တယ် မော်ကွန်း"

"ငါ နားမထောင်ချင်ဘူး"

"မရဘူး မပြောရရင် နင့်နောက်ကနေ ငါ အခုလို တွယ်ကပ်လိုက်နေမှာပဲ"

[illegible]



"အာ ရှုပ်လိုက်တာဟာ"

"ရန်သူတောင် အလံဖြူပြ လက်နက်ချအရှုံးပေးရင် ကျေအေးသေးတာပဲ၊ နင်နဲ့ငါက ချစ်သူတွေတောင် ဖြစ်ခဲ့သေးတာ၊ ဘာလို့ပြောတဲ့စကားလေးတောင် နားမထောင်ချင်ရတာလဲ"

"ကျွတ်"

ရှောင်ထွက်ပြီး လျှောက်လျှင် တော်ဝင်သူက ဘေးကနေကပ်ကာပြီး တတွတ်တွတ် ပြောသည်။ တချို့က စိတ်ဝင်စားကာ ကွက်ကြည့်ကွက်ကြည့်။

တော်ဝင်သူစေ့စပ်လိုက်တာလည်း အားလုံးသိသလို သူ ပါးရိုက်ခံရတာလည်း အားလုံးကသိနေကြသည်။ အခုလိုဖြစ်လာပြန်တော့ မစပ်စုဘဲ နေပါတော့မလား။

"နင် ဘာပြောမှာလဲ၊ ဒီမှာပဲ ပြောစရာရှိတာပြောပြီး သွားတော့ တော်ဝင်သူ"

အထွက်လမ်း အုတ်တံတိုင်းအကွယ်လေးမှာ ရပ်၍ ပြောလိုက်သည်။ လူရှင်းသည့်နေရာလေးမို့ သူမပြောချင်တာပြောပြီး ပြန်သွားအောင် လွှတ်ပေးလိုက်၏။

တော်ဝင်သူက သူ့မျက်နှာကို စူးငေးငေးလေး စိုက်ကြည့်နေကာ

"အခုတလော နင့်မျက်နှာလေး ချောင်သွားတယ်နော်၊ ငါ့ရဲ့ ကပ်ဖဲ့မှုတွေအတွက် နင် အရမ်းခံစားလိုက်ရလား မော်ကွန်း"

"အဲဒီအကြောင်းအရာတွေ ငါ အားလုံးမေ့ထားလိုက်ပြီ တော်ဝင်သူ၊ ငါ့မှာချစ်သူရှိတယ်၊ ငါ့မှာရှိသမျှ အချစ်တွေအားလုံး ငါ့ချစ်သူကို ပေးထားလိုက်ပြီ၊ နင့်အတွက် ခံစားစရာ ဘာမှမကျန်တော့ဘူး"

[illegible]

www.burmeseclassic.com

www.burmeseclassic.com



"ဒီလောက်အချိန်တိုတိုလေးမှာ လွယ်လွယ်လေးတွေ့ပြီး ချစ်သွားတဲ့သူက ငါ့လို သုံးနှစ်သုံးမိုး တွဲခဲ့တဲ့သူထက် သံယောဇဉ် ခိုင်မြဲနိုင်မှာလား"

"အဲဒါ ငါ့အကြောင်းပါ၊ ငါ့ကိစ္စကို စိတ်မဝင်စားဘဲ နင့်ဘဝမှာ နင် ပျော်အောင်နေပါ"

"ငါပျော်အောင် မနေနိုင်လို့ စေ့စပ်ပွဲကိုတောင် ဖျက်ဖို့စဉ်းစားနေတာ"

"အဲဒါ ဒုတိယအကြိမ်မြောက် ဆင်ခြေမဟုတ်လား၊ ဟိုတစ်ခါလည်း နင် ဒီအတိုင်းပဲပြောခဲ့တာပဲ၊ ငါ နင့်ကိုအားနာပြီး ပြန်လိုက်လျော မိတာ၊ ပါးရိုက်ခံလိုက်ရတာ အဖတ်တင်သွားတယ်လေ"

"မော်ကွန်းရယ်"

တော်ဝင်သူ ခံစားမှုအပြည့်ဖြင့် မျက်ရည်များပင် လည်နေ၏။ ဗရုယာယ်တွေ မာယာတွေဆိုတာ သိနေ၍ မော်ကွန်းထင် မျက်နှာလွှဲလိုက်သည်။ မင်းသူတို့ပြောသလို ဒီလိုကိစ္စက တစ်ခါနှစ်ခါ ခံရတာမှ မဟုတ်တာ။

ဒါပေမဲ့ သူများမျက်ရည်ကို မြင်လျှင်လည်း ဝမ်းနည်းတတ်သူမို့ ရင်ထဲမှာမကောင်းပေ။

"တော်ဝင်သူ ငါသွားတော့မယ်"

"နေ နေပါဦး မော်ကွန်းရယ်၊ ငါပြောတာလေးကို သေချာနားထောင်သွားပါဦး၊ အခု ငါနဲ့စေ့စပ်လိုက်တဲ့သူက အခု ငါနဲ့နင့်ကိစ္စကို သဘောထားသေးပြီး မေးတယ်၊ ပတ်ဝန်းကျင်ကပြောတာတွေကို နားယောင်တယ်၊ ဟိုတစ်လောက အဲဒါကြောင့် သင်တန်းကို သူ လိုက်လိုက်



...တာ၊ ငါလည်း နင့်ကို ပါးရိုက်မိတဲ့အထိတောင် သူယုံအောင် လုပ်ပြ...တာပဲ"

"ဘာ ငါ့ကိုပါးရိုက်တာ သူယုံကြည်အောင် ဟုတ်လား"

"အဲဒါကြောင့် ငါပိုပြီး နောင်တရတာပေါ့ဟာ၊ အဲလိုလုပ်ပြတာ...င် သူ သံသယဝင်နေဆဲပဲဆိုတော့ ငါတို့ လမ်းခွဲတာ ဘာအဓိပ္ပါယ်...တာ့မှာလဲ"

"ငါ သူ့ကို နင်နဲ့ငါက ဘာမှမသက်ဆိုင်ဘူးဆိုတာ ရှင်းပြလိုက်...် သူ နားလည်သွားပါလိမ့်မယ်"

"ဟင့်အင်း နင် အဲလိုလုပ်ပေးစရာမလိုဘူး၊ ငါ့ရင်တွေ ထပ်ပြီး...ကျင်ချင်တော့ဘူး မော်ကွန်းရယ်၊ နင့်လိုစိတ်သဘောထား ပြင့်ပြတ်...သူ၊ ငါ့အပေါ် နားလည်မှုပေးပြီး ချစ်နိုင်တဲ့သူမဟုတ်ဘဲနဲ့ ငါ သူ့ကို...က်မထပ်တော့ဘူး၊ နော် မော်ကွန်း ငါတို့အရင်လိုပျော်စရာ ကြည်နူး...ကောင်းတဲ့အချိန်လေးကို ပြန်သွားရအောင်"

"ကျွတ် တော်ဝင်သူရာ"

ရင်ခွင်မှာ တိုးကပ်လာတော့ ရှေ့တိုးဖို့ခက်၊ နောက်ဆုတ်လို့မရ...် အုတ်နံရံမှာ ကပ်လျက်။ သူ အသက်ရှူကြပ်နေရသည်။

"မော်ကွန်း"

"ဟင် ယိမ်း ယိမ်း"

"အဲဒါ ဘယ်လိုဖြစ်နေတာလဲ၊ ဒီကိုလာခဲ့"

"အဲဒါ ဘယ်သူလဲ မော်ကွန်း"

မြင်ကွင်းက အသည်းနှလုံးတွေ ဆတ်ဆတ်ခါသွားစေတာမို့...ံတွေ တုန်ယင်အောင် ခေါ်လိုက်မိ၏။ တော်ဝင်သူက မော်ကွန်းထင်ကို

www.burmeseclassic.com

www.burmeseclassic.com



လွတ်မြောက်ခွင့်မပေးဘဲ မထိမဲ့မြင် မေးခွန်းထုတ်သည်။

မခံရပ်နိုင်စွာ မော်ကွန်းထင် လက်ကိုဆောင့်ဆွဲခေါ်လိုက်ပြီး

"သူမေးနေတယ်လေ၊ ဖြေလိုက်ပါလား၊ ဘာလို့ ပြူးကြောင်ပြီးကြည့်နေတာလဲ"

"ယိမ်း ယိမ်းရောက်လာတာ အံ့သြလို့ပါ၊ ဘယ်လိုဖြစ်ပြီး"

"ယိမ်းကို မေးမနေနဲ့၊ သူမေးတာကို ဖြေလိုက်ဦး၊ မဟုတ်ရင် သူ ရှင့်ကိုတွယ်ကပ်နေဦးမယ်"

"ဩော် ဟိုလေ ယိမ်းက နွဲ့ယိမ်းခင်တဲ့၊ ငါ့ချစ်သူလေ"

"နင်ပြောတာ သူလား၊ မဆိုးပါဘူး၊ စာရေးဆရာမဆိုပေမယ့် ကြည့်ပျော်ရှုပျော်ရှိသားပဲ၊ တို့က တော်ဝင်သူပါ မော်ကွန်းထင်ရဲ့သုံးနှစ်လောက် သံယောဇဉ်ကြီးကြီးနဲ့ တွဲခဲ့တဲ့ချစ်သူ"

မနိုးမခန့်ပြုံးလျက် လက်ကိုပင်ကမ်းပေးနေသေး၏။ လက်ဆွဲနှုတ်ဆက်ခြင်းမပြုဘဲ နွဲ့ယိမ်းခင် မသိချင်ဟန်ဆောင်ကာ မော်ကွန်းထင်ကို မော့ကြည့်ပြီး

"သွားကြမယ်လေ မော်ကွန်း၊ လေးလေးက အိမ်လည်ခေါ်ထားလို့ ယိမ်း ဒီနေ့မော်ကွန်းအိမ်ကို လိုက်ခဲ့မယ်"

"ဟင် ဩော် လိုက်ခဲ့လေ ယိမ်း"

"ငါ့ရှေ့မှာ ယောင်တောင်တောင် သရုပ်ဆောင်ပြနေလည်း အပိုပဲ မော်ကွန်း၊ ငါ ခုနကပြောပြီးပြီလေ၊ အခုမှ ငါ့ကြောင့်စိတ်လေပြီး ကောက်ခါငင်ခါ အစားထိုးလိုက်တဲ့ နွဲ့ယိမ်းခင်က ငါ့လောက်ချစ်နိုင်ပါ့မလားလို့"

"တော်ဝင်သူ မင်းအရှက်မရှိ တိုက်ခိုက်မနေနဲ့၊ မော်ကွန်းထင်



ကို ဒဏ်ရာတွေပေးနေတာ ရပ်တန်းကရပ်လိုက်ပါတော့၊ မော်ကွန်းက အားနာလို့ လိုက်လျောတာကို အတယ်လို့ ထင်ပြီး အကြိမ်ကြိမ်စော်ကားဖို့ ကြံစည်နေတာလား"

"သံယောဇဉ်မပြတ်လို့ အခုချိန်ထိ ငြိတွယ်နေကြတာကို တို့နှစ်ယောက်အချစ်ကို မခန့်မှန်းမိဘူးလား၊ မော်ကွန်း ငါ နင့်ကိုမစွန့်လွှတ်ဘူးနော်၊ ငါ့သိက္ခာအကျခံပြီး စေ့စပ်ပွဲဖျက်မယ်လို့ ပြောပြီးပြီ"

"ဟို ငါက"

မော်ကွန်းထင် တုံ့ဆိုင်းတွေဝေပြီး မပြတ်မသားဖြစ်နေတာကို နွဲ့ယိမ်းခင် အားမရပေ။ မော်ကွန်းထင် လက်မောင်းကို ဖက်တွယ်ထားလျက်နှင့်

"မော်ကွန်းရဲ့အားနည်းချက်က လူတစ်ယောက်ကို အားနာတတ်တာ၊ စာနာတတ်တာပဲ၊ အဲလို အားနာလို့ လိုက်လျောတာကို အတယ်လို့ထင်ပြီး ကစားနေတာ အရမ်းအောက်တန်းကျပါတယ် တော်ဝင်သူ၊ အခု တို့နဲ့သူနဲ့ ချစ်သူတွေဖြစ်သွားကြပါပြီ၊ သက်တမ်းနုတာ ရင့်တာ ပဝေဖန်ဘဲ ဘယ်လောက်ပေးဆပ်ပြီး ချစ်နိုင်တယ်ဆိုတာက အဓိကကျတယ်လို့ တို့ထင်တယ်"

"မော်ကွန်းထင်ကို မင်း လွှမ်းမိုးထားနိုင်တယ်လို့ ထင်နေလား၊ ပင်းကိုမင်း ပေးဆပ်နိုင်သူကြီးလို့ အောက်မေ့မနေပါနဲ့၊ တို့လည်း သူ့ကိုချစ်လို့ စေ့စပ်ပွဲကိုတောင်ဖျက်တော့မှာ၊ တို့ သူ့ကိုဘယ်သောက်ချစ်တယ်ဆိုတာ နောက်နေ့သတင်းစာမှာ ပါလာပါလိမ့်မယ်၊ မော်ကွန်း"

"ဟင်"

စကားပြောရင်း တော်ဝင်သူ ခေါ်လိုက်တော့ မော်ကွန်းထင်

www.burmeseclassic.com

www.burmeseclassic.com



ချာခနဲ လှည့်ပြီးထူး၏။

"တို့အချစ်ကို သက်သေပြနိုင်ရင် တို့ကိုစွန့်ခွာလို့မရတော့ နော်၊ အခုစကားက အပြောင်အပျက်မဟုတ်ဘူး၊ အလေးအနက်ပြော တာ၊ မော်ကွန်း တို့ကိုချစ်တယ်ဆိုတာ ယုံကြည်လို့ ဒီလိုဆုံးဖြတ်ချ ချလိုက်တာကိုလည်း မမေ့နဲ့၊ တခြားတစ်ယောက်ကြောင့် သူစိမ်းခ သွားမယ်ဆိုရင် တို့ လုံးဝမော်ကွန်းကို ခွင့်လွှတ်မှာမဟုတ်ဘူး"

ပြောပြီး ထွက်သွားလိုက်တာ နွဲ့ယိမ်းခင်ကို အရေးလုပ်စ မလိုဘူးဆိုသည့် ပုံစံမျိုးပင်။

တော်ဝင်သူအရေးမလုပ်လည်း သူမအတွက် ကိစ္စမရှိ အဓိက က မော်ကွန်းထင် စိတ်ယိုင်မသွားဖို့ပင်။

ဘာကြောင့်များ မော်ကွန်းရဲ့စိတ်တွေက နူးညံ့သိမ်မွေ့လွန် တာလဲ။ မပြတ်သားတာက ပျော့ညံ့တာနှင့်အတူတူပဲဆိုတာ မော်ကွ မသိလေရော့သလား။

◼ ◼ ◼

မျိုး၀၁၈၆

အခန်း (၂၆)

"မသိလို့တော့ မဟုတ်ဘူး၊ ငါမှမစွန့်လွှတ်နိုင်တာ၊ သူပျော့ညံ့ တာ တွေဝေတာက ငါ့အတွက် အန္တရာယ်တော့ မရှိလောက်ပါဘူး"

"သူ့အတွက် တိုက်ပွဲဝင်မယ်လို့များ စိတ်ကူးထားတာလား ယိမ်း၊ နင် ဇွတ်တိုးတာကို ငါအပြစ်မပြောချင်တော့ပါဘူး၊ ဒါပေမဲ့ အမြဲတမ်း အကာအကွယ်ပေးနေရမယ့်သူ့ကို နင့်သိက္ခာအတွက် ဆုံး ဖြတ်ချက် မချသင့်သေးဘူးလို့ ငါ ထင်တယ်"

နွဲ့ယိမ်းခင် လေးပင်စွာ ခေါင်းယမ်းရင်း အဝေးကိုမျှော်ငေး ကြည့်ကာ သက်ပြင်းတွေလည်းချမိ၏။ ကိုယ့်ကိုယ်ကိုယ်တောင် မရေရာ သလိုကြီး ဖြစ်နေသည်။

"ငါ ဘာလုပ်ရမှာလဲ မွန်မွန်ရယ်၊ သူ့ကိုငါ မစွန့်လွှတ်နိုင်ဘူး၊ တော်ဝင်သူ လုယူသွားမှာကို စိုးရိမ်နေတယ်"

"အဲဒါက မော်ကွန်းထင်ရဲ့ပြတ်သားမှုက အဓိကပဲ ယိမ်း၊

မျိုး၀၁၈၆

www.burmeseclassic.com

www.burmeseclassic.com



သူ နှင့်ကိုရွေးချယ်မှာလား၊ တော်ဝင်သူဆီကရန်းမထွက်ချင်တာလာ
ရုန်းထွက်ဖို့ ခက်နေတာလား၊ သုံးနှစ်သက်တမ်းရဲ့သံယောဇဉ်က နော
ဆံတင်းနေတာလားဆိုတာ သေချာသိဖို့လိုတယ်''

''တော်ဝင်သူကို သူ ငြင်းနေတာ ငါကိုယ်တိုင်မြင်ခဲ့ကြား
ပါတယ်၊ တော်ဝင်သူကိုက ပရိယာယ်တွေ မာယာတွေများနေတာ''

''အဲဒါ သူ့ရဲ့ကိုယ်ပိုင်စတိုင်တစ်ခု ဖြစ်နေလားမှမသိတာ၊
ဘက်နဲ့စေ့စပ်ပွဲဖျက်မယ့်ကိစ္စကရော သေချာလား''

''မင်းသူတို့တော့ တော်ဝင်သူကိုမယုံလို့ စုံစမ်းနေကြတ
တော်ဝင်သူပြောတာက မော်ကွန်းနဲ့ပတ်သက်ပြီး သဘောထားသေး
လို့တဲ့လေ''

''အဲဒါက ဖြေရှင်းလိုက်ရင် ပြီးသွားမှာ၊ မော်ကွန်းထင်နဲ့
မဆိုင်တော့တဲ့အကြောင်း ဟိုဘက်ကိုသိအောင်ပြောလိုက်ပေါ့''

''မော်ကွန်းကို သွားပြောခိုင်းရမှာလား၊ မော်ကွန်းမာန ထိ
တာပေါ့ဟယ်''

ပြုံးပြုံးမွန် မျက်စောင်းထိုးပြီး ကော်ဖီပန်းကန်ကို ဆောင့်

''အဲဒါဆိုလည်း နင် သွားပြောလေ၊ ကျွန်မရည်းစားကို
ဖို့ကြိုးစားနေတာ ထိန်းပေးပါလို့''

''မငေါ့ပါနဲ့ မွန်မွန်ရယ်၊ ငါအရမ်းစိတ်တွေရှုပ်နေလို့ပါ''

''ရည်းစားတစ်ခုလပ်ကို သွားကြိုက်မှတော့ ဒီဒဏ်ကို ခံနိုင်
ရှိအောင် ကြိုးစားပေါ့ဟယ်၊ ကဲ ငါလည်း နင့်အမေရောက်လာပြီဆို
အိမ်ပြန်အိပ်တော့မယ်၊ နင့်အကြောင်းတွေလည်း နားမထောင်ချင်
ဘူး''





''နေဦးလေ မေမေ ညနေစာချက်နေတယ် စားပြီးမှပြန်တော့
ပေါ့၊ ပြီးရင် ငါပြန်လိုက်ပို့မယ်''

''လမ်းကြောင်းရှာမလို့မဟုတ်လား၊ ငါက တရားခံဖြစ်ဦးမယ်''

''ထင်ချင်သလိုထင်၊ သူငယ်ချင်းဖြစ်ပြီး ဒီလောက်တောင်
အားမကိုးရဘူးလား''

''အေးပါ လုပ်ထားဦးပေါ့''

နှစ်ယောက်သား လက်ချင်းချိတ်၍ ထမင်းစားခန်းထဲဝင်လာခဲ့
ကြသည်။ မေမေက ထမင်းပွဲပင် ပြင်ပြီးနေကာ

''လာကြ သမီးတို့၊ အခုပဲ မေမေ လာခေါ်တော့မလို့''

''မွန်မွန်နဲ့ စကားကောင်းနေလို့ပါ မေမေ၊ သူက ဒီနေ့အိပ်ပြန်
တော့မလို့တဲ့လေ''

''ဟုတ်လား မွန်မွန်၊ အန်တီမရှိတဲ့အချိန်တွေ သမီးကိုအဖော်
လုပ်ပေးတာ ကျေးဇူးတင်ပါတယ်၊ သမီးအနားမှာ မွန်မွန်ရှိတော့ အန်တီ
လည်း စိတ်ဖြောင့်ဖြောင့်နဲ့ တရားအလုပ်တွေ လုပ်နိုင်တာပေါ့''

''ဒါဆို မွန်မွန် ကုသိုလ်ရတာပေါ့နော် အန်တီ''

''ရတာပေါ့ကွယ်၊ အန်တီလုပ်သမျှ မွန်မွန် တစ်ဝက်ရပါတယ်''

''ဟင်း ဟင်း ဒီကော်ဖီခွက်လေးဆေးပြီးရင် သမီး ထမင်းစား
မယ်နော် အန်တီ၊ ပြီးရင် ယိမ်းကို အိမ်လိုက်ပို့ခိုင်းမလို့''

''အေးပါ စားစား၊ အပြန်တော့ နောက်မကျနဲ့နော် သမီး''

''ဟုတ်ကဲ့ မေမေ၊ လာ မွန်မွန် ဆွဲမယ်''

ထမင်းဝိုင်းမှာ ထိုင်ပြီးလျှင်တော့ မွန်မွန် အားမနာတတ်တာ
ပီသည်။ မိသားစုလိုဖြစ်နေတာမို့ မွန်မွန်ကို မေမေက သူမလိုပင်ယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

ထိုသို့ ယုံကြည်မှုတွေရှိနေတာကြောင့်လည်း အမှားမလုပ်ဖြစ်အောင် မွန်မွန်က အနီးကပ်သတိပေးခြင်းဖြစ်၏။

"စားလို့ကောင်းလား မွန်မွန်"

"ဟုတ်ကဲ့ စားလို့ကောင်းတယ် အန်တီ၊ ဗိုက်ကိုတင်းသွားတာပဲ၊ သမီး ပန်းကန်တွေဆေးပေးခဲ့မယ်နော်"

"ဒီနေ့တော့ ဘာမှမလုပ်ပါနဲ့၊ ပြန်မှာဆို စောစောပြန်၊ နောက်တစ်ခါ အန်တီ တရားစခန်းဝင်ရင် မွန်မွန်ပဲ တာဝန်ယူရမှာ"

"စိတ်ချ အန်တီ ဘယ်တော့မှ နောက်ဆံမတင်းနဲ့"

"မွန်မွန်ရှိလို့ စိတ်ချပါတယ်၊ ဒါနဲ့ မော်ကွန်းထင်ဆိုတဲ့ ကောင်လေးနဲ့ကိစ္စ မွန်မွန်ရော ဘယ်လိုမြင်လဲ၊ သမီးနဲ့အဆင်ပြေပါ့မလား"

"ရှင် အဲ အဆင်ပြေပါတယ် အန်တီ"

"သူငယ်ချင်းနဲ့ပတ်သက်နေတဲ့သူဆိုတော့ မွန်မွန်လည်း ရေ လာထားမယ်လို့ ထင်ပါတယ်"

"ဟုတ်ကဲ့"

မွန်မွန် အပြစ်ရှိသူတစ်ယောက်လို ရင်တထိတ်ထိတ်ဖြင့် ယိမ်း လှမ်းကြည့်သည်။ ယိမ်းက မျက်စပစ်ပြီး ကြွန္ဓေရရနေရန် သတိပေး

ဒေါ်သီတာလွင်က ထမင်းစားခြင်းကို လက်စသတ်ပြီး

"မိန်းမသားဘဝဖြစ်ရတာ အရှုံးကြီးပဲ၊ အိမ်ထောင်ပြုတဲ့အ ယောက်ျားလေးကို လူပျိုလူလွတ်သလား ရွေးချယ်တတ်ရသလို ချစ် ရည်းစားဘဝမှာလည်း ရည်းစားဟောင်း ချစ်သူဟောင်းရှိသလားဆို သေချာလေ့လာစုံစမ်းသင့်တယ်"



"ရှင် မေမေ"

ဒီတစ်ခါ မေမေ ဘာတွေသိထားလို့လဲဟု ယိမ်းကိုယ်တိုင် ထိတ်လန့်သွား၏။ မေမေက သတိမထားမိဟန်ဖြင့်

"ရည်းစားဟောင်းရှိတဲ့သူက အိမ်ထောင်ရေးဖောက်ပြန်ဖို့ ပို ပြီး လွယ်ကူတယ် သမီး၊ သမီးအဖေကိုပဲကြည့်လေ၊ မေမေနဲ့လူကြီးချင်း ပေးစားလို့ယူလိုက်ရတာကို အကြောင်းပြုပြီး သားသမီးတွေရနေတာ တောင်မှ ရည်းစားဟောင်းနဲ့ ပြန်တွေ့တဲ့အချိန်မှာ ဒီသံယောဇဉ်တွေကို ဖြတ်သွားနိုင်ခဲ့တယ်"

"ရည်းစားမဟုတ်လည်း အိမ်ထောင်ရေးဖောက်ပြန်ချင်တဲ့သူ က ဖောက်ပြန်တတ်ကြတာပဲ၊ ရည်းစားဟောင်းရှိမှမဟုတ်လောက်ပါဘူး"

"ရည်းစားဟောင်းရှိရင် ပိုလွယ်တယ်လို့ မေမေပြောတာ၊ အချစ် တွေက အဲဒီမှာ ကျန်ခဲ့တာလေ၊ ဖူးစာဆုံလို့ ကိုယ်နဲ့ယူဖြစ်တောင် စိတ် တော့ အတိတ်ကိုပြန်တွေးပြီး မိသားစုကိုတောင် မေ့နိုင်ကြတယ်၊ ဒါကြောင့် ရည်းစားဟောင်းရှိတဲ့သူ အိမ်ထောင်မရှိတဲ့သူကိုရွေးပါ၊ မေမေက ဒီထက်ပိုပြီး သမီးကို မချုပ်ကိုင်ပါဘူး၊ ပြည့်စုံချမ်းသာမှုက ဂိကမဟုတ်ဘူး သမီး၊ ကိုယ့်ကိုတစ်သက်လုံးချစ်ပြီး စိတ်ချမ်းသာမှု ပေးနိုင်သူကိုပဲရွေးပါ"

"ဟုတ်ကဲ့ပါ မေမေ"

ပြောသာပြောလိုက်ရပေမယ့် လေသံက တိုးလျပြီး အားမရှိလှ ။ မွန်မွန်က သဘောပေါက်စွာ ထရပ်လိုက်ပြီး

"အန်တီ သမီးတို့သွားတော့မယ်နော်"

"အေးအေး သွားကြ သွားကြ"

www.burmeseclassic.com

www.burmeseclassic.com



ခပ်မြန်မြန်ပင် နှစ်ယောက်သား ထွက်လာခဲ့ကြသည်။ ကား
ပေါ်ရောက်တော့ မွန်မွန်က သူမအရင် သက်ပြင်းချပြီး

"ယိမ်းရေ နင်ဘယ်လိုလုပ်မှာလဲ"

"ဘာကိုလဲ"

"နင့်အမေ သတိပေးနေတယ်လေ၊ အခုတည်းက မော်ကွန်း
ထင်က မပြတ်မသားနဲ့ နင် ရှေ့ဆက်ဖို့ သတ္တိရှိသလား"

"ငါ နောက်ဆုတ်မိမှာတော့ မဟုတ်ဘူးထင်တယ်"

"အေး ကောင်းတယ်၊ ကြိုက်သလိုသာလုပ်တော့ ဟဲ့ ကားရ
လိုက်စမ်း၊ ဟိုမှာတော်ဝင်သူနဲ့စေ့စပ်ထားတဲ့သူဟဲ့"

"ဟင်"

မွန်မွန် ပြောတာကြောင့် ကားကိုလမ်းဘေး ထိုးရပ်လိုက်သ
မျက်လုံးက စိတ်ဝင်တစား ဝေ့ဝဲသွားသည်။ အသက်သုံးဆယ်ဝန်းကျ
ခန့်ရှိမည်ထင်ရပြီး အသားညိုညို ထောင်ထောင်မောင်းမောင်း
ယောက်ျားပီသသော လူတစ်ယောက်ပင်။ ဒါပေမဲ့ ကုန်တိုက်ပေါ်
ဆင်းလာသည့် ထိုလူက တော်ဝင်သူမဟုတ်သော မိန်းကလေးတ
ယောက်နှင့် ရယ်ကာမောကာ

"အဲဒီလူလား နင်ဘယ်လိုလုပ်သိလဲ"

"မင်းသူတို့တစ်ခါပြပွဲဖူးတယ်၊ အခု သူတို့စေ့စပ်ပွဲ ဖျက်မယ်
တာ တကယ်လားမသိဘူးနော်၊ အခုတွဲလာတဲ့ကောင်မလေးက တွဲနေ
ထင်တယ်"

"မသိတော့ဘူးဟာ၊ ဘာတွေဖြစ်လာမလဲဆိုတာ ရင်ခု
တောင် ထိတ်လာပြီ"



"ဟဲ့ တွေ့လား ပန်းတွေဘာတွေတောင် ဖက်လို့ တော်ဝင်သူ
ညည်းလွန်းတဲ့ဘီး ချေးသင့်တာတော့ ကံစွမရှိဘူး၊ ဟိုကာချာလို့ မော်ကွန်း
ကို တွယ်ကာင်တော့မှာဆိုရင် နင်တော့ကံမကောင်းတော့ဘူးနော်"

ရှိုင်းစေတော့လို့ ကိုယ့်ကိုယ်ကိုယ် ပြုံးသိမ့်လိုက်ရတော့မလား
ယသီပေ။ အသက်ရှူမဝတာ မော်ကွန်းနှင့်ပတ်သက်ပြီးကတည်းကပါ။

ဒါလည်း ဝဋ်ကြွေးတစ်ခုပေလား။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

"စေ့စပ်ကြောင်းလမ်းဖျက်သိမ်းခြင်း" ဟ တော်ဝင်သူ တကယ် လုပ်ချလိုက်ပြီကွ"

မင်းသူအသံကြောင့် ကော်ဖီခွက်ကို ဆတ်ခနဲချကာ သက်ထဲက သတင်းစာကို ဆွဲလု၍ ဖတ်ကြည့်လိုက်သည်။ တကယ်အဟုတ်သေချာနေတော့ စိတ်ထဲတော်တော်မကောင်း ဖြစ်သွား၏။

"အဲဒါ ငါ သေချာသွားမရှင်းပြလိုက်လို့လား မသိဘူးကွာ တော်ဝင်သူကောင်က ငါနဲ့အထင်လွဲနေတာတဲ့"

"မဆိုင်ပါဘူး၊ အထင်မလွဲအောင်ဆိုပြီး မင်းကို တော်ဝင်သူ အကာန်တွေစွတ်လွှတ်ပြီး တင်းခဲ့တာမဟုတ်ဘူးလား။ ပါးရိုက်ခံရတာရော မနာတတ် မရှက်တတ်ဘူးလား။ အင်တာနက်မှာတွေ့တဲ့မိန်းကလေးကို ဘယ်ကောင်မှ အထင်မကြီးဘူး။ ငါတို့ကအစပဲ အေး အခုလည်း မိဘချင်း ရင်းနှီးလို့ စေ့စပ်တဲ့အထိဖြစ်သွားပေမယ့် တော်ဝင်သူ အကျင့်စာရိတ္တကို မကြိုက်လို့ စောစောခွာလိုက်တာလည်း ဖြစ်မှာပေါ့"



"စိုးနောင် အဲဒီကိစ္စ အတိအကျ သွားမေးမယ်ဆိုတာ အခုထိ လာသေးဘူးနော်"

"ပြောရင်းနဲ့ ဟိုမှာလာနေပြီ"

စိုးနောင်လည်း သတင်းစာတစ်ခုကိုင်ပြီး သူတို့ထိုင်နေသော းခွဲဝိုင်းကိုလျှောက်လာ၏။ မျက်နှာကလည်း သုန်မှုန်တင်းမာနေကာ

"မင်းတို့ ဖတ်ပြီးကြပြီလား"

"အေး အခု အဲဒီအကြောင်းပြောနေတာ၊ မင်း ဘာသိခဲ့ရလဲ"

"သူတို့ရုပ်ကွက်ထဲက ကျော်အေးကို သွားမေးတာကွ၊ တော်ဝင် ူက မရိုက်ပါဘူး။ ဘိုးတော်ကြီးတစ်ယောက်ရဲ့စပွန်ဆာလို့လည်း ပြော ယ်၊ အခုဒီကောင်နဲ့က အင်တာနက်မှာတွေ့တယ်၊ အိမ်ကိုအလည်ခေါ် တာ့ မိဘချင်းရင်းနှီးတာသိပြီး စေ့စပ်လိုက်တာတဲ့၊ ဒါပေမဲ့ ဘိုးတော် ကြီးက အိမ်မှာအဝင်အထွက် ရှိနေတုန်းပဲ၊ အခုနေနေတဲ့အိမ်ကောင် ယ်ပေးထားတာလို့ သတင်းထွက်တယ်"

"ဟုတ်လား အဲဒါတောင် ဘာလို့ မော်ကွန်းကို ကလီကမာတွယ် င်နေတာလဲ"

"ဘိုးတော်ကြီးက အသက်အရွယ်မမျှလို့ လက်ထပ်ဖို့တော့ ာ်ကူးပုံမပေါ်ဘူး။ အဲ မော်ကွန်းကိုလည်း စိတ်ပျော့လို့ ဦးဆောင်နိုင်မှာ ဟုတ်ဘူးဆိုပြီး အခုကောင်ကို ရွေးလိုက်တာ၊ လျှော့လိုက်တင်းလိုက် ုပ်နေတာက လေ့နှံနှစ်ဖက်နင်းနေတဲ့သဘောပေါ့ကွာ၊ အခုကျတော့ ကောင်က နောက်တစ်ယောက်ကို အတည်တွဲလိုက်ပြီလေ၊ သူ ရှက် ုံရမ်း သီကြားဆယ်ပြီး စေ့စပ်တာကို သူ့ဘက်ကနေ ဖျက်လိုက်တာလို့ ြာတယ်"



www.burmeseclassic.com

www.burmeseclassic.com



စိုးနောင်က စကားပြောပြီးမောသွားသလို မင်းသူရှေ့က ကော်ဖီခွက်ကိုယူပြီး မော့သောက်၏။ မင်းသူက စိုးနောင်ကို ရန်လုပ်ချိန်မရဘဲ မော်ကွန်းထင်ဘက်လှည့်၍

"မင်းကြားတယ်နော် မော်ကွန်း၊ တော်ဝင်သူက မင်းကို နဖားကြိုးထိုးဖို့ လုပ်နေတာ၊ မင်း အားနာတယ်ဆိုရင် ခံလိုက်"

"ဟုတ်တယ် ဒီလိုမိန်းကလေးမျိုး အနားကပ်လာရင်တောင် ငါတို့ကတော့ ရှံ့တယ် မုန်းတယ်"

"ငါကရော ချစ်တယ်လို့ပြောနေလို့လား။ ငါ့မှာချစ်သူရှိတယ်လို့လည်း ပြတ်ပြတ်သားသား ပြောတာပဲ၊ သူကိုယ်က အရှက်မရှိတာ"

"သူက မင်းရဲ့အားနည်းချက်ကို သိတယ်လေ၊ မျက်ရည်ခံထိုးပြီး တွယ်ကပ်နေမှာ မယုံမရှိနဲ့၊ မင်း သူ့ကို စိတ်မပါဘူးဆိုရင်တော့ နွဲ့ယိမ်းခင်ကို အမြန်ဆုံး လက်ထပ်လိုက်တာ အကောင်းဆုံးပဲ"

"ဟုတ်တယ် မော်ကွန်း မိန်းမတစ်ယောက်ရဲ့အမိဖမ်းခံရရင် ရှက်စရာကောင်းပါတယ်ကွာ၊ ယိမ်းကိုပဲ မင်းလက်ထပ်ပါ၊ စိတ်ဓာတ် အဆင့်အတန်းရှိတဲ့ ယိမ်းက မင်းနဲ့အသင့်တော်ဆုံးပါ မော်ကွန်း"

"ယိမ်းက အခုလောလောဆယ်ကြီး လက်ထပ်ချင်ပါ့မလား"

"ငါတို့လည်း ဝိုင်းတိုက်တွန်းမှာပေါ့၊ ယိမ်းကမင်းကိုချစ်ပါတယ် နားလည်မှုလည်းရှိတယ်၊ သူ့အမေနဲ့ အရင်ဆုံးတွေ့ရမယ်ထင်တယ်"

"အေးလေ ယိမ်းနဲ့တိုင်ပင်ကြည့်ပါမယ်၊ ဒီနေ့သတင်းစာကို ဖတ်ပြီး ယိမ်းလည်း စိတ်ပူနေမှာ"

"အခု ဖုန်းဆက်ခေါ်လိုက်ကွာ၊ နံပါတ်ပြော ငါခေါ်လိုက်မယ်"

"အခုလား"



"အေး အခုပဲ"

မင်းသူက စိတ်မြန်လက်မြန်ပင် သူပြောသော ဖုန်းနံပါတ်ကို ပ်ပြီး ယိမ်းကို လှမ်းခေါ်၏။ ယိမ်းကလည်း ဆယ့်ငါးမိနစ်လောက် တွင်းမှာပင် ရေးကြီးသုတ်ပျာနှင့် ရောက်ချလာသည်။

သုံးယောက်လုံးရဲ့မျက်နှာကိုလည်း အကဲခတ်ကာ

"ဘာဖြစ်ကြလို့လဲဟင်၊ မော်ကွန်း ဘာဖြစ်လို့လဲ"

"ဘာမှမဖြစ်ပါဘူး၊ အေးအေးဆေးဆေး တိုင်ပင်စရာရှိလို့ပါ၊ ယိမ်း လန့်သွားတယ်ထင်တယ်၊ အပူလားအအေးလား ယိမ်း တစ်ခုခု ပ်ပါဦး"

"ဖျော်ရည်တစ်ခွက်လောက်ပဲ မှာပေးပါ"

ယိမ်းပြောတာကို စိုးနောင်က စားပွဲထိုးလေးကို မှာပေး၏။ တင်းစာလည်း ဖတ်ပြီးပြီမို့ ယိမ်းမှာ စိုးရိမ်စိတ်တို့မပြေသေးပေ။

"ယိမ်း"

"ဟင်"

"ကျွန်တော်တို့ လက်ထပ်ရအောင်"

"ဟင် ဘယ်လို"

ဒီစကားပြောမည် မထင်တာကြောင့် ယိမ်း အံ့အားသင့်သွားရ ၏။ စိုးနောင်က စားပွဲထိုးလေး လာချပေးသော ဖျော်ရည်ခွက်ကို ယိမ်း ရှေ့တိုးပေးပြီး

"ဒီနေ့သတင်းစာ ဖတ်ပြီးပြီလား ယိမ်း"

"ဟုတ်ကဲ့ ဖတ်ပြီးပါပြီ"

"ယိမ်းနဲ့ မော်ကွန်း လက်ထပ်မှုဖြစ်တော့မယ်ဆိုတာရော တွေး

www.burmeseclassic.com

www.burmeseclassic.com



မိရဲ့လား"

"အင်း အဲဒါက မော်ကွန်းဆန္ဒက ရှိသေးတယ်လေ၊ သူက တော်ဝင်သူကို သနားတယ်ဆိုရင်"

"ယိမ်း"

မော်ကွန်းထင်က ယိမ်းကို စကားအဆက်မခံဘဲ လက်ကလေးကို ဖွဖွလေး ထွေးဆုပ်ကိုင်ကာ

"ကျွန်တော့်မှာ စိတ်ပျော့ညံ့ပြီး အားနာတတ်တဲ့စိတ်ရှိတာ ဝန်ခံပါတယ်၊ ဒါပေမဲ့ ကိုယ့်ဘဝတစ်ခုလုံး ထိုးကျွေးရဲလောက်အောင်အထိတော့ မိုက်ရူးရဲမဆန်ပါဘူး။ ယိမ်းနားလည်လက်ခံပေးမယ်ဆိုရင် ကျွန်တော် ယိမ်းနဲ့လက်ထပ်ချင်ပါတယ်"

"တော်ဝင်သူကို ရှောင်ချင်တာကြောင့်လား"

အလေးအနက်မရှိဘဲ ဆုံးဖြတ်လိုက်မှာစိုး၍ စိုးရိမ်တကြီးပင် မေးမိသည်။ မင်းသူတို့ကလည်း မော်ကွန်းထင် ဘာဖြေမလဲ အကဲခတ်နေကြ၏။

"ယိမ်း ကျွန်တော့်ကို မယုံဘူးလား"

"ယုံချင်လို့ မေးနေတာလေ၊ ကောက်ခါငင်ခါ လက်ထပ်ဖို့ ဆုံးဖြတ်တာ တော်ဝင်သူ စေ့စပ်ကြောင်းလမ်းတာ ဖျက်လိုက်တာကြောင့် ဆိုရင် ယိမ်းဘဝတစ်ခုလုံးအတွက် အာမခံချက်ရှိပါ့မလား"

"ဟုတ်တယ်ကွ အဲဒါ ယိမ်းမေးသင့်တဲ့စကားပဲ၊ တော်ဝင်သူဆီက လွတ်မြောက်လိုစိတ်တစ်ခုတည်းနဲ့ ယိမ်းကိုလက်ထပ်ချင်တာဆိုရင် ဘဝတစ်ခုလုံး ပုံပေးရမယ့် ယိမ်းအတွက် နစ်နာတာပေါ့ကွာ"

"ငါ ယိမ်းကိုချစ်တာ မင်းတို့ဘာလို့ ထည့်မတွက်ကြတာလဲ"

မျိုး၁၁၁၆၉



"ဒါဆို မင်းက ယိမ်းကိုချစ်လို့ လက်ထပ်ချင်တာပေါ့"

မင်းသူ စကားကို မော်ကွန်းထင် ခပ်မြန်မြန်ပင် ခေါင်းညိတ်ပြပြီး

"ငါ အမှန်အတိုင်းဝန်ခံမယ်၊ တော်ဝင်သူကို အပျော်ရည်းစားထားမိပြီး ယိမ်းကိုတော့ အလေးအနက် တန်ဖိုးထားမိတာ၊ ယိမ်းရှေ့မှာမို့ ဒီစကားပြောတာ မဟုတ်ပါဘူး၊ ငါ အချိန်တိုင်း စဉ်းစားလည်း ဒီအဖြေပဲ ထွက်တယ်"

သူမရင်ထဲ လှုပ်ခနဲ နွေးမြသွားလေသည်။ မင်းသူတို့ရှေ့မှာ မဟုတ်လျှင် မော်ကွန်းထင် ရင်ခွင်မှာ မှိန်ခွဲ့မိမလားမသိပေ။

အခုတော့ သူမ ကျေနပ်စွာပင်ပြုံးလိုက်ကာ

"မော်ကွန်း အခုလိုပြောတာ ယိမ်း ကျေးဇူးတင်ပါတယ်"

"ကျွန်တော်နဲ့ယိမ်းကြားမှာ ကျေးဇူးတင်တယ်ဆိုတဲ့ စကား ပြောစရာလား ယိမ်းရယ်၊ ကျွန်တော် ယိမ်းကို မြတ်မြတ်နိုးနိုး တန်ဖိုးထားပါတယ်၊ တော်ဝင်သူကိုတော့ မိန်းကလေးတစ်ယောက် ကျွန်တော့်ကြောင့် နစ်နာသွားမှာစိုးလို့ပါ"

"သူနစ်နာအောင် မော်ကွန်းက ဘာလုပ်ခဲ့ဖူးလို့လဲ၊ တကယ်ဆို သူကသာ မော်ကွန်းကို မာနကျိုးအောင် နစ်နာအောင်လုပ်ခဲ့တာ၊ ဘေးက လူတွေတောင် စိတ်နာတယ်ဆိုရင် မော်ကွန်းတွေးကြည့်ပေါ့"

"ဟုတ်ပါတယ် ကျွန်တော့်မှာလည်း မာနရှိပါတယ်၊ ကျွန်တော့်ကို အရူးလုပ်တာလည်း နာတတ်ပါတယ် ဒါပေမဲ့"

"ရည်းစားဦးသံယောဇဉ်ကြောင့်ဆိုရင်တော့ မပြောနဲ့တော့ မော်ကွန်းရယ်၊ ယိမ်းကို တန်ဖိုးထားတယ်ဆိုတဲ့စကားလေးနဲ့ပဲ ကျေနပ်နေပါရစေ"

မျိုး၁၁၁၄၉

www.burmeseclassic.com

www.burmeseclassic.com



"ကဲ ဟုတ်ပါပြီ အခုအဆင်ပြေသွားပြီဆိုတော့ ယိမ်းကို ဘယ်နေ့သွားပြီး တောင်းရမ်းရမှာလဲ"

"အဲဒါ ယိမ်းကိုမေး"

မော်ကွန်းထင်က ယိမ်းပခုံးလေးကိုဖက်၍ပြော၏။ ယိမ်းရင်တွေ ခုန်နေသော်လည်း မေမေ့ကိုတိုင်ပင်ကြည့်ဖို့တော့ စဉ်းစားရဦးမည်။

"ယိမ်း မေမေ့ကိုပြောကြည့်ပါ့မယ်၊ မော်ကွန်းနဲ့ကိစ္စ အသိပေးပြီးပြီဆိုပေမယ့် လက်ထပ်ဖို့ပြောလိုက်ရင်တော့ မော်ကွန်းအကြောင်း မေမေ စုံစမ်းဦးမယ်ထင်တယ်"

"ဘာကိုလဲ"

"အင်း သူ့သမီးကို တစ်သက်လုံးသစ္စာရှိရှိ ပေါင်းသင်းမယ့်လူလားဆိုတာ လေ့လာတဲ့သဘောလည်း ဖြစ်မှာပေါ့လေ၊ ဟို မော်ကွန်း လေးလေးဘက်ကရော အဆင်ပြေပါ့မလား"

"လေးလေးကတော့ ယိမ်းနဲ့အရမ်းကိုသဘောတူနေတာ၊ လက်ထပ်တော့လို့လည်း ခဏခဏတိုက်တွန်းတယ်၊ ယိမ်းကိုလည်း အလည်ခေါ်လာခဲ့ဖို့ပြောနေတာ"

"ယိမ်း နောက်တော့ လိုက်ခဲ့ပါ့မယ်၊ မေမေလည်း ကန့်ကွက်မယ်တော့မထင်ပါဘူး"

"ဒါဆို ကျွန်တော် အားရှိသွားပါပြီ"

"ဘာကိုအားရှိတာလဲ"

"တော်ဝင်သူကို ရင်ဆိုင်ဖို့လေ၊ ကြောက်လို့မဟုတ်ပေမယ့် မိန်းကလေးတစ်ယောက်ရဲ့မာယာကိုတော့ ရှောင်လွှဲဖို့ခက်တယ်မဟုတ်လား"



"ယိမ်းလက်ကို ရဲရဲဆွဲထားလေ၊ ဘယ်သူမှ လာလုလို့မရစေရဘူး"

"အဟင်း ဟုတ်ပါပြီ အခုတည်းက မလွှတ်တော့ဘူး"

"ဟိတ်ကောင်တွေ ငါတို့ရှိသေးတယ်"

"ငါတို့မျက်စိရှက်တယ်နော်"

အားလုံး ရယ်ပွဲဖွဲ့၍ ပျော်ရွှင်သွားကြ၏။ သူမ ပခုံးလေးကို ဖက်တွယ်ထားသော မော်ကွန်း လက်တွေကို ယိမ်း ပြန်လည်၍ ဖက်တွယ်ထားလိုက်သည်။

ဘယ်တော့မှ မခွဲတမ်း ဒီလိုလေးနေခွင့်ရပါရစေ . . .။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

"အဲဒါ သမီးရဲ့ဆုံးဖြတ်ချက်လား"

"မေမေ့ကိုတိုင်ပင်အသိပေးတာပါ မေမေ၊ မေမေလက်ခံမယ် ဆိုရင် သမီးတို့လက်ထပ်ချင်ပါတယ်"

ဒေါ်သီတာလွင် သက်ပြင်းမချပါ။ သမီးလည်း အိမ်ထောင်ပြု သင့်သည့်အရွယ်ရောက်နေပြီပဲ။

သားကြီးသမီးကြီးတွေလည်း သူ့အိမ်ထောင်နှင့်သူ အဝေးကို ရောက်နေကြသည်မို့ ဒီသမီးသာ သူ့အိမ်ထောင်နဲ့သူ ဖြစ်သွားလျှင်လည်း နောက်ဆံမတင်းဘဲ တရားအလုပ်ကို အာရုံစိုက်လုပ်နိုင်ပေလိမ့်မည်၊ အခုတော့ သမီးအပျိုလေးရှိပါသေးလားဆိုပြီး အိမ်ကိုပြန်လိုက် ရိပ်သ ဝင်လိုက်၊ မအေးချမ်းနိုင်ဖြစ်နေရတာ။

ဒါပေမဲ့ သမီးငယ်ကို သစ္စာရှိနိုင်မည့် လူတော်လူကောင်းလေ နှင့်တော့ တွေ့စေချင်သည်။



"သမီးကောင်လေး နာမည် မော်ကွန်းထင်နော်"

"ဟုတ်ကဲ့"

"မေမေ တစ်ခါလောက် တွေ့ကြည့်ချင်သေးတယ်"

"ဟုတ်ကဲ့ ယိမ်း ခေါ်လာခဲ့ပါမယ် မေမေ"

"လက်ခံလိုက်ပြီလို့ မေမေပြောတာ မဟုတ်ဘူးနော်၊ အနည်း အကျဉ်း စုံစမ်းကြည့်ဦးမယ်၊ ပတ်ဝန်းကျင်မှာ လေ့လာစုံစမ်းမှုမရှိဘဲ ချစ်တာတစ်ခုတည်းနဲ့ မျက်စိစုံမှိတ် လက်ထပ်လိုက်ရင် နောင်ဖြစ်လာ မယ့်အကျိုးဆက်က သမီးပဲခံစားစံစားရမှာ၊ မေမေကတော့ မေမေ့သမီး လေးကို တစ်သက်လုံး စိတ်ချမ်းသာရတာမျိုးပဲ မြင်စေချင်တယ်"

"သူ သမီးကိုချစ်ပါတယ် မေမေ၊ မိဘတွေမရှိတော့ဘူးဆိုပေ မယ့် ဦးလေးစောင့်ရှောက်မှုအောက်မှာ လူလိမ္မာတစ်ယောက်လို့ ပြောလို့ ရပါတယ်"

"ချစ်နေတဲ့သူတစ်ယောက်အနေနဲ့တော့ အပြစ်ရှိမှာ မဟုတ် ဘူးပေါ့၊ မေမေကလည်း သမီးကိုချစ်တဲ့အတွက် တော်တန်ရုံကို အပြစ် လို့မြင်မှာမဟုတ်ပါဘူး"

"ကျေးဇူးတင်ပါတယ် မေမေ၊ သူ့ကိုတွေ့ရင် မေမေလည်း ချစ်သွားမှာပါ"

ဒေါ်သီတာလွင် ပြုံးလိုက်ပြီး သမီးရဲ့ခေါင်းလေးကို ဖွဖွပုတ် လိုက်သည်။

"မေမေ ချစ်ပေးနိုင်မယ့်သူကို သမီးရွေးချယ်ခဲ့တာဆိုရင်တော့ မေမေက သမီးကို ကျေးဇူးတင်ရမှာပေါ့ကွယ်၊ မေမေလည်း မိဘတွေကို စိတ်ဆင်းရဲအောင်မလုပ်ခဲ့ဘူး၊ သူတို့ဆန္ဒကို ဖြည့်ဆည်းပေးဆပ်နိုင်ဖို့

www.burmeseclassic.com

www.burmeseclassic.com



အတွက် ချစ်သူကိုတောင် စွန့်လွှတ်ခဲ့တယ်၊ အဲဒီလို မိဘကျေးဇူး သိတတ် ခဲ့လို့လည်း အခုလို ပြည့်စုံတဲ့ဘဝမျိုးနဲ့ မတောင့်မတ မကြောင့်မကြ နေနိုင်တာပေါ့ကွယ်၊ သမီးအိမ်ထောင်ရေး အဆင်ပြေမယ်ဆိုရင် မေမေ ပိုပြီး စိတ်ချမ်းသာရတာပေါ့"

"စိတ်ချပါ မေမေ၊ ယိမ်းကြောင့် မေမေ ဘာအပူအပင်မှ မရှိစေရပါဘူး"

"အဲဒီလို ဖြစ်ဖို့က ဟိုတစ်ဖက်က ပိုပြီးအဓိကကျမယ်ထင် တယ်၊ သမီးရဲ့အိမ်ထောင်ဘက်ဖြစ်မယ့်သူက သမီးကို စိတ်ချမ်းသာ အောင်ထားမှ မေမေလည်း စိတ်ချမ်းသာနိုင်မှာလေ"

မေမေ့ရဲ့နောက်ဆံတင်းမှုများကြောင့် ယိမ်း ပင်ပန်းလာသည် မော်ကွန်းအပြစ်မကင်းတာကို မေမေ မသိစေချင်လို့ပါ။

"မေမေ ယိမ်း မြို့ထဲသွားလိုက်ဦးမယ်၊ မွန်မွန်ဆီလည်း ဝ ဖြစ်ချင်ဝင်မှာဆိုတော့ အပြန်နောက်ကျမယ်နော်"

"အင်း အပြန်ခေါ်ခဲ့ချင် ခေါ်ခဲ့လေ၊ မေမေ မုန့်ဟင်းခါးချ ထားမယ်"

"ဟုတ်ကဲ့ မေမေ"

ထွက်သာလာခဲ့ပေမယ့် မွန်မွန်ဆီသွားဖို့ ရည်ရွယ်ချက်မပါ လမ်းမှာပင် မော်ကွန်းကို ဖုန်းဆက်ပြီး သင်တန်းကိုလာခဲ့မည်ဟု ပြေ လိုက်ရသည်။

သူမရောက်သွားမည့်အချိန်နှင့် မော်ကွန်းတို့သင်တန်းဆ သည့်အချိန် တိုက်ဆိုင်နေတာမို့ မော်ကွန်းက အရင်ကြိုစောင့်နေသ

သူမ ကားလေး မော်ကွန်းရှေ့ ထိုးရပ်လိုက်ချိန်မှာ မော်ကွ



ကားတံခါးကို အပြေးအလေး လာဖွင့်ပေး၍ သူမ ကြည်နူးသွားရသည်။

"ကိုမင်းသူတို့ရော"

"ကိုယ့်ကားကိုယူပြီး လစ်သွားကြပြီလေ၊ ယိမ်းက ကိစ္စရှိလို့ ကိုယ့်ကိုလာတွေ့တာလား"

"မေမေ့ကို အသိပေးပြီးပြီဆိုတာ လာပြောတာ"

"ဘာပြောလဲ ယိမ်းအမေက"

"မေမေ့ကိုလာတွေ့ပါလို့ မှာလိုက်တယ်"

"အခြေအနေ ကောင်းပုံမလား"

"ကောင်းပါတယ် မော်ကွန်းကို အကဲခတ်ချင်လို့ ခေါ်တွေ့တာ၊ ယိမ်းကို တကယ်ချစ်လို့ လက်ထပ်ချင်တာ သိရရင် သဘောတူမှာပါ"

"စိတ်ချ ယောက္ခမကြီးရှေ့မှာ ပိုပြီးချစ်ပြလိုက်မယ်"

"သွား အရမ်းကဲတယ်"

သူမ အမူပိုသွားတာ မော်ကွန်းရင်ခွင်ထဲ ရောက်သွား၏။ မော် ကွန်းက အလိုက်သင့်လေး ထွေးဖက်ကာ သူများတွေမမြင်အောင် သူမ နဖူးလေးကို ခိုးနမ်းလိုက်သည်။ ဒါပေမဲ့

"သိပ်ပျော်နေကြတယ် ထင်တယ်၊ လူရှေ့သူရှေ့မရှောင်နိုင် အောင် ပလူးနေကြပါလား"

"ဟင် တော်ဝင်သူ"

အနားရောက်လာသော တော်ဝင်သူအသံကြောင့် ကိုယ်ချင်းခွာ ကာ အံ့အားသင့်နေကြသည်၊ တော်ဝင်သူ မျက်ဝန်းများက စူးရှအရည် လဲ့ကာ အစိမ်းရောင်သမ်းနေသည်။

"ဘို့ ဘယ်လိုနေနေ မင်းဝေဖန်စရာမလိုပါဘူး၊ မင်းလမ်း

www.burmeseclassic.com

www.burmeseclassic.com



မင်းသွားပါ တော်ဝင်သူ''

''သင်တန်းအထိလာပြီး ကဲပြနေလို့ မော်ကွန်း စိတ်ပြောင်းတာကို အံ့ဩလို့ပါ၊ တို့နဲ့စိတ်မချလို့ မင်းလိုက်လာတာ မဟုတ်လား''

''တို့ဘာသာ လိုက်လိုက် မလိုက်လိုက် မင်းနဲ့မဆိုင်ဘူးထင်တယ်''

''ဘာလို့မဆိုင်ရမှာလဲ၊ တို့က မော်ကွန်းရဲ့အချစ်ဦးပဲ၊ မော်ကွန်းတို့ သက်သေပြပြီးပြီနော်၊ သတင်းစာဖတ်ပြီးတည်းက တို့ မော်ကွန်းကို ဘယ်လောက်ချစ်တယ်ဆိုတာသိပြီးရောပေါ့''

''သိတော့ရော ဘာထူးလာမှာမို့လို့လဲ၊ ငါက မိဘချင်းတွေ့ပြီးရင် ယိမ်းနဲ့လက်ထပ်တော့မှာ''

''ဘာ''

တော်ဝင်သူ ဆတ်ခနဲ ခါသွား၏။ မော်ကွန်းထင် ထပ်ပြီးတွေဝေနေစရာအကြောင်းမရှိတော့ပါ။

''နင့်ကိုအားနာလို့ လိုက်လျောခဲ့တာတွေက နဖားကြိုးအတိုးခံဖို့မဟုတ်ဘူး တော်ဝင်သူ၊ ငါက ယိမ်းလို မိန်းမကောင်းမိန်းမမြတ်လေးကိုပဲ လက်ထပ်ချင်တာ''

''ဘာ ငါ့ကိုမကောင်းတဲ့မိန်းမလို့ ပြောလိုက်တာလား''

''လိုရာဆွဲမတွေးပါနဲ့၊ ငါ အဲလောက်မရိုင်းစိုင်းတတ်ပါဘူး၊ နင့်ဘဝလေး အဆင်ပြေဖို့လည်း မျှော်လင့်ပါတယ်''

''တောက် နင့်ဟာမ သင်ပေးထားလို့ နင် စကားတွေ တော်တော်တတ်နေပါလား မော်ကွန်း၊ ဟွန်း နင့်ဟာမနဲ့နင်နဲ့ လက်ထပ်ရမယ်ထင်နေလား''



''ဘာလို့ လက်မထပ်ရမှာလဲ၊ နင့်လိုမိန်းမရဲ့အမိဖမ်းမခံရဖို့ ၊တွက် ငါတို့ အမြန်ဆုံးလက်ထပ်မှာ''

''မော်ကွန်း အဲလိုမပြောရဘူး''

ဒေါသထွက်လာသော မော်ကွန်းရဲ့စကားတွေ ရင့်သီးလာသည်မို့ ိမ်း တိုးတိတ်စွာ သတိပေးရသည်။ တော်ဝင်သူက မကျေမချမ်းဖြင့် ရဲစွာကြည့်ပြီး

''သုံးနှစ်စာ အချစ်က အဲလောက် အပြောင်းအလဲမြန်သွား ာ အံ့ဩစရာပဲ၊ မော်ကွန်းထင် ငါ ဘယ်လိုမိန်းမဆိုတာ နင်အသေအချာ သိသေးဘူးထင်တယ်၊ အချစ်ကြီးရင် အမြတ်ကြီးတယ်ဆိုတာ မသိသေး ူးထင်တယ်''

''ပါးရိုက်ခံထားရတာနဲ့တင် သင်ခန်းစာကောင်းကောင်းရနေပါ ၊ နောက်တစ်ခါ အလိမ်ခံရရင် ငါ လူမိုက်ဖြစ်သွားမှာပေါ့''

''အဲဒီအတွက် မကျေနပ်လို့ ပြောင်းလဲတာဆိုရင် နင်တို့ လက် ပ်ပွဲ မဖြစ်မြောက်စေရဘူး မော်ကွန်း၊ လက်ထပ်ဖြစ်ရင်လည်း နင်တို့ ိပ်ထောင်ရေး မမြဲစေရဘူး''

''တောက် နင် ကျိန်စာတိုက်နေတာလား တော်ဝင်သူ၊ နင် ိန်းမယုတ်ပဲ''

''အဲလို အဖြစ်မခံနိုင်ရင် စောစောစီးစီး ဆင်ခြင်လိုက်ပေါ့၊ ယ်သူမှ ရင်နာစရာအကြောင်းမရှိတော့ဘူး''

''အာ ကျွတ်''

''မော်ကွန်း အေးဆေးနေ''

မော်ကွန်း လက်ကိုဆွဲ၍ နောက်ကိုတွန်းလိုက်ပြီး တော်ဝင်သူကို

www.burmeseclassic.com

www.burmeseclassic.com



ယိမ်း မျက်နှာချင်းဆိုင်လိုက်သည်။ တော်ဝင်သူက မထိမဲ့မြင် မျက်စောင်း ဝင့်ပြီး

"ငါ့လောက်တောင် မလှတဲ့ ရွက်ကြမ်းရေကျိုရုပ်က မော်ကွန်း ကိုဖမ်းထားနိုင်တယ်ဆိုပြီး မာန်တက်မလို့ပေါ့လေ၊ မော်ကွန်းကို နင် ပိုင်ဆိုင်ရမယ်များ ထင်နေလား"

"သစ္စာမှန်ရင် ချစ်တာမှန်ရင် ဘာလို့မပေါင်းဖက်ရမှာလဲ တော် ဝင်သူ၊ နင်လည်း မိန်းကလေးပါ၊ ကောင်းတဲ့လူကို အတည်တကျ ချယ်ပြီး လက်ထပ်လိုက်ရင် ရပါတယ်"

"ဟုတ်တယ် ငါက မော်ကွန်းကို လူကောင်းသူကောင်းမို့ လ မလွှတ်ချင်တာ၊ စေ့စပ်ပွဲတောင် ဖျက်လိုက်တယ်ဆိုတာ ငါ မော်ကွန်း သိပ်ချစ်လို့ပဲ"

"ဟိုတစ်ဖက်က နင့်ရဲ့အခြေအနေ ဇစ်မြစ်ကို သိသွား နောက်တစ်ယောက်တွဲလိုက်တာ ငါတို့သိထားပါတယ်၊ ဒါတွေကို ဖုံးကွ ပြီး မော်ကွန်းကိုချစ်လို့ဆိုတာချည်း ပြောမနေပါနဲ့၊ ရှက်ရမ်းရမ်း စေ့စပ်ပွဲကို အရင်ဖျက်လိုက်သလို သိက္ခာရှိရှိ ကျန်ခဲ့တာ အကောင်းဆုံ ပဲ တော်ဝင်သူ"

"ဘာ"

ဆတ်ခနဲ ခါသွားသော တော်ဝင်သူကို ယိမ်း ခပ်တင်းတင်း ကြည့်လိုက်ကာ

"နင့်လို မိန်းကလေးတစ်ယောက်ကြောင့် တို့မိန်းကလေး သိက္ခာကျရတာမျိုး မဖြစ်ပါစေနဲ့ တော်ဝင်သူ၊ အရှက်နဲ့သိက္ခာဆို မျက်နှာပန်းလှဖို့ထက် ကိုယ့်ကိုယ်ကိုယ် ကာကွယ်ဖို့ပါ၊ သူများကို နင်



က် ကိုယ့်ဂုဏ်သိက္ခာကို ကိုယ်ထိန်းနိုင်ရင် အကောင်းဆုံးပါပဲ"

"စာရေးဆရာမဆိုပြီး တို့ကို ဆရာလာမလုပ်နဲ့ နွဲ့ယိမ်းခင်၊ ဘတ်လမ်းထဲမှာ နင်မပါဝင်ခင်က ငါနဲ့မော်ကွန်းအချစ်က အေးဆေးပဲ၊ ာပြောပြော သူနားလည်ပေးတယ်"

"အဲဒါ နင့်ရဲ့အောက်တန်းကျတဲ့လုပ်ရပ်တွေ သေချာမသိသေး စ်ပါလိမ့်မယ်၊ သူလည်း အသိဉာဏ်မဲ့တဲ့သူမဟုတ်တဲ့အတွက် အားနာ ာတတ်ပေမယ့် အရှုံးလုပ်တာတော့ ကြာရှည်ခံမယ်မထင်ပါဘူး၊ အဲဒီ ာ့ ငါတို့နှစ်ယောက်ကို ထပ်ပြီး ကသိကအောက်ဖြစ်အောင် မနှောင့် က်ပါနဲ့တော့၊ လာ မော်ကွန်း သွားရအောင်"

မော်ကွန်း လက်ကိုဆွဲ၍ လှည့်ထွက်ဖို့ ပြင်လိုက်စဉ်မှာ တော်ဝင် ရှေ့တိုးရပ်ကာ ဟန့်တားလိုက်သည်။ ပြုံးကြည့်နေပုံက မထီတရီနိုင် ၏။

"နင်တို့အတူယှဉ်တွဲနေတဲ့ပုံကို ဒါ နောက်ဆုံးကြည့်ခြင်းပဲ၊ ို့ဘယ်တော့မှ လက်မထပ်ဖြစ်စေရဘူး သိလား၊ ဟား ဟား ငါ လုပ်ပြမယ်ဆိုတာ စောင့်ကြည့်နေ၊ နင်တို့ ဘယ်တော့မှ စိတ်ချမ်းသာ ာဝမျိုးနဲ့ မနေစေရဘူး"

တော်ဝင်သူ ရူးသွားပြီလားလို့တောင် အောက်မေ့ရလေသည်။ ချင်တာတွေ မဖြစ်ရလို့ ကျိန်စာတိုက်နေတာလည်း ဖြစ်နိုင်၏။

ဘာပဲဖြစ်ဖြစ် သူမတို့နှစ်ယောက်ရဲ့အချစ်ကို တော်ဝင်သူ လုယူ ရအောင် အမြန်ဆုံး မေမေနှင့်တွေ့ပေးပြီး . . .။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

"မင်းကို အန်တီ့သမီးနဲ့ လုံးဝသဘောမတူနိုင်ပါဘူး"

"ဗျာ"

"မေမေ"

အိမ်တိုင်ရာရောက် ရောက်လာသူကို တစ်ခါတည်းနှင့် ...ပြောလိမ့်မည် မထင်တာကြောင့် မော်ကွန်းရော ယိမ်းရော အံ့အား... သွားကြရသည်။ မေမေ ပြောထားသည့် စကားတွေ ကြားယော... တကယ်ပင် နားမလည်နိုင်အောင် ဖြစ်ရတာပါ။

မေမေက စကားတစ်ခွန်းကို ဒီလိုမျိုး လက်လွတ်စပယ် ချ... မှုမရှိ ပြောတတ်တာမျိုးမဟုတ်ပေ။ အခုတော့ မော်ကွန်းကို ရင်း... ဟန်လည်းမရှိဘဲ

"မင်းမှာ ချစ်သူရည်းစားရှိတယ် မဟုတ်လား"

"ဗျာ အဲဒါက ဟို"



"ရည်းစားရှိတာ ဆန်းသလားလို့ ဆင်ခြေပေးချင်ပုံရတယ်၊ ...ားယွင်းငြိစွန်းမှုရှိ မရှိဆိုတာတော့ မင်းအသိဆုံး ဖြစ်ပါလိမ့်မယ်၊ အန်တီ ...ကတော့ အန်တီ့သမီးအတွက်ပဲ စဉ်းစားရမှာပဲ"

"မေမေ မော်ကွန်းက အဲဒီရည်းစားနဲ့ ပြတ်သွားပါပြီ၊ ယိမ်းတို့ ...တကယ်ချစ်ကြတာပါ"

"သမီးကို မေမေ ဝင်ဖြေရှင်းခိုင်းနေလို့လား၊ သူနဲ့ခေါ်တွေ့တာ ...သူနဲ့စကားပြောဖို့ပဲ သမီး၊ နောက်မှာ မွန်မွန် ချက်ပြုတ်နေတယ် သွား ...ကူလုပ်လိုက်ပါ"

"ဟုတ်ကဲ့"

မေမေ့စကားကို မလွန်ဆန်နိုင်၍ ထထွက်လာရသော်လည်း ...ားငယ်တတ်သော မော်ကွန်းကို မျက်ရည်ဝဲလောက်အောင် သနားပါ ...လာသည်။

"မောင်မော်ကွန်း"

"ဟုတ်ကဲ့ ပြောပါ အန်တီ"

"မင်းရည်းစား နာမည်က တော်ဝင်သူနော်"

"ဗျာ ဟုတ်ကဲ့ အန်တီ"

"ဘာကြောင့် ပြတ်သွားတယ်၊ ဘာကြောင့် ပြန်ဆက်တယ်၊ ...ယ်လိုကြောင့် သမီးနဲ့ ဒီလိုဖြစ်သွားတယ်ဆိုတာ မင်းကို မေးမနေချင် ...ာ့ပါဘူး၊ ဖြစ်နိုင်ရင်တော့ ကိုယ့်ရည်းစားနဲ့ကိုယ် လက်ထပ်ရင် အ ...ကာင်းဆုံးပါပဲ"

"ကျွန်တော် နည်းနည်းလောက် ရှင်းပြပါရစေ အန်တီ"

"မင်းမှာ ပြောစရာတွေ ရှိနေတယ်ဆိုရင်တော့ ပြောပါ၊ ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com



အန်တီ ဆုံးဖြတ်ချက်ကိုတော့ ပြင်မှာမဟုတ်ဘူးနော်"

"ဟုတ်ကဲ့ ကျွန်တော့်အနေနဲ့ ယိမ်းကို တကယ်ချစ်လို့ လက်ထပ်ခွင့်တောင်းတာပါ၊ ရည်းစားရှိခဲ့တယ်ဆိုတာလည်း စိတ်သဘော ထားချင်းမတိုက်ဆိုင်လို့ ပြတ်သွားပါပြီ၊ သူက တခြားတစ်ယောက်နဲ့တောင် စေ့စပ်လိုက်ပါသေးတယ်"

"အခု စေ့စပ်ပွဲ ပျက်သွားပြီမဟုတ်လား"

"ဗျာ"

ဒီလောက်ထိ တိတိကျကျ သိနေတာ အပေါ်ယံ စုံစမ်းလို့မဟုတ် ဘဲ တစ်ယောက်ယောက်က သေချာလာပြောထားလို့ ဖြစ်ပေလိမ့်မည် နေရထိုင်ရတာတောင် ကျဉ်းကျပ်လျက် မော်ကွန်း ဝမ်းနည်းအားငယ် လာသည်။

အသက်ရှူမဝတော့တာမို့ ငိုချချင်စိတ်တွေလည်း ပေါက်လာ ဒေါ်သီတာလွင်ကတော့ အေးဆေးစွာပင် ကြည့်နေပြီး

"အန်တီက ဂုဏ်ပကာသန မမက်ပါဘူး၊ နောက်ခံအင်အား တောင့်တင်းတာလည်း အန်တီတို့အတွက် အဓိကမဟုတ်ဘူး၊ နောက် အချိန်ထိ အတူနေသွားရမယ့်အိမ်ထောင်တစ်ခုမှာ စိတ်မချမ်းမြေ့မှု ကြုံမှာကိုတော့ အန်တီ မလိုလားဘူး၊ အန်တီက အိမ်ထောင်ရေး ဒဏ်ရာရခဲ့သူပါ၊ သမီးကိုတော့ အဲလိုမဖြစ်စေချင်ဘူး"

"ကျွန်တော် ယိမ်းကို သစ္စာရှိရှိ ရိုးမြေကျပေါင်းမှာပါ"

"လူတိုင်းပြောတတ်ကြတဲ့စကားပါ၊ အဲလိုလုပ်ပေးပါလို့ မင်း က အန်တီ မတောင်းဆိုပါဘူး၊ ဒီကိစ္စကို အန်တီ လက်မခံဘူးဆို မင်းသိရင် တော်ပါပြီ"





"ကျွန်တော့်ကို စောင့်ကြည့်လေ့လာပါဦးလား အန်တီ၊ ကျွန်တော် ခုချက်ချင်း ဖွတ်အတင်းကြီး လက်ထပ်ပါရစေလို့ မတောင်းဆိုပါဘူး"

"အန်တီစောင့်ကြည့်နေရမယ့်အချိန်အတွင်းမှာ မင်းရည်းစား အဆင်ပြေဖို့ပဲ ကြိုးစားပါ၊ မိန်းကလေးတစ်ယောက်က မင်းကိုမချစ်ဘဲ ထ်သိက္ခာအကျခံပြီး မိဘတွေ သဘောတူထားတဲ့ စေ့စပ်ပွဲကို ဖျက်မှာ ဟုတ်ပါဘူး၊ သမီးနဲ့ လက်ထပ်ဖြစ်ရင် မင်းလည်း တစ်ချိန်ချိန်မှာ ဲဒါကို နောင်တတွေရပြီး မိသားစုကို စွန့်လွှတ်ရဲတဲ့အထိ ရည်းစား ဟောင်းကို သနားနေလိမ့်မယ်"

"အဲဒီလိုဖြစ်စရာ အကြောင်းမရှိပါဘူး အန်တီ၊ သူက"

မော်ကွန်းရဲ့ဖြေရှင်းမှုကို လက်မခံဘဲ ဒေါ်သီတာလွင် လက်ကာ ျ တားလိုက်သည်။

"အခုချိန်မှာပေးတဲ့ ဆင်ခြေတွေက နောင်တစ်ချိန်မှာ အိမ် ထောင်ရေးဖောက်ပြန်ဖို့ လက်နက်တစ်ခုလို့ အန်တီထင်တယ်၊ အပြောင်း လဲမြန်တဲ့သူက ပိုပြီး သစ္စာမဲ့တတ်ကြတယ်၊ မင်းအနေနဲ့ ရည်းစား ဟောင်းဖြစ်တဲ့သူအပေါ်မှာပဲ သစ္စာရှိကြည့်ပါဦး"

တိုက်ခိုက်မှုတွေက တိုက်တွန်းမှုရှိလို့ဆိုတာ နားလည်လိုက်ပြီး ယ်သူ့ကြောင့် အတိအကျသိနေလဲဆိုတာလည်း စိတ်ဝင်စားနေမိသည်။

ယိမ်းရော ဘယ်ရောက်သွားပြီလဲ။

"မော်ကွန်းထင် အန်တီပြောတာ ကြားရဲ့လား"

"ဗျာ ကြား ကြားပါတယ် အန်တီ"

"အေး မင်းလည်း ပညာတတ်ပဲ၊ အန်တီပြောတာကို သဘော ပါက်မှာပါ၊ သမီးကို အဆက်အသွယ်မလုပ်ပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ"

"သမီးအတွက် အန်တီ့ကို အတွက်ကြီးခွင့်ပေးပါ မော်ကွန်းထင်၊ တရားခံမွလုပ်နေတယ်ဆိုပေမယ့် အန်တီလိုဒုက္ခမျိုး သမီးကို မခံစားစေချင်လို့ပါ၊ ပြီးတော့ တစ်ဖက်မိန်းကလေးကို လျစ်လျူရှုလိုက်တဲ့ မင်းကို လည်း အန်တီ မယုံကြည်ဘူး"

ဒီလောက် သေချာစွာပြောနေမှတော့ သူ ဘယ်လိုစောဒက တက်ရဦးမှာလဲ။ ဒေါ်သီတာလွင်က သူ့မျက်နှာကို စေ့စေ့ကြည့်ကာ

"မင်း ပြန်နိုင်ပါပြီ၊ အခုလို လာတွေ့တာကို ကျေးဇူးတင်တယ်၊ အန်တီ့ကို နားလည်ပါလို့ မပြောပါဘူး၊ မင်းတစ်နေ့နေ့ မိဘနေရာကို ရောက်လာရင် အန်တီ့ကို ကိုယ်ချင်းစာတတ်လာမှာပါ"

"ဟုတ်ကဲ့ ခွင့်ပြုပါဦးခင်ဗျာ"

နှုတ်ဆက်ခြေလှမ်းတွေက ယိုင်နဲ့စွာမခိုင်ချင်။

ရင်က တလှိုက်လှိုက်ဖြင့် ဝမ်းနည်းစွာ လှည့်ကြည့်မိသော် လည်း ယိမ်းအရိပ်အရောင်ကို မတွေ့ရ။ နောက်ဆုံးမဖြစ်ပါစေနဲ့ ယိမ်း၊ ရယ်။

မျိုး၀၁၆၆

## အခန်း (၃၀)

တအင့်အင့် တအီးအီးဖြင့် မော်ကွန်းထင် ငိုသံက စိတ်ချောက် ချားဖွယ်တောင် ကောင်းနေသည်။ မော်ကွန်းထင်အနားမှာ စိုးနောင်နှင့် ပင်းသူ ဒူးထောက်ထိုင်ချလိုက်ပြီး

"မင်း အဲလောက်ကြီး ဝမ်းနည်းမနေနဲ့၊ ဒီနောက်ပိုင်း ယိမ်းနဲ့ တွေ့ပြီးပြီလား၊ ယိမ်း ဆုံးဖြတ်ချက်ကိုရော နားထောင်ပြီးပြီလား"

"ယိမ်းနဲ့မှ မတွေ့ရတော့တာ၊ ဘယ်လိုလုပ်ပြီး ယိမ်းဆန္ဒကို သိရမှာလဲ"

"အေးလေ အဲဒါကြောင့်ပြောတာ ယိမ်းက အရွယ်ရောက်နေ ပြီ၊ မင်းကိုချစ်ရင် မိဘဆန္ဒကိုလည်း လွန်ဆန်ရဲမှာပဲ တွေးပူမနေပါနဲ့ကွာ"

"ဟုတ်သားပဲ မော်ကွန်းရာ ယိမ်းက မင်းကိုချစ်ပါတယ်၊ ဘယ် လိုအကြောင်းပဲရှိရှိ မင်းကိုစွန့်လွှတ်မှာမဟုတ်ဘူး၊ မင်းဆီကို တစ်နည်း နည်းနဲ့ရောက်အောင်လာလိမ့်မယ်"

"သူ့အမေက သံကွန်ချာနဲ့အုပ်ထားတာ မဟုတ်ဘူး၊ မေတ္တာ

မျိုး၀၁၆၆

www.burmeseclassic.com

www.burmeseclassic.com



တရားနဲ့ ထိန်းချုပ်ထားတာ၊ ယိမ်းက သမီးလိမ္မာတစ်ယောက် မင်းသူ၊ ပြီးတော့ အတိုက်အခံလုပ်ပြီး ထွက်လာပါလို့ လှုံ့ဆော်အားပေး ငါ မလုပ်ရက်ဘူး၊ တောက် ဒီကိစ္စ ဂယနဏ သေချာသိနေတာ တစ်ယောက်ယောက်ပြောလို့ကွ၊ အဲဒါ ဘယ်သူဖြစ်မလဲ"

စိုးနောင်နှင့်မင်းသူ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ စဉ်းစားခန်းဝင်သွားကြ၏။ ဖြစ်နိုင်သည်က ဒေါ်သီတာလွင်နှင့် အနီးဆုံးရှိနိုင်မည့်သူပင်။

"မွန်မွန်က မင်းကို သိပ်မကြည်ဘူးနော်၊ သူချွန်တွန်းလုပ်ချင်လုပ်နိုင်တယ်"

စိုးနောင်စကားကို မင်းသူ ခေါင်းယမ်းသည်။

"မွန်မွန်က သူငယ်ချင်းကိုခင်ပေမယ့် အဲလိုအောက်တန်းကျတဲ့စိတ်တော့ မရှိလောက်ဘူးကွ၊ သူ ယိမ်းကို အရမ်းခင်တာ၊ ယိမ်းစိတ်ဆင်းရဲအောင် လုပ်မှာမဟုတ်ဘူး"

"မင်းကလည်း မွန်မွန်ကိုကြွေပြီး မွန်မွန်ဘက်က ကာကွယ်ပေးနေသေးတယ်၊ ဒေါ်သီတာလွင်ကို ပြောနိုင်တဲ့အနီးကပ်လူဆိုလို့ မွန်မွန်တစ်ယောက်ပဲရှိတယ်"

"ဖြစ်ချင်လည်း ဖြစ်နိုင်တယ်၊ သူ ငါ့ကိုတော်ဝင်သူနဲ့ပတ်သက်ပြီးအမြင်စောင်းနေတာ၊ ယိမ်း ပြောပြဖူးတယ်၊ ဒါပေမဲ့ အခုနောက်ပိုင်းတားဆီးကန့်ကွက်တာမျိုးတော့ မလုပ်ဘူးတဲ့"

"ယိမ်းအမေနဲ့ လှည့်တိုက်ချင်လို့ အချိုသတ်ငြိမ်နေလိုက်တာလည်း ဖြစ်နိုင်တာပဲ၊ ဒါပေမဲ့ အဲဒါက ထားပါ၊ မင်း ယိမ်းနဲ့တွေ့ဖို့တော့လိုတယ်"





"ငါ အခုအချိန်မှာ အရမ်းတွေ့ချင်နေတာပေါ့ကွာ၊ ဒီနေရာလေးမှာ တော်ဝင်သူကြောင့် ငိုကြွေးနေမိတဲ့အချိန်တုန်းက ယိမ်းကြောင့် ငါ စိတ်ဖြေသာရာရခဲ့တာ၊ အခုလည်း သူ ငါ့ကိုလာပြီး ဖျောင်းဖျနှစ်သိမ့်ပေးရင်ကောင်းမှာပဲ၊ ယိမ်းက ငါ့မျက်ရည်တွေ ခမ်းခြောက်အောင် လုပ်ပေးနိုင်တဲ့ အစွမ်းအစတွေရှိတယ်"

ယောကျ်ားတန်မဲ့ ဝမ်းနည်းလွယ် မျက်ရည်ကျလွယ်သော မော်ကွန်းထင်ကိုကြည့်၍ မင်းသူတို့ နှာခေါင်းရှုံ့မိကြသည်။ ခွဲခွာရဖို့ သေချာသေးတာလည်း မဟုတ်ဘဲနှင့် ဒီလောက်ထိ ဝမ်းနည်းကြေကွဲဖို့ မလိုသေးဘူးဟု ထင်မိသည်။

"ဟိတ်ကောင် ထ၊ အဲဒါတွေ အခုချိန်မှာ ပြောမနေနဲ့ဦး၊ ယိမ်းက မင်းကို ဒီလိုမျိုး မပစ်ထားဘူးဆိုတာ ငါတို့ယုံကြည်တယ်၊ အရမ်းဝမ်းနည်းမနေပါနဲ့ကွာ"

"မင်းတို့ သင်တန်းတက်မယ်ဆို သွားကြကွာ၊ ငါဒီမှာနေခဲ့ဦးမယ်"

"မင်း သင်တန်းမတက်ဘူးလား"

"ဒီလိုရုပ်နဲ့ မတက်ချင်ပါဘူး၊ ယိမ်းနဲ့အမြဲတမ်း ဒီနေရာလေးမှာထိုင်ပြီး စကားတွေပြောနေကြဆိုတော့ ငါ လွမ်းနေလိုက်ဦးမယ်"

"မင်းကတော့ နှစ်ခါကွဲတဲ့အသည်း မနာဘဲရှိပါ့မလား ဖြစ်နေ ကဲ ငါတို့သွားမယ်၊ ယိမ်းနဲ့ဆက်သွယ်လို့ရအောင်လည်း ငါတို့လုပ်ပေးမယ်"

"ကျေးဇူးပါပဲကွာ၊ မင်းတို့သွားကြတော့ သင်တန်းနောက်ကျဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ ငါတို့သွားပြီ၊ ထပ်ပိုမနေနဲ့ဦးနော်"

မင်းသူတို့ပြောသွားပေမယ့် သူ့စိတ်က ဘယ်လိုမှ ထိန်းချုပ်လို့မရပေ။ တွေးမိရင်း မျက်ရည်ကလည်လာပြီး ယိမ်း မျက်နှာလေးကိုလည်း မြင်ယောင်နေသည်။

အချိန်တွေ ဘယ်လောက်ကြာသွားပြီလဲမသိဘဲ ဗိုက်ထဲကလည်း ဆာလောင်လာသလိုဖြစ်နေ၏။

"မော်ကွန်း"

"ဟင်"

ယိမ်းအသံမှတ်၍ ထိုင်နေရာမှ ကပျာကယာပင် ထရပ်လိုက်၏။ ဒါပေမဲ့ သူထင်သလို ယိမ်းမဟုတ်ဘဲ တော်ဝင်သူ ဖြစ်နေသည်။ တော်ဝင်သူက သူ့မျက်နှာကို သနားကရုဏာသက်သလို ဆွေးငေးစွာကြည့်နေပြီး

"ဘာတွေဝမ်းနည်းပြီး ဒီလိုပုံစံဖြစ်နေတာလဲ မော်ကွန်း"

"နှင်နဲ့မဆိုင်ပါဘူး၊ နင်က ဘယ်လိုလုပ် ဒီနေရာကို ရောက်လာတာလဲ"

"မင်းသူတို့ သင်တန်းလာတက်ပြီး နင်ပါမလာလို့လေ၊ ဒီနေရာက ယိမ်းထက်အရင် နင်နဲ့ငါရဲ့ အမှတ်တရနေရာလေးပါ၊ နင်ဒီမှာနေမယ်ထင်လို့ပေါ့ မော်ကွန်းရယ်"

ကြေကွဲမှုများနှင့်ပြောနေသော တော်ဝင်သူကို သူ မျက်နှာကာ ကန်ရေပြင်ဘက် မျက်နှာမူလိုက်၏။ ဒီအချိန်မှာ တော်ဝင်စကားသံတွေကို သူမကြားချင်။

ယိမ်းရဲ့နှစ်သိမ့်မှုတွေကိုသာ လိုအပ်နေတာ တော်ဝင်သူ



ိမ်းကို ပိုချစ်လို့ဆိုတာ ကျိန်တွယ်ပြောစရာတောင် မလိုတော့ပေ။

"နင် ငါ့ကိုစိတ်နာချင်နာပါ၊ မချစ်ရင်လည်း ငါမမျှော်လင့်တော့ဘူး၊ ဒါပေမဲ့ အရင်က သံယောဇဉ်တွေကြောင့် တစ်ယောက်နာကျင်တဲ့ချိန်မှာ တစ်ယောက်က ဖေးမပေးကြရင် မကောင်းဘူးလား"

"ဘာ"

"နင်အခု ယိမ်းကြောင့် ခံစားနေရတယ်မဟုတ်လား"

"ယိမ်းကြောင့် မဟုတ်ပါဘူး၊ ယိမ်းနဲ့ငါက သိပ်ချစ်ကြတာ၊ ပြဿနာတက်စရာအကြောင်းမရှိဘူး"

"အေးပါ သူ့အမေက နင်တို့ကို သဘောမတူဘူး ပြောလိုက်မဟုတ်လား"

"ဟင် နင် ဘယ်လိုလုပ်သိတာလဲ"

"ဟိုလေ နင်နဲ့ယိမ်း တခြားပြဿနာတက်စရာမရှိရင် နင်တို့ကိုဘာမတူနိုင်တဲ့ သူ့အမေကြောင့်ပဲဆိုတာ တွေးမိလို့ပါ"

"အင်း ဟုတ်တယ်၊ ငါ့မှာရည်းစားဦးရှိခဲ့လို့ သူ့သမီးအတွက် မယုံကြည်နိုင်တာ၊ စိတ်မချနိုင်တာတဲ့လေ"

"ဒါဆို နင့်ရဲ့ရည်းစားဦးဖြစ်တဲ့ ငါ့ကြောင့်လည်း ပါတာပေါ့နော်၊ က်မကောင်းလိုက်တာဟယ်၊ ဟို ငါနဲ့ဘာမှမဆိုင်တော့ဘူးဆိုတာ ာမေကို ငါသွားရှင်းပြပေးရမလားဟင်"

တော်ဝင်သူ ဒီလိုနူးညံ့သိမ်မွေ့မှုတွေနှင့် ပြောလာတော့ ဟုတ်မှ ရဲ့လားဟု အံ့အားသင့်ရသေး၏။ သူ စိတ်ရှုပ်စွာ ခုံတန်းလေးမှာ င်တော့ တော်ဝင်သူလည်း သူ့ဘေးမှာ ဝင်ထိုင်ကာ

"ငါ တကယ်ပြောတာပါ၊ နင် စိတ်ချမ်းသာမယ်ဆိုရင် ငါ

www.burmeseclassic.com

www.burmeseclassic.com



ဘာမဆို လုပ်ပေးချင်ပါတယ်၊ နှင့်အပေါ်မှာ ငါ အများကြီး မှားခဲ့တာ ဟာ၊ တောင်းပန်တဲ့သဘောဖြစ်ဖြစ် ငါ နှင့်ကိုနှစ်သိမ့်ပေးခွင့် ရချင်ပါတယ်

"တော်ဝင်သူ နှင် တကယ်ပြောနေတာလား"

"တကယ်ပါ ငါက နှင်ပြောသလို မိန်းမကောင်း မိန်းမဖြ ဖြစ်ချင်မှလည်း ဖြစ်မယ်၊ ဒါပေမဲ့ မိန်းမယုတ်တော့ မဟုတ်ပါဘူး၊ ဒီလိုခံစားနေရတဲ့အချိန်မျိုးမှာ နှင့်အနားမှာ ရှိနေပေးမယ်လေ၊ နှင် အရမ်းစိတ်ပျော့တော့ အရမ်းဝမ်းနည်းနေမှာစိုးလို့ပါ"

ဒီလောက် သူ့ဘက်က တွေးပေးနေတာ ဟိုနေ့က ဒေါသ ကြီးပြီး ကျိန်စာတိုက်ခဲ့တာတွေ မေ့လိုက်ပြီလားဟု မေးကြည့်ချင်လှ ဒါပေမဲ့ တကယ်ပဲ သုံးနှစ်လောက်တွဲခဲ့သည့် သံယောဇဉ်လက်ကျ ကြောင့်ဆိုလျှင်တော့ ထိုမေးခွန်းက အားနာစရာကောင်းလှသည်၊

"ရပါတယ် ငါတစ်ယောက်တည်းနေလည်း ဖြစ်တယ်၊ သွားစရာရှိတာ သွားပါ"

"ငါက ဘယ်သွားရမှာလဲ၊ နှင် ဒီမှာရှိမယ်ထင်လို့လာတာ ငါ့ကို နှင်မထုတ်ပါနဲ့"

"မဟုတ်ပါဘူး ငါတစ်ယောက်တည်း နေချင်လို့ပါ၊ နှင် ထိုင်ချင်လည်းထိုင်ပါ"

မော်ကွန်းထင် လေသံပျော့သွားတော့ တော်ဝင်သူ ခ ကြိတ် ပြုံးလိုက်ပြီး ဆလင်းဘတ်အိတ်ထဲက ကိတ်နှင့်အအေး ထုတ်၍ မော်ကွန်းလက်ထဲ ထည့်ပေးကာ

"နှင် ဗိုက်ဆာနေမှာပဲ၊ စားလိုက် မော်ကွန်း၊ အအေး သောက်"



"ငါ ဗိုက်ဆာနေတာ နှင် ဘယ်လိုလုပ်သိလဲ"

"နှင် အရင်တည်းက ငါနဲ့ထိုင်နေရင် ဗိုက်ဆာတတ်တာပဲလေ၊ ယယ်ငယ်က ငိုပြီးရင် ဗိုက်အရမ်းဆာတာပဲလို့လည်း ပြောဖူးတယ် မဟုတ်လား"

အလေးအနက် အမှတ်ရနေပါသေးလားဟု အံ့ဩရသေး၏။ ရန်လို တိုက်ခိုက်နေတာမျိုး မဟုတ်တော့လည်း နှင်ထုတ်ဖို့လည်း ခက် နေသားပင်။

ဒါကြောင့်မို့ ဘာမှမပြောတော့ဘဲ တော်ဝင်သူပေးသော ကိတ် နှင့်အအေးကို သောက်လိုက်စားလိုက် လုပ်နေလိုက်သည်။ တော်ဝင်သူက သူ့ကို ပြုံးကြည့်နေပြီး

"မော်ကွန်းက အရမ်းကို အပြစ်ကင်းတဲ့ကလေးလေးကျနေတာ ပဲ၊ ဝမ်းနည်းစရာရှိရင် ဝမ်းနည်းတယ်၊ ငိုချင်ရင် ငိုချတယ်၊ ဗိုက်ဆာ တော့လည်း ရှက်ရမှန်းမသိဘဲ စားနေတော့တာပဲ၊ ပြီးတော့ အကြာကြီး ရန်ငြိုးဖွဲ့ပြီး မုန်းမနေတတ်ဘူးနော်၊ အရမ်းချစ်ဖို့ကောင်းတယ်"

"အဲဒီစကားကိုတော့ နှင် မပြောပါနဲ့ တော်ဝင်သူ၊ ငါတို့ နှစ် ယောက်ကြားမှာ အဲဒီချစ်တယ်ဆိုတဲ့စကား မသုံးတော့ရင်ကောင်းမယ်၊ ငါက ယိမ်းနဲ့ပဲ လက်ထပ်မှာ"

"သူ့အမေ သဘောမတူဘဲနဲ့ နှင်တို့ ဘယ်လိုလုပ် လက်ထပ် မှာလဲ"

"ယိမ်းက ငါ့ကိုစွန့်လွှတ်မှာမဟုတ်ဘူး၊ ထားခဲ့မှာမဟုတ်ဘူးဆို တာ ငါယုံတယ်၊ အခု အခိုက်အတန့် ပြဿနာဖြစ်နေပေမယ့် တစ်နေ့ ရနဲ့ ပြေလည်သွားမှာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဩော် အင်း ဟုတ်ပါတယ်၊ အခုမပြေလည်ခင်အတော အတွင်းမှာတော့ နင် စိတ်သက်သာအောင် ငါအတူရှိနေပေးမယ်နော် ဖြစ်ရဲ့လား"

"အခုလို ပြောတာတော့ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ငါ့မှာ ငါ့သူငယ်ချင်းတွေရှိတယ်၊ သူတို့ ငါ့ကိုအားပေးမှာပါ"

"အဲဒါတော့ သိပါတယ် ဒါပေမဲ့"

"နင့်ဘာသာ အဆင်ပြေအောင်နေပါ၊ ငါ့အတွက် စိတ်ပူမပေး နဲ့၊ ယိမ်း ငြိုငြင်မှာ ငါ မလိုလားဘူး"

"မော်ကွန်းရယ် ရက်စက်လိုက်တာ၊ ငါလေ နင့်ဆီက အချစ် တွေ ပြန်တောင်းနေတာ မဟုတ်ပါဘူး၊ ဒီအချိန်မှာ ငါလည်း အဖော်ပဲ နေလို့ ကိုယ်ချင်းစာပြီး ပြောတာပါ"

"နင် ဟိုနေ့က ကျိန်စာတိုက်ခဲ့တာတွေကို မေ့ပြီး ဒီစကားတွေ လာပြောနေတာလား"

တော်ဝင်သူ မျက်ရည်တွေဝဲလျက် ခေါင်းယမ်းကာ

"ငါ အဲဒီနေ့က စိတ်တွေလွတ်ပြီး ပြောမိပြောရာ လျှောက်ပြော လိုက်မိတာပါ၊၊ နင်က ယိမ်းနဲ့ယှဉ်ပြီး တိုက်ခိုက်လို့ မနာလိုစိတ်တွေ ပေါက်ကွဲမိတာ၊ ယိမ်းနဲ့တွေ့ရင်လည်း ငါတောင်းပန်ပါမယ်"

တော်ဝင်သူ မာန်တွေချကာ ထိုသို့ ပြောတော့ မော်ကွန်းတ ငြိမ်သက်သွားရသည်။ အရင်လို မထီမဲ့မြင် အပြုအမူများ မဟုတ်တော့ တာမို့ တော်ဝင်သူနှင့်ပတ်သက်သည့် နာကြည်းစရာတွေကို သူလည်း မထေ့ငေါ့ချင်။

အခုဆန္ဒရှိနေတာက ယိမ်းနဲ့တွေ့ဖို့ ..။

■ ■ ■

မျိုး၀၁၁၉၆

# အခန်း (၃၁)

"တွေ့ဖို့တောင် မလွယ်ဘူးဆိုတော့ မင်းတို့ ဘယ်လိုဖြစ်ကြ ာလဲ၊ အရှယ်ရောက်နေတဲ့သမီးကို လှောင်အိမ်ထဲထည့် သော့ခတ် ားသလား"

"သော့အထပ်ထပ် ခတ်ပြီး လှောင်အိမ်ထဲထည့်ထားတာ ဟုတ်ပေမယ့် မေတ္တာနဲ့ ထိန်းချုပ်ထားတာ လေးလေး၊ ယိမ်းပိုပြီး ွက်ရခက်တယ်"

"မင်း ဘာတွေအများလုပ်လို့ ယိမ်းအမေက သဘောမတူတာ ."

"ရည်းစားရှိခဲ့လို့တဲ့"

"ဘာ"

ဦးထင်ကျော် မျက်ခုံးနှစ်ဖက် မြင့်တက်သွားလောက်အောင် ့ြဖြရလေသည်။ ဒီခေတ်မှာ ရည်းစားနှစ်ယောက် သုံးယောက်ရှိတော့ ှာ ထူးဆန်းလို့လား။

မျိုး၀၁၁၉၆

www.burmeseclassic.com

www.burmeseclassic.com



မိန်းမနှင့်သားသမီးတွေ ရှိလျက်နှင့်တောင် နောက်အိမ်ထော တွေပြုနေကြသေးတာ။

"နေပါဦး ရည်းစားရှိတာ ယိမ်းတစ်ခုလပ်ဖြစ်သွားမယ့်ကိစ္စ မဟုတ်တာကွ၊ ယိမ်းအမေ ဘယ်လိုစိတ်ကူးတွေ ဝင်နေတာလဲ"

"အဲဒါနဲ့ပတ်သက်တဲ့ စိတ်ဒဏ်ရာတွေရခဲ့လို့ ယိမ်းကို အဲ မဖြစ်စေချင်တာတဲ့လေးလေးရယ်၊ ကျွန်တော် ရှင်းပြတာကိုလည်း န မထောင်ဘူး၊ ခေါ်ပြီး ရန်တွေ့တာမဟုတ်ပေမယ့် မိဘရဲ့မေတ္တာကို န လည်ပေးပါလို့ တောင်းဆိုတာက ပိုပြီးရှေ့တိုးရ ခက်အောင်လုပ်လို သလိုပဲ"

"မင်း ယိမ်းကိုစွန့်လွှတ်မှာလား"

"ဟင့်အင်း ဘာလို့စွန့်လွှတ်ရမှာလဲ"

"ဒါဆို အားမရှိသလို မပြောနဲ့လေကွာ၊ ဘယ်လိုရှေ့ဆက် ကြည့်ရမလဲဆိုတာပဲ စဉ်းစားပေါ့"

"ယိမ်းအမေကို ဘယ်လိုကျော်လွှားရမလဲ လေးလေး၊ ယိ သိက္ခာနဲ့ ခိုးပြေးဖို့လည်း စိတ်မကူးရဲဘူး၊ ယိမ်းက တော်ဝင်သူလို ကလေးမျိုးမဟုတ်ဘူး"

ဦးထင်ကျော် ဒါကိုတော့ လက်ခံသည်။ ယိမ်းက ဂုဏ်သိ ရှိပြီး အဆင့်အတန်းရှိသည့် မိန်းကလေးဆိုတာကိုလည်း သိနေသ ဒါကြောင့်လည်း တူတော်မောင်နှင့် လက်ထပ်ပေးချင်တာပါ။

ကိုယ့်ဘက်က အဆင့်အတန်း အသိုက်အဝန်းကြောင့် ငြင်းဆန်လိမ့်မည်ဟုလည်း မထင်မိပေ။ အခုတော့ ရည်းစားရှိ အကြောင်းပြတာတော့ သိပ်မဟုတ်သေးဘူး ထင်သည်။



"ဒါဆို ယိမ်းအမေကို လေးလေး သွားတွေ့ပေးရမလား"

"ထူးခြားလာပါ့မလား လေးလေး၊ ယိမ်းအမေက ဘယ်သူ ...ပြောပြော ခေါင်းမာမယ်ထင်တယ်၊ ဒီကိစ္စက ယိမ်းနဲ့တွေ့ပြီး ယိမ်း ...ကို သိရမှ ဘာလုပ်ရမယ်ဆိုတာ သိမှာ"

"ယိမ်းတို့တွေ့ရဖို့က မလွယ်ဘူးဆို၊ ဘယ်လိုလုပ်မှာလဲ၊ ယိမ်း ...အိမ်ကို လူကြီးလူကောင်းပုံစံနဲ့ သွားတွေ့ရင် ရိုက်တော့မလွှတ်လောက် ...မဟုတ်လား"

"ယိမ်းအမေက ကျောင်းဆရာမကြီးလုပ်ခဲ့တာဆိုတော့ အဲလို ...ကု ရိုင်းမှာမဟုတ်ပါဘူး"

"ဒါဆို လေးလေး သွားတွေ့ပေးမယ် မပူနဲ့၊ ဒီနေ့တော့ အား ...းမှာမဟုတ်ဘူး၊ နောက်နေ့ သွားပေးမယ်ကွာနော်"

သူ့မျက်နှာညှိုးနွမ်းနေတာမို့ လေးလေးက ပခုံးဖက်ကာ နှစ်သိမ့် ... လေးလေးကို အသိပေးလိုက်ရ၍ သူ့ရင်ထဲလည်း အနည်းငယ် ...သွားသည်။

"လေးလေး ယိမ်းအမေနဲ့တွေ့လည်း ပြေပြေလည်လည်တော့ ...ခဲ့ပါနော်၊ ကျွန်တော့်ဘက်ကလည်း အာမခံခဲ့ပါ၊ ယိမ်းကို ကျွန်တော် ...ယ်ချစ်တာပါ လေးလေး"

"အေးပါကွာ လေးလေး မင်းတို့အဆင်ပြေအောင် သေချာ ...ဆွေးခဲ့ပါမယ်၊ ယိမ်းနဲ့တွေ့ရင်လည်း ယိမ်းဆန္ဒကို သေချာမေးခဲ့ပါ ... ငါ့တူလေးစိတ်ချမ်းသာရမှာပါ"

"ယိမ်းအမေက ဒေါသနဲ့ အမိန့်ပေးတာမဟုတ်ဘဲ မေတ္တာနဲ့ ...ိုင်ထားတာဆိုတော့ ယိမ်း လွန်ဆန်ပြီး ယိမ်းကျွန်တော့်ကို လက်ထပ်

www.burmeseclassic.com

www.burmeseclassic.com



ရဲပို့မလား ဟင် လေးလေး"

"လေးလေးလည်း မေတ္တာနဲ့သိမ်းသွင်းကြည့်မှာပေါ့ကွာ၊ ရည်းစားထားဖူးတယ်ဆိုတာ အပြစ်ကြီးတစ်ခုမှမဟုတ်ဘဲ"

"ပြောတဲ့သူက ကျွန်တော့်ကို ရည်းစားဦးနဲ့မလွတ်မကင်းပုံမျိုးတောင် ပြောထားတာထင်တယ်၊ ကျွန်တော်က အဲဒီမိန်းကလေးအပေါ် စာနာမှုမရှိ သစ္စာဖောက်တယ်ပေါ့၊ အဲဒါကြောင့် သူ့သမီးအတွက် ကျွန်တော့်ကို ယုံကြည်မှုမရှိဘူးတဲ့"

"အဲဒါကို ယိမ်းကရော ရှင်းမပြဘူးလား"

"နောက်တော့ ရှင်းပြခွင့်ရမလား မသိဘူး၊ အခုတော့ ယိမ်းကို စကားပြောခွင့်မပေးဘူး၊ သူ ကြားထားတဲ့သတင်းနဲ့ပဲ ကျွန်တော့်ကို တိုက်ခိုက်လိုက်တာ၊ သူ့သမီးကို သူ့လိုမျိုးဒဏ်ရာတွေနဲ့ တစ်သက်လုံး စိတ်မဆင်းရဲစေချင်ဘူးတဲ့လေ"

"ဘယ်လိုဒဏ်ရာတွေရခဲ့လို့ ဒီလောက်တောင် ဆန္ဒတွေ ပြင်းပြနေရတာလဲ"

"မသိဘူး လေးလေးရယ်"

ဖြေရတာ လေသံပျော့ပေမယ့် လေးလေး သွားကြည့်ပေးမယ် ဆို၍ အားတော့ရှိပါသည်။ ယိမ်းနဲ့ဝေးရမှာစိုး၍ ရင်မှာလောင်ကျွမ်းနေတာ ကိုယ့်ကိုယ်ကိုယ်တောင် ထိတ်လန့်မိသည်။

ယိမ်းကို သူတကယ် နှစ်နှစ်ကာကာ မြတ်မြတ်နိုးနိုး ချစ်မိပါလား။ အမြဲလို ဖေးမ နားလည်ပေးတတ်လွန်းသော ယိမ်းကို သူ့အနားမှာပဲ အမြဲပဲရှိစေချင်သည်။

တော်ဝင်သူရဲ့ကျိန်စာကြောင့် သူတို့ဒီလိုမျိုး ဖြစ်နေကြတာ



လျှင်တော့ တော်ဝင်သူကို သူ ဘယ်လိုမှ ခွင့်လွှတ်နိုင်မှာမဟုတ်ပေ။

ယိမ်းရေ ရည်းစားဦးရဲ့ကျိန်စာကြောင့် ကျွန်တော်တို့ မဝေးပါရစေနဲ့ . . ။

▣ ▣ ▣

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

မွန်မွန်ကို မေးစရာတွေရှိနေ၍ အခန်းထဲမှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း စောင့်နေမိသည်။ မေမေက ဒီရက်အတွင်း အပြင်ကို မထွက်ဘဲ အိမ်မှာပဲနေပါဟု သတိပေးထား၍ မော်ကွန်းကိုလည်း သွား မတွေ့နိုင်ပေ။

မော်ကွန်း ဝမ်းနည်းကြေကွဲနေမည်၊ နာကျင်ခံစားနေရမည် ဆိုတာ သိသော်လည်း မေမေ့ကိုဖြေရှင်းပြဖို့ အခွင့်အရေးမရသေး၍ ဒီအတိုင်း ငြိမ်နေရတာ၊ ရင်ထဲမကောင်းနိုင်။

ဒီကိစ္စ ဘယ်လိုဖြစ်ပြီး မေမေ အတိအကျသိနေသည်ဆိုတာ မွန်မွန်ကို သေချာမေးကြည့်ရမည်။ မွန်မွန်ပြောတာဆိုလျှင်တော့ မွန်မွန် ကို သူမသူငယ်ချင်းအဖြစ် သတ်မှတ်မှာမဟုတ်တော့။

"ဒေါက် ဒေါက်"

"မွန်မွန်လား ဝင်ခဲ့"

မေမေ ဈေးသွားတာ မကြာသေး၍ မွန်မွန် ရောက်လာသည်





ဆိုတာ သိလိုက်ပြီး ဝင်ခိုင်းလိုက်ခြင်း ဖြစ်သည်။ မွန်မွန်က မျက်နှာ သာမယာ ရေးကြီးသုတ်ပျာ ပုံစံဖြစ်နေသည်။

"ဟဲ့ လာဖြစ်အောင် အမြန်လာပါဆိုလို့ ဘာတွေများဖြစ်နေလဲ လို့ ငါ့မှာ ရင်တွေကိုထိတ်နေတာပဲ၊ ဘာဖြစ်နေတာလဲ ယိမ်း"

"အေး ပြောမှာပါ။ နင့်ကို မမေးရမချင်း ငါ့ရင်ထဲ ရှင်းမှာ မဟုတ်ဘူး ထိုင်ဦး"

"ဘာတွေလဲဟယ်၊ အောက်ထပ်မှာလည်း တိတ်ဆိတ်နေတာပဲ၊ နင်က ဒီအချိန် အောက်ထပ်မှာလုပ်စရာရှိတာမလုပ်ဘဲ ဘာလို့ အခန်း အောင်းနေတာလဲ"

မွန်မွန်က ခုတင်မှာဝင်ထိုင်ရင်း မေးခွန်းတွေ ထုတ်နေ၏။ မွန်မွန်ရဲ့စိုးရိမ်တကြီးပုံစံကြည့်ပြီး ယိမ်းအသက်ကို ဝဝရှူသွင်းရသည်။

"နင် မေမေ့ကို မော်ကွန်းအကြောင်း ဘာတွေပြောလိုက်တာလဲ မွန်မွန်"

"မော်ကွန်းအကြောင်း"

"အေး အခုအိမ်မှာ မိုးမီးလောင်နေတယ်၊ မေမေက အပြင် ထောင်ထွက်ခွင့်မပေးဘူး၊ တံခါးပိတ်ထား၊ သော့ခတ်ထားတာမဟုတ်ပေ မယ့် ဖြေရှင်းခွင့်မရသေးလို့ အခန်းထဲကကို တမင်မထွက်ဘဲနေတာ"

"ဆန္ဒပြနေတာပေါ့"

"ငါမေးတာပဲဖြေပါ၊ နင် ဘာတွေချုန်တွန်းလုပ်ထားတာလဲ"

"ငါက ဘာကိုချုန်တွန်းလုပ်ရမှာလဲ၊ နင့်အမေနဲ့ မော်ကွန်း အကြောင်း၊ တစ်ခါမှများများစားစား မပြောဖူးဘူး၊ နင့်အမေလည်း မေးဖူးပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"သေချာလို့လား၊ ဟုတ်လို့လား"

"ငါ့ကို မယုံသကဲ့သို့ မေးခွန်းတွေ မထုတ်ပါနဲ့ ယိမ်း၊ ငါ နင့်အမေကိုတိုင်ပြီး တားဆီးခဲ့မယ်ဆိုရင် နင်တို့ချစ်သူတောင် ဖြစ်လိုက်ရမှာ မဟုတ်ဘူး"

"ဒါဆို ဘယ်သူက မေမေ့ကို အတိအကျပြောတာလဲ"

"အတိအကျ ဘာတွေလဲ"

မွန်မွန် ဘာမှမသိသလို စိတ်ဝင်တစားဖြစ်သွားတော့ မွန်မွန် ဘာမှမပြောထူးဘူးဆိုတာ ယုံလိုက်ရမလို ဖြစ်နေသည်။

"မော်ကွန်းမှာ ရည်းစားရှိတာ စိတ်ပျော့ညံ့တာ၊ ပြီးတော့ ရည်းစားဟောင်းနဲ့ အခုထိ မရှင်းမရှင်းဖြစ်နေသေးတာ အကုန်လုံး မေမေသိတယ်"

"ဟင် နင့်အမေ ဘယ်လိုများ စုံစမ်းထား"

"စုံစမ်းလိုက်ရုံနဲ့ သိတယ်ဆိုရင် အပေါ်ယံပဲ ဖြစ်မှာပေါ့၊ အခုက မော်ကွန်းက သစ္စာမဲ့တတ်တဲ့သူ ဖြစ်နေတာ ရည်းစားဟောင်းကတော့ အပစ်ခံရတဲ့သနားစရာလေး၊ ပြီးတော့ ငါက ဒါတွေမသိဘဲ မော်ကွန်းရဲ့ လှည့်စားခံနေရတာလိုလို"

"အဲဒါတွေ နင့်အမေကို ရှင်းမပြဘူးလား"

"မေမေက သူ့ရဲ့ဒဏ်ရာဟောင်းကြောင့် စိတ်လှုပ်ရှားနေ အချိန်မှာ ငါ ဖြေရှင်းနေရင် ဆင်ခြေပေးတယ်လို့ပဲ ထင်မှာပေါ့၊ သေ အေးသွားမှ မေမေ့ကို နားလည်အောင်ပြောရမှာ၊ သတင်းမှားကြီးဆိုတ ကို အခုက မော်ကွန်းက သစ္စာမဲ့တာမဟုတ်ဘူး၊ ရည်းစားဟောင်းက သစ္စာဖောက်တာ အောက်တန်းကျပြီး နောက်တစ်ယောက်နဲ့ စေ့စပ်



အထိ ဖြစ်သွားတာ"

"အေးပါ အဲဒါကို ငါလည်းသိပါတယ်၊ နင် ရှင်းပြတဲ့အချိန်ကျ ငါလည်း ဝင်ပြောပေးပါမယ်"

မွန်မွန်မှာ ဒီလိုဆန္ဒရှိနေလျှင်တော့ မွန်မွန် မပြောတာ သေချာနေသည်။ ဒါဆို ဘယ်သူဖြစ်မလဲ စဉ်းစားရခက်သွား၏။

"နေဦး တော်ဝင်သူများ ဖြစ်နေမလား"

"ဘာကိုလဲ"

"မေမေ့ကိုပြောတာ ငါတို့တော်ဝင်သူနဲ့ ပြဿနာဖြစ်ကြသေးတယ်ဟ၊ ငါနဲ့မော်ကွန်းကို လက်မထပ်စေရဘူး၊ လက်ထပ်ဖြစ်တောင် အိမ်ထောင်ရေး မမြဲစေရဘူးလို့ ကျိန်စာတိုက်တယ်"

"ဒါဆို သေချာတယ်၊ အဲဒီမိန်းမ ဖြစ်ရမယ်၊ နင့်အမေကို သူ ကိုယ်တိုင်လာပြောလို့ ချဲ့ကားသွားတာပေါ့"

"ဟုတ်ပါ့မလား၊ တော်ဝင်သူ အဲလောက် ယုတ်ညံ့ပါ့မလား ဟယ်"

"နင့်အမေက လူတိုင်းစကားကို ယုံတတ်တဲ့သူမဟုတ်ဘူး၊ စဉ်းစားဆင်ခြင်ဉာဏ်ရှိတယ်၊ တစ်ဖက်သတ် ဘယ်တော့မှ မပြောဘူး"

"စေ့စပ်ပွဲပျက်တာတွေပါ ထည့်ပြောသွားတာဆိုတော့ ဖြစ်တော့ ဖြစ်နိုင်တယ်၊ မိန်းကလေးက စေ့စပ်ပွဲအပျက်ခံပြီးကို ချစ်လျက်နဲ့ မော်ကွန်းက သစ္စာမဲ့တာဆိုပြီး မေမေက တော်ဝင်သူကို သနားနေတာ"

"မော်ကွန်းရည်းစားက တော်ဝင်သူဆိုတာလည်း သိတယ်ပေါ့"

"အင်း"

"ဒါဆိုရင်တော့ အများကြီးတောင် တွေးစရာ မလိုဘူး၊ သေချာ

www.burmeseclassic.com

www.burmeseclassic.com



တယ် ဒီမိန်းမ တော်တော်ယုတ်ညံ့တာပဲ၊ နင် ဘာလုပ်မလဲ ယိမ်း''

မွန်မွန်မေးတာကို ချက်ချင်းမဖြေနိုင်။ မေမေ့ကို အခုချိန် သွားပြောလျှင် မော်ကွန်းဘက်က ကာကွယ်သည်ဟု စွပ်စွဲခံနေရဦးမည်။

''ငါ တော်ဝင်သူနဲ့သွားတွေ့ရမလား''

''စိတ်အေးအေးထား မလောနဲ့ဦး၊ နင့်အမေကို ဖြေရှင်းလို့ ရရင် သူ့စကားတွေ အလကားဖြစ်သွားမှာပဲ၊ အဓိကက နင့်အမေကို ရှင်းပြဖို့ပဲ ကြိုးစား''

''မေမေက ငါ့အတွက်တွေးပြီး ဒီလိုဖြစ်နေတာပါ၊ အခုလို သွေးပူနေတဲ့အချိန်မှာ မေမေ့ကို ကလန်ကဆန်မလုပ်ချင်ဘူး၊ သူများ စကား နားယောင်တတ်တဲ့သူ မဟုတ်ဘူးဆိုပေမယ့် စိတ်ဒဏ်ရာအခံရှိတဲ့ မေမေက ငါ့ကိုစိုးရိမ်မှာပဲပေါ့ဟာ၊ တကယ်ဆို မော်ကွန်းဘက်က မပြတ်သားတာတွေရှိခဲ့တော့ တော်ဝင်သူဘက်ကလည်း အားရှိမှာပဲ''

ယိမ်းပြောတာလည်း ဟုတ်နေတာပင်။ ယိမ်းအမေက အမိန့်အာဏာတွေနှင့် ဖြတ်တောက်နိုင်းနေတာ မဟုတ်ဘဲ မေတ္တာနှင့်သိမ်းသွင်းဖျောင်းဖျနေတာမို့ အတိုက်အခံလုပ်ဖို့ ခက်နေသည်။ တော်ဝင်သူအနေနှင့်ကလည်း အားလုံးကို စွန့်လွှတ်ရတော့မလို ဖြစ်နေတာမို့ မော်ကွန်းကို ဘယ်လိုနည်းနဲ့မဆို ကုတ်ကပ်တွယ်ဖက်ထားမှာပင်။

အောက်တန်းကျ ယုတ်ညံ့နေတယ်လို့လည်း ရှက်တတ်ရမှန်း သိမှာမဟုတ်။ အခုလိုပြဿနာများနှင့် ပွဲလန့်နေသည့်အချိန်မျိုးမှာ တော်ဝင်သူ အလုအယက် ဖျာဝင်ခင်းဖို့ စဉ်းစားနေမလား။

'ယိမ်း''

''ဟင်''



''နင်ဘာတွေ စဉ်းစားနေတာလဲ''

''တော်ဝင်သူ အကြံအစည်တွေကို ငါကြောက်နေတာ၊ အခုငါနဲ့ မော်ကွန်းဝေးနေတဲ့အချိန်မှာ မော်ကွန်းကို သူဘယ်လိုစည်းရုံး သိမ်းသွင်းနေမလဲ မသိဘူး''

''အေး အဲဒါတော့ဟုတ်တယ်၊ မော်ကွန်းက စိတ်ပျော့တယ်၊ နင့်အတွက် ခံစားနေရတဲ့အချိန်မှာ သူဘာတွေဘယ်လိုလုပ်မယ်ဆိုတာ မပြောနိုင်ဘူး''

''မင်းသူတို့နဲ့ တစ်ချက်စုံစမ်းကြည့်ပါဦး မွန်မွန်ရယ်၊ ငါအခုမှ တွေးမိပြီး ရင်တွေပူလိုက်တာ''

''နင်လည်း ချစ်သူတစ်ယောက်ထားမိတယ် ဒုက္ခပါပဲ၊ အရူးမိုး ဝိုင်းဖြစ်နေပြီ''

မွန်မွန်ပြောမှ စိတ်ဓာတ်တွေကျချင်လာသည်။ သူမဘာယ်လို လုပ်ရမလဲ။

သက်ပြင်းတွေတောင် ခြောက်သွေ့လို့ . . . ။

□ □ □

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၃)

"ဟင်"

မိမိရှေ့ကားက မိမိအိမ်ရှေ့မှာ ရပ်သွားတာမို့ ဒေါ်သီတာလွင် အံ့ဩသွားသည်။ ဘယ်သူ့ကားလဲ၊ ဘာလာလုပ်တာလဲ၊ ကားကို ထိုးကာ အနီးမှာပင် ရပ်လိုက်ပြီး ကားပေါ်ကဆင်းလိုက်သည့် အချိန်မှာ ရှေ့ကား က လူဆင်းလိုက်တာလည်း တွေ့ရ၏။

မိမိအိမ်ကိုလာတာမို့ မိမိဧည့်သည်များလား။ အသက်က လေး ဆယ့်ငါး၊ ငါးဆယ်ဝန်းကျင်ခန့်မှန်းလို့ရသည်မို့ သမီးနှင့် ပတ်သက်သည့် သူတော့မဖြစ်နိုင်။

ထိုလူ လူခေါ်ဘဲလ်တီးဖို့ ပြင်နေစဉ်မှာပင် ထိုအနားရောက်သွား ပြီး

"ဘယ်သူနဲ့တွေ့ချင်လို့လဲ ဘာကိစ္စလဲရှင်"

"ဟို ယိမ်းနွဲ့ခင်နဲ့ ဟင် သီ သီတာ"

"ဟင် ကို ကိုထင်ကျော် မဟုတ်လား"



နှစ်ယောက်သား မျက်နှာချင်းဆိုင်ကြည့်ပြီး အံ့အားသင့်နေကြ သည်။ ဘာမှမပြောနိုင်အောင် ခဏတာမျှ ငြိမ်သက်သွားကြပြီးမှ .

"ဒီအိမ်က"

"ကျွန်မအိမ်ပါ ကိုထင်ကျော်၊ ခုနက ယိမ်းနွဲ့ခင်လို့ ပြောလိုက် တယ်နော်၊ သမီးနဲ့တွေ့ချင်တာ ဘာကိစ္စရှိလို့လဲ"

"ဩော် ယိမ်းက သီတာရဲ့သမီးလား၊ ကိုယ့်ကိုအိမ်ထဲဝင်ဖို့ ပခေါ်တော့ဘူးလား သီတာ"

"ဩော် အင်း ဝင်ပါ၊ အိမ်မှာခြံစောင့်မထားတော့ ကိုယ်တိုင်ပဲ တံခါးဖွင့်ရမှာ ကိုထင်ကျော် ကားမောင်းဝင်လာခဲ့လေ"

ဒေါ်သီတာလွင် ခြံတံခါးဖွင့်ပြီး ဦးထင်ကျော်ကားကိုပါ မောင်း ဝင်စေလိုက်သည်။ ကားပေါ် ဈေးဝယ်လာသည့် ပစ္စည်းတွေပချနိုင်သေး ဘဲ ဧည့်ခန်းထဲထိ ခေါ်လာခဲ့၏။

"ထိုင်ပါ ကိုထင်ကျော်၊ အပူလား အအေးလား"

"နေပါစေ ကိုယ်တာမှ မသောက်တော့ပါဘူး၊ ဒါနဲ့အိမ်သားရော ပတွေ့ပါလား"

"သူ ဆုံးတာ ဆယ့်ငါးနှစ်ကျော်ပါပြီ"

"ဩော် တစ်မြို့တည်းနေပြီး ကိုယ် မသိခဲ့ပါလား၊ အင်းလေ ကိုယ်လည်း အပေအတေလို လေလွင့်ခဲ့တဲ့ အချိန်တွေက ကြာခဲ့တာကိုး၊ ဂခုနောက်ပိုင်းမှ မမတို့ဆုံးပြီး ကုမ္ပဏီကို ဦးစီးရတော့မယ်ဆိုမှ ရန်ကုန် ပြန်ရောက်လာတာ"

"ဇနီးသည်ကရော"

"ကိုယ်အခုထိ တစ်ယောက်တည်းပါ သီတာ"

www.burmeseclassic.com

www.burmeseclassic.com



ဦးထင်ကျော် အဖြေကြောင့် ဒေါ်သီတာလွင် ရင်မှာလှိုက်ခ
ဖြစ်သွားပြီး ဦးထင်ကျော်မျက်နှာကိုကြည့်ရမှာ အားနာသလိုကြီး ဖြစ်
သည်။

"သမီးနဲ့ဘယ်လို ပတ်သက်မှုရှိလို့ ရောက်လာတာလဲ ကိုထ
ကျော်"

မျက်လုံးတစ်ချက် လှန်ကြည့်ကာ စကားလွှဲသလို မေးလိုက်
၏။ ဦးထင်ကျော်က အိမ်ကြီးကို ဝေ့ဝဲကြည့်ပြီး

"မော်ကွန်းထင်က ကိုယ့်ရဲ့တူပါ၊ မမကမွေးတာ၊ ကိုယ်ထိ
ကျောင်းအုပ်ချုပ်လာခဲ့ရတဲ့ ကလေးပေါ့"

"ဟင် မော်ကွန်းထင်က ကိုထင်ကျော်ရဲ့တူ"

"ဟုတ်ပါတယ် ယိမ်းကို သီတာရဲ့သမီးမှန်း မသိခင်တည်း
ကိုယ့်ရဲ့တူနဲ့ သဘောတူနေခဲ့တာ၊ အခုတော့ ဘယ်မှပြောစရာမလိုအေ
ကို ကိုယ်သဘောတူတယ် သီတာ"

"ကျွန်မကတော့ ကိုထင်ကျော်ရဲ့တူနဲ့ လုံးဝသဘောမတူ
ဘူး"

"ဟင် ဘာ ဘာဖြစ်လို့လဲ သီတာရယ်"

အားနာမှုမရှိ ပြောချလိုက်တာကြောင့် ဦးထင်ကျော် မျက်
ပျက်သွားသည်။ ဒေါ်သီတာက သက်ပြင်းတစ်ချက်ရှိုက်ကာ

"မော်ကွန်းထင်မှာ ရည်းစားရှိခဲ့ဖူးတာ ကိုထင်ကျော်သိတ
မဟုတ်လား"

"အင်း သိပါတယ် အဲဒါဘာဖြစ်လို့လဲ၊ သူအိမ်ထောင်ပြု
တာမှ မဟုတ်တာ သီတာရယ်"



"အိမ်ထောင်ပြုခဲ့ဖူးတဲ့သူကမှ နောက်အိမ်ထောင်နဲ့ မြဲဦးမလား
မသိဘူး၊ ရည်းစားဦးရှိခဲ့တဲ့ သူကတော့၊ မိသားစုရှိနေတာတောင် ရည်း
စားဦးကို တမ်းတပြီး အိမ်ထောင်ရေး ဖောက်ပြန်တတ်ကြတယ်"

"ကောလဟာလတွေကို မယုံပါနဲ့ကွာ တခြားလူဖြစ်ခဲ့ရင်တောင်
ကိုယ့်တူကိုတော့ ကိုယ်အာမခံပါတယ် သီတာ"

"ဒီလိုအဖြစ်အပျက်က ကောလဟာလာမဟုတ်ဘူး ကျွန်မရဲ့
ကိုယ်တွေ့ပါ၊ အဲလိုဖြစ်ရင် ကျွန်မတို့မိန်းမသားတွေပဲ နစ်နာကြတာ
ကိုထင်ကျော်၊ ကျွန်မယောကျ်ားအဲလို လုပ်သွားလို့ တစ်ခုလပ် တစ်လင်
ကွာဘဝနဲ့ သားတွေသမီးတွေအတွက် ပင်ပန်းဆင်းရဲ ဒုက္ခတွေခံပြီး
ရုန်းကန်ခဲ့ရတယ်၊ သူရည်းစားဟောင်းနဲ့ တစ်အိုးတစ်အိမ်ထောင်ပြီး
ပျော်နေတဲ့အချိန်မှာ ကျွန်မတို့မိသားစု မျက်ရည်နဲ့မျက်ခွက် ဖြစ်ခဲ့ရတယ်"

"အဲဒီအချိန်တွေမှာ ကိုယ်လည်း မင်းကိုလွမ်းရင်း နာကျင်ကြေ
ကွဲရင်းနဲ့ တစ်ယောက်တည်း အဖော်မဲ့နေတာပါပဲ"

"ဟင်"

ဒေါ်သီတာလွင် ငိုင်ကျသွားသည်။ မိမိကို စိတ်နာပြီး ဦးထင်
ကျော် လက်ထပ်ကာ မိသားစုနှင့်ရှိနေမည် ထင်ထားသော်လည်း အခုချိန်
ထိ တစ်ယောက်တည်း တစ်ကိုယ်တည်းဆိုတာကြောင့် အနည်းငယ်
စိတ်လှုပ်ရှား စိတ်မကောင်း ဖြစ်သွားရသည်။ ဒါပေမဲ့ မိမိမှာ တစ်ခုလပ်
ဖိုးမ သားသမီးတွေနှင့် ဒီလိုမျိုး ခံစားလို့ သင့်တော်ပါ့မလား။

"အဲဒီအကြောင်းတွေက ပြီးခဲ့ပါပြီ ကိုထင်ကျော်၊ ပြောမနေပါနဲ့
တော့"

"မင်းလို ရည်းစားဟောင်းကို ဥပေက္ခာပြု မေ့ထားနိုင်တဲ့သူရှိ

www.burmeseclassic.com

www.burmeseclassic.com



ရင် မိသားစုကို သစ္စာဖောက်ပြီး ရည်းစားဟောင်းနဲ့ ရှေ့လက်တွဲတဲ့သူ ရှိနိုင်တာ၊ ဆန်းလို့လား သီတာ၊ မင်းကိုယ့်ကို ထားခဲ့တဲ့အချိန်တွေတုန်းက ကိုယ် ဘယ်လို အသည်းကွဲနာကျင် ခံစားနေရမလဲဆိုတာ မင်းမတွေးခဲ့ဘူးမဟုတ်လား''

"မတွေးမိဘဲ ရက်စက်ခဲ့တာတော့ မဟုတ်ပါဘူး၊ မိဘကို စိတ်ချမ်းသာစေချင်လို့ သူတို့ဆန္ဒကို ဖြည့်ဆည်းပေးနေရတဲ့ အချိန်တွေမှာ ကျွန်မလည်း ချစ်သူကိုထားခဲ့ရလို့ နာကျင် ကြေကွဲနေရတာပါပဲ၊ အဲဒါကြောင့်လည်း သမီးတို့အဖေ ရည်းစားဟောင်းနဲ့ ရှေ့လက်တွဲသွားတာကို ပိုပြီး နာကြည်းမိတယ်၊ ကျွန်မက ချစ်သူကိုစွန့် နာကျင်ကြေကွဲခံပြီး သူနဲ့လက်ထပ်ခဲ့တာတောင် သူကတော့ လုပ်ရက်ခဲ့တယ်လေ၊ တစ်ခုလပ်ဘဝနဲ့ ကျွန်မတို့မိသားစု ဘယ်လောက်တောင် မျက်နှာငယ် သိမ်ငယ်ခဲ့ရလဲ ပင်ပန်းဆင်းရဲဒုက္ခတွေ ခံခဲ့ရလဲ''

"အဲဒီအချိန်တွေက ကိုယ့်ကို မင်းအနားမှာနေဖို့ ဘာလို့မရှာခဲ့တာလဲ သီတာ''

"ကိုထင်ကျော်''

ဒီလိုစကားပြောလိမ့်မည် မထင်တာကြောင့် ဒေါ်သီတာလွင် မျက်လုံးလေးပင် ပြူးသွားရသည်။ ရင်ခုန်ရမည့် အရွယ်မဟုတ်တော့ပေမယ့် ကြည်နူးမှုကြောင့်လား မသိဘဲ ရင်ထဲတလှပ်လှပ် ဖြစ်သွားရသည်။

"ကျွန်မကို စိတ်နာမနေဘူးလား ကိုထင်ကျော်၊ ကျွန်မကတော့ ရှင့်ကို မိသားစုတွေနဲ့ ပျော်နေမယ်ပဲ ထင်ခဲ့တာပါ''

"မင်းထားခဲ့တဲ့အတိုင်း နေဖို့ ကိုယ့်ဘဝတစ်ခုလုံးတော့ စုတ်



ပြတ်သတ်သွားတယ် သီတာ၊ ကိုယ့်တူလေး မိဘမဲ့ဖြစ်သွားလို့ ကိုယ့်ဘဝကိုယ် ပြန်ပြီးထူမတ်ထားရတာ၊ အဲဒါကြောင့် ကိုယ့်ကိုအားနာတယ်ဆိုရင် ယိမ်းနဲ့မော်ကွန်းထင် ကိစ္စကို ခွင့်ပြုပေးစေချင်ပါတယ်''

"အဲ အဲဒါတော့ ဘယ်လိုမှမဖြစ်နိုင်ပါဘူး၊ ကျွန်မ သမီးလေး ကျွန်မလို မဖြစ်စေရဘူး ကိုထင်ကျော်''

"မင်းအတွေးတွေ တစ်ဖက်စွန်းရောက်မနေဘူးလား သီတာ ယ်၊ ကိုယ့်တူကို မင်း မယုံဘူးလား၊ ကိုယ့်အုပ်ချုပ်မှုအောက်မှာ လိမ္မာယဉ်ကျေး သိမ်မွေ့စွာနေလာခဲ့တဲ့ ကလေးပါ၊ ကိုယ့်ကိုအားနာပြီးတော့ပဲ ...စ်ဖြစ်''

"ရှင့်ကို အားနာပေမယ့် သူ့ကိုမယုံကြည်ရတဲ့ အကြောင်းရင်း ...နေတယ် ကိုထင်ကျော်၊ လုံးဝမဖြစ်နိုင်တဲ့ အကြောင်းရှိတယ်''

"ဟင် အဲဒါဘာများလဲ''

"မော်ကွန်းထင်ရဲ့ အချစ်ဦး မိန်းကလေးကို ကျွန်မ သမီးချင်း ...မှာရမယ်၊ မိန်းမသားချင်း နားလည်မှုပေးဖို့ ဝတ္တရားတွေရှိတယ် ...ိုထင်ကျော်''

ဦးထင်ကျော် စိတ်ဝင်တစား ကိုယ်ခန္ဓာမတ်သွား၏။ ဒေါ်သီတာ ...င်ရဲ့ ယိုယွင်းမှုမရှိသေးသော အလှတရားက ခုချိန်ထိ၊ ကိုယ့်ရင်ကို ...ပ်ရှားစေနိုင်ကာ အပြစ်တွေကို မေ့ထားနိုင်အောင်လည်း ဆွဲဆောင် ...ားနိုင်ဆဲဖြစ်၏။

"ဘာတွေလဲ၊ ကိုယ့်ကိုပြောပါ၊ ကိုယ်လည်းသိသင့်တယ် မဟုတ် ...ား''

"မသိသေးရင်တော့ သိအောင်ပြောရမှာပေါ့လေ၊ ဒါမှလည်း

www.burmeseclassic.com

www.burmeseclassic.com



ရှင် ကျွန်မကို နားလည်နိုင်မှာမဟုတ်လား''

"ပြောပါ"

"မော်ကွန်းထင်ရဲ့ အချစ်ဦး၊ တော်ဝင်သူဆိုတဲ့ မိန်းကလေး ကျွန်မကိုလာတွေ့တယ်၊ သူနဲ့မော်ကွန်းနဲ့ အခုထိ ရှင်းရှင်းလင်းလင်း မပြတ်ကြသေးဘူးတဲ့၊ သုံးနှစ်လောက်တွဲလာခဲ့တဲ့ သံယောဇဉ်ကြောင့် စေ့စပ်ပွဲကို ဖျက်လိုက်တဲ့အထိ သူ့ဘက်က သတ္တိတွေရှိခဲ့တယ်တဲ့လေ၊ အဲဒါကိုသိနေတဲ့ မော်ကွန်းထင်ကလည်း သူ့ကိုအားပေးတယ်၊ ကြင်နာတယ်၊ ဒါကိုသမီးက ဆွဲဆောင်စည်းရုံးလို့ မော်ကွန်းထင်က ဒီဘက်မှာ ဒီလိုကိစ္စတွေဖြစ်အောင် လုပ်နေတာလို့ပြောတယ်''

"မဟုတ်တာဘဲ၊ အဲဒီကောင်မလေးက မော်ကွန်းနဲ့ချစ်နေရင်း က နောက်တစ်ယောက်နဲ့တွဲပြီး စေ့စပ်လိုက်တာပါ၊ ကိုယ့်တူက အသည်း ကွဲပြီး ကျန်ခဲ့တာ''

"အခုစေ့စပ်တာကို ဖျက်လိုက်ပြီဆိုတော့ အဲဒီကောင်မလေး ပြောသလို မဖြစ်နိုင်ဘူးလား ကိုထင်ကျော်၊ အခု အဲဒီကောင်မလေး မတွေ့ဘဲနေသလား၊ ဒီလောက်အချိန်တွေ အကြာကြီးတွဲလာပြီးမှ လွ လွယ်နဲ့ ပြတ်တောက်နိုင်ကြမှာလား၊ ဒီမှာ သမီးရှိလို့ ပြတ်တောက်တ ပဲထားဦး နောင်တစ်ချိန်မှာ အိမ်ထောင်ရေးဖောက်ပြန်လို့ကောင်း အခြေအနေပဲ ကိုထင်ကျော်''

ဦးထင်ကျော် ခေါင်းကိုအခါခါယမ်းမိကာ

"အဲဒီကောင်မလေး ပြောတာတွေယုံပြီး မင်းအတွေးမှားနေ ပါ သီတာရယ်၊ မော်ကွန်းက အဲလိုလုပ်မယ့်ကောင် မဟုတ်ပါဘူး''

"မိန်းကလေးတစ်ယောက်က သူ့သိက္ခာ သူ့မာနအကျ



ကျွန်မကို လာပြောခဲ့တာ၊ တော်ရုံအချစ်ကြောင့် မဟုတ်ဘူး ကိုထင်ကျော်၊ ဖွန့်လွှတ်မှုတွေရင်းနှီးပြီးပြီဆိုရင် သူ ဘယ်အဆုံးရှုံးခံချင်ပါ့မလဲ''

"ဘာလို့ သူများအတွက် တွေးပေးနေတာလဲ သီတာရယ်၊ ယိမ်း စိတ်ဆင်းရဲရင် မင်းစိတ်ချမ်းသာနိုင်မှာလား၊ ကိုယ်လည်း ကိုယ့်တူ ခံစားရရင် ထပ်တူနာကျင်ရတာပဲ၊ သူတို့အတွက်ပဲ စဉ်းစားပေးရအောင် ပါ''

"လူ့ဘဝက တိုတောင်းတယ်ဆိုပေမယ့် လောကခံကို ရင်ဆိုင် ရတဲ့အချိန်ကတော့ အရမ်းကြာလွန်းပါတယ်၊ အိမ်ထောင်တွေပြုမယ်၊ သားသမီးတွေ မွေးမယ်၊ မြေးမြစ်တွေရလာမယ်၊ အဲဒီမှာ ပျော်ရွှင်မှုရဖို့ အတွက် အချစ်နဲ့နားလည်မှုက အရေးကြီးဆုံးပဲ၊ မိသားစုကို မငဲ့ကွက်ဘဲ ကိုယ့်ကိုယ်ကိုယ် ပျော်ရွှင်မှုရှာဖွေတာ တစ်ကိုယ်ကောင်းသမားတွေပဲ ကိုထင်ကျော်၊ အိမ်ထောင်ရေး ဖောက်ပြန်တဲ့သူတွေဟာ ကိုယ့်ကိုယ်ကိုယ် ချစ်တဲ့လူတွေပဲ''

"မင်းရော ကိုယ့်ကို ချစ်တယ်ပြောပြီး ကိုယ် ဘယ်လိုခံစား ကျန်ခဲ့လဲဆိုတာ စာနာကြည့်ဖူးလို့လား''

ရင်ဘတ်ကို ပုတ်ကာ နာကျင်စွာ မေးလိုက်မိသည်။ မော်ကွန်း အတွက် ကာကွယ်ပေးချင်တာထက် နှစ်ပေါင်းများစွာ ခံစားလာခဲ့ရသည့် ဝေဒနာတွေအတွက် ရင်ဖွင့်ရတာကို ရင်မှာကျေနပ်ရသေး၏။

"ပြောပါ သီတာ၊ မင်းကိုယ့်ကို စာနာခဲ့တယ်ဆိုရင် မော်ကွန်း ကိစ္စ ငြင်းမှာမဟုတ်ဘူးလို့ ကိုယ် ထင်တယ်''

"ကိုထင်ကျော်က အိမ်ထောင်မကျ သားသမီးမမွေးဘူးတော့ ပါခင်တစ်ယောက်ရဲ့မေတ္တာကို နားမလည်တတ်ဘူးပဲ''

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ် ဘာတွေမှားနေလို့လဲ"

"ကျွန်မ ရှင့်ကိုခွဲထားခဲ့ပြီး မိဘတွေ သဘောဆန္ဒအရ လက်ထပ်ခဲ့တာ မှန်ပါတယ်၊ ဒါပေမဲ့ သူနဲ့ လက်ထပ်ပြီးတည်းက ရှင့်ကိုမေ့ထားပြီး မိသားစုဘဝမှာ ပျော်ရွှင်နိုင်အောင် ကြိုးစားခဲ့တယ်၊ သူကလဲ့ပြီး တခြားယောက်ျားကို စေ့စေ့မကြည့်ဘဲ သစ္စာရှိခဲ့တယ်၊ ဒါပေမဲ့နောက်ဆုံး ကျွန်မပြန်ရတာ တစ်ခုလပ်ဘဝလေ၊ သူကတော့ သူထားခဲ့ချစ်သူကို ပြန်ရှာတွေ့ပြီး မိသားစုကျောခိုင်းသွားနိုင်ခဲ့တယ်"

"မင်းပြောချင်တာက"

"အခုတည်းက ရည်းစားဦးနဲ့မပြတ်မသား ဖြစ်နေသေးဝ မော်ကွန်းကို သမီးအတွက် ဘယ်လိုလုပ်ပြီး မျက်စိစုံမှိတ် ယုံလိုက်ရမှာလဲ"

ဘယ်လိုမှ အတိုက်အခံလုပ် ဖြေရှင်းသိမ်းသွင်းလို့မရသာ ဝေ ဝင်သူ သွေးထိုးခဲ့တာကြောင့်ဖြစ်မည်။ ဒီကိစ္စကို ယိမ်းနှင့်လည်းမခေ တာမို့ ဘယ်လိုရှေ့ဆက်ညှိနှိုင်းရမှန်းလည်း မသိတော့ပေ။

"ဟို ယိမ်းရော အိမ်မှာမရှိဘူးလား သီတာ"

"ပြောစရာရှိရင် ကျွန်မနဲ့ပဲပြောပါ၊ သမီးနဲ့တွေ့စရာအကြော ရှိလို့လား"

"ကိုယ့်ကို ဘာလို့ သူစိမ်းဆန်တဲ့စကားတွေ ပြောနေတာ သီတာရယ် ကိုယ်တို့က"

"နှစ်ဆယ့်ငါးနှစ်ကျော် တစ်လမ်းစီလျှောက်ခဲ့တာ၊ သူစိမ်းပဲပေါ့၊ ကျွန်မမှာ မိသားစုရှိတယ်၊ တခြားစိတ်ကြောင့် သားသမီးအာ ထားတဲ့ ကျွန်မရဲ့မေတ္တာတွေ အရောင်မပြောင်းနိုင်ပါဘူး ကိုထင်ကျေ

"ပြတ်သားရဲလှချည်လား သီတာရယ်"



ရင်က မချိတင်ကဲ ညည်းညူမိလိုက်သည်၊ ဒီလိုအခြေအနေနှင့်ပြန်ဆုံရတာတောင် တူလေးအတွက် ကိုယ် ဘာမှလုပ်မပေးနိုင်ပါလား။

ဒီတစ်ခါ နှုတ်ဆက်ခြင်းက လမ်းဆုံးမဟုတ်သေးဘူးဆိုရင် ပြန်ဆုံကြသေးတာပေါ့ သီတာရယ်။

◻ ◻ ◻

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ပြောနေတာတွေ အားလုံးကြားပြီး အံ့အားသင့်နေတာနှင့် ခြေလှမ်းတို့က ဦးထင်ကျော် နှုတ်ဆက်ပြီး ပြန်သွားသည့်တိုင်အောင် ရှေ့ဆက်မတိုးနိုင်။

ကားသံကြားလို့ မေမေပြန်လာသည်အထင်နှင့် အောက်ထပ် ဆင်းလာခဲ့တာပါ။ ဧည့်သည် ပါလာတာမို့ ဘယ်သူလဲ စိတ်ဝင်စားပြီး ဧည့်ခန်းထဲ လှမ်းကြည့်မှ မော်ကွန်းဦးလေးမှန်း သိလိုက်ရတာ။ မေမေ့ ပြောနေသည့် စကားတွေက တရင်းတနှီး နိုင်လှသည်မို့ မိတ်ဆွေအဆင့် ထင်လိုက်သော်လည်း ဤသို့မဟုတ်တာက မေမေ့ရဲ့မှိုင်တွေမှုကြောင့် သေချာသွားခဲ့ခြင်း ဖြစ်သည်။

"မေမေ"

"ဪ သမီး"

"ခုန မော်ကွန်း ဦးလေး"





"အင်း အင်း ဟုတ်တယ်"

"မေမေ့ရည်းစားဟောင်းလား"

"ဟင် ဟို အဲဒါက"

"မေမေတို့ပြောနေတာတွေအားလုံး ယိမ်း ကြားပါတယ် မေမေ"

ရှက်သွေးကြောင့် မျက်နှာလေးနီမြန်းနေသော မေမေ့ဘေးမှာ ယိမ်း ဝင်ထိုင်လိုက်ပြီး

"မေမေ့ကို ယိမ်း ပိုပြီးလေးစားသွားပါပြီ"

"သမီး"

"နှစ်ပေါင်းများစွာ စွန့်လွှတ်ခွဲခွာထားခဲ့ရတဲ့ချစ်သူကို အမှတ်တမဲ့ ပြန်တွေ့တာတောင် ယိမ်းအတွက် အားမနာနိုင်ဘဲ ဆက်ဆံရေး ကြလိုက်တာ မေမေ့မေတ္တာက ယိမ်းအပေါ် ပိုပြီး ကြီးမားလို့ပေါ့၊ ဟုတ်တယ်မဟုတ်လား မေမေ"

"ဒါကတော့ သမီးရယ်"

"နှစ်ပေါင်းများစွာ ကြာနေပြီလို့ မေမေ ဆင်ခြေမပေးပါနဲ့၊ ရည်းစားဟောင်းကို မေမေ့ရင်ထဲ ခုချိန်ထိ ရှိသေးတယ်ဆိုတာ ယိမ်း သိပါတယ်၊ မမျှော်လင့်ပေမယ့် အပြစ်ရှိသူတစ်ယောက်လို မေမေ မေ့ ပပစ်နိုင်တာ ဝန်ခံတယ် မဟုတ်လား"

"မေမေ အပြစ်လုပ်ခဲ့မိတာကိုတွေးပြီး စိတ်မကောင်းရုံပါ၊ ကိုယ့် ရင်က လွယ်မွေးလိုက်ရတဲ့ သားသမီးတွေလောက်တော့ မေမေ တန်ဖိုး ပထားခဲ့ပါဘူး"

"လေးလေးမှာ မိသားစုရှိနေတယ်ထင်လို့ မဟုတ်လား မေမေ"

ယိမ်း မေးတာကို မေမေ ပြန်မဖြေဘဲ နှုတ်ဆိတ်နေ၏။ ခဏနေမှ



www.burmeseclassic.com

www.burmeseclassic.com



"အခု မေမေ အပြစ်ပိုကြီးသွားတာပေါ့၊ သူက အိမ်ထောင်မပြ
ဘဲ မေမေ့ကြောင့် လေလွင့်ကြေကွဲနေခဲ့တာတဲ့လေ"

"ဒါတောင်မှ မေမေ ပြတ်ပြတ်သားသား ပြောလွှတ်လိုက်တယ်
နော်၊ ယိမ်းအတွက် မေမေ အဲလောက်တောင် စိုးရိမ်နေခဲ့တာလားဟင်"

"ကိုယ့်အသွေးအသားက ဖြစ်တာပဲ သမီးရယ်၊ အချစ်ဆိုတာ
လည်း နောက်ထပ် ရှာဖွေလို့ရနိုင်တယ်၊ နောက်အိမ်ထောင်ဆိုတာလည်
ယူချင်ရင် ရနိုင်တယ်၊ သားသမီးကို အစားထိုးဖို့ စိတ်ကူးမရှိဘူး သမီး"

"တော်ဝင်သူ စကားတွေက မှားယွင်းနေတယ်ဆိုရင်ရော
နောက်ထပ် ပြန်စဉ်းစားပေးနိုင်မလား မေမေ"

"ဘာကိုလဲ သမီး"

"မော်ကွန်းနဲ့ပြတ်ပြတ်သားသား မဖြစ်သေးဘူးဆိုတာကိုပါ
သူက သစ္စာမဲ့ခဲ့လို့ မော်ကွန်းနဲ့ယိမ်း ဆုံဆည်းဖြစ်ခဲ့ကြတာပါ၊ စေ့စပ်
ပျက်တာလည်း မော်ကွန်းကို အချစ်သက်သေပြလိုက်တာ မဟုတ်ပါဘူ
အသက်ကြီးကြီး လူတစ်ယောက်နဲ့ငြိနေတာကို ဟိုဘက်က သိသွားလို့
ဖြစ်ခဲ့သမျှ အကြောင်းတရားတွေက မော်ကွန်းအပြစ်တွေ မဟုတ်ပါဘူ
မေမေ"

"ချစ်တဲ့စိတ်နဲ့ ကာကွယ်ပေးချင်တာကို မေမေ နားလည်
တယ်၊ သူများကို အပြစ်ပုံချချင်တာဆိုရင်တော့"

"မေမေ"

သမီးပြောတာထက် တော်ဝင်သူပြောတာပဲ ယုံကြည်နေ
လား ဟု မေးလိုက်လျှင် မေမေ့မေတ္တာကို အားနာစရာကောင်းလိမ့်
ထင်သည်။ မေမေက သူမမျက်လုံးတွေထဲ အကဲခတ်နေလျက်နှင့်



"ငယ်ငယ်တည်းက သမီးကို မေမေသင်ပေးခဲ့တာ၊ စာနာစိတ်ရှိဖို့နဲ့ သူတစ်ပါးကို ငဲ့ညှာသနားတတ်ဖို့ပဲ၊ မိန်းမသားချင်းဆိုရင် ပိုပြီးကိုယ်ချင်းစာပေးတတ်ရမယ် သမီး"

"မော်ကွန်းကိုချစ်တဲ့စိတ်နဲ့ တော်ဝင်သူကို အပြစ်မြင်နေတာ မဟုတ်ပါဘူး မေမေ၊ သူ အပြစ်လုပ်နေတာတွေက မော်ကွန်းကိုရော ယိမ်းကိုရော ထိခိုက်နေလို့ပါ"

"အဲဒါ မော်ကွန်းထင် မပြတ်သားခဲ့တာတွေကြောင့် မဟုတ်ဘူးလား သမီး၊ အခု သူတို့ချင်း ပြန်အဆင်ပြေနေတာ သမီး သိသလား"

"ရှင်"

"သမီးနဲ့ ဒီကိစ္စအဆင်မပြေရင် သူတို့လက်ထပ်ဖြစ်ဖို့ သေချာသလောက်ပဲ၊ သူတို့တွဲလာတာ သုံးနှစ်တောင်ရှိပြီဆို"

"ဟုတ်ကဲ့"

"သမီးနဲ့တွေ့တာ အခုမှ လပိုင်းပဲရှိသေးတယ်မဟုတ်လား၊ သံယောဇဉ်ကို တိုင်းဆကြည့်စမ်း သမီး၊ သမီးမှာ ရက်တာတတ်တဲ့စိတ်ရှိရင် ဒီလိုအခြေအနေမျိုး ရောက်လာမှာမဟုတ်ဘူး"

မေမေ့စကားတွေက သူမကို ခေါင်းမဖော်နိုင်လောက်အောင် အရှက်ရစေသည်။ ဒါပေမဲ့ မော်ကွန်းထင်ကို သူမ ယုံကြည်နေဆဲပဲဖြစ်သည်။ တော်ဝင်သူ လုပ်ကြံဖန်တီးပြောတာတွေကို မေမေ ယုံကြည်နေတာဖြစ်မှာပါ။ တော်ဝင်သူ တွယ်ကပ်နေလည်း မော်ကွန်း စိတ်တွေပြောင်းလဲသွားမှာမဟုတ်ပေ။

မေမေနှင့်စကားပြောပြီး အခန်းထဲပြန်ဝင်လာချိန်မှာ ထိုအကြောင်းတွေ မွန်မွန်ကို ပြန်ပြောပြဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို တကယ်ဟုတ်မဟုတ် မင်းသူတို့နဲ့ စုံစမ်းကြည့်ဦးမှပဲ မော်ကွန်းက စိတ်ပျော့ညံ့ညံ့နဲ့ တော်ဝင်သူ သိမ်းသွင်းတာကို ပါမသွားနိုင်ဘူးလို့ မပြောနိုင်ဘူး၊ အားနာတတ်လို့ ပြတ်ပြတ်သားသား မရှိတာက လည်း အရမ်းကြောက်စရာကောင်းတယ်၊ အားနာလို့ ခါးပါတယ်ဆိုတဲ့ စကား နင်ကြားဖူးတယ်မဟုတ်လား"

"အင်း ငါ မော်ကွန်းထင်ကို ချစ်မိတာ မှားပြီလား မသိဘူးနော်"

"နောင်တရတယ်ဆိုရင်လည်း အချိန်မီသေးတယ်၊ ဒီအတိုင်းပဲ နောက်ဆုတ်လိုက်မလား"

ဒါကျတော့ ယိမ်း ခေါင်းညိတ်ဖို့ ဝန်လေးနေသည်။ ရင်နှင့်အႈ ရင်းနှီးထားသော အချစ်တွေကို ဘယ်လိုပြန်နုတ်သိမ်းယူရမလဲ။

အချစ်တွေ အကုန်ပေးပြီးသားပါ။

အဲဒီအချစ်တွေကို မြတ်နိုးစွာ သိမ်းယူထားပါ မော်ကွန်းရယ်။

□ □ □

အခန်း (၃၅)

"ဘာပြောတယ် လေးလေး၊ ယိမ်းအမေ ဒေါ်သီတာလွင်က လေးလေး ရည်းစားဟောင်း ဟုတ်လား၊ တ တကယ်လား"

"မင်းကို ငါက ညာတော့ ဘာရမှာမို့လဲ"

"လေးလေး ပျော်သွားသလား"

"ရင်တော့ခုန်တယ်၊ မြင်လိုက်ရတာ အရင်တုန်းက အချိန်တွေကို ပြန်သတိရလိုက်တာကွာ၊ သီတာက အရင်လို ချောတုန်းလှတုန်းပဲကွ"

"ဒါဆို ကျွန်တော်နဲ့ယိမ်းကိစ္စအဆင်ပြေပြေ ပြောခဲ့ရမှာပေါ့နော်၊ လေးလေး ယိမ်းအမေက ဘာပြောလိုက်လဲဟင်၊ မင်္ဂလာရက် တစ်ခါတည်း သတ်မှတ်ခဲ့ပြီလား"

မော်ကွန်းမေးတာကို ဦးထင်ကျော် အဖြေမပေးနိုင်။ မျက်ဝန်းထဲမှာ ဒေါ်သီတာလွင်ကိုသာ မြင်ယောင်နေပြီး ပြတ်သားမှုများအတွက် ရင်ထဲလည်းမကောင်းနိုင်ပေ။

www.burmeseclassic.com

www.burmeseclassic.com



"လေးလေး ကျွန်တော် မေးတာ ဖြေပါဦး၊ ကျွန်တော်တို့ကိုစွ အဆင်ပြေခဲ့လားလို့"

ဦးထင်ကျော် ခေါင်းယမ်းပြရင်းနှင့် ကော်ဖီခွက်ကို မသောက်ဘဲ တစ်ဖက်တိုးရွှေ့ထားလိုက်၏။

"ဟင် လေးလေး ဘယ်လိုအဆင်မပြေခဲ့တာလဲ၊ ယိမ်းနဲ့ရော မတွေ့ခဲ့ဘူးလား၊ ယိမ်း ဘာပြောလိုက်သေးလဲဟင်"

မော်ကွန်းထင် အားတက်သရော မေးနေတာကို ဦးထင်ကျော် သက်ပြင်းတွေချကာ

"မင်း လက်လျှော့ရတော့မလား မသိဘူး မော်ကွန်း၊ ယိမ်း အမေ ခါးခါးသီးသီးဖြစ်နေတယ်"

"ဗျာ"

"တော်ဝင်သူက မင်းတို့အကြောင်းတွေ အကုန်ပြောပြထားလို့ မင်းနဲ့ယိမ်း လက်ထပ်ရဖို့ မလွယ်တော့ဘူး"

"ဟာ တော်ဝင်သူ ဘာတွေရှုပ်နေတာလဲ၊ ယိမ်းအမေကို"

"အေး မင်းနဲ့မပြတ်သေးဘူးဆိုတဲ့အကြောင်း၊ သုံးနှစ်လောက် တွဲခဲ့တဲ့ သံယောဇဉ်ကြောင့် သူက စေ့စပ်ပွဲကိုတောင် ဖျက်လိုက်တယ် ပြောတော့ သမီးချင်းကိုယ်ချင်းစာသွားတယ် ထင်ပါတယ်"

"အာ လေးလေးရာ မဟုတ်တာ၊ ကျွန်တော်နဲ့တော်ဝင်သူ ဘာလို့မပြတ်ရမှာလဲ၊ အဓိပ္ပါယ်မရှိတာ"

"အဲဒါကို ဖြေရှင်းတာ လက်မခံဘူး၊ တော်ဝင်သူကိုယ်တိုင် သူ့ကိုလာပြောထားတာတဲ့၊ ယိမ်းနဲ့သာ ပတ်သက်မှုမရှိရင် မင်းနဲ့သူ လက်ထပ်တော့မှာလို့ပြောတယ်၊ အဲဒီတော့ စိတ်ရင်းစေတနာကောင်းတဲ့





သိတာက ဗီလိန်လိုဖြစ်နေတဲ့ သူ့သမီးကို ဟန့်တားကန့်ကွက်တော့မှာပေါ့"

"အာ ကျွတ် ဘာတွေက မှားနေတာလဲ"

"မင်းမှားနေတာ၊ မင်း အခုထိ တော်ဝင်သူနဲ့ ဆက်သွယ်ပတ် သက်နေတုန်းမဟုတ်လား"

မော်ကွန်းထင် ခေါင်းတွင်တွင်ယမ်း၍ ချွေးတွေပါပြန်နေသည်။ လေးလေးကပါ ကိုယ့်အပေါ် နားမလည်သလို ဖြစ်နေတာမို့ ဖြေရှင်းရ ခက်နေ၏။ တော်ဝင်သူ ဒီမိန်းကလေး ကြိုလ်မွှေနေတာ။

"လေးလေးကပါ ကျွန်တော့်ကို မယုံဘူးလားဟင်၊ အဲဒါ တော် ဝင်သူ အောက်တန်းကျနေတာ၊ လုပ်ကြံလီဆယ်ပြောနေတာ လေးလေးရဲ့"

"ဒါဆို သူနဲ့မင်း ကင်းကင်းရှင်းရှင်းနေလေ၊ အခုလိုတွေဖြစ် နေတာ မင်း မပြတ်သားတာတွေကြောင့် မဟုတ်ဘူးလား"

"မဟုတ်ပါဘူး လေးလေးရာ၊ ယိမ်းကိုလွမ်းနေတာကို သူက စိတ်သိမ့်ပေးနေတာပါ"

"ဟာ တော်ဝင်သူ ဘယ်လိုမိန်းကလေးလဲဆိုတာ မသိလို့ စိတ်သိမ့်မှုတွေ ခံယူနေတာလား၊ ဘယ်လောက် မြင့်မြတ်နေနေ တော် ဝင်နေ အနာအကျင်မရှိရင် အဲဒီလူက သောက်သုံးမကျတဲ့လူပဲကွ၊ နား လည်လား၊ တစ်ခါခံရရင် လုပ်တဲ့လူရဲ့အပြစ်၊ ထပ်ခါထပ်ခါ ခံနေရင် ခံနေတဲ့လူက သောက်ရူးမို့လို့ပဲ"

"လေး..."

လေးလေး ဒေါသဖြစ်ပြီး ပြောနေတာ၊ ထိုးကြိတ်ခံရတာထက် ကျင်စရာကောင်းလေသည်။ လေးလေးက မကျေနပ်နိုင်သေးဘဲ

"မင်းကိုငါ ကျေးမွေးပြုစုစောင့်ရှောက်လာတာ၊ နူးညံ့သိမ်မွေ့



www.burmeseclassic.com

www.burmeseclassic.com



ပါစေတော့လို့ ဆုံးမသွန်သင်လာတာက ဒီလောက်ထိ ထုံဖို့အဖို့မဟုတ်ဘူး။ သူများကို အားနာတာလည်း ကိုယ့်ဘဝပျက်တဲ့အထိ လိုအပ်လား"

"မဟုတ်ပါဘူး၊ အဲလိုမဟုတ်ပါဘူး လေးလေး၊ ကျွန်တော်လေ"

"ဆင်ခြေပေးတတ်တဲ့သူက ကိုယ်ပိုင်အစွမ်းအစ အရည်အချင်း မရှိလို့ပဲ မော်ကွန်း၊ နှစ်သိမ့်ခံချင်တာလည်း ကိုယ့်နှာခေါင်းပေါက်နဲ့ အသက်မရှူတတ်တဲ့လူဖျင်းပဲ၊ မင်းကွာန္တားဖြစ်ချင်တဲ့ကောင်"

"လေးလေး ကျွန်တော့်အပေါ် ဘာလို့ ဒီလောက်ထိ ပေါက်ကွဲနေတာလဲ၊ ဘာကိုမကျေနပ်နေတာလဲ၊ ယိမ်းအမေကြောင့်လား"

"ဘာ ဟိတ်ကောင်"

အနာပေါ်တုတ်ကျသလို ဦးထင်ကျော် ဆတ်ခနဲ ခါသွား၏။ မော်ကွန်းထင်က ရှက်စိတ်ကြောင့်လား၊ ခံပြင်းစိတ်ကြောင့်လား မသိဘဲ မျက်လုံးတွေနီရဲနေကာ

"တော်ဝင်သူ လှည့်စားတာဆိုရင် တော်ဝင်သူမှာ အပြစ်ရှိတာပဲ လေးလေးရဲ့ ပျော့ညံ့တာ တွေ [illegible] ကျွန်တော့်အားနည်းချက်ဆို ပေမယ့် ယိမ်းအပေါ်တော့ ကျွန်တေ [illegible]စွာဖောက်မှာမဟုတ်ဘူး လေး လေး၊ ကျွန်တော် ကျိန်တွယ်ပြောရဲ[illegible] ဒါပေမဲ့ လေးလေးကတော ကျွန်တော့်ကိုမယုံရင် ယိမ်းနဲ့ကျွန်တော် ပိုဝေးရုံပဲရှိတော့မှာပေါ့ လေးလေး"

"မဝေးချင်ရင် တော်ဝင်သူနဲ့ ဘယ်လိုကင်းရှင်းအောင်နေ ဖြစ်မယ်ဆိုတာ မင်း မသိဘူးလား"

"သူက ကျွန်တော် ခံစားနေရတာကို အားပေးနေတယ်ထင်ပါ၊ အခု ယိမ်းအမေကို အခုလို သွားပြောတယ်ဆိုတာ ယိမ်းနဲ့ဝေးအော အထင်လွဲအောင်လုပ်တာလို့ ကျွန်တော် သဘောပေါက်သွားပြီ"





"တော်သေးတာပေါ့၊ လွန်ကျွံပြီးမှဆိုရင် ကလေးတောင် ထွက်လာမလားမသိဘူး"

လေးလေး တိုက်ခိုက်မှုတွေက ပုံမှန်မဟုတ်တော့။ ဒေါသီတာ လွင်နှင့် ညှိနှိုင်းမရခဲ့လို့ သူ့ကိုပိုပြီးမဲနေတာ ဖြစ်မည်။

"လေးလေး ကျွန်တော်အခု ဘာလုပ်ရမှာလဲပြော၊ အပြစ်မတင် ဘဲ ဖြစ်သင့်တာကို ပြောကြည့်စမ်းပါ"

"ယိမ်းအမေက ငါ့လိုအချစ်ဦးဖြစ်ခဲ့သူကိုတောင် အားမနာဘဲ ခါးသီးနေမှတော့ မင်းဘာလုပ်လို့ရဦးမှာလဲ၊ အဲဒါ မင်းအသုံးမကျလို့"

"လေးလေးရယ် လေးလေးပြောတာနဲ့ ကျွန်တော် ရှက်လို့သေ တော့မှာပဲ၊ အသုံးကျအောင် ကျွန်တော် ယိမ်းကို ခိုးပြေးရမလား"

"ဘာ"

မော်ကွန်း စိတ်မရှည်စွာပြောတော့ လေးလေး ထိတ်လန့်သွား ဟန်တူသည်။ အားလုံးကို သူ့[illegible]န်ပြီးအရွဲ့တိုက်မှ ဖြစ်တော့မည်။

"ကျွန်တော် [illegible]ပြောတာ လေးလေး၊ ကျွန်တော့်ကို အားလုံး မယုံမကြည်ဖြ[illegible]ကျွန်တော် ယိမ်းကိုခိုးပြေးမယ်"

"ဟိတ်ကော[illegible]လုပ်လို့ ဖြစ်မလားကွ၊ သူ့အမေနဲ့ ငါနဲ့ မျက်နှာပျက်စရာတွေ [illegible]ပါ၊ မင်း အဲလိုမလုပ်ရဘူး"

"ဒါဆို လေးလေး အဆ[illegible]အောင်လုပ်ပေးဖို့ တာဝန်ယူလား"

"မော်ကန်း မင်း ငါ့ကိုပြ[illegible]ပြီးအကျပ်ကိုင်နေတာလား"

"ထင်ချင်သလိုထင် လေးလေး၊ အားလုံးက ကျွန်တော့်ကို လူပျော့လူညံ့လို့ထင်နေကြတာ၊ ကျွန်တော့်မှာလည်း မာနရှိပါတယ်၊ တော်ဝင်သူကိုလည်း ကျွန်တော် အပြတ်ရှင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟိတ်ကောင် ဟိတ်ကောင် မင်း လျှောက်မလုပ်နဲ့နော်၊ အခုမှ ပြန်တွေ့တဲ့ သီတာနဲ့ ငါအဆင်ပြေချင်သေးတယ်"

"လေးလေးက ဘာကိုမျှော်လင့်နေတာလဲ၊ ဒီအသက်ဒီအရွယ် ရောက်နေပြီ လေးလေးက လူပျို ဟိုက အရွယ်ရောက်တဲ့ သားသမီးတွေ ရှိတဲ့အပျို"

"အချစ်မှာ အိုတယ်ပျိုတယ် မရှိဘူး၊ အမြဲတမ်း လတ်ဆတ် ပြီးသား၊ နှစ်ဆယ့်ငါးနှစ်ကျော် သွေ့ခြောက်လာခဲ့တဲ့ ငါ့နှလုံးသားဟာ သူ့ကိုပြန်တွေ့မှ စိမ်းလန်းလာတာကွ"

"ရုပ်ကြမ်းကြီးနဲ့ ခွဲ့နေပြန်ပြီ လေးလေးရာ၊ ကျွန်တော်ကတော့ အခု စိန်ခေါ်လိုက်ပြီနော်၊ လေးလေး အဆင်ပြေအောင်လုပ်မပေးနိုင်ရင် ယိမ်းအမေ ခါးခါးသီးသီး ငြင်းဆန်ပြီး လက်မခံဘူးဆိုရင် ယိမ်းကို ရတဲ့နည်းနဲ့ ခိုးပြေးမယ် မယုံမရှိနဲ့"

"ဟ"

ဦးထင်ကျော် ပြောမှာကို [illegible] ကျိုးထင် နားမထောင်တော့ သူ့ကို အထင်လွဲပြီးပြောနေတာ [illegible] နိုင်ဖြစ်ပြီး ခြေလှမ်း [illegible] ဖြင့် ထထွက်သွားသည်။

သူ့ဆီမှာ ဘယ်လိုအဖော် ပိုရှောသွားသည်မသိနိုင်ဘူ ဦး[illegible] ကျော် တထိတ်ထိတ် . . .။

□ □ □



အခန်း (၃၆)

ရင်ထဲမကျေနပ်ခြင်းများစွာဖြင့် သင်တန်းကို ရောက်လာခဲ့ချိန် မှာ တော်ဝင်သူကို အခန့်သင့်တွေ့လိုက်ရသည်။ တော်ဝင်သူမျက်နှာက [illegible]ချိုပေါ် သကာလောင်းထား[illegible] အပြုံးတွေဆင့်နေ၏။

ခြေလှမ်းကြဲဖြင့် [illegible] လာသော သူ့ရှေ့ကနေ မဆိုတရို [illegible]တ်ရပ်ပြီး

"တို့နဲ့တွေ့အော[illegible]ကို အစောကြီးထွက်လာတာလား [illegible]ဟ်ကွန်း"

"ဟုတ်တယ် နင်နဲ့ပြော[illegible] တွေရှိလို့"

"ဒါ[illegible] [illegible]နပေါင်က တို့နှစ်[illegible] [illegible]ဘက်ရဲ့အမှတ်တရနေရာလေးကို [illegible]ကြမလားဟင်"

"အင်း ကောင်းသားပဲ"

သင်တန်းဝင်းထဲမှာ ပြဿနာမတက်စေချင်၍ သူ့ကားနှင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



တော်ဝင်သူကိုခေါ်လာခဲ့သည်။ မင်းသူတို့ မြင်သွားပြီး ဒေါသတကြီး သူ့နောက်က လိုက်လာကြတာကိုတော့ သူလည်းမသိ၊

ကန့်ပေါင်က ခါတိုင်းနေ့တွေထက် လူပိုရှင်းနေ၏၊ တော်ဝင်သူက ကားပေါ်ကဆင်းကာ ခုံတန်းလေးမှာဝင်ထိုင်ပြီး၊

"ဒီနေရာလေးကိုရောက်တော့ အရင်ကအချိန်တွေကို အမှတ်မရဘူးလား မော်ကွန်း"

"အမှတ်ရတယ်၊ နင် စေ့စပ်တဲ့နေ့က ဒီနေရာလေးမှာ ငါလာ ငိုနေတော့ ယိမ်းနဲ့ပထမဦးဆုံး ဆုံရတာလေ"

"ဘာ"

"ဟုတ်တယ် သူက ငါ့ဘဝရဲ့ကယ်တင်ရှင်၊ ငါ့ဘဝအမှောင် မကျအောင် အလင်းရောင်ပေးတဲ့ မီးအိမ်ရှင်၊ အဲဒါကြောင့် ငါ့ဘဝတ သက်လုံး လက်တွဲသွားဖို့အထိ ဆုံးဖြတ်ခဲ့တာ"

"ငါ ငါကရော"

"နင့်ဘဝ နင်မကျေနပ်၊ ... ကျ်တတ်နိုင်ဘူး၊ နင်က ယိ ... အမေကို မဟုတ်တာတွေ လုပ်ကြ ... သွား ... ယိမ်းနဲ့ငါ့ကို ဒေးအော လုပ်တယ်ပေါ့၊ နင့်ကျိန်စာအတိုင်းရဲ ... ဒါ ... သွေးထိုးနှောင့်ယှက်ဘ အောင်မြင်မယ်ထင်လား တော် ... ကာ် ပိုရှေးတို့နှစ်ယောက် အချစ်ကို ခွဲ ရမယ် ထင်နေလား"

... င်သ ...

"မော်ကွန်း နင်ဘာတွေပြောနေတာလဲ၊ ... အားတွေ မယုံ နဲ့၊ ငါတို့နှစ်ယောက် ဝေးအေ ... သာ ပ ... ကဲ သွေးခွဲခံခဲ့ရတာပါ"

"တော်စမ်းပါ နင် ... က်တန်းကျသလို ယိမ်းက အော တန်းကျခဲ့တာမဟုတ်ဘူး၊ အေး နင့်ထက် မြင့်မြတ်တဲ့ ယိမ်းကို ငါရွေး ...



... မှာ၊ နင့်ကျိန်စာ မဖြစ်မြောက်စေရဘူး၊ မအောင်မြင်စေရဘူး တော်ဝင် သူ၊ နင့်လိုမိန်းမက အချစ်ဆိုတာနဲ့ မတန်ဘူး"

"မော်ကွန်းရယ် ပြောရက်လိုက်တာ၊ နင် အရမ်းရက်စက်တာပဲ"

"ဖယ်စမ်းပါ"

မျက်ရည်ဝဲလုက် ရင်ခွင်မှာ တိုးဝင်လာတာမို့ စိတ်လိုက်မာန်ပါ ဖွဲဖယ်လိုက်သော်လည်း တော်ဝင်သူက ဖွတ်တွယ်ကပ်ထားသည်။ ထို အချိန်မှာပဲ

"မော်ကွန်း မင်းကွာ"

"တောက် မျက်မြင်ကိုယ်တွေ့မြင်ပြီဆိုတော့ မင်းဘာပြောင်းဦး မလဲ"

"ဟာ မင်းသူ ဆိုးနှောင်"

မင်းသူတို့ အထင်လွဲသွားသည်မို့ တော်ဝင်သူ ကိုယ်ကို ဖွတ် ... ခွာလိုက်ရသည်၊ နှစ်ယောက်လုံးရဲ့မျက်နှာကဒေါသများဖြင့် နီမြန်းလို့ပါ။

"မင်း ငါတို့ကို ဘာ ... သ်ချင်သေးလို့လဲ၊ ဘာဆင်ခြေတွေ ပေးဦးမလို့လဲ"

... သ ...

"ယိမ်းနဲ့မတွေ့ ... ကာ်မှတောင် မရှိသေးဘူး၊ တော် ဝင်သူနဲ့ ဒီအခြေအနေပြန် ... တယ်၊ အံ့သြစရာပဲကွာ ငါတို့ကို ... င်းသုံယ်ချင်းလို့ မအောက်မေ့နဲ့ ..."

"ဟာ မဟုတ်ပါဘူးကွာ၊ ... တ်ဝင်သူနဲ့ငါနဲ့ အခြေအနေက ... တို့ထင်သလို မဟု ... ပါဘူး၊ ငါ ဝ ... ယ်ပြောတာပါ"

"အဲလိုစကားတွေကို အချ ... င်းကို မမြင်ရရင်တော့ ယုံချင် ... မလား မသိဘူး၊ အေး ငါတို့ အ ... လိမ်မခံတော့ဘူး မော်ကွန်း။

www.burmeseclassic.com

www.burmeseclassic.com



ယိမ်းလည်း ဒီကိစ္စကိုပဲ စိုးရိမ်နေတာ၊ ယိမ်းကို ဒီကိုလိုက်လာဖို့ ငါတို့ ဖုန်းဆက်ထားပါတယ်၊ အခြေအနေကိုလည်း ပြောပြထားတယ်၊ မင်း... အောင်ဖြေရှင်းပေါ့''

''ယိမ်းက ငါတို့ပြောတာနဲ့တင် စိတ်နာနေပ်ပြီ၊ ဒီလိုနှစ်ယောက် တွဲမြင်လို့ကတော့ တစ်သက်စာ မုန်းလောက်အောင် နာကြည်းသွားမှာ အသေအချာပဲ''

''အား''

မော်ကွန်း စိတ်ရှုပ်စွာ ခေါင်းတွေကုတ်၍ အော်ဟစ်လိုက်သည်၊ သူ့ကိုပဲ အားလုံးက အထင်လွဲစရာတွေ ဖြစ်နေတာ ခံရခက်လွန်း... အဲဒါ တော်ဝင်သူကြောင့်၊ တော်ဝင်သူ ကြိုယ်မွေလို့ သူ့ဘဝ သောက်... မကျဖြစ်နေတာ။

''တော်ဝင်သူ နင်သွားစမ်း သွားစမ်းဟာ၊ ဒီမှာဖြေရှင်းရ... နေပြီ၊ နင်အခု ထွက်သွားစမ်း''

''မော်ကွန်း''

''မခေါ်နဲ့၊ အဲဒီလို ...ယာများတဲ့ မျက်... အီစီကလီလေသံ တွေကို ငါ ...ခံနိုင်လွန်းလို့ပဲ၊ နင့်ဘာ... ဘယ်ယောကျ်ားတွေကို ဘယ်... ပိုင်... ကိုမလုပ်စမ်းပါနဲ့၊ နင့်ဘ... ကောင်းအောင်နေချင် လည်း... နေချင်လည်း နင့်ကံတရားအတို... ငါနဲ့မပတ်သက်ပါနဲ့၊ မဆက်...ပါနဲ့၊ ရှက်တတ်ရင် သွားစမ်းပါ... မင်းသူ မင်းတို့လည်း သွား... ဒီမှာ ငါ...ယောက်တည်း နေချ... ငါ့အနားမှာ တစ်ယောက် ...ကြနဲ့၊ သွားကြပါ''

''ဒီကောင် ဇေ...ကွဲနေပြီ သွားရအောင်''



''သောက်''

တော်ဝင်သူက မကျေမချမ်း တက်ခေါက်ထွက်သွားသလို မင်းသူတို့ကလည်း တစ်ယောက်နှင့်တစ်ယောက် မျက်ခုံးပင့်ကာ ယောင်ပေပေဖြင့် ထွက်သွားကြသည်။ အခု ကိုယ်တစ်ယောက်တည်း။

ကန်ရေပြင်ကို မျှော်ငေးကြည့်ရင်း လွမ်းလို့ကောင်းပြီထင်ပါရဲ့ ယိမ်းရယ်။

▣ ▣ ▣

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၇)

"ငါသွားမယ်"

"နင်မသွားနဲ့၊ မင်းသူတို့က သေချာလို့ ဖုန်းဆက်ပြောတာ သူတို့ချင်း အဆင်ပြေနေတာကို နင်က ဘာသွားလုပ်နေဦးမှာလဲ၊ နင့်အမေနဲ့ ပြဿနာတက်မယ်နော်" ...

"မေမေ့ကိုပြောပြီး ငါသွ ... ကျို ...

"ဟင် ဘယ်လိုပြောပြီး ... သွားမှာလဲ နင့်အမေက လုံးဝကို ကန့်ကွက်မှာကို" ... ရဲ ... ဒါ ...

"သူ့ကိုအပြတ်ပြောပြီး ... ဘက် ပိုင်းဖြတ်ခဲ့မှာကို မေမေ ပိုပြီး သဘောကျမှာပါ" ... င်သ ...

"ဘာ နင် တကယ်" ...

ယိမ်းပါးစပ်က ဒီလိုစ ... ား ထွက် ... နှင့်ပတ်သက် ... ယာ မှန် မယုံနိုင် အောင် ဖြစ်နေသည်။ မော် ... ကြိုဖို့ သစ္စာတိုင်တည်သူက ဒီမျ ... ချစ်ဆိုတာ ပါးစပ်ဖျားကမချ၊ မစွန့်လွှတ် အ ...



ဒီကိစ္စမှာတော့ တကယ်ကို သွေးပူနေသည်။ မော်ကွန်းအခြေအနေကို စောင့်ကြည့်နိုင်းထားခဲ့သော မင်းသူတို့က ဖော်ဝင်သူကို မော်ကွန်းကား ပေါ်တင်ခေါ်သွားတယ်ဟု ဖုန်းဆက်ပြောကတည်းက ယိမ်းစိတ်တွေ ဂနာ မငြိမ်တော့တာ။

ဖော်ကြာ ငိုချနေတော့မလား ဆော်ကြာ ပေါက်ကွဲတော့မလားဟု ဖိုးရိမ်နေခဲ့မှာပဲ ကာန်ပေါင်က ဆိုနေကျနေရာကိုသွားကြတာလို့ ထပ်ပြီး ဖုန်းဆက်သောအခါ ထိုဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသား အခိုင်အမာ ချမှတ်ခြင်းဖြစ်သည်။

မျက်နှာတစ်ခုလုံးက ငြိုတော့မည့်မိုးလို အုံ့မှိုင်းညို့ဆိုင်းနေကာ မျက်ဝန်းထဲမှာ မျက်ရည်တွေကအပြည့်။

"ငါ တကယ်ဆုံးဖြတ်လိုက်ပြီ မွန်မွန်၊ ငါ သူ့ကို တကယ်ချစ်ခဲ့တာ၊ ဘယ်သူဘာပြောပြော သူ့ဘက်က ကာကွယ်ပေးပြီး နောက်ဆုံး အချိန်ထိ ယုံကြည်ခဲ့တယ်၊ အခုလို စွန့်လွှတ်ဖို့ ဆုံးဖြတ်လိုက်ရတာ ငါ့ရင်တွေ အစိတ်စိတ်အမွှာမွှာ ... ရမှာပါ မွန်မွန်ရယ်"

"ယိမ်းရယ်" ...

ပခုံးထက်မှာ ... ဘ ... စိက်တာမို့ ယိမ်းကို ဖက်တွယ်ကာ မွန်မွန် ဘယ်လိုနှစ်သိမ့် ... တော့ပေ။ ထိုအချိန်မှာပဲ ဒေါ်သီတာ လှိုင် သူမတို့အနားရော ...

"အဲဒါ ဘာဖြစ်နေကြ ... ဲ၊ သမီး ဘာလို့ငိုနေတာလဲ"

"အန်တီ"

"မေမေ

နှစ်ယောက်လုံး လန့်ဖျ ... သည်၊ ဒေါ်သီတာလှိုင်က စိုးရိမ် ... ကြီး ယိမ်းပခုံးလေးကို လှမ်းက ... ပြီး

www.burmeseclassic.com

"ယိမ်း သမီးလေး ဘာဖြစ်တာလဲ၊ မေမေ့ကိုပြောစမ်း။ မော်ကွန်းနဲ့ မပတ်သက်ရဘူးပြောလို့ ဝမ်းနည်းနေတာလား သမီး၊ မေမေက သမီးလေး မေမေ့လို ခံစားနာကျင်ရမှာစိုးလို့ တားဆီးနေမိတာပါ၊ မေမေ့ရဲ့ပင်ပန်းဆင်းရဲမှုမျိုး"

"မပြောပါနဲ့တော့ မေမေရယ်"

"မပြောလို့မဖြစ်လို့ ပြောရတာပါ သမီး၊ သမီးက ငယ်သေးတော့ စွန့်ပစ်ခံရတဲ့ မိန်းမသားဘဝကို သမီး နားလည်မှာမဟုတ်ဘူး၊ ရည်းစားဟောင်းနဲ့ဆက်သွယ်ပြီး မိသားစုကို ရန်လုပ်နေတဲ့အချိန်တွေမှာ ခံရခက်ပြီး နာကျင်နေခဲ့ရတယ်၊ သားသမီးတွေ မျက်နှာနဲ့ မိသားစုကို မထားခဲ့ဖို့ သမီးတို့အဖေကို မေမေ ဒူးထောက်တောင်းပန်ခဲ့ဖူးတယ် သမီး ဒါပေမဲ့ ဟိုတက်က အတိတ်က ကြည်နူးစရာအကြောင်းတွေနဲ့ ဆွဲဆောင်စည်းရုံးသိမ်းသွင်းတဲ့နောက် ကောက်ကောက်ပါအောင် လိုက်သွားခဲ့တာပါပဲ"

"ယိမ်း နားလည်ပါပြီ [illegible]မေ ခံစားခဲ့ရတာကို ယိမ်း ကိုယ်ချင်းစာတတ်ပါပြီ"

[illegible]သစ္စာ[illegible]

"ဘယ်လို သမီး၊ ကိုယ်[illegible] ဒါ[illegible]ပြီဆိုတော့"

မေးတာကို မဖြေနိုင်[illegible] ပိုင်[illegible]ငိုခံနဲ့ ရှိုက်၏။ ခေါင်းအုံးပေါ်ပြင်လေးပေါ် လိမ့်ဆင်းနေသ[illegible]ရည်တွေကို လက်ဖမိုးလေးဖြင့် ခပ်ကြမ်းကြမ်းပင် ပွတ်သုတ်ပြီ[illegible]

"ယိမ်း မော်ကွန်းကို [illegible]က်မထပ်[illegible]သူ့ကိုမေ့[illegible]အောင် ကြိုးစားပါမယ်"

"သမီး"



"မေမေက အိမ်ထောင်ကျပြီး သားသမီးတွေမွေးပြီးမှ ဒီဝေဒနာတွေ ခံစားရပေမယ့် ယိမ်းကတော့ အခုတည်းက ခံစားနေရပါပြီ မေမေ၊ ရည်းစားဦးရှိတဲ့သူကို ချစ်ခဲ့မိတာ ယိမ်း နောင်တရပါပြီ"

"သမီးလေး မေ့သမီးလေး"

သမီးကို ဖက်တွယ်၍ ဒေါ်သီတာလွင် မျက်ရည်ဝဲလာသည်။ အချစ်ကြောင့် ဖြစ်တည်လာသော အိမ်ထောင်ရေးမဟုတ်ဘဲနှင့်တောင် မိမိ ဒီလောက်ထိ ခံစားခဲ့ရတာ။

အခု မော်ကွန်းထင်ကို အသက်လောက်ချစ်နေသည့် သမီးရဲ့ရင်ထဲ ဘယ်လောက်တောင် နာကျင်ကြေမွနေရှာမလဲ။ ဒါဟာ သစ္စာမရှိသည့် မော်ကွန်းထင်ကြောင့် သမီး ဒီလိုခံစားရတာ။

"မေမေ"

"ပြော သမီးလေး"

"မော်ကွန်းနဲ့ယိမ်း[illegible]ဖြစ်တယ်ဆိုပြီး လေးလေးဦးထင်ကျော်ကိုတော့ မေမေ စိတ်န[illegible]နဲ့နော်"

"ဘာဖြစ်လို့[illegible]"

"လေးလေး[illegible]စွန့်ပစ်ထားခဲ့တာတောင် မနာနိုင်ဘဲ လူပျိုကြီးဘဝနဲ့ မေမေ့ကို[illegible]နေခဲ့တာပါ၊ မော်ကွန်းလို သစ္စာမဲ့တတ်တဲ့သူမျိုး မဟုတ်ပါဘူး မေ[illegible]"

"[illegible]ကတော့ ခုချိန်မှ[illegible] ကိုယ့်သားသမီး ကိုယ့်ရင်သွေးကလွဲပြီး အချစ်ကို မတော[illegible]တော့ပ[illegible] သမီး"

"အဲလိုတော့ မလုပ်[illegible]မေ၊ အချစ်နဲ့ကင်းကွာနေခဲ့ရလို့ မေမေ နာကျင်နေခဲ့ရတာကို ယိမ်း[illegible]သိပါတယ်၊ ယိမ်းကို မငဲ့ကွက်[illegible]

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



နဲ့ ယိမ်းအတွက် မတွေးပါနဲ့ လေးလေးနဲ့ပတ်သက်ပြီး ဆန္ဒရှိသလိုလုပ်ပါ မေမေ"

"သမီး အဲလိုခွင့်ပြုပေးတာကို ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ အချစ်မရှိဘဲ နေခဲ့တာ နေသားကျနေပါပြီ သမီး၊ တရားဓမ္မနဲ့ပဲ မေမေ နေပါတော့မယ်"

"အဲဒါ မေမေ့ရင်ထဲက ဆန္ဒအမှန်ဆိုရင်တောင် လေးလေး ဘက်ကို ထည့်တွေးပေးသင့်တယ်မဟုတ်လား မေမေ"

ဒေါ်သီတာလွင် ခဏမျှငြိမ်သက်သွား၏၊ စိတ်ခံစားမှုကို ဦးစား ပေးရမည့်အရွယ်မဟုတ်သော်လည်း နှလုံးသားဆိုတာ သေဆုံးသွားတယ် လို့မရှိတာကြောင့် လှုပ်လှုပ်ရှားရှားတော့ ဖြစ်မိပါသည်။

ဒါပေမဲ့ ဒါဟာ ဘဝမဟုတ်တော့ပေ။ အချစ်ကို ကိုးကွယ်စရာ အဖြစ် ယုံကြည်နေဖို့ထက် ဂုဏ်သိက္ခာဆိုတာကို ဦးပြီးတန်ဖိုးထားရမည့် အရွယ်ပဲမဟုတ်ပါလား။

ဒါကြောင့် ခေါင်းယမ်းလို…

"သမီးကြောင့်မဟုတ်တော့… မေမေ မငြင်းတော့ ပါဘူး သမီး၊ သူလည်း မေမေမရှိ… ဒါ… ရင်သန်ပြီးနေခဲ့ပြီပဲ သမီးရယ်၊ ပေါင်းစပ်မှုရှိမှ အချစ်မ… ပိုင်… ဘက်ကလည်း ချစ် ထားခံရတာတောင် မမုန်းနိုင်ဘဲ …သက်တည်း နေခဲ့တာပဲ"

"အဲဒါကြောင့် လေးလေ…က တွေးပေးသင့်တယ်လို့ ပြော တာပေါ့ မေမေ"

မေမေ မချိတရိပြုံးက…

"မေမေ့အတွက်မ…မီးရဲ့ဆုံးဖြတ်ချက်ကိုပဲ အကောင်



အထည်ဖော်ဖို့ ကြိုးစားပါ"

"အခုပဲ သူ့ကို သွားပြီးအပြတ်ပြောမှာပါ"

"ယိမ်း ငါလိုက်ခဲ့မယ်"

မွန်မွန် ဝင်ပြောတော့ ယိမ်း ခေါင်းယမ်းပြလိုက်သည်။

"ငါတစ်ယောက်တည်း သွားပါမယ်၊ အားမနာတမ်းဖြေရှင်းလို့ ရတာပေါ့ဟာ"

"မော်ကွန်းထင်ကို သွားတွေ့မှာလား သမီး၊ တော်ဝင်သူနဲ့တွေ့ ရင် ပြဿနာများတက်နေမလား"

"သူတို့နှစ်ယောက် စိတ်ချမ်းသာသာ ပေါင်းစည်းနိုင်ဖို့အတွက် သံယောဇဉ်ဖြတ်ပေးမယ့်သူကို ကျေးဇူးတောင်တင်နေဦးမှာပါ"

"သမီး တကယ်ကို ဆုံးဖြတ်ချက်ချနိုင်ပြီလား သမီး၊ မေမေ့ဆန္ဒ ကို နာခံချင်ရုံသက်သက်ဆိုရင် သမီး အရမ်းနာကျင်မှာကို မေမေ မဖြစ်စေချင်ပါဘူး"

"ယိမ်းကိုယ်တိုင်…ည်းစရာကြုံလာလို့ပါ မေမေ၊ အခု ပေါက်ကွဲပြီးသွားရင် …တော့မှ အချစ်ဆိုတာကို မတောင့်တ တော့ပါဘူး။ ယိမ်း ယ…ရပါပြီ မေမေ"

"သမီးလေး…"

သမီးရဲ့မျက်ရည်…င်ကိုအဆမတန် နာကျင်စေသော် လည်း ဒီနှလုံးထဲက ရုန်းထွက်မည့်… စိတ်သက်သာရာရမိသေးသည်။

သမီးရယ် …ခဏပဲခံစားရမ…။

ဆက်ဝေပြုံ…ရင် တ…က်လုံး ပူလောင်ရလိမ့်မယ်။

မေ့သမီးလေး ခဏပ…ယ်။

□

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၈)

ယိမ်းထွက်သွားပြီး အချိန်တွေကြာလာတဲ့အထိ ဒေါ်သီတာလွင်နှင့် ဘာစကားမှမပြောဖြစ်ကြဘဲ အတွေးများဖြင့် ငြိမ်နေမိကြသည်။ ဘယ်လိုတွေရင်ဆိုင်တိုက်ခိုက်ပြီး ပေါက်ကွဲခဲ့မည်မသိပေ။

ထိုအချိန်မှာပင် အိမ်ရှေ့က လူခေါ်ဘဲလ်သံကြောင့်

"အိမ်ရှေ့က ဘယ်သူရ ... ၊ တံခါးသွားဖွင့်ချည်ပါဦး မွန်မွန်ရယ်"

"ဟုတ်ကဲ့အန်တီ"

မွန်မွန် တံခါးသွားဖွင့်ပြီး ... ပါလာသူက ဦးထင်ကျော် ဖြစ်နေ၍ ဒေါ်သီတာလွ ... သွားသည်။ ဦးထင်ကျော်က သူ့ရဲ့တူတော်မောင်အတွက် နော ... ပ်အယူခံဝင်ဖို့ ရောက်လာတာဖြ ... မည်။

"ကိုယ် ထိုင်မယ်နေ ..."

"ကြော် ထိုင်ပါ၊ ... ရ ကော်ဖီလေးတစ်ခွက်လော ..."



လုပ်ပါကွယ်"

"ဟုတ်ကဲ့"

မွန်မွန်က ချက်ချင်းပင် နောက်ခန်းထဲဝင်သွား၏။ ဒေါ်သီတာလွင်ရဲ့ ခပ်တည်တည် အနေအထားကြောင့် ဦးထင်ကျော် ဘာကစပြောရမှန်းမသိ စကားစရခက်နေသည်။

"ကိုထင်ကျော် အလည်သက်သက်တော့ မဟုတ်ဘူးမဟုတ်လား၊ တူတောင်မောင်ကိစ္စ ကျွန်မကို ဖျောင်းဖျနားချဖို့ဆိုရင်တော့ မလိုတော့ပါဘူး၊ ကျွန်မ နောက်ဆုံးစကားတွေ ပြောပြီးပြီလို့ထင်ပါတယ်"

"ကိုယ်ပြောမယ့်စကားကို အရင်ဆုံး နားထောင်ကြည့်ပါဦးလား သီတာရယ်၊ ကိုယ့်တူရဲ့အကြောင်းကိစ္စဆိုပေမယ့် မပြောမဖြစ်လို့ ကိုယ်လာခဲ့တာပါ"

"ဘာကို မပြောမဖြစ်တာလဲ"

"မော်ကွန်းက ... ကယ်ချစ်တာပါ၊ ကိုယ်တို့မင်းတို့ထင်နေသလို တော်ဝင် ... ဒီလို ပတ်သက်မှုမျိုးမဟုတ်ဘူးလို့ ပြောတယ်"

"ကိုထင်ကျော် ... ကို ကိုထင်ကျော် ယုံနိုင်ပါတယ်၊ ကျွန်မကတော့ သမီးကိုချ ... မျက်လုံးစုံကန်းနေပြီပဲပြောပြော သမီးအတွက်ပဲ တွေးနိုင်ပါမယ်"

"... သေးဘူး သီတာ ... နေ့က သီတာတို့အိမ်က ပြန်သွားပြီး မော်ကွန်းနဲ့ကိုယ် အပ ... အခဲ ... တွေများကြတယ်၊ သူကလည်း ကိုယ်တို့စွပ်စွဲသလို တော်ဝင်သူ ... သလို မဟုတ်တဲ့အကြောင်း ပေါက်ကွဲတယ်၊ သူတကယ်ချစ်တ ... ယိမ်းကိုပဲ သူလက်ထပ်မှာ

www.burmeseclassic.com

www.burmeseclassic.com



လို့ပြောတယ်၊ ယိမ်းကလည်း သူ့ကိုစွန့်လွှတ်မှာမဟုတ်ဘူးတဲ့''

ဦးထင်ကျော် စကားကြောင့် ဒေါ်သီတာလွင် ဟွန်းခနဲရယ်လိုက်သည်။

''ယိမ်းက စွန့်လွှတ်မှာ မဟုတ်ဘူးတဲ့လား၊ အခုယိမ်းဘယ်ကို သွားတယ်ထင်လဲ''

''ဘာ ဘာဖြစ်လို့လဲ ဘယ်သွားတာလဲ''

''မော်ကွန်းနဲ့ တော်ဝင်သူ သူတို့တွေ့နေကျနေရာမှာ ချိန်းတွေ့နေကြတာကို သူငယ်ချင်းတွေက ဖုန်းဆက်ပြောလို့ အဲဒီကိုလိုက်သွားတယ်''

''ဘာ''

''သမီးမျက်ရည်တွေကို မြင်ရတော့ ကျွန်မလည်း ထပ်တူပူလောင်ခဲ့ရတယ်၊ ဒီနေ့က မော်ကွန်းနဲ့ပတ်သက်မှု နောက်ဆုံးပါပဲ၊ တော်ဝင်သူနဲ့ အဆင်ပြေနေတဲ့ မော်က...ကို သူပေါက်ကွဲလိုက်ရရင်တော့ ကျန်နေခဲ့ရလည်း သူစိတ်သက်သာ ...ပါတယ်၊ နောက်ထပ်ဘယ် တော့မှ အလိမ်ခံတော့မှာ မဟုတ်...''

''ဟင့်အင်း မဖြစ်နိုင်ဘူး... ဒါ...ကွန်းက တော်ဝင်သူ့ အပြတ်ရှင်းမယ်ဆိုပြီး ကြိမ်းဝါးဘာ ပို...မဟုတ်တာတွေ လုပ်... ပြောပြီး ယိမ်းနဲ့ဝေးအောင်လုပ်...ရမ်းကို တော်ဝင်သူကို စိတ်ခ... နေတယ်၊ အောက်တန်းကျတဲ့ ...ကလေး၊ ယုတ်...ကလေး... တော်ဝင်သူကို တော်တော်မုန်း...တာ''

''ဟင် အဲဒါတကာ...''

ဦးကျော်ထင် ဒေါ်...ပြီး မွန်မွန်ယူလာသော ကော်ဖီခွ...



ကို တစ်ငုံခန့် မော့သောက်၍ ဖန်ခွက်ကို စားပွဲပေါ်ပြန်ချကာ

''အခုလည်း ကိုယ့်ကို ယိမ်းအမေနဲ့ အဆင်ပြေအောင်ပြောခဲ့ပါ၊ တကယ်လို့ ယိမ်းအမေက လက်မခံဘူးဆိုရင် ယိမ်းကိုသူ ခိုးပြေးမယ်တဲ့''

''ဟင် ခိုးပြေးမယ်၊ သူက သမီးကို''

''ဟုတ်တယ် အားလုံးက တော်ဝင်သူ လုပ်ကြံလီဆယ်ပြောတာတွေယုံပြီး သူ့ကိုအထင်လွဲနေတော့ မခံမရပ်နိုင်တွေ ဖြစ်နေတာလေ၊ စိတ်တွေဆိုးပြီး တော်တော်လေး သွေးဆူနေတယ်၊ အခုသူပြောသလို ဖြစ်အောင်လုပ်တော့မယ် ထင်တယ်၊ တကယ်ဆိုရင်တော့ ခိုးပြေးတဲ့အထိတော့ မဖြစ်စေချင်ဘူး ကိုယ်တို့အသိုက်အဝန်း ဂုဏ်သိက္ခာ၊ သီတာတို့ရဲ့ အသိုက်အဝန်း ဂုဏ်သိက္ခာက ရှိသေးတယ် မဟုတ်လား''

''အို ဘာလို့အဲလို ဖြစ်ရမှာလဲ၊ အဖြစ်မခံနိုင်ပါဘူး သမီးက သူ့ကို စိတ်နာနေပြီး အခုသူ့ကို အပြတ်သွားပြောပြီးရင် ပြန်လာမှာ အရမ်းကို ခံစားနေရတဲ့အ...ကွန်းကို လွယ်လွယ်နဲ့ခွင့်လွှတ်မှာ မဟုတ်ဘူး''

''အန်တီ''

''ဟင် မွန်မွန်...လို့လဲ''

မွန်မွန်ခေါ်လိုက်တာ... ဒေါ်သီတာလွင် မွန်မွန်ဘက်လှည့်လိုက်သည်။ သမီးနှင့်ပတ်သက်ပြ...ာတွေများ သိထားသလဲလို့ပါ။

မွန်မွန်က ပျော့တော...ကားနေဟ...င့်

''မော်ကွန်းပြောသလို...မ်းကို တကယ်များ ခိုးပြေးမလား မသိဘူးနော်''

www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဘယ်လိုကြောင့်လဲ မွန်မွန်"

"တော်ဝင်သူက တကယ်မကောင်းတာ မှန်တယ်၊ လူကြီးတစ်ယောက်ရဲ့ စပွန်ဆာ လုပ်နေတာ အစက မော်ကွန်းမသိဘူး၊ အဲလိုနဲ့ မော်ကွန်းနဲ့တွဲနေရင်းက နောက်တစ်ယောက်နဲ့ဖြစ်တယ်၊ စေ့စပ်ဖြစ်တဲ့ အထိပဲ ဆိုပါတော့၊ ဒါပေမဲ့ သူနဲ့စေ့စပ်တဲ့ ကောင်လေးက သူ့အကျင့်စာရိတ္တတွေမကြိုက်လို့၊ နောက်ကောင်မလေးတစ်ယောက်နဲ့ တွဲနေတဲ့ အချိန်မှာပဲ သူ့သိက္ခာကို ဆယ်တဲ့အနေနဲ့ သူဘက်ကနေစပြီး စေ့စပ်တာကို ဖျက်လိုက်တာ"

"အဲဒါတွေ မွန်မွန်သိနေတာလား"

"ယိမ်းပြောတုန်းကတော့ မော်ကွန်းကို ကာကွယ်ပေးချင်တယ် ထင်ပြီး သိပ်မယုံခဲ့ဘူး၊ အခုမှ မင်းသူတို့ကလည်း ပြောပြတယ်၊ ကိုယ်တိုင်လည်း မြင်တွေ့တာတွေ ဖြစ်လာတော့၊ ပိုသိလာတာပေါ့၊ တကယ်ကို တော်ဝင်သူက မိန်းမကောင်းမဟုတ်ပါဘူး အန်တီ"

"အဲဒါကို မော်ကွန်းက ... ပြတ်ပြတ်သားသား မဆက်ဆံနိုင်ရတာလဲ"

ဒေါ်သီတာလွင် စိတ်... ဒါ...ပြီး ဦးထင်ကျော်ဘက် လှည့်မေးပြန်သည်။ ...ဘ် ပို...

"မော်ကွန်းက အားနင်...လို့ပါ၊ နှမသားချင်းလည်း စာ...တယ်၊ လူတစ်ယောက်ကို အ...င်းမြင်တတ်လွန်းတယ် ပြောရမှာ... အဲဒါကြောင့်ပဲ ငတုံးအေ လူ... လူညံ့... နေတာ၊ ယိမ်းကိုတော့ သူ တကယ်ချစ်ပါတယ်၊ ရ... ...ယ်လို့လည်း ဆုံးဖြတ်ချက်ချ... တယ်လို့ ထင်တာပဲ"

မျူ၁၁၁၁



"ဟင် ဒါဆို အခုသွားတာ ဘယ်လိုဖြစ်မှာလဲ"

"တွေ့ရင်တော့ မပြောတတ်ဘူးလေ၊ သူငယ်ချင်းတွေက တော်ဝင်သူနဲ့တွေ့နေတာကို သိအောင်လို့ လှမ်းခေါ်တာဆို"

"အင်း မင်းသူတို့ကတော့ ညာခေါ်မှာ မဟုတ်ဘူး၊ တော်ဝင်သူကို မုန်းနေသလို မော်ကွန်းကိုလည်း သိပ်အားရကြတာ မဟုတ်ဘူးလေ ယိမ်းကို တော်တော်ခင်ကြတယ်၊ ပြောစရာရှိရင် မော်ကွန်းကိုပဲ အပြစ် ပြောကြတာ"

"ယိမ်းဆီ ဖုန်းဆက်ကြည့်ပါဦး မွန်မွန်၊ တွေ့နေပြီလား၊ ဘယ်လိုတွေများ ဖြစ်နေပြီလဲလို့"

ဒေါ်သီတာလွင် အခုမှ စိုးရိမ်ထိတ်လန့်မိသလို ဖြစ်နေသည်။ မွန်မွန်က ဖုန်းခေါ်ပြီး ခေါင်းယမ်းပြ၏။

"ဖုန်းမကိုင်ဘူး အန်တီ၊ နေဦး ယိမ်းဖုန်းသံက ဒီနားဝန်းကျင် ကြားနေသလိုပဲ"

"ဟုတ်ပါ့ ကျန်ခဲ့... မသိဘူး ရှာကြည့်ပါဦး"

မွန်မွန် ဟိုဟိုဒီ... ယိမ်းဖုန်းလေးကို တီဗွီစင်ပေါ် သွားတွေ့၏။

"ယိမ်း အရေးတကြီး ... သွားလို့ ဖုန်းမေ့ကျန်ခဲ့တာ ဖြစ်မယ်"

"ဒ... လိုလုပ်ကြမ... မွန်မွန်၊ သမီးပြန်လာမှာပါနော်"

"အရမ်းလည်း စိတ်... ချင်းချစ်တယ်ဆိုရင် မင်းသ... တူ မပေးနိုင်ဘူးလား၊ မော်ကွ... ကိုယ့်ရဲ့အသက်ကိုရင်းပြီး ...ခံမယ်ဆိုရင်ရော မဖြစ်ဘူးလား

မျူ၁၁၁၁

www.burmeseclassic.com

www.burmeseclassic.com



"ကိုထင်ကျော်"

"ကိုယ်တို့တုန်းကလည်း မင်းဆန္ဒအတိုင်း လုပ်ခဲ့တာ၊ ကိုယ် ဘဝတစ်ခုလုံး နာကျင်ခဲ့ရပြီးပါပြီ ကလေးတွေကိုတော့ နားလည်ခွင့်လွှ[illegible] ပေးလိုက်ပါလား သီတာရယ်"

ဒေါ်သီတာလွင် ဘာပြောရမှန်း မသိတော့ပေ။

သမီးရှိရာကိုပဲ ပြေးလိုက်ရမလား။ သမီးပြန်လာကိုပဲ စော[illegible] မလား။

အတွေးတွေက မရေရာစွာဖြင့် ...။

□ □ □

## အခန်း (၃၉)

"ဟင်"

ငိုသံ။ ယောက်ျားတစ်ယောက် ဝမ်းနည်းဆို့နင့် ရှိုက်ကြီးတငင် [illegible]ငိုနေသောအသံ။

ခုံတန်းလေးမှာ မော်ကွန်းထင်လည်းမရှိ၊ တော်ဝင်သူကိုလည်း [illegible]မတွေ့။ မင်းသူတို့က အတိအ[illegible]ရာမှာ ရှိနေသည်ဆိုပြီး ဖုန်းဆက် [illegible]တာ။

ဖုန်းဆိုမှ မိမိလ[illegible]လည်းပါမလာပါလား။ စိတ်လော [illegible]ပြီး ထွက်လာတာမို့ မေ[illegible]ည်။

အခုဘယ်ရောက်သွား[illegible]ဆိုပြီး မင်းသူတို့ကို ဖုန်းဆက်မေး [illegible]လို့လည်း မရတော့။ သူတို့လည်း [illegible]ပ်ဆက်ပြီး အကြောင်းကြားဦး [illegible]လားလည်း [illegible] ငိုသံကြား[illegible]သော ကုက္ကိုပင်ကြီးရဲ့ အကွယ် [illegible]ကိုပဲ လျှောက်လာခဲ့သည်။ ဒီမှာ[illegible] မော်ကွန်းရဲ့ငိုသံကို ကြားခဲ့ပြီး [illegible]ထမဆုံး ဆုံဆည်းဖြစ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အခု တော်ဝင်သူရဲ့ရင်ခွင်မှာ မော်ကွန်း မှီတွယ်ကာ ငိုနေခြင်းလား။ မိမိရဲ့ပခုံးထက်မှာတော့ မှီတွယ်ကာ ငိုခဲ့ဖူးသည်။ ဒီငိုသံလေးအပေါ်မှာ စိတ်ဝင်စားမှုများဖြင့် သနားကရုဏာသက်ခဲ့ရပြီး နောက်ဆုံးနှုတ်ဆက်ရမည့် အချိန်မှာလည်း ဒီငိုသံကို ကြားနေရသည်။ ရင်တွေထဲမှာ လှိုက်ဆူစွာဖြင့် ထိုနေရာလေးကို အရောက်မှာ

"မော် မော်ကွန်း"

တော်ဝင်သူကို မတွေ့ရဘဲ၊ တစ်ယောက်တည်း ကြိတ်ရှိုက်ငိုနေတာမို့ ကုက္ကိုပင် အမြစ်ဆုံမှာ ထိုင်ငိုနေသော မော်ကွန်းထင် အနားဖြုန်းခနဲ ဝင်ထိုင်လိုက်မိသည်။

"ဟင် ယိမ်း"

ယိမ်းကို မြင်လိုက်သည်နှင့် မော်ကွန်းထင် ချက်ချင်းမျက်ရည်တွေသုတ်၏။

"တော်ဝင်သူ ဘယ်ရောက်သွားလဲ၊ သူဘာပြောလို့ ဒီလောက်တောင် ဝမ်းနည်းပက်လက် ငိုနေ ...

"ကျွန်တော်အခု တော်ဝ ... ငိုနေတယ်လို့ ထင်နေတ ... လား"

"မသိနိုင်ဘူးလေ၊ အဝ ... နေရာလေးကို ကားပေါ် တင်ခေါ်လာတာ မဟုတ်လား"

"မင်းသူတို့က အဲလေ ... ဖုန်းဆက်ပြောတာလား။ တော်ဝ ... သူကိုရော သူတို့ကိုရော ကျွန် ... ဒီနေရာက ... သုတ်ပြီး ယိမ်း ... ကိုပဲ စောင့်နေမယ်ဆိုတာ ... ဘူးလား"

"ဟင်"



မင်းသူ ဖုန်းဆက်ချင်လည်း ဆက်မှာဖြစ်ပေမယ့် သူမဆီမှာ ဖုန်းမှ ပါမလာတာ။

"ဒါဆို ရှင်က ယိမ်းကို စောင့်နေတာပေါ့"

"မင်းသူက ယိမ်းကို ဖုန်းဆက်ခေါ်ထားတယ်လို့ ပြောတယ်လေ၊ ကျွန်တော်အဲဒါကြောင့် စောင့်နေတာ"

"ဘာလဲ တော်ဝင်သူနဲ့ လက်ထပ်တော့မယ်လို့ ပြောမလို့လား"

"ယိမ်း"

မော်ကွန်းအသံက ခပ်ဆတ်ဆတ်ဖြစ်သွားကာ ယိမ်းပခုံးလေးကို ခပ်ဖိဖိ ဆုပ်ညှစ်လိုက်သည်။

"ယိမ်းကပါ အဲလိုမျိုး ကျွန်တော့်ကို မယုံကြည်တော့တာလား။ ယိမ်းမှနားလည်မှုမရှိရင် သူများတွေက အထင်မလွဲဘဲ နေပါတော့မလား"

"ယိမ်း အစွမ်းကုန် နားလည်မှုပေးခဲ့ပါတယ်၊ အတတ်နိုင်ဆုံး ယုံကြည်ခဲ့ပါတယ်၊ သူများတွေကို အတိုက်အခံလုပ်ပြီးလည်း ကာကွယ်ပေးခဲ့ပါတယ်၊ ဒါပေမဲ့ ... အဆုံးအထိ တော်ဝင်သူဆီကနေ ပလွတ်မြောက်နိုင်ခဲ့ဘူး ...

"ဘယ်သူ ... ဝင်သူ ဖြားယောင်းသိမ်းသွင်းမှုတွေမှာ ကျရှုံးနေတယ်လို့ ... ၊ ယိမ်းနဲ့မတွေ့ခင်က ကျွန်တော် အဲလို ဖြစ်နေမလား မသိပေမယ့် ... ခုကျွန်တော် ယိမ်းကို ချစ်တယ်၊ တော်ဝင်သူကို မုန်းတယ်၊ အဲဒါ ... တော့်ရဲ့သစ္စာတရားပဲ"

ယိမ်း ဆတ ... န်းထလိုက် ... ည်။ မင်တက်နေရာမှ မော်ကွန်းလည်း သူမနှင့်မျက်နှာချင်းဆိုင ... ။ မျက်ရည်တွေ ခမ်းခြောက်သွားပြီဆိုပေမယ့် မျက်နှာတစ်ခုလ ... န်မှုန်နေကာ

www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ယိမ်း မယုံဘူးလား"

"အင်း ယိမ်း အရမ်းပင်ပန်းနေပြီ မော်ကွန်း၊ တော်ဝင်သူကို လည်း မယုံပြုပြိုင်ချင်တော့ဘူး၊ မော်ကွန်းရဲ့ မပြတ်သားမှုတွေက တော်ဝင် သူ အနိုင်ရဖို့ အခွင့်အရေးပေးသလို ဖြစ်နေတယ်"

"အဲဒါတွေ မပြောနဲ့တော့ယိမ်း၊ အဲဒါတွေပြောဖို့ မလိုတော့ဘူး၊ ယိမ်းအမေက သဘောတူတူ၊ မတူတူ ယိမ်းကိုကျွန်တော်လက်ထပ်မယ်"

"ဘာ"

"ယိမ်း ကျွန်တော့်နောက်ကို လိုက်ခဲ့ပါ"

"ဟင် ခိုးရာလိုက်ခိုင်းနေတာလား"

"အဲလိုမလုပ်ရင် ကျွန်တော်နဲ့ယိမ်း ဝေးရဖို့ပဲရှိတော့တယ်၊ ကျွန်တော်ယိမ်းကို မခွဲနိုင်ဘူး ယိမ်း၊ ကျွန်တော်အခုပိုနေတာ ယိမ်းရဲ့ကွမ်း လို့၊ အောက်မေ့လို့၊ ကျွန်တော့်နားမှာ ယိမ်းရှိမှဖြစ်မှာပါ ယိမ်းရယ်"

"ဟင့်အင်း မဖြစ်ဘူး"

"ဘာလို့မဖြစ်ရမှာလဲ၊ ယ ... ကျွ တော့်ကိုချစ်တယ် မဟုတ် လား၊ တော်ဝင်သူ ကျိန်စာအတိုင်း ... ရွာ ... ဝေးကြမလို့လား ယိမ်း ရယ်၊ ယိမ်း"

... ဒါ ...

ယိမ်းပခုံးလေးကို ထွေးကာ ပိုင ... သည်။ မျက်နှာဖူးဖူးလေး ကို နမ်းမည်ပြင်တော့ သူ့ရင်ဘတ်ငြ ... ွန်းထားကာ မျက်နှာလေးလွှည့် လျက် ရှောင်တိမ်း၏။

"မော်ကွန်း ရှင် ယိမ် ... မဖြား ... ေးနဲ့နော်၊ ရှင့်ကို ယိမ်း နောက်ဆုံးအနေနဲ့ လာတွေ့ ...

"ဘာ နောက်ဆုံး အ ... ာ့်ရင်ကို ခွဲမလို့လား ယိမ်း၊ ဒါဆို



ဒီကကောင်ကို ယိမ်း ဘာလို့ချစ်ခဲ့သေးလဲ"

"ရည်းစားဦးရိုတဲ့သူကို ချစ်ရတာ၊ ဒီလောက်ထိ ပင်ပန်းမယ် မထင်လို့ပေါ့"

"ကျွန်တော်က ယိမ်းကို ရည်းစားဦးထက်ပိုချစ်တယ်လေ ယိမ်း ရယ်၊ အရာအားလုံးထက် ယိမ်းကိုပိုချစ်ပါတယ်၊ မခွဲနိုင်ဘူး ယိမ်းရယ် နော်"

"ဟင့်အင်း"

"ယိမ်း"

သူမ နှုတ်ခမ်းလေးကို ဘာမှပြောခွင့်မပေးတော့ဘဲ သူ့နှုတ်ခမ်း လေးဖြင့် ပိုကာပိတ်လိုက်သည်။ ရင်ခုန်လှိုက်မောနေသော အသက်ရှူသံ မှတစ်ပါး၊ စကားသံတွေ ခဏတာမျှ တိတ်ဆိတ်သွား၏။

ကန်ရေပြင်ကြီးက ငြိမ်သက်စွာဖြင့် သူတို့နှစ်ယောက်ကို အားကျ ပြီး ငေးမောနေသည်။

ယိမ်း နှလုံးသား ... ုက်ခွင့်ပြုပါ။ ဒါမှ ရည်စားဦးကျိန်စာ ပြယ်မှာမို့ပါ ...။

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄၀)

တစ်ရက် နှစ်ရက် သုံးရက်။

နာရီစက္ကန့်နှင့်အမျှ စောင့်နေခဲ့သော်လည်း သမီးဆီက ဘာသတင်းသဲ့သဲ့မျှမရပေ။ မော်ကွန်းထင်လည်း အတူတူ ပျောက်သွားတာမို့ ခိုးရာလိုက်ပြေးကြတာတော့ သေချ... ...ည်။

မိမိမှာ အရှက်နှင့် ဂုဏ်... ...က် ဘယ်ကိုမှမတိုင်ရဲ၊ ဘယ်သူကိုမှ မပြောရဲဖြင့် ဖုံးဖိသို... ...ည်။

ဦးထင်ကျော်ကတော့ ... ...သူတို့ပြန်လာမှာပါဟု မော်ကွန်း ဖုန်းဆက်ထားကြောင်... ...မှသည်။

မအေကို တစ်ချက်လေ... ...ပြန်စောင်းမခတ်ဘဲ ထွက်သွားရက်သော သမီးကို ဒေါ်သီတာလွင် ...ယ်လိုမှစိတ်...

ဦးထင်ကျော်ကတော ...တိုင်...အိမ်လာပြီး ဖျောင်းဖျနှစ်သိမ့်အားပေးဖော်တော့ရ၏။



အခုလည်း ခြံထဲကို ကားဝင်လာသံကြားသည်။ ဦးထင်ကျော်ပဲ ရှိမှာပါ။ စိတ်ကထင်မိလိုက်သလို တကယ်လည်း ဦးထင်ကျော် ရောက်လာသည်။

"နေကောင်းတယ် မဟုတ်လား သီတာ"

"လူကကောင်းတယ်၊ စိတ်ကမကောင်းဘူး သမီးတို့သတင်း ဘာကြားသေးလဲ"

"ကိုယ့်ကိုတော့ ဆက်သွယ်လာတယ်၊ မင်းခွဲမှာကြောက်လို့ သူတို့မလာရဲသေးတာတဲ့"

"ဒီအခြေအနေရောက်မှ ကျွန်မခွဲတော့ရော၊ ကျွန်မသမီးပဲ နစ်နာမှာပေါ့၊ လက်ခံပေးဖို့ စဉ်းစားပြီးသားလို့ ရှင်မပြောလိုက်ဘူးလား"

"ပြောလိုက်ပါတယ်၊ မော်ကွန်းနဲ့ရော ယမ်းနဲ့ရော ပြောဖြစ်တယ်၊ သူတို့လာကြပါလိမ့်မယ်၊ သူတို့က ပဲခူးဘက်ကို ခိုးပြေးကြတာတဲ့၊ ညက ဖုန်းဆက်တော့ သူတို့ရောက်နေလောက်ပြီတောင်ထင်တာ"

"ဒါဆို သူတို့ဒီ... ...ဒြဲမှာပေါ့ မွန်မွန်ရေ ထမင်းဟင်းတွေ ချက်ဖို့လုပ်ပါဦး သမီး... ...တဲ့"

ဒေါ်သီတာလ... ...ာ်သက်သာသွားသည်။ မော်ကွန်းကို မကျေနပ်ချင်သော်လ... ...ဘာ့ စိတ်မဆင်းရဲစေချင်။

"သီတာ"

"ရှင်"

"ကျေးဇူးပ... ...ါတယ်"

"ဘာကိုလဲ"

"ကလေးတွေကို လက်... ...ာကိုပါ၊ ကိုယ်တို့တုန်းကတော့

www.burmeseclassic.com

www.burmeseclassic.com



ဒီလိုတွေ အဆင်မပြေခဲ့ဘူးနော်၊ သူတို့ကံကောင်းကြပါတယ်"

ဦးထင်ကျော်နှင့် ဒေါ်သီတာလွင် အတိတ်ကို ပြန်လွမ်းသွားကြ၏။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ဖို့ အားတုံ့အားနာ မဝံ့မရဲ ဖြစ်နေကြသည်။

"သမီးလေးကို တစ်သက်လုံးပဲ ကံကောင်းစေချင်ပါတယ်၊ ကျွန်မလိုဖြစ်မှာစိုးလို့သာ တားခဲ့တာ၊ ချစ်တဲ့သူနဲ့ရတာကိုတော့ ဝမ်းသာကြည်နူးမိတယ်"

"အဲလိုတစ်သက်လုံး ဖြစ်စေရမယ်လို့ ကိုယ်အာမခံပါတယ်၊ ကိုယ့်ကိုရော သီတာဘယ်လို သဘောထားမှာလဲ"

"အဲဒီအတွက်တော့ ဝမ်းနည်းပါတယ်၊ ကျွန်မတို့ မိတ်ဆွေအပေါင်းအသင်းတွေအဖြစ်ပဲ နေကြရအောင်၊ သားသမီးတွေကြီးမှ အချစ်နလန်မထတော့ပါဘူး၊ ကျွန်မကို နားလည်တယ်မဟုတ်လား"

"နားလည်ပေးချင်ပါတယ် ဒါပေမဲ့"

"ဒီလိုအတိုင်းလည်း ချစ်လ[...]တာပဲ လောဘမတက်ပါနဲ့တော့၊ ဒဏ်ရာတွေကို ကုသဖို့လိုအ[...]သစ္စာ[...]အဆင်ပြေပါစေလို့ ဆုတောင်းရင်းနဲ့ ကျေနပ်နိုင်အောင် [...] ဒါ[...]ဖြစ်ဘူးလား"

ဦးထင်ကျော် ငိုင်တွေသွ[...] ဒေါ်သီတာလွင်ကို စေ့ဒကထပ်တက်ဖို့တော့ ဆန္ဒမရှိ[...]တ်မှုတွေနှင့် ချစ်ခဲ့ပြီးမှ ဘာလို့ရယူပိုင်ဆိုင်ဖို့ ကြိုးစားတော့[...]။ အတွေးဖြင့် ငြိမ်သက်နေမိစဉ်မှာပဲ ခြံထဲဝင်လာသော ကားသံ[...]းလိုက်ရပြီး [...]ကွန်းထင်နှင့် ယိမ်း မဝံ့မရဲဖြင့် ဧည့်ခန်းထဲ ရောက်[...]သည်။

"မေမေ"



"သမီးလေး"

လက်အုပ်ချီပြီး ဝင်လာသော သမီးကို ဒေါ်သီတာလွင် အပြစ်မယူရက်တော့။ မော်ကွန်းထင်ကိုပါ ဆိုဖာခုံမှာ ထိုင်စေလိုက်ပြီး

"မိဘဆန္ဒကို လွန်ဆန်တယ်၊ ဆန့်ကျင်ကြတယ်လို့ အပြစ်မပြောတော့ပါဘူး၊ ရိုးမြေကျ ပေါင်းပါမယ်ဆိုတဲ့ ကတိတော့ပေးပါ မော်ကွန်းထင်"

"ယိမ်းကို တစ်သက်လုံး ရိုးမြေကျ ချစ်သွားမယ်လို့ ကတိပေးပါတယ် အန်တီ"

"အေးပါ သမီးရဲ့ အိမ်ထောင်ဘက်ဖြစ်လာမှတော့ သမီးအပေါ် ကြင်နာနိုင်မယ်ဆိုရင် အန်တီကျေနပ်ပါပြီ စိတ်ချမ်းသာနိုင်ပါပြီ"

"လေးလေးကိုရော စိတ်မချမ်းသာစေချင်ဘူးလား အန်တီ"

"ဩော် အရေးထဲမှာ ဦးလေးနဲ့ အောင်သွယ်နေသေးလား၊ လူကြီးတွေကိစ္စက လူကြီးတွေပဲဆုံးဖြတ်မယ်၊ မင်းတို့နဲ့မဆိုင်ဘူး"

"မော်ကွန်း [...]လျှောက်ပြောနေတာလဲ၊ မေမေစိတ်ဆိုးသွားမယ်"

"မဟုတ်[...]တ်က လေးလေးကိုသနားလို့"

"ဘာဖြစ်ဖြစ [...]ကိုယ်ပြော"

"ကိုယ့်ကိစ္စက အဆ[...]နေပြီပဲ၊ ယိမ်းအမေမျက်နှာကိုကြည့်ပြုံးနေတ[...]"

"ကဲ"

ခပ်ကြိတ်ကြိတ်တွ[...]သာ ယိမ်းနှင့်မော်ကွန်းကို မေမေ အမြင်ကတ်စွာ အသံကျယ်ကျ[...]န်လိုက်၍ ပခုံးတွန့်ကာ ငြိမ်[...]

www.burmeseclassic.com

www.burmeseclassic.com



လိုက်ရ၏။

လေးလေးမျက်နှာကလည်း ပြုံးနေကာ

"မင်းတို့ အဆင်ပြေရင်ပဲ လေးလေးက ကျေနပ်နေပါပြီ၊ လေးလေးအဖို့လည်း သီတာရဲ့သမီးလေးက ကိုယ့်တူလေးနဲ့ ပေါင်းဖက်ခွင့်ရတဲ့အတွက် အချိန်ပေါင်းမှာ ကျန်ခဲ့ရတာကို ကျေနပ်နိုင်တယ်၊ ဒါပေမဲ့ တစ်နေ့နေ့ တစ်ချိန်ချိန်တော့"

"ဘာလဲ"

"ဩော် သီတာနဲ့ တရားဓမ္မအလုပ်တွေ လိုက်လုပ်မယ်လို့ ပြောမလို့ပါ"

"ဒါဆိုပြီးတာပဲ"

လူကြီးတွေ ပြေလည်နေတာ မြင်တွေ့ရ၍ သူတို့နှစ်ယောက် စိတ်ပျော်ရွှင်သွားကြသည်။ အချစ်ကရယူ ပိုင်ဆိုင်ခြင်း သက်သက်မဟုတ် သလို ပေးဆပ်စွန့်လွှတ်ပြီး ကျန်ခဲ့ရတာလည်း အချစ်ပင်ဖြစ်သည်။

ရည်းစားဦးရဲ့ကျိန်စာက လွင့်[illegible]က်သွားသော သူတို့အတွက် အချစ်တွေ နှောင်တည်းနိုင်မာစွာဖြင့် [illegible]တိုင်းရဲ့ အနာဂတ်ဟာလည်း . . .။

[illegible]

လုံမ
၆၅/ခ နံ့သာဖြူလမ်း
(၁၄) ရပ်[illegible]ပင်လုံဈေး
လှိုင်သာယာမြို့နယ်။
၀၉-၄၃၀၅၇၀၆၅

## စာရေးဆရာမ လုံမ၏ ထွက်ရှိပြီးသော လုံးချင်းဝတ္ထုများ


၁။ ရင်ခွင်စားငှက်
၂။ ရင်ထဲရှိတဲ့အတိုင်း - သစ္စာနှင်းဆီဗီဒီယို
၃။ အရောင်ကွဲပုံရိပ်
၄။ အခမဲ့ရင်ပြင် - အောင်သီရိဗီဒီယို
၅။ ခြယ်သမမီတိမ်ပန်းချီ - အောင်သီရိဗီဒီယို
၆။ ရှိုက်သံကင်းမဲ့ဇုန် - အောင်သီရိဗီဒီယို
၇။ အလင်းမဲ့ည - မာန်ထက်ချိုဗီဒီယို
၈။ ရွှေရင်သိမ်းသစ်စကဗျာ - အောင်သီရိဗီဒီယို
၉။ စိတ်မျှော်စင်
၁၀။ မိန်းမလှဒွိကာ - အောင်သီရိဗီဒီယို
၁၁။ အနာတရလေပြည် - ပါဝါကင်းဗီဒီယို
၁၂။ ပင်လယ်ရေနဲ့ဆော[illegible]
၁၃။ ပန်းနုရောင်နိဒါ[illegible] - မျက်ခြယ်ဗီဒီယို
၁၄။ တိမ်ပြာပြာနေ့တစ်[illegible]
၁၅။ ရင်ခုန်သံအဝိပ္ပါယ် - စူပါစတားဗီဒီယို
၁၆။ အချ[illegible]င်း - Heart & Soul ဗီဒီယို
၁၇။ အသည်းကွဲအောင်လ[illegible] - သစ္စာနှင်းဆီဗီဒီယို
၁၈။ အနမ်းများနှင့်ရှေ့ဆက်ခွ[illegible] - အောင်သီရိဗီဒီယို


www.burmeseclassic.com

www.burmeseclassic.com


၁၉။ အရောင်မဲ့သင်္ကေတ

၂၀။ ပြောဖို့လိုသေးလား – အောင်သီရိဗီဒီယို

၂၁။ မင်းအတွက်ဆို – မာန်ထက်ချိဗီဒီယို

၂၂။ သက်တမ်းရင့်သမုဒယ

၂၃။ မေ့ဖို့မလွယ် – အောင်သီရိဗီဒီယို

၂၄။ အကြင်နာလက်တစ်ကမ်း – ရွှေစင်ဦးဗီဒီယို

၂၅။ မေ့လို့မရသည့်အကြောင်းအရင်း – အောင်သီရိဗီဒီယို

၂၆။ လက်ကလေးရဲ့မီးပြတိုက် – အောင်သီရိဗီဒီယို

၂၇။ မကြိုက်ဘူးလို့ ချစ်မိတာပါ – အောင်သီရိဗီဒီယို

၂၈။ နှလုံးသားထဲ တိုးဝင်ကြည့် – အောင်သီရိဗီဒီယို

၂၉။ ငြိတွယ်ခြင်းသင်ခန်းစာ – အောင်သီရိဗီဒီယို

၃၀။ ရင်ဘတ်ချင်းနီးနီးလေး – အောင်သီရိဗီဒီယို

၃၁။ မင်းမရှိရင်ကိုယ့်ဘဝမရှိ – အောင်သီရိဗီဒီယို

၃၂။ နှောင်ဖွဲ့မီး – အောင်သီရိဗီဒီယို

၃၃။ ချစ်ခြင်းဖွဲ့ရာသီ – အောင်သီရိဗီဒီယို

၃၄။ ချစ်တယ်လို့ပြောပါဦး

၃၅။ မျက်ရည်မြစ်ဖျား


၃၆။ မြတ်နိုးတတ်မယ်ဆိုရင်

ယခုလ

၃၇။ ရည်းစားဦးကျိန်စာ


www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com